
ဖိုးကြာဝိုင်း
ဝိုးတဝါးခြေရာ
လမ်းကန္တာဝယ်

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၉၀၃၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၉၁၇၀၈၁၁ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | ကိုနတ် |
| အတွင်းသရုပ်ဖော် | ကိုယ်သီး၊ ဝလုံး၊ အောင်နိုင်မောင်၊ ရန်နိုင်ဦး၊ တာမလာ၊ ဆွေးထက်အောင် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ပုံနှိပ်ပြီးစီးသည့်ကာလ | အောက်တိုဘာလ၊ ၂၀၁၁ ခုနှစ် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၃၀၀ ကျပ် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | အောင်သိန်းသန်းပုံနှိပ်တိုက် အမှတ် (၁၃၈)၊ ဗိုလ်ချုပ်လမ်း။ ၄၇ လမ်းထိပ်၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | ဒေါ်ခင်မာချို ပန်းဝေဝေစာပေ၊ ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ |

၈၉၅.၈၃


နွမ်ဂျာသိုင်း (ဦး)

တို့လျှောက်ခဲ့ရာ လမ်းကန္တာရဝယ်/နွမ်ဂျာသိုင်း။ - ရန်ကုန်၊

ပန်းဝေဝေစာပေ ၊ ၂၀၁၁။

၁၇၄ - စာ ၊ ၅ × ၇ စင်တီ။

(၁) တို့လျှောက်ခဲ့ရာ လမ်းကန္တာရဝယ်



## နွမ်ရာသိုင်း

### ကိုယ်ရေးအကျဉ်း

- ၁၉၅၂ ခုနှစ်တွင် သာစည်မြို့၌မွေးဖွားသည်။
- အဘဦးမြ၊ အမိဒေါ်မမကြီးဖြစ်၍ မွေးချင်းခုနစ်ယောက်အနက် သားအကြီးဆုံးဖြစ်သည်။
- ၁၉၇၁ ခုနှစ်တွင် အ-ထ-က (၂) အင်းစိန်မှ အခြေခံပညာအထက်တန်း အောင်မြင်ပြီး စက်မှုတက္ကသိုလ်တွင် ပဉ္စမနှစ်အထိ လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်ဖြင့် သင်ကြားခဲ့သည်။
- ထို့နောက်တက္ကသိုလ် စာပေးစာယူသင်တန်းမှ သိပ္ပံဘွဲ့(ရူပဗေဒ)ရရှိ၍ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မဟာသိပ္ပံ(ရူပဗေဒ) နောက်ဆုံးနှစ် အပိုင်း(က) တက်ရောက်ခဲ့သည်။
- ၁၉၆၉ခုနှစ်မှစ၍ အဟိ၊ သင့်ဘဝ၊ တိုင်းရင်းမေ... စသော စာစောင်များတွင် ကဗျာနှင့်ဝတ္ထုတိုများ ရေးသားခဲ့သည်။
- ၁၉၇၃ ခုနှစ်တွင် ပါးကွက်ကြားနှင့်လပြည့်ဝန်း ကဗျာလုံးချင်းထုတ်ဝေ၍ ၁၉၇၉ ခုနှစ်တွင် အချစ်ဆုံးသူရဲ့အတ္တုပ္ပတ္တိအမည်ရှိဝတ္ထုဖြင့် လုံးချင်းလောကသို့ ဝင်ရောက်ခဲ့သည်။

  ယနေ့အထိလုံးချင်းဝတ္ထုရှည်ပေါင်း အုပ်ရေ (၉၀)ကျော် ရေးသားပြုစုခဲ့ပြီးဖြစ်သည်။
- ရေးသားပြုစုခဲ့သော ဝတ္ထုများအနက်မှ –

  "အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ" ဝတ္ထုကို "ချစ်နှင်းဆီလှလှလေး" အမည်ဖြင့်လည်းကောင်း။

  "နွေဦးရောက်ပြီ သူငယ်ချင်း" ဝတ္ထုကို "နွေဦးရောက်ပြီ ကိုကို" အမည်ဖြင့်လည်းကောင်း။

  "အလယ်ကလူ စကားဝဲ၏" ဝတ္ထုကို "လွမ်းနေမယ် မမ" အမည်ဖြင့် လည်းကောင်း။

  "တစ်ပင်တည်း ရင်ထဲကနွယ်" ဝတ္ထုကို "မယ်သီတာလို မိန်းကလေး" အမည်ဖြင့်လည်းကောင်း။

"ချစ်သူကိုကိုချီးခဲ့တာ ပျိုမျိုပန်ဆင်စရာ" ဝတ္ထုကို "မောင့်မြန္မာညို"အမည်ဖြင့်လည်း ကောင်း၊

"နွေ၏အလွန်" ဝတ္ထုကို "နွေ၏အလွန်"အမည်ဖြင့်လည်းကောင်း၊

ရုပ်ရှင်ရိုက်ကူးပြီးဖြစ်သည်။

■ ရေးသားပြီးဝတ္ထုများထဲမှ ဇီဇီယိုရုပ်ရှင်ရိုက်ကူးပြီးစီးသော ဝတ္ထုများမှာ

"ရက်ရွေးမနေပါနဲ့ကိုကိုရယ်"

"အချစ်ဆုံးလည်းဖြစ်ခဲ့ဖူးတယ်"

"မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်"

"တစ်ခါတုန်းက တက္ကသိုလ်မှာ"

"အိပ်မက်ကို တွေ့ရသလိုပဲနော်"

"နှစ်နှားကပ်လို့ တိုင်ပင်ချင်တယ်" (သတိထား အမည်ဖြင့်)

"ခပ်ညှံ့ညှံ့ပဲကောင်းပါတယ်" (ကမ္ဘာကြီးကလှပါတယ် အမည်ဖြင့်)

"အိပ်မက်မြို့သူ"

"တိမ်တောင်ညိုပြာ"

"ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်"

"မိုးရေတက်ရေ တဖွေးဖွေး"

"မြူဝန်းလို့မို" စသည်တို့ဖြစ်သည်။

■ ဝတ္ထုနှင့် ဇာတ်ညွှန်းများရေးသားခဲ့သော ရုပ်ရှင်၊ ဇီဇီယိုဇာတ်လမ်းများမှာ

"မမစိမ်း"

"မဟာသမုဒ္ဒရာဠ်ပင် အနားသတ်ကမ်းစပ်ရှိ၏"

"မိုးကောင်းကင်မျက်နှာကျက်၌တည် သော အလင်းအိမ်"

"ကောင်းကင်ယံ၌ ကြယ်များလင်းလက်၍ မြေကြီးပေါ်တွင် ပန်းများမွှင့်ကြသည်"

"နလုံးသားတွင် ကမ္ဘာည်းတင်မည်" "ကစ္ဆပနဒီ" တို့ ဖြစ်သည်။

■ ဇာတ်သဘင်တွင် ရွှေမန်းသဘင်မှ "တစ်ခါတုန်းက တက္ကသိုလ်မှာ"

မောင်နန်းဝင်း၏ နန်းမဟာသဘင်မှ "တစ်ပင်တည်း ရင်ထဲကနွယ်" နှင့်

"ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" ဝတ္ထုများကို ပြဇာတ်အဖြစ် စင်တင်ကပြခဲ့ပါသည်။

## နွမ်ဂျာသိုင်း၏ ရေးသားထွက်ရှိပြီး စာအုပ်များ

| | | |
|---|---|---|
| ၁။ | ပါးကွက်ကြားနှင့် လပြည့်ဝန်း (ကဗျာစာအုပ်) | ၁၉၇၇ မတ်လ |
| ၂။ | အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ | ၁၉၇၈ မတ်လ |
| ၃။ | ရက်ရွေးမနေပါနဲ့ ကိုကိုရယ် | ၁၉၈၀ ဩဂုတ်လ |
| ၄။ | မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင် | ၁၉၈၀ နိုဝင်ဘာလ |
| ၅။ | အချစ်ဆုံးလည်း ဖြစ်ခဲ့ဖူးပါတယ် | ၁၉၈၁ ဇန်နဝါရီလ |
| ၆။ | တစ်ခါတုန်းက တက္ကသိုလ်မှာ | ၁၉၈၁ ဧပြီလ |
| ၇။ | အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ | ၁၉၈၁ ဇွန်လ |
| ၈။ | အလယ်ကလူ စကားဝဲ၏ | ၁၉၈၁ ဇူလိုင်လ |
| ၉။ | တမင်စိမ်းတယ်လို့ ဆိုရက်ပါနဲ့ကွယ် | ၁၉၈၁ အောက်တိုဘာလ |
| ၁၀။ | တစ်ပင်တည်း ရင်ထဲကနွယ် | ၁၉၈၂ ဇန်နဝါရီလ |
| ၁၁။ | ဟိုဘက်ကမ်းက မီးထိန်ထိန် | ၁၉၈၂ မေလ |
| ၁၂။ | နွေဦးရောက်ပြီ သူငယ်ချင်း | ၁၉၈၂ ဩဂုတ်လ |
| ၁၃။ | အိပ်မက်ကို တွေ့ရသလိုပဲနော် | ၁၉၈၂ အောက်တိုဘာလ |
| ၁၄။ | နေရာရွေး၍ နားပါမည် (ပထမတွဲ) | ၁၉၈၃ ဇန်နဝါရီလ |
| ၁၅။ | နေရာရွေး၍ နားပါမည် (ဒုတိယတွဲ) | ၁၉၈၃ မေလ |
| ၁၆။ | ညဦးဦးယံ ဒီပြန်တက်ပါလိမ့် | ၁၉၈၃ ဇူလိုင်လ |
| ၁၇။ | နှစ်နှားကာပ်လို့ တိုင်ပင်ချင်တယ် | ၁၉၈၃ စက်တင်ဘာလ |
| ၁၈။ | ခပ်ညှို့ညှို့ပဲကောင်းပါတယ် | ၁၉၈၃ နိုဝင်ဘာလ |
| ၁၉။ | တိမ်တောင်ညိုပြာ | ၁၉၈၃ ဒီဇင်ဘာလ |
| ၂၀။ | အလွမ်းတစ်ပွင့် ပန်းတစ်ပွင့် | ၁၉၈၄ မတ်လ |
| ၂၁။ | ယုံအောင်လည်း ပြောတတ်တယ် လွမ်းအောင်လည်း ချွဲတတ်တယ် | ၁၉၈၄ ဇွန်လ |
| ၂၂။ | အိပ်မက်ထဲက တက္ကသိုလ် | ၁၉၈၄ ဩဂုတ်လ |
| ၂၃။ | ကြွေလည်း အတူ | ၁၉၈၄ အောက်တိုဘာလ |
| ၂၄။ | မိုးရေတက်ရေ တဖွေးဖွေး | ၁၉၈၄ ဒီဇင်ဘာလ |

၂၅။ ချစ်ပေမယ့် ဟန်နဲ့နေမယ်ဆို — ၁၉၈၅ မတ်လ
၂၆။ အချစ်နဲ့ပက်ရင် စိတ်မဆိုးနဲ့ — ၁၉၈၅ ဧပြီလ
၂၇။ ကိုယ်ချင်းစာပြီး သိပါတယ် — ၁၉၈၅ ဩဂုတ်လ
၂၈။ ချစ်သူကိုကိုချိုးခဲ့တာ ဖျိုဖျိုပန်ချင်စရာ — ၁၉၈၅ အောက်တိုဘာလ
၂၉။ လွမ်းနှင်းတွေလို့ ခေါ်မယ်ဆောင်း — ၁၉၈၆ မတ်လ
၃၀။ လွမ်းတာတော်တယ်ကွယ် — ၁၉၈၆ ဇူလိုင်လ
၃၁။ လွမ်းလို့မကုန် — ၁၉၈၆ ဩဂုတ်လ
၃၂။ အိပ်မက်မြို့သူ — ၁၉၈၆ စက်တင်ဘာလ
၃၃။ အချစ်များဖြင့် ပျော်ပါစေ — ၁၉၈၆ ဒီဇင်ဘာလ
၃၄။ ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ် — ၁၉၈၇ ဖေဖော်ဝါရီလ
၃၅။ တမ်းတာမပြေပါဘူးကွယ် ပန်းအလှရွှေဝါဖူးရယ် — ၁၉၈၇ ဇွန်လ
၃၆။ တူစက်ခါမှ ရွာပါမိုး — ၁၉၈၇ ဇူလိုင်လ
၃၇။ တိမ်ခိုးခြွေလင့်စောတော့၏ — ၁၉၈၇ ဩဂုတ်လ
၃၈။ ရွာပြန်လေသန်မိုးနှောင်း စေတော်မူပူဆွေးကြောင်း — ၁၉၈၇ အောက်တိုဘာလ
၃၉။ ငွေဝန်းသော်တာ ယုန်သို့ — ၁၉၈၇ ဒီဇင်ဘာလ
၄၀။ ခုလည်းပဲ နှင်းတွေကတော့ ဝေနေဆဲပါပဲ — ၁၉၈၈ မေလ
၄၁။ မခြွေရက်လည်း ပန်သွားပါ — ၁၉၈၈ ဇူလိုင်လ
၄၂။ မောင့်ကိုမကြွင် မုန်းပြီထင်ရဲ့ — ၁၉၈၈ ဒီဇင်ဘာလ
၄၃။ မြူဝန်းလို့နို — ၁၉၈၉ ဖေဖော်ဝါရီလ
၄၄။ အပြစ်ကင်းသန့်တဲ့ ချစ်ခြင်းရနံ့နဲ့အတူ — ၁၉၈၉ မေလ
၄၅။ ချစ်သူစိတ်ဝမ်း ငြိမ်းချမ်းပါစေ — ၁၉၈၉ ဩဂုတ်လ
၄၆။ တစ်မျိုးညှာနဲ့ သွေးမဖယ် စိုးပါနဲ့မေရယ် — ၁၉၈၉ အောက်တိုဘာလ
၄၇။ လွမ်းဖွယ်မျှော်မော ပန်းစွယ်တော်တောဝယ် — ၁၉၉၀ ဇန်နဝါရီလ
၄၈။ လွမ်းလေကညင်း — ၁၉၉၀ မေလ
၄၉။ တစ်အူသည်း မှုမကွဲမေတ္တာနဲ့ ဖမ့်ျထဲ သူပဲချစ်စရာ — ၁၉၉၀ စက်တင်ဘာလ
၅၀။ အိပ်မက်ထဲက မနှင်းဆီ (စုစည်းမှုအစီအစဉ်) — ၁၉၉၀ အောက်တိုဘာလ

| | | |
|---|---|---|
| ၅၁။ | အိပ်မက်ကျွန်းမှာ သာတဲ့လ (ပထမတွဲ) | ၁၉၉၁ ဇန်နဝါရီလ |
| ၅၂။ | အိပ်မက်ကျွန်းမှာ သာတဲ့လ (ဒုတိယတွဲ) | ၁၉၉၁ မတ်လ |
| ၅၃။ | တို့မယူလို | ၁၉၉၁ မေလ |
| ၅၄။ | နွေ၏အလွန် (ပထမတွဲ) | ၁၉၉၁ ဇူလိုင်လ |
| ၅၅။ | နွေ၏အလွန် (ဒုတိယတွဲ) | ၁၉၉၁ ဩဂုတ်လ |
| ၅၆။ | တစ်နေ့သောအခါမှာ (ပထမတွဲ) | ၁၉၉၁ နိုဝင်ဘာလ |
| ၅၇။ | တစ်နေ့သောအခါမှာ (ဒုတိယတွဲ) | ၁၉၉၁ ဒီဇင်ဘာလ |
| ၅၈။ | ချစ်ပွင့်ငုံဖူး လွမ်းရိပ်ဦးဝယ် | ၁၉၉၂ မတ်လ |
| ၅၉။ | ငွေလရောင်လင်းတာ အမြဲမြင်ချင် | ၁၉၉၂ ဇွန်လ |
| ၆၀။ | တမ်းတရာ အသက်ရှင်လေးရယ် | ၁၉၉၂ ဩဂုတ်လ |
| ၆၁။ | လက်တွဲပြီးလိုက်မှာလားအချစ်ရယ် | ၁၉၉၂ အောက်တိုဘာလ |
| ၆၂။ | တစ်မိုးသောက်တော့ ရောက်လာမှာပါ (ပထမတွဲ) | ၁၉၉၃ ဇန်နဝါရီလ |
| ၆၃။ | တစ်မိုးသောက်တော့ ရောက်လာမှာပါ (ဒုတိယတွဲ) | ၁၉၉၃ ဇန်နဝါရီလ |
| ၆၄။ | တစ်မိုးသောက်တော့ ရောက်လာမှာပါ (တတိယတွဲ) | ၁၉၉၃ ဇန်နဝါရီလ |
| ၆၅။ | အကြွင်းမဲ့ချစ်သော နှလုံးသားဖြင့် စီရင်ရေးသားသော သီချင်းစာ | ၁၉၉၃ မေလ |
| ၆၆။ | ထိလုမိုးဆီ (ပထမတွဲ) | ၁၉၉၃ ဇွန်လ |
| ၆၇။ | ထိလုမိုးဆီ (ဒုတိယတွဲ) | ၁၉၉၃ ဇွန်လ |
| ၆၈။ | တောင်များပေါ်က တိမ်၊ တိမ်များပေါ်က ငှက် | ၁၉၉၃ အောက်တိုဘာလ |
| ၆၉။ | အိပ်မက်တစ်ခုထဲက အိပ်မက်တစ်ခု (ပထမတွဲ) | ၁၉၉၄ ဇန်နဝါရီလ |
| ၇၀။ | အိပ်မက်တစ်ခုထဲက အိပ်မက်တစ်ခု (ဒုတိယတွဲ) | ၁၉၉၄ ဇန်နဝါရီလ |
| ၇၁။ | ချောင်းသာယာ လတာဘေးမှာ တေးကောက်ခဲ့ပြီ | ၁၉၉၄ ဧပြီလ |
| ၇၂။ | နှင်းများဖြတ်သန်းစဉ်က ခြေရာများထင်ကျန်ရစ်ခဲ့သည် | ၁၉၉၄ မေလ |
| ၇၃။ | အလင်းရောင်ကို နေ့ဟုခေါ်၍ အမှောင်ထုကို ညဟုခေါ်သည် | ၁၉၉၄ စက်တင်ဘာလ |
| ၇၄။ | အိပ်မက်ရနံ့ ခံစားမှုလိပ်ပြာ၊ အတွေးနှင်းဆီ | ၁၉၉၄ စက်တင်ဘာလ |

၇၅။ နှင်းဆီဖြူတစ်ပွင့်၏ ချစ်ခြင်းအတ္ထုပ္ပတ္တိ (ပထမတွဲ) ၁၉၉၄ နိုဝင်ဘာလ

၇၆။ နှင်းဆီဖြူတစ်ပွင့်၏ ချစ်ခြင်းအတ္ထုပ္ပတ္တိ (ဒုတိယတွဲ) ၁၉၉၄ နိုဝင်ဘာလ

၇၇။ မိုးကောင်းကင်မျက်နှာကျက်၌ တည်သော အလင်းအိမ် ၁၉၉၅ ဇန်နဝါရီလ

၇၈။ နားနိုရာ ဘဝသခင် (ပထမတွဲ) ၁၉၉၅ မေလ

၇၉။ နားနိုရာ ဘဝသခင် (ဒုတိယတွဲ) ၁၉၉၅ မေလ

၈၀။ တစ်ခေတ်တစ်ကမ္ဘာအတွင်းမှာ ချစ်တာချင်းတော့ ပြိုင်ချင်တယ် (ပထမတွဲ) ၁၉၉၅ ဇူလိုင်လ

၈၁။ တစ်ခေတ်တစ်ကမ္ဘာအတွင်းမှာ ချစ်တာချင်းတော့ ပြိုင်ချင်တယ် (ဒုတိယတွဲ) ၁၉၉၅ ဇူလိုင်လ

၈၂။ စင်ကာပူမှာ သာတဲ့လ ၁၉၉၅ စက်တင်ဘာလ

၈၃။ အချစ်၏အခြားတစ်ပါးသော သဏ္ဍာန် ၁၉၉၅ နိုဝင်ဘာလ

၈၄။ အချစ်၏အမြဲတမ်းနေရပ်လိပ်စာ ၁၉၉၇ ဇန်နဝါရီလ

၈၅။ လဝန်းကရွှေ သာသည့်မြေသို့ ၁၉၉၇ ဩဂုတ်လ

၈၆။ အသည်းနှလုံး၏ ရာဇပလ္လင် ၁၉၉၈ ဇန်နဝါရီလ

၈၇။ မချစ်ရမှာကိုစိုးတယ် ၁၉၉၉ ဇန်နဝါရီလ

၈၈။ ချစ်သူ သူ့ကြောင့် ၁၉၉၉ ဧပြီလ

၈၉။ အချစ်ရှိခြင်း၏ဒုက္ခ ၂၀၀၀ ဇန်နဝါရီလ

၉၀။ ရှိဖူးခဲ့တဲ့ သံယောဇဉ် ၂၀၀၀ ဇူလိုင်လ

၉၁။ သံယောဇဉ်အကျဉ်းသား ၂၀၀၀ ဇူလိုင်လ

၉၂။ မိုက်မဲလွန်းသော မိန်းမတစ်ယောက် ၂၀၀၀ ဇူလိုင်လ

၉၃။ နောက်နေတယ်ပဲအောက်မေ့တယ် စိမ်းပြာလဲ့ရီ မှောင်ညိုလွှာ ၁၉၉၁ ဇွန်လ

၉၄။ လွမ်းလို့စာရေးလိုက်ပါတယ် ချစ်သူပန်ဖို့ ရည်ရွယ်ထားခဲ့တယ် ၁၉၉၁ စက်တင်ဘာလ

၉၅။ လပြည့်ဝန်းရဲ့အတ္ထုပ္ပတ္တိ ၁၉၉၂ မတ်လ

# ထုတ်ဝေသူ ဆန္ဒ

ဆယ်ကျော်သက်အရွယ်မှာ အဖြစ်ချင်ဆုံးအရာကို ပြောပါဆိုရင် စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ဖို့ပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း ဖြစ်ဖို့ကံပါမလာတဲ့အခါကျတော့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အရာမထင်ခဲ့ပါဘူး။ ငယ်ငယ်ကတည်းက ဖြစ်ချင်ခဲ့တဲ့ဘဝဆိုတော့ အခုအရွယ်ရောက်တဲ့အထိလည်း စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ ဘဝကို ဖြစ်ချင်ဆဲ၊ ရောက်ချင်ဆဲ၊ လွမ်းနေဆဲပါပဲ။ စက်မှုတက္ကသိုလ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ အဖြစ်အပျက်တွေ အခြေအနေတွေကိုလည်း သိချင်ဖတ်ချင်နေဆဲပါ။ ကျွန်တော့်ရဲ့ ဆန္ဒပြည့်ဝဖို့အတွက် အစ်ကိုကြီးနွမ်ဂျာသိုင်းကို နားပူနားဆာနဲ့ ဂျီကျတဲ့အခါမှာတော့ အစ်ကိုကြီးဟာ သူကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ ဘဝကို 'တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်'ဆိုတဲ့ ခေါင်းစဉ်နဲ့ အခန်းဆက်စာစုတစ်ခုရေးပေးပါတယ်။ အစ်ကိုကြီးရဲ့စာစုဟာ ကျွန်တော်တစ်ယောက်တည်းအတွက် စိတ်ကျေနပ်မှုဖြစ်စေရုံသာမကဘဲ သရုပါမဂ္ဂဇင်းရဲ့ စာဖတ်ပရိသတ်ကြီးအတွက်ပါ ဗဟုသုတတွေရရှိစေပြီး စိတ်ကျေနပ်မှုတွေဖြစ်စေပါတယ်။ သရုပါမဂ္ဂဇင်းဟာလည်း အစ်ကိုကြီးရဲ့ 'တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်' ကြောင့် စာဖတ်ပရိသတ်ရဲ့ လက်ထဲကို ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေခဲ့ပါတယ်။ သရုပါမဂ္ဂဇင်းအပေါ်မှာ အင်မတန်မှ ကျေးဇူးကြီးတဲ့ 'တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်'ပါ။ ပိုက်ဆံတစ်ခုတည်းရဖို့အတွက် မဟုတ်တဲ့အလုပ်တွေ တော်တော်များများလုပ်ဖြစ်ခဲ့သလို ဂုဏ်သိက္ခာကင်းမဲ့တဲ့ အလုပ်တွေကိုလည်း လုပ်ခဲ့ရပါတယ်။ အစ်ကိုကြီးရဲ့ 'တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်'ဆိုတဲ့ စာအုပ်ကလေးကို ထုတ်ဝေသူအဖြစ် ကျွန်တော်လုပ်ခွင့်ရတာ အင်မတန်ကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ သိက္ခာရှိပြီး အဖိုးတန်တဲ့ စာအုပ်တစ်အုပ်ကို ထုတ်ဝေခွင့်ရလို့ပါ။ ကျွန်တော်သေသွားတဲ့ အချိန် ကျွန်တော့်သမီးလေး အရွယ်ရောက်လာတဲ့အချိန်မှာ ဒီစာအုပ်ကလေးကိုတွေ့လို့ ဒီလိုအလုပ်မျိုးတွေကိုလည်း အဖေလုပ်ခဲ့ပါလားဆိုတဲ့ အသိလေးတစ်ခု သူ့ရင်ထဲကို ဝင်လာတယ်ဆိုရင် ဒီစာအုပ်ကလေးကို ကျွန်တော်ထုတ်ဝေရကျိုးနပ်ပါတယ်။

**လေးစားစွာဖြင့်**
**မင်းအုပ်စိုး**
ထုတ်ဝေသူ

## စာရေးသူ၏အမှာ

၁၉၈၀ခုနှစ်မှစ၍ ဝတ္ထုများ၊ လုံးချင်းများ အလျဉ်မပြတ် ရေးသားခဲ့သော ကျွန်တော်သည် ၂၀၀၀ခုနှစ်နောက်ပိုင်းတွင် မရေးဖြစ်တော့ပါ။ သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ နှစ်ကုန်ပိုင်းကျမှ အယ်ဒီတာချုပ်မင်းအုပ်စိုးနှင့် သရုပါမဂ္ဂဇင်းကို အကြောင်းပြု၍ ဤ 'တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်'ကို ရေးဖြစ်ပါသည်။

'လူငယ်များအတွက် သင်ခန်းစာ၊ အားမာန်၊ ဗဟုသုတရစေခြင်း အလို့ငှာ အစ်ကိုကြီး၏ တက္ကသိုလ်ကျောင်းသားဘဝ အတွေ့အကြုံများကို အမှတ် တရ ပြန်လည်ရေးသားပေးပါ. . .'ဆိုသော စကားဖြင့် ညီလေးမင်းအုပ်စိုးက သရုပါမဂ္ဂဇင်း အတွဲ(၁)အမှတ်(၁)မှ စတင်ထည့်သွင်း အသုံးပြုရန်တိုက်တွန်း ပါသည်။

မှန်တာပြောရလျှင် ဝတ္ထုရေးခြင်းကို ခြေကုန်လက်ပန်းကျနေသော အချိန်နှင့် ကျန်းမာရေးကြောင့် နေထိုင်မှုဘဝ ပြောင်းလိုက်ရခြင်းများကြောင့် စာမရေးဘဲ (၁၀)နှစ်နီးပါးနေခဲ့သော ကျွန်တော်သည် ညီလေးမင်းအုပ်စိုး စကား ကြောင့် ရန်ခုန်လှုပ်ရှားသွားပါသည်။

ဝတ္ထုများမရေးချင်၊ မရေးနိုင်ခဲ့သည့်နောက်ပိုင်း ကျွန်တော်ဘာစာမျိုး ရေးရမှန်းမသိဘဲ ဆယ်စုနှစ်တစ်စုခန့် ဖြတ်သန်းခဲ့သည်။ ထိုတိုက်တွန်းနှိုးဆော်မှု ကြောင့် ကျွန်တော်တစ်ခါမှ မရေးဖူးသော ကျွန်တော့်ဘဝ အတွေ့အကြုံများ အကြောင်း ရေးရမည်ဆိုသောအခါ (၁)အားငယ်ပါသည်။ (၂)စိတ်လှုပ်ရှားပါ သည်။

အားငယ်ရခြင်းအကြောင်းမှာ ကိုယ်ရေးအတ္ထုပ္ပတ္တိဆန်ဆန် ကိုယ့် အကြောင်းကိုယ်ရေးသည်ဆိုသည်မှာ ကိုယ်က အရေးပါသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေမှ ကောင်းပါသည်။ သို့မှသာ သူနှင့်သက်ဆိုင်သော အကြောင်းများသည် အများသူငါ စိတ်ဝင်စားသည့် အကြောင်းအရာများ ဖြစ်နေပါလိမ့်မည်။

ကျွန်တော်က အသင့်အတင့်သာ အောင်မြင်သော ဝတ္ထုများရေးသားခဲ့ ခြင်းမှအပ အခြားဘာမှ အရေးမပါသော လူတစ်ယောက်၊ လူရိုးရိုးတစ်ယောက်သာ မို့ ကိုယ့်အကြောင်းကိုယ်ရေးရမှာ လက်တွန့်ပါသည်။

အချက်(၂)စိတ်လှုပ်ရှားရခြင်းမှာ သူများက စိတ်ဝင်စားချင်မှ စိတ်ဝင် စားမည်ဖြစ်သော်လည်း ဖြတ်သန်းခဲ့ရသော ကျွန်တော့်ဘဝထဲမှာ ကျွန်တော်အမှတ် တရ ပြန်ပြောပြချင်သည့် အကြောင်းအရာလေးတွေ ရှိနေ၍ဖြစ်သည်။ အနည်းဆုံး တော့ ကျွန်တော်ဘာဖြစ်ခဲ့၊ ဘာလုပ်ခဲ့သည်ဆိုသည်များကို ကျွန်တော်နှင့် ဆက်စပ်

မှုရှိသူများ သိခွင့်ရ မှတ်တမ်းပြုခွင့်ရပြီဟု ဝမ်းသာစိတ်နှင့် စိတ်လှုပ်ရှားခြင်းဖြစ်ပါသည်။

ထိုအားငယ်စကားပြောမိသောအခါ သရုပါ အယ်ဒီတာချုပ်က 'မဟုတ်ပါဘူးအစ်ကို၊ ပုဂ္ဂိုလ်ရေးအကြောင်းဆိုပေမယ့် လူငယ်တွေအတွက် သမိုင်းပါ. .' တဲ့။ အလွန်အဖိုးထိုက်သော အားပေးစကား ဖြစ်ပါသည်။

တကယ်ရေးချသောအခါ ထင်တာထက်ပို၍ ရေးစရာတွေများလာပါသည်။ အကြောင်းမဟုတ်တာကို အကြောင်းလုပ်ရေးမိမှာကို စိုးရိမ်နေသည့် ကြားထဲက အချက်အလက် ဖြစ်စဉ်တော်တော်များများကို ချုံ့မရ၊ ချန်မရဘဲ ရှည်လျားစွာ ဖော်ပြနေမိတော့သည်။

လစဉ်မပြတ် ၁၂လ ၁၅လ စသဖြင့် ရောက်လာသောအခါ မဂ္ဂဇင်းကို ကျွန်တော်အားနာလာပြန်သည်။ သို့သော် မချုံ့ဖို့၊ မလျှော့ဖို့ အားပေးသော အယ်ဒီတာချုပ်၏ တကူးတကအမှာစကား၊ ရေးပြီးသမျှ ဖတ်ခဲ့ဖူးသော စာဖတ်ပရိသတ်များ၏ စိတ်ဝင်စားမှုစကားများ၊ စာရေးသူအချင်းချင်း ဖတ်မိပြီး အားပေးတိုက်တွန်းသော စကားများ. . . စသည်ကို အခြေပြု၍ ယခုအခါ လုံးချင်းစာအုပ်ဘဝသို့ရောက်ရှိခဲ့ပါသည်။

ဤစာအုပ်အတွက် ကျေးဇူးစကားဆိုရမည့်သူတွေ များပြားလှပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

အကယ်၍ ကျွန်တော်အမှတ်မှား၍ ထင်မြင်ယူဆမှုများ၍ တစ်စုံတရာသော ချို့ယွင်းလွဲမှားမှုများရှိလျှင်လည်း သရုပါမဂ္ဂဇင်းမှ တစ်ဆင့် သို့မဟုတ် ကျွန်တော့်ထံ တိုက်ရိုက်ဆက်သွယ်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပြုပြင်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ခင်မင်လေးစားစွာဖြင့်

**နွမ်ဂျာသိုင်း**

၁၆၆၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ<br>
ရန်ကုန်<br>
ဖုန်း- ၀၁-၅၆၃၈၉၇<br>
၀၉-၅၄၀၄၀၂၂

"တို့လျှောက်ခဲ့ရာ၊
လမ်းကန္တာဝယ်
ခြေရာလေးများ၊
ထင်ချန်ထားလျှင်
မွေးဖွားရကျိုးနပ်ပြီတည်း။"

(ဆရာနေမျိုးကျော်ထွန်း၏
သစ္စာချစ်သည်း သူနှင့်တွဲ၍ ... ကဗျာမှ)

# တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်...

၁။

ဘဝမှာ ပထမဆုံးလမ်းလျှောက်တတ်သည့်နေ့ကို ကျွန်တော် မမှတ်မိပါ။

သို့သော် ထိုနေ့တွင် ကျွန်တော်မှတစ်ပါး ကျွန်တော့်အနီးအပါးတွင် ရှိသူအားလုံး ဝမ်းသာပျော်ရွှင်နေကြမှာ အမှန်ဖြစ်သည်။ ကျွန်တော့်အဘွား၊ ကျွန်တော့်အမေနှင့် ကျွန်တော့်ကို ဝိုင်းဝန်းချစ်ခင်ချီပိုးကြသော အိမ်နီးနားချင်းတချို့ ကျွန်တော့်အနားတွင် ရှိနေနိုင်ပါသည်။

ကျွန်တော် မတ်တတ်စရပ်နိုင်သည့်နေ့က "ရပ်နိုင်ပေ့ ... ရပ်နိုင်ပေ့ ..."ဟု ဝိုင်းအားပေးအော်ဟစ်၊ လက်ခုပ်တီးခဲ့ကြသလို လျှောက်သည့်နေ့ကလည်း "လျှောက်နိုင်ပေ့ ... လျှောက်နိုင်ပေ့ ..."ဟု အော်ဟစ်အားပေးနေကောင်းလည်း ပေးနေပါလိမ့်မည်။

ကျွန်တော် မမှတ်မိပါ။ လျှောက်ခဲ့သည်ကတော့ သေချာပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုနေ့ကစ၍ လျှောက်ခဲ့ရသော ခရီးလမ်းသည် ယခုထိတိုင်လည်း မပြီးဆုံးသေး၍ဖြစ်ပါသည်။ "ရပ်နိုင်ပေ့ ... ရပ်နိုင်ပေ့ ..." ဟု အော်ဟစ်အားပေးသူများ မရှိတော့သော်လည်း လျှောက်လှမ်းမြဲတော့ လျှောက်လှမ်းနေရဆဲဖြစ်ပါ၏။

× × ×

"မင်း ဖြတ်သန်းလျှောက်လှမ်းခဲ့ရတဲ့ ဘဝခရီးလမ်းနဲ့ပတ်သက်လို့ စာတစ်စောင်၊ ပေတစ်ဖွဲ့၊ စာအုပ်တစ်အုပ်တော့ ရေးပါလားကွာ ..."

စသည်ဖြင့် ... ကျွန်တော့်ဘဝနှင့်ပတ်သက်ပြီး တစ်စွန်းတစ်စ သို့မဟုတ် အစွန်းအစ ပေါင်းများစွာ သိထားခဲ့ကြသော ကျွန်တော့်မိတ်ဆွေ၊ သူငယ်ချင်းများက မကြာခဏ တိုက်တွန်းခဲ့ဖူးကြသည်။ စာဖတ်ပရိသတ်များ၊ စာပေအပေါင်းအသင်းများကလည်း အလားတူ စကားများပြောဖူးကြသည်။

သို့သော် ကျွန်တော် ထိုစကားများကို နားယူလက်ခံရန် ကာလကြာမြင့်စွာ ဝန်လေးတွန့်နေးနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ကျွန်တော့်ဘဝနှင့်ပတ်သက်၍ အဖြစ်အပျက်များ၊ ခြေရာလေးများကိုသာ မှတ်မိ၍ နေ့စွဲ၊ ရက်စွဲ၊ ထိုအဖြစ်အပျက်များနှင့် ဆက်စပ်သည့် လူပုဂ္ဂိုလ်အမည်နာမများစွာကို မှတ်တမ်းမထား၊ ဦးနှောက်ထဲတွင်လည်း မမှတ်မိတော့၍ဖြစ်ပါသည်။

နေ့စွဲ၊ ရက်စွဲဖြင့် အတိအကျမပြောပြနိုင်၍ ပရိသတ်များကို အားနာသလို ဆက်စပ် ပတ်သက်သူများနှင့်ပတ်သက်၍ အမည်နာမနှင့်တကွ ပြည့်ပြည့်စုံစုံ မတင်ပြနိုင်မှာလည်း စိုးရိမ်၍ဖြစ်ပါသည်။ အလားတူမှတ်တမ်းမှတ်ရာ ရေးသားရန် ပျင်းရိ၊ အားနည်းသော ကျွန်တော့်ချို့ယွင်းချက်ကြောင့် ကျွန်တော့်ဘဝမှာ အရေးသားချင်ဆုံးဖြစ်လျက်နှင့် မရေး

ရသေးသော စာအုပ်ကြီးနှစ်အုပ်ရှိခဲ့ပါသည်။

ပထမစာအုပ်မှာ ၁၉၈၁ ခုနှစ်ကစ၍ ယခုတိုင် (၂၀၀၉ ခုနှစ်အထိ) မပြီးဆုံးနိုင်သေးသော စာပေနှင့်စာပေဟောပြောပွဲ ခရီးရှည်ကြီးအကြောင်းဖြစ်သည်။ မြို့နယ်ပေါင်း ၃၀၀ ခန့်၊ ပွဲပေါင်း ၁၀၀၀ကျော်ခန့်ကို သက်ရှိထင် ရှားရှိနေဆဲဖြစ်သော၊ တချို့ကွယ်လွန်ကြကုန်သော စာရေးဆရာ၊ အနုပညာ ရှင် ဆရာ၊ ဆရာမပေါင်းများစွာနှင့် တွဲဖက်၍ ဟောပြောလှုပ်ရှားခဲ့ရသော ခရီးစဉ်များသည် များစွာစိတ်ဝင်စားစရာကောင်းပါသည်။

ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီး ဗိုလ်မှူးသခင်ချစ်မောင်၊ ဆရာကြီး ဦးရန်အောင် စသည့်ပုဂ္ဂိုလ်ကြီးများနှင့် အတူတကွဟောပြောခဲ့ရသော၊ ခရီးသွားခဲ့ရသော အဖြစ်အပျက်များကို စကားဝိုင်းတချို့တွင် ပြောပြသောအခါ အလွန်စိတ်ဝင်စားကြပါသည်။

"စာအဖြစ် ပြန်ရေးပါလား" ဟုလည်း ပြောဆိုတိုက်တွန်းကြပါသည်။ ယခုထိ ကျွန်တော် မလိုက်နာဖြစ်သေးပါ။

ဒုတိယစာအုပ်မှာ ၁၉၈၅ ခုနှစ်ပတ်ဝန်းကျင်က ဗုဒ္ဓဂယာအပါအဝင် သံဝေဇနီယလေးဌာနသို့ သွားရောက်ခဲ့သော ဘုရားဖူးနှင့် သာသနာပြု လုပ်အားပေးခရီးစဉ်ဖြစ်ပါသည်။

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ဒေါက်တာအောင်သန်း (သွား/ဆေးပါမောက္ခချုပ်-ငြိမ်း)၊ ဒေါ်ခင်မေအေးမိသားစု၏ အလှူဒါနဖြစ်သော မဟာ့လိန္နာအိုင် (ဗုဒ္ဓဂယာ)မှ နဂါးရုံဘုရား(ရုပ်ပွားတော်) အနေကဇာတင်ပွဲ၊ မှတ်တမ်းတင်၊ လုပ်အားပေး (မိမိဆန္ဒအလျောက်) လိုက်ပါခဲ့သောခရီးစဉ်ဖြစ်သည်။

ထိုခရီးစဉ်တွင် ဒလိုင်လားမားဘုန်းတော်ကြီးကိုဖူးခဲ့ရသည်။ ကာလကတ္တားမြို့မှာ မြေအောက်ရထားလမ်းများတူးဖော်နေစဉ် လုပ်ငန်းဆောင်ရွက်ပုံများမြင်တွေ့ခဲ့ရသည်။ နေရာ၊ ဌာနအချို့တွင် တရွှေ့ခြောက်ခံရသည့်ဆန်းဆန်း ထူးဆန်းသောအဖြစ်အပျက်များကို (နေရှင်နယ်ဇီဇီယို၊ ဓာတ်ပုံအဖွဲ့မှ ကိုလှမြင့်၊ ကိုမောင်မောင်သွင်တို့နှင့်အတူ သက်သေအခိုင်အလုံဖြင့်) တွေ့ကြုံခဲ့ရသည်။

ခရီးတစ်လျှောက်ရောက်ခဲ့ရသော ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများ၊ ဌာနများ၊ အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ နေရာဌာနများနှင့် သက်ဆိုင်သော သမိုင်း၊ သုတေသန၊ ခရီးသွားမှတ်တမ်း စသော စာအုပ်၊ စာတမ်းများ ရာနှင့်ချီ၍ စုဆောင်းခဲ့သည်။ မြန်မာပြည်မှ ပုဂံခေတ်၊ ကုန်းဘောင်ခေတ် စသည်တို့မှ ဗုဒ္ဓဂယာဘုရားဖူး သွားရောက်ခဲ့မှုမှတ်တမ်း၊ ပေမူ၊ ပုရပိုက်မူတို့ကို (တက္ကသိုလ်များ စာကြည့်တိုက်မှ) ကူးယူစုဆောင်းထားခဲ့သည်။ ရေးသင့်သည့်စာအုပ်ကိုမူ ယနေ့ထိမရေးနိုင်သေး။

အထူးသဖြင့် ခုနှစ်၊ သက္ကရာဇ်၊ နေ့စွဲ၊ ရက်စွဲ၊ အမည်နာမများ (ခရီးစဉ်နှင့်ဆိုင်ရာ) ကောင်းစွာမမှတ်မိခြင်းကို အားနာငဲ့ကွက်နေမိသည်။

သို့အတွက် ဘဝခရီးလမ်း ဖြတ်သန်းမှုအကြောင်းများကိုရေးဖြစ်ရန်မှာ ပို၍ဝေးနေခဲ့သည်။ သို့သော် ... ရေးခဲ့လျှင်၊ ရေးဖြစ်လျှင် ထိုစာ၊ ထိုစာအုပ်ကိုပေးရမည့် ခေါင်းစဉ်ကိုတော့ အစောကြီးကတည်းက ရွေးချယ်ထားခဲ့သည်။

ထိုခေါင်းစဉ်မှာ ယခု ... ဤစာ၊ ဤဆောင်းပါး၏ခေါင်းစဉ်ပင်ဖြစ်ပါသည်။

ဆရာ ဓနုဖြူကျော်ထွန်း၏ ဤ "သစ္စာချစ်သည်း သူနှင့်တွဲ၍" (မူလတုန်းက "ချစ်သဲ" ဟုပေါင်းသည်။) ကဗျာကို ဖတ်ဖူးသူနည်းပါလိမ့်မည်။

၁၉၇၀ ပြည့်နှစ် ပတ်ဝန်းကျင်၊ အင်းစိန်က ကျွန်တော်နှင့် ကျွန်တော့်စာပေသူငယ်ချင်းများဖြစ်ကြသော မောင်ငယ်မြိုင်(မြင်းခြံ)၊ မောင်ငယ်မွန်တို့ စုစည်းစီစဉ်ထုတ်ဝေခဲ့ကြသော "ပန်းနုပွဲ" ကဗျာစာအုပ်အတွက် ဆရာရေးပေးခဲ့သော ကဗျာဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဆရာဓနုဖြူကျော်ထွန်း (ဆရာကွေး)နှင့် ခင်မင်ဖို့ဝေး၍ မြင်ပင်မမြင်ဖူးသေးပါ။

ထိုစဉ်က ကျွန်တော်တို့သုံးယောက်သည် အခြားသူငယ်ချင်းများနှင့်ပါ စုပေါင်း၍ "ညီရင်းအစ်ကို" ကဗျာဝိုင်းဟု စာပေဝိုင်းလေးတစ်ခု (ကိုယ့်ဟာကိုယ်)ဖွဲ့ထားခဲ့ကြပါသည်။

ထိုစဉ်က ကဗျာရှူး စာရူးများဘဝနှင့် ကိုယ်နိုင်သလောက် စာပေအလုပ်လုပ်ကြပုံ၊ စာပေလှုပ်ရှားကြပုံလေးတွေကိုလည်း ပြန်ရေးချင်ပါသေးသည်။ ကျွန်တော်မှတ်မိသလောက် ကျွန်တော့်စာ (ကဗျာ)ကို ပုံနှိပ်စာလုံးဖြင့် စတင်မြင်ဖူးသည်မှာ ၁၉၆၉ ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော် ၁၇ နှစ်သားရှိပါပြီ။

ထိုအချိန်မှာ ကဗျာဆိုတာကို လေးလုံးစပ်၊ သံပေါက်၊ ဒွေးချိုး၊ လေးချိုး ... စသဖြင့် (အနည်းဆုံး ကာရန်မှန်အောင်တော့)ရေးတတ်နေပါပြီ။

ဆရာကြီး မင်းသုဝဏ်၏ "ကဗျာရေးချင် စာစပ်သင်" ဆိုသော ဆရာဇဝန၏ ကလေးဂျာနယ် လစဉ်ထုတ်စာအုပ်မှ အခန်းဆက်ဆောင်းပါးကိုဖတ်ပြီး သံပေါက်ကဗျာလေးများ သုံးနှစ်ခန့်အရေးကျင့်ခဲ့သေးသည်။

ထိုကာလကိုထပ်နုတ်လျှင် ကျွန်တော့်အသက် ၁၄နှစ်သားကစ၍ ကဗျာရေးကျင့်ခဲ့သည်ဟု ပြောနိုင်သည်။ မကပါ။ ၁၂ နှစ်သားလောက်ကဖြစ်နိုင်သည်။ အဘယ်ကြောင့် ဆိုသော် သံပေါက်ကနေ လေးလုံးစပ်ကဗျာရှည်ကြီးများရေးနိုင်ဖို့ အနည်းဆုံး နှစ်နှစ်ကြာသည်။

ထိုပထမဆုံးပုံနှိပ်ကဗျာသည် "ကဗျာဖိတ်စာ" အမည်ရှိ စာကြောင်း ရေ ၁၈ ကြောင်း။ အကြောင်း ၂၀ ခန့်ရှိသည့် ကဗျာရှည်ဖြစ်နေသောကြောင့် ထိုမတိုင်မီ ငါးနှစ်ခန့်ကတည်းက ကဗျာရေး စကျင့်သည်ဟု ပြောနိုင်သည်။ သို့ဆိုလျှင် ဘယ်အချိန်ကစပြီး ကျွန်တော် စာပေ၊ စာဖတ် ဝါသနာပါခဲ့ပါသနည်း။ အစကာလ အတိအကျကိုတော့ ကျွန်တော်လုံးဝ မမှတ်မိတော့။

မှတ်မိသည့် အဖြစ်အပျက်တချို့ကိုသာပြောရလျှင် ကျွန်တော့်ကို သာစည်မြို့၌မွေး သည်ဟု ကျွန်တော့်မိဘများနှင့် အဘွား (အမေ့အမေ)က ပြောသည်။ သို့သော် တစ်နှစ်ခွဲ သားလောက်အထိသာ နေခဲ့ရသော သာစည်မှ အဖြစ်အပျက်များအားလုံးကို ဘာတစ်ခုမှ ကျွန်တော်မမှတ်မိ။

သာစည်မှာ ကျွန်တော်တို့နေခဲ့သော၊ ကျွန်တော့်ကိုမွေးခဲ့သောအိမ် ဆိုသည်ကိုပင် အသက် ၂၄ နှစ်ကျော် အိမ်ထောင်ပြုခါနီးအခါကျမှ မေမေလိုက်ပြသဖြင့် တွေ့ဖူး၊ မြင်ဖူး၊ ရောက်ဖူးသည်။ ငယ်စဉ်က ကျွန်တော့်ကို အရမ်းချစ်ခင်၊ ထိန်းကျောင်းခဲ့သည်ဆိုသော အိမ်ရှင်မိသားစု (မေမေတို့က ထိုအိမ်မှာ အခန်းတစ်ခန်း ငှားနေခဲ့ခြင်းဖြစ်သည်) ကို တွေ့ရှုခဲ့သည်။

သူတို့က ကျွန်တော်၏ ကြီးနာမည်ကိုမသိ။ ငယ်စဉ်က ပေးထားခဲ့သော "ခင်မောင်ဦး" ဆိုသော နာမည်ကိုသာသိသည်။ "ခင်မောင်ဦးက ဒီအရွယ်တောင်ရောက်နေပြီလား"ဟု တအံ့တဩဖြစ်ကြသည်။ အဲသည့်နေရာရောက်မှ ကျွန်တော့်ကြီးနာမည် "ဝင်းမြင့်မောင်" ဆိုသည်ကို ဝေဘူဆရာတော်က ပြုပြင်မှည့်ပေးခဲ့မှန်းသိရသည်။

"ဝင်းမြင့်"ဟု မှည့်ရန် မိန့်သောအခါ မေမေက ရိုးနေ၍ နောက်က "မောင်"တစ်လုံး တိုးပြီး "ဝင်းမြင့်မောင်"ဟုမှည့်၍မရဘူးလားဟု လျှောက်တင်သည် ဆို၏။ ဆရာတော် ဘုရားကြီးက ရသည်ဟုခွင့်ပြုကြောင်းပြောပြသည်။

မေမေ၏ ခေတ်မီမှုကို ကျေးဇူးတင်မိသည်။ မေမေသည် ထိုထက်မက ခေတ်မီ တာ တွေရှိသည်။ ကျောင်းစတက်တော့ အစိုးရမူလတန်းကျောင်းလေးမှာ စထားသည်။ အိမ်နှင့် မနီးမဝေးက ကျောင်းလေးဖြစ်၏။

ထိုကျောင်းလေးမှာ သူငယ်တန်းအောင်ပြီးမှ တစ်တန်းကို ထိုကျောင်းလေးမှာ ဆက် မတက်နိုင်းဘဲ ကျွန်တော်တို့မြို့ရှိ နာမည်အကြီးဆုံး အင်္ဂလိပ်မစ်ရှင်ကျောင်း စိန့်ဂျိုးဇက်မှာ ကျောင်းပြောင်းထားသည်။ ထိုအချိန်မှာ ကျွန်တော်တို့ အင်းစိန်မြို့ကို ရောက်နေကြပြီဖြစ်၏။

စိန့်ဂျိုးဇက်မှာ L.K.G၊ M.K.G၊ H.K.G ဟု သူငယ်တန်း သုံးနှစ်ထားသည်။ ထို သုံးနှစ်စလုံးမှာ တစ်နှစ်၊ စာသင်ဖူးသဖြင့် စာလိုက်နိုင်နေသော ကျွန်တော့်ကို Double Promotion ခေါ် နှစ်ဆင့်အတန်းတင်ဆုပေးသည်။

ဒီနေ့တင်ပေးလိုက်၊ နောက်နေ့ တစ်တန်း ပြန်ချဖို့ ကျောင်းကိုသွားပြောပြီး အတန်း ကျော်မတက်နိုင်းလိုက်နှင့် ကျွန်တော် သူငယ်တန်းချည်း သုံးနှစ်ထပ်နေရသည်။

တစ်တန်းလောက်ရောက်သောအခါ ကျွန်တော့်မှာ ကျောင်းနေသက်ရော၊ စာသင် အတွေ့အကြုံရော၊ ကျောင်းတက်ရန် ဉာဏ်မီသည့်အရွယ်ရော ပြည့်ဝရောက်ရှိနေပြီဖြစ်၏။ သို့အတွက် ကျွန်တော့်ဘဝ စာသင်ရက်သက်တမ်းများမှာ ကျောင်းစာနှင့်ပတ်သက်၍

ဘယ်သောအခါကမှ ပြင်းပြင်းထန်ထန် အခက်အခဲရှိတာမျိုးမကြုံခဲ့ရ။

ကျောင်းထားစေချင်ကြသော၊ အတန်းတက် လောချင်ကြသော မိဘများ စဉ်းစားသင့်သည်။ ထိုစာသင်သက်တမ်းဖြင့် တွက်ကြည့်လျှင် ကျွန်တော် တစ်တန်းသို့ ရောက်သည့် အချိန်မှာ အသက် ၉နှစ်ကျော်၊ ၁၀နှစ်ထဲ ရောက်နေပြီဖြစ်၏။

ထိုအချိန်မှာ ကျွန်တော် ကလေးဂျာနယ်၊ သတင်းစာနှင့် မော်ဒန်ကာတွန်း။ ကာတွန်းပဒေသာ၊ ပေါ်ပြူလာကာတွန်း။ ကာတွန်းညွှန့်ပေါင်း စသည်တို့ ဖတ်နိုင်နေပြီဟု ရေးတေးတေးမှတ်မိသလိုဖြစ်နေသည်။

ထို့ပြင် နောက်ထပ်မှတ်မိသလိုရှိသည့်ကိစ္စမှာ အဘွားနှင့် အမေက ကျွန်တော့်အား စာအုပ်၊ စာတမ်းလေးများကို ဝယ်ပေးတတ်ခြင်းဖြစ်သည်။ ဘားမားစတား။ ဖလင်စတား စသောစာစောင်လေးများ ဖတ်ရသည်ကိုလည်း မှတ်မိသည်။ ဝတ္ထုများကို ဖတ်ဖြစ်သည်ကား နောက်တစ်နှစ်၊ နှစ်နှစ်အကြာလောက်မှာမှဖြစ်၏။

ပထမဆုံးဖတ်ဖူးသည့် ဝတ္ထုရှည်လုံးချင်းမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "စိမ်းနေဦးမည့် ကျွန်တော့်မြေ"ဖြစ်၏။ ထိုစာအုပ်သည် ၁၉၆၃ ခုနှစ်၏ သည်ဘက်ပိုင်းမှာမှ ထွက်ခဲ့သော စာအုပ်ဖြစ်ကြောင်း ကြီးမှသတိထားမိသည်။

စာပေဝါသနာပါခြင်း၊ စာဖတ်ဝါသနာပါခြင်းတို့၏ အခြေခံအကြောင်း တစ်ခုမှာ အဘွားနှင့်အမေက ကျွန်တော့်ကို အပြင်ထွက်မှာစိုးခြင်းဖြစ်သည်။ အပြင်ထွက်ဆော့လျှင် နောက်ကနေ တုတ်တစ်ချောင်းနှင့် လိုက်ရိုက်တတ်၍ အိမ်ထဲမှာ စာဖတ်နေလျှင် သဘောကျသည်။ စာအုပ်ဝယ်ဖတ်ခြင်းအတွက် ကုန်ကျစရိတ်ကို မနမြောတတ်။

ထိုစဉ်က စာအုပ်တန်ဖိုးများမှာလည်း ခုခေတ်ပိုက်ဆံနှင့် နှိုင်းယှဉ်လျှင်သာ ဈေးသက်သာသလို ရှိသော်လည်း သူ့ခေတ်နှင့်သူ တန်ဖိုးကြီးသည်။

ဖလင်စတား။ ဘားမားစတား စာစောင်လေးများက ၁၀ ပြား။

ကလေး ဂျာနယ်က တစ်ကျပ်၊

ကာတွန်းစာအုပ်များက ပြား ၆၀။

ထိုအချိန်မှာ ကောက်ညှင်းပေါင်း တစ်ထုပ် ၅ ပြား။

အကြော်တစ်ခု ၅ ပြား။

မုန့်ဟင်းခါးတစ်ပွဲ အကြော်မပါ ၁၅ ပြား။ အကြော်နှင့် ပြား ၂၀။

နှိုင်းယှဉ်ကြည့်ရန်ဖြစ်ပါသည်။

တစ်လတွင် ကျွန်တော့်စာဖတ်စရိတ်မှာ ငါးကျပ်အထက်မှာရှိ၏။

× × ×

၁၉၆၇ ခုနှစ်၊ အသက် ၁၅ နှစ်ရောက်တော့ သစ်သားမတ်ရပ်ဗီရို တစ်လုံးနှင့် စာအုပ်များ စတင်စုဆောင်းတတ်နေပြီဖြစ်၏။



စာအုပ်တိုင်းတွင် လက်မှတ်ရေးထိုး၍ ဝယ်ယူ လက်ထဲရောက်သည့် နေ့စွဲတပ်သည်။ နောက်ပိုင်းမှာ ဝင်းမြင့်မောင် ကိုယ်ပိုင်စာစဉ်ဆိုသော ရော်ဘာတံဆိပ်တုံး ရိုက်နှိပ်ခဲ့သည်။

၁၉၆၇ခုနှစ် ရေးထိုးထားသော စာအုပ်များထဲတွင် "ဝေါဟာရတ္ထ ပကာသနီ" စာအုပ်ကြီး ပါဝင်နေသည်ကို အံ့ဩဖွယ်တွေ့ရသည်။ ထိုစာအုပ်ကို အတော်အသက်ကြီးသည်အထိ ဖတ်၍ နားမလည်။

စွယ်စုံကျမ်းတွေလည်း အမှတ် (၁)ကစပြီး တော်တော်များများရှိသည်။ (အတွဲတော့ မစုံ) အဲဒါတွေလည်း ကြီးမှဖတ်ဖြစ်သည်။

ကောက်ချက်ချ၍ ရသည့်တစ်ချက်မှာ ထိုစာအုပ်တွေကို စာအုပ်မြတ်နိုးတတ်၍ ဝယ်ယူစုဆောင်းထားခြင်းသာဖြစ်ပြီး နောင်နားလည်နိုင်သည့်အခါကျမှ သေချာဖတ်မည်ဟု စိတ်ကူးထားပုံရသည်။ ခြောက်တန်း၊ ခုနစ်တန်းလောက်ကျတော့ ဝတ္ထုတွေဖတ်တာ များနေပြီဖြစ်သည်။

သို့သော် အချစ်ဝတ္ထု၊ ဘဝဝတ္ထုများထဲတွင် ကျွန်တော့်ကို ဩဇာအလွှမ်းမိုးဆုံးမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်နှင့် ဆရာမင်းကျော်ဖြစ်သည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဩဇာ ဘယ်လောက်လွှမ်းမိုးခံခဲ့ရသနည်းဆိုသော် ခြောက်တန်း၊ ခုနစ်တန်းလောက်မှာ ကျွန်တော့် ဘဝရည်မှန်းချက်သည် တက္ကသိုလ်ဆရာဖြစ်၍ အတိအကျမေးလျှင် "မြန်မာစာ ကထိက" ဟု ဖြေလေ့ရှိသည်။

"ကမ္ဘာကုန်ကျယ်သရွေ့ဝယ်" ဝတ္ထုသည် "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ပြီးလျှင် ကျွန်တော်အကြိုက်ဆုံးဝတ္ထုဖြစ်၏။ ဆရာမင်းကျော်၏ "လှိုင်"၊ "ငါတို့ခေတ်နှင့်အပြိုင်"၊ "တက္ကသိုလ်ပုံပြင်များ"၊ "ပုရစ်ဖူး"၊ "ထီးလှိုင်ရှင်" တို့ကိုလည်း အရမ်းကြိုက်သည်။

မြန်မာစာပေနှင့်ဆိုင်သော စာအုပ်များထဲတွင် "ဆရာဇေယျ" ၏ စာများကို အကြိုက်ဆုံးဖြစ်၍ စာအုပ်စုဆောင်းခြင်း၊ စာအုပ်မြတ်နိုးခြင်းတို့မှာ ဆရာ့စာပေဆောင်းပါးများ၏ လွှမ်းမိုးခံရခြင်းဖြစ်သည်။

စာခလေ့၊ ရွာခလေ့၊ လူ့ခလေ့ ... စသော မြန်မာ့မျက်မှင့်စာအုပ်များကို တစ်အုပ်ပျောက်၊ တစ်အုပ်ပြန်ဝယ်စနစ်ဖြင့် ယခုထိတိုင် ဖတ်ရှုသိမ်းဆည်းသည်။

ဒေးယျူ၏စာ၊ စာတိုပေစ စသည်များကနေ ဂန္ထဝင်စာပေများ၊ စာဆိုတော်များ၊ စာရေးဆရာများ၏ဘဝနှင့် နီးစပ်ခင်မင်ရင်းနှီးသွားသည်။ စာရေးဆရာဖြစ်ချင်စိတ်တော့ရှိ၏။ သို့သော်အလုပ်အကိုင်က မြန်မာစာကထိက။ ထိုခေတ်များက ကျေးဇူးကြီးလှသော စာပေတိုက်များတွင် ပုဂံက ထိပ်ဆုံးကပါသည်။ နှလုံးလှ၊ မြစာပေ၊ နံ့သာများကိုလည်း မှတ်မိစွဲမြဲနေသည်။

ထိုအရွယ်မှာ "လှိုင်ရွက်သဲဖို" မဂ္ဂဇင်းကိုလည်း ကျွန်တော်အသည်းအသန်ဖတ်သည်။ မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်တို့မှာ သည့်ထက်နည်းနည်းကြီးမှ စွဲစွဲမြဲမြဲဖတ်သော မဂ္ဂဇင်းများဖြစ်၏။ ၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် သင့်ဘဝ၊ တိုင်းရင်းမေ၊ အပျို၊ သောင်းပြောင်းထွေလာ ရယ်စရာ၊ ပျော်တော်ဆက်စာစောင်၊ ဂျာနယ်များ တွင် ကဗျာလေးများ၊ ဝတ္ထုတိုလေးများကို "မောင်မိုးခက်" ဆိုသော ကလောင်အမည်နှင့် ကျွန်တော်စတင်ရေးသားနေပြီဖြစ်သည်။

စာစောင်၊ မဂ္ဂဇင်းများသို့လည်း ကဗျာ၊ ဝတ္ထုတိုများ တစ်တိုက်ဝင်၊ တစ်တိုက်ထွက် လိုက်လံပို့တတ်နေပြီဖြစ်၏။

× × ×

"အလင်းအိမ်" စာပေတိုက်က "သရုပ်" ရသစာပေမဂ္ဂဇင်းအတွက် စာမူတောင်းသောအခါ အယ်ဒီတာချုပ်က လူငယ်များ၏ စိတ်ဓာတ်၊ ခွန်အားနှင့် နှလုံးသားကို ဖွံ့ဖြိုးတိုးတက်စေမည့်စာမူများ ရေးပေးပါရန်ပြောသည်။

ကျွန်တော့်ထံ သီးခြားစာရေး၍လည်း "တက္ကသိုလ်" နှင့်ပတ်သက်သည့် အတွေ့အကြုံ ခံစားမှု... စသည်များကို လူငယ်များ အားကျ နည်းယူနိုင်ရန် ရေးပေးပါဟု ... မေတ္တာရပ်ခံသည်။ တက္ကသိုလ်ကနေ တန်းစပြီးရေးဖြစ်ဖို့ ကြိုးစားသည့်အခါ ခါးလယ်ကဖြတ်စဉ်းစားရသလိုဖြစ်၍ ရှုလိုင်လကတည်းက စာမူတောင်းခဲ့သော်လည်း အောက်တိုဘာလအထိ ကျွန်တော်မရေးဖြစ်သေး။ ထို့ကြောင့် ကျွန်တော်ရေးချင်သည့်စာကို ကျွန်တော့်စိတ်ကြိုက် စတင်ရေးသားလိုက်သောအခါ ဤအကြောင်းအရာများဖြစ်လာသည်။

ကျွန်တော့်ဘဝမှာ တက္ကသိုလ်သည် မပါချင်ဘဲနေ၍မရသည့် အဓိကနေရာတစ်ခုဖြစ်ပါသည်။ သို့သော်စာရေးဆရာနှင့် စာပေစိတ်မပါဘဲ တက္ကသိုလ်သည် ကျွန်တော့်ဘဝမှာ ဘာမှအရေးမပါပါ။ တက္ကသိုလ်ဘဝများနှင့် တက္ကသိုလ်နောက်ခံဝတ္ထုများ၊ စာပေများသည် မဖြစ်မနေရေးရမည့်ကဏ္ဍများဖြစ်ပါသည်။

သို့သော် စချင်သည့်နေ့ရာကနေ ခံစားရသလို ပြောချင်သည့်အတွက် ဤ "တို့လျှောက်ခဲ့ရာ လမ်းကြောင်းဝယ်" သည် တစ်လ၊ နှစ်လနှင့် မပြီးနိုင်တော့ပါ။

ကိုမင်းအုပ်စိုးတို့ အယ်ဒီတာအဖွဲ့ကိုလည်း ထည့်ချင်လျှင်ထည့်ပါ။ ထည့်နိုင်သလောက်အရေးအတွက်သာထည့်ပါဟု ကျွန်တော် မေတ္တာရပ်ခံခွင့်ပြုပါ၏။

[သရုပ်မှုဂဇင်း – အတွဲ (၁)၊ အမှတ် (၁)]

၂၀၀၉ ဒီဇင်ဘာလ

× × ×

၂။

၁၉၇၁ ခုနှစ်တွင် ကျွန်တော် ၁၀ တန်းအောင်၍ ထိုနှစ် စက်တင်ဘာလတွင် ကျွန်တော် ရန်ကုန်စက်မှုတက္ကသိုလ်ကို တက်ခွင့်ရသည်။



ရန်ကုန်စက်မှုတက္ကသိုလ်သို့ တက်ခွင့်ရခြင်းသည် ကျွန်တော့်စာပေဘဝကို အကြီးအကျယ်ပြောင်းလဲတိုးတက်စေခဲ့သည်ဟု အတိအကျပြောနိုင်သည်။

ရှေ့တွင်ကျွန်တော်ပြောခဲ့သလို ကျွန်တော့်စာပေလက်ရာ ကဗျာလေးများ၊ ဝတ္ထုတိုလေးများကို ၁၉၆၉ ခုနှစ်ကတည်းက စာစောင်၊ မဂ္ဂဇင်းများတွင် ကြိုးကြားကြိုးကြား ဖော်ပြခံနေရသည့်တိုင် ကျွန်တော့်စာပေအဝန်းအဝိုင်းသည် သေးငယ်ကျဉ်းမြောင်းလွန်းလှသည်။ တကယ့်စာပေအသိုင်းအဝိုင်းတွင် ဝင်ဆံ့နေပြီဖြစ်သော စာလောက၊ ပေလောကတွင် နာမည်တစ်လုံးနှင့် ထိုးဖောက်အောင်မြင်နေကြပြီဖြစ်သော စာသမား၊ ပေသမားများနှင့် ထိစပ်ကျွမ်းဝင်ခွင့်မရသေး။

တကယ့်စာပေလောကထဲ ဝင်နိုင်ဖို့ရာ ဘယ်လိုစာပေတွေ ဖတ်ရှုရင်းနှီးနေရမည်။ မည်သည့်စာပေပညာရှင်တွေ၏ အတ္ထုပ္ပတ္တိတွေ၊ စာပေသဘောတရားတွေ၊ စာပေအယူအဆ၊ နိုင်ငံရေးအယူအဆတွေ သိနားလည်၊ ဖတ်ရှုလေ့လာ၊ ဆည်းပူးသင့်သည်ဆိုသည်ကို ဘယ်လိုမှကျယ်ကျယ်ပြန့်ပြန့် မသိနိုင်သေး။

စင်စစ်ကျွန်တော့်စာပေဘဝတွင် စက်မှုတက္ကသိုလ်၏ အခန်းကဏ္ဍသည် အရေးအပါဆုံးနေရာမှ ပါဝင်နေသည်။ ဒါတောင် ထိုတက္ကသိုလ်ကို ကျွန်တော်ရောက်ချင်၍ ရောက်ခဲ့ရသည် မဟုတ်။ သည်ကိစ္စကတော့ ကျွန်တော် စာပေဟောပြောပွဲတွေမှာ ထပ်ပြန်တလဲလဲ ပြောခဲ့ဖူးသဖြင့် လူတော်တော်များများလည်း ထိုအကြောင်းကို အသေးစိတ်သိကြသည်။

သို့သော် စာနှင့်ပေနှင့်ကတော့ ကျွန်တော်တစ်ခါမှ မရေးဖူးခဲ့။ အကြောင်းသင့်နေပြီဖြစ်သဖြင့် ထိုအကြောင်းကို အသေးစိတ်ပင် ကျွန်တော် မှတ်တမ်းတင်ရေးသားချင်သည်။ ဘဝ၏ထူးဆန်းသော အချိုးအကွေ့များအကြောင်းကိုလည်း ကျွန်တော်တင်ပြချင်၏။

× × ×

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများကို စွဲလမ်းပြီး တက္ကသိုလ်ကျောင်းမှာ မြန်မာစာကထိကလုပ်ချင်စိတ်များ ပေါ်ပေါက်ခဲ့ကြောင်း ရှေ့ပိုင်းမှာကျွန်တော်ပြောခဲ့ပြီးပြီဖြစ်သည်။

သို့သော် ဘဝတွင်ရည်မှန်းချက်၊ ရည်ရွယ်ချက်အဖြစ်နှင့် တိတိကျကျပိုင်းဖြတ်ပေါ်ပေါက်ခဲ့သောကာလမှာ ကျွန်တော် ခုနစ်တန်းလောက် ရောက်ချိန်ကျမှဖြစ်၏။

ကျွန်တော့်ဘဝ၏ပထမဆုံးရည်မှန်းချက်မှာ "ဆရာဝန်"ဖြစ်သည်။

ဒါကလည်း ထိုခေတ်၊ ထိုအခါက ကျောင်းသားလောကမှာ ရေပန်းစားလှသော အမ်စီ (M.C) ရောက်လိုရုံ ကာလပေါ်ရောဂါကြောင့် မဟုတ်။

ကျွန်တော်အင်မတန်ချစ်လှသော ကျွန်တော့်အဘွားကြောင့်သာ ဖြစ်သည်။

ခုနစ်တန်းနှစ် ကုန်ခါလောက်မှာ အဘွားလေဖြတ်ခံရသည်။ အင်းစိန်ပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ကုသခံရသည်။

ထိုအချိန်က ဆေးရုံကြီးတွင် ခုလောက်လုံခြုံရေးအစီအစဉ်တွေ မတင်းကျပ်သော်

လည်း လူနာတွေချိန်၊ ထမင်းပို့ချိန်မှအပဖြစ်သောအချိန်များတွင် ဆေးရုံတွင်း ဝင်ရ ထွက်ရ ခက်သည်။ ကျွန်တော်က ညနေပိုင်းအချိန်တစ်ချိန်သာ အဘွားကိုတွေ့ခွင့်ရသည်ကို မကျေနပ်။ ကြားချိန်များမှာလည်း လစ်ရင်လစ်သလို ဝင်ထွက်ချင်သည်။

သို့အတွက် ဝင်ထွက်ခွင့်ရနိုင်မည့် နည်းလမ်းကို လေ့လာရှာဖွေသောအခါ ဆေးရုံတွင်းသို့ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများစသဖြင့် သက်ဆိုင်ရာယူနီဖောင်းများ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်များကလွဲလျှင် အရပ်ဝတ်နှင့် ဝင်ထွက်ရ လွယ်ကူသူများမှာ ဆေးကျောင်းသားများဖြစ်၏။

နီးနီးနားနား လမ်းမတော်ဆေးကျောင်းမှ လက်တွေ့သင်တန်းလာဆင်းသော ကျောင်းသား၊ ကျောင်းသူများ ဖြစ်နိုင်သည်။ အဝတ်အစား ဖြူဖြူစင်စင်၊ သန့်သန့်ပြန့်ပြန့်လေးများ ဝတ်၍ စာအုပ်ကလေးများကိုင်ကာ ဝင်ထွက်နေကြသော ကျောင်းသား၊ ကျောင်းသူများသည် ဝင်လမ်း၊ ထွက်လမ်း ရှောရှောရှူရှူရှိလှသည်။

အကြံရ၍ နောက်နေ့တွင် သူတို့ဝတ်ဆင်သလို သန့်သန့်ပြန့်ပြန့်ဝတ်ဆင်၍ အဖုံးဖုံးထားသော စာအုပ်သုံး၊ လေးအုပ်ကိုင်ကာ ဆေးရုံလာခဲ့သည်။ စစချင်း ဝင်ပေါက်က မဝင်ရဲသေးသဖြင့် (ထိုစဉ်က သံဆန်ခါအကာအရံများ မရှိသေးသော) ကော်ရစ်ဒါ လှေကားရှင်းရှင်း တစ်နေရာမှနေ လက်ရမ်းကို ကျော်ဝင်ခဲ့သည်။

ကော်ရစ်ဒါစင်္ကြံပေါ်ရောက်လျှင်တော့ ဟိုပုဂ္ဂိုလ်လေးများ၏ အိုက်တင်ကိုဖမ်းကာ သွားလိုရာနေရာအထိ ခပ်တည်တည်ပင် ရဲရဲတင်းတင်းလျှောက်ခဲ့သည်။ ကံကောင်း၍လား။ ဒါမှမဟုတ် ကျွန်တော့်ပုံစံကပင် ဆေးကျောင်းသား ပိုက်ဖမ်းနေလို့လား။ ဒါမှမဟုတ် ဒီထဲမှာတော့ ကိုယ့်အလုပ်နှင့်ကိုယ်များများနေပြီး ဘယ်သူ့ဘယ်သူမှ စိတ်မဝင်စားနိုင်ဖြစ်နေ၍လား မပြောတတ်။

ကျွန်တော် နေ့နေ့ ညည ကြိုက်ရာအချိန် အဘွားဆီ ဝင်ထွက်ခွင့်ရသည်။ သည်ကတည်းက ဆေးကျောင်းသားဖြစ်ချင်သောစိတ်ကပင်ငြိနေပြီဖြစ်၏။ ဆေးရုံဧရိယာအတွင်းမှာ ဆရာဝန်တစ်ယောက်၏ ဩဇာတိက္ကမကြီးမားပုံကိုလည်း မြင်တွေ့အားကျနေသည်။ ဒါက အဘွားဆေးရုံပေါ်မှာရှိစဉ် ခံစားမှုဖြစ်သည်။ အဘွားက ဆေးရုံပေါ်မှာ လနှင့်ချီ၍ ကြာသည်။ ဆေးရုံပေါ်ကဆင်းသောအခါ အဘွားလမ်းမလျှောက်နိုင်တော့။ ကိုယ်တစ်ခြမ်း မသန်စွမ်းတော့ဘဲ ဒုက္ခိတကြီးဖြစ်သွားသည်။

အဘွား၏အမည်မှာ ဒေါ်တင်။ စနေသမီး။ ရေတက်၊ နေတက်မွေးထားသည်ဟုဆိုသည်။ စိတ်သိပ်ထက်သည်။ ဒေါသကြီးသည်။ စိတ်မြန်၊ ကိုယ်မြန်နိုင်သည်။ အဘွားမသိအောင် ကျွန်တော်လမ်းထိပ်ထွက်ဆော့နေလျှင် နောက်ကနေ တံမြက်စည်းကိုင်၍ လိုက်လာပြီး ကျွန်တော့်ကို စက္ကန့်ပိုင်းအတွင်း အချက်ပေါင်းများစွာ ကပ်ပဲ့လေတတ်သော အဘွား။

ကျွန်တော် ခုနစ်နှစ်သားအရွယ်လောက်မှာ အဘွားသည် ကျွန်တော့်လက်ကိုဆွဲ၍ အထက်မြန်မာပြည် ဘုရားဖူးကားနှင့်လိုက်သည်။ ကျွန်တော်မှတ်မိသလောက် မန္တလေးတောင်၊ ရွှေစက်တော်၊ အထက်စက်တော်ရာသို့ တက်သောအခါ ကျွန်တော်တုန်ချည့်တုန်ချည့်ဖြစ်နေလျှင် ဖိုးဖတ်ဆို ကျွန်တော့်ကို ကောက်ပွေ့ချီ၍ တောင်ပေါ် တက်တတ်သည့်အဘွား။

ခုတော့ ကိုယ်တစ်ခြမ်းမသန်သောဘဝဖြင့် ပက်လက်ကုလားထိုင်လေးပေါ်မှာ တစ်နေ့ကုန် ကုပ်ကုပ်ကလေး ထိုင်နေရသည်။ တစ်နေရာမှ တစ်နေရာ ... သူများရွှေ့မပေးလျှင် မရွှေ့နိုင်တော့။ ဆန်ပြုတ်တို့၊ ဘာတို့ စားလျှင်လည်း သူများခွံ့ကျွေးတာ မကြိုက်။ မသန်တော့သော လက်တစ်ဖက်ဖြင့် ဆန်ပြုတ်ဇွန်းကို ပါးစပ်ဆီရောက်ဖို့ အကြာကြီး ဇွဲထိုက်သယ်ယူနေရသည်။

ပြီးတော့ ဇွန်းထဲမှ ဆန်ပြုတ်အားလုံး ပါးစပ်ထဲမရောက်။ ပါးပေါ်၊ ကိုယ်ပေါ်ကို ဖိတ်တစ်ဝက်၊ စဉ်တစ်ဝက်။ အဘွားလည်း ဘယ်အခါမှစိတ်မရှည်နိုင်သလို ကျွန်တော်လည်း အဘွားကိုကြည့်ရတာ စိတ်ဆင်းရဲသည်။ ကောင်းစွာကုသမပေးနိုင်သော ဆရာဝန်များကို စိတ်ဖြင့်အပြစ်တင်၍ ကုသမပေးနိုင်ရကောင်းလားဟု အမေနှင့်အဘွားရှေ့မှာ ပြောမိသည်။

ဒုက္ခိတသဖွယ်ဖြစ်နေကတည်းက အရယ်၊ အပြုံးနည်းလှသော အဘွားက ရယ်၍လျှာလေး အာလေးလေးသံဖြင့်

"အခုဆရာဝန်တွေက အသုံးမကျပါဘူး လူလေးရယ်။ လူလေး ဆရာဝန်ဖြစ်အောင်ကြိုးစားစမ်းပါ။ သားက သိပ်တော်တဲ့ဆရာဝန်ကြီးဖြစ်မှာ။ အဲဒီတော့မှ အဘွားကိုကု။ အဲဒီကျရင် အဘွားကောင်းသွားမှာ" ဟု အဓိပ္ပာယ်ရသောစကားများကို ပြောသည်။

အမေကလည်း "ဟုတ်တယ်" ဟု ထောက်ခံသည်။ ကျွန်တော့်စိတ်ထဲ အတည်ပြောသည်ဟုပဲ မှတ်ယူသည်။ အဘွားကိုချစ်သောဇောဖြင့် ထိုတစ်ထိုင်တည်းမှာပင် ကျွန်တော် ဆရာဝန်ဖြစ်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချသည်။ ကျွန်တော့်ဘဝရည်မှန်းချက်သည် ဤနည်းဖြင့် "ဆရာဝန်"ဖြစ်လာခြင်းဖြစ်၏။

× × ×

ကျွန်တော်ဖြစ်ချင်သော ဆရာဝန်သည် ရိုးရိုးသူလိုငါလို ဆရာဝန်မျိုးမဟုတ်။ အထူးသဖြင့် သူများဆရာဝန်များ လုံးလုံးပျောက်အောင်မကုသနိုင်သော၊ အဘွားဒုက္ခမျိုးကို ထူးချွန်ထက်မြက်စွာ ကုသနိုင်သော၊ ထက်မြက်ထူးချွန်သည့် ဆရာဝန်မျိုးဖြစ်လိုခြင်းဖြစ်သည်။ ထိုအချိန်၊ ထိုအခါ၊ ထိုခေတ်က ပညာရေးစနစ်၏ ရည်မှန်းချက်မှာ ဘက်စုံဖွံ့ဖြိုးရေးဖြစ်သည်။

ကျောင်းစာသင်ချိန်များထဲတွင် ဘက်စုံဖွံ့ဖြိုးရေးအချိန်များထည့်သွင်း၍ ကျောင်းသားလူငယ်တိုင်း ဘက်စုံဖွံ့ဖြိုးအောင် ရည်မှန်းချက်ထားခဲ့သည်။

မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်ဆိုသော ကတိသစ္စာလေးချက်ကို နေ့တိုင်းကတိပြုရွတ်ဆိုရလျက် ဆိုရှယ်လစ်ဒီမိုကရေစီ အလေ့အကျင့်များရရန်ဟုဆိုကာ ကျောင်းကောင်စီများဖွဲ့စည်းပေးသည်။

မည်သူ့သဘောတူသည်၊ မတူသည်ဖြစ်စေ၊ မည်သူ ကျေနပ်သည်၊ မကျေနပ်သည်ဖြစ်စေ ထိုခေတ်က လူငယ်လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများကို များစွာသဘောကျလျက် တက်ကြွစွာပါဝင်လှုပ်ရှားကြသူများထဲတွင် ကျွန်တော် ထိပ်ဆုံးကပါခဲ့သည်။

ငယ်ငယ်ကတည်းက ကလေးဂျာနယ်လို စာအုပ်မျိုးကို လစဉ်မလွတ်တမ်း ဖတ်ရှုခဲ့ရသည်။ ဆရာပီမိုးနင်း၊ ဆရာဦးပကြိုင်၊ ဆရာတက္ကသိုလ်ဆုမြိုင် အပါအဝင် လူငယ်ဘဝတိုးတက်ရေး ရည်မှန်းချက်ကြီးခဲ့သည့် တက်ကျမ်းဆရာကြီးများ၏ စာအုပ်များကလည်း ထိုစိတ်ဓာတ်ကို မီးထိုးပေးသည်။ ဟိုးတစ်ခေတ် ခရစ်ယာန်သာသနာပြုမစ်ရှင် အင်္ဂလိပ်ကျောင်းဘဝကပင် ကျောင်းမှာကင်းထောက်လူငယ် ဖွဲ့စည်းခဲ့သည်။ ထိုအချိန်ကပင် ကျွန်တော် ကင်းထောက်ထဲ ဝင်ခဲ့ဖူး၏။

ပရဟိတစိတ်အခံရှိခဲ့သည်မို့ နောက်တစ်ခေတ် ရေးဆောင်လူငယ်သီချင်းများ မြန်မာ့အသံမှ နံနက်ပိုင်းလာတိုင်း စိတ်များတက်ကြွသည်။

"အများအကျိုးဆောင် ကိုယ့်အကျိုးအောင်" ဆိုသော ဆောင်ပုဒ်ကလေးကို ရွတ်ဆို၊ သီဆို၍ ထိုအတိုင်း လိုက်နာကျင့်ကြံနေရခြင်းကိုက တန်ဖိုးတစ်ခုလို ခံစားရသည်။မှန်သည့်အတိုင်းဆိုရလျှင် လမ်းစဉ်ပါတီခေတ် လူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို ကျွန်တော် အရမ်းသဘောကျသည်။

လူငယ်ရေးရာဌာနကြီးဖွင့်လှစ်၍ လူငယ်စည်းရုံးရေးမှူးများခန့်ထားကာ ကျောင်းအလိုက်၊ ရပ်ကွက်အလိုက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးစားပမ်းစားလုပ်ခဲ့ခြင်းများကို အမှတ်ရဖွယ်ဖြစ်သည်။ ထိုကာလမှာ ကျွန်တော့်လူငယ်ဘဝကို ဖြတ်သန်းခဲ့ရခြင်းဖြစ်၏။

သို့အတွက် ယနေ့အထိ ကျွန်တော့်မှာ ရှားရှားပါးပါးကျန်ရစ်နေသေးသော ရေးဆောင်လူငယ်သီချင်းများအပါအဝင် လူငယ်သီချင်းများကို မကြာခဏဖွင့်၍ နားထောင်သည်။ လူငယ်ဘဝကို ပြန်လွမ်းဆွတ်ရသည်မှာ အရသာရှိလှသည်။

ဗိုလ်ကျော်ဆန်းရေးသားပြီး ကိုလှဦး၊ မာသီ၊ စန္ဒရားကျော်ဇောလေး အပါအဝင် ဝင်းဦး၊ ပန်တျာတင်တင်မြင့်တို့ သီဆိုပေးခဲ့သည့် ကာယပညာတန်ဆောင်ကဲ့သို့သော သီချင်းများအပါအဝင် လူငယ်သီချင်းများကို အမှတ်ရသည်။

နောင်သောအခါ ပေါ်လစီကားဟု ဆိုကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်နေ့ ဂုဏ်ပြုဖတ်ကားများကို စိတ်ပါလက်ပါဖတ်ညွှန်းရေးပေးခဲ့ခြင်းများသည် ဤအခြေခံကစခဲ့ခြင်းဖြစ်ဟန်တူ၏။

× × ×

ကျွန်တော်ခုနစ်တန်းနှစ်မှစ၍ ဆရာဝန်ဖြစ်ချင်ခဲ့သည်ဟု ရှေ့မှာ ကျွန်တော်ဆိုခဲ့သည်။ ထိုအချိန်မှာပင် ကျွန်တော်သည် စာကြိုးစားသောအခံ ရှိနေခဲ့ပြီ။ ထို့အတူ ပြင်ပစာများလည်းများစွာဖတ်နေခဲ့ပြီ။ တစ်ဖက်ကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စိတ်ပါဝင်စားနေခဲ့ပြီ။

ကျွန်တော် စိတ်အပါဆုံး ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျောင်းစာကြည့်တိုက်ကို တာဝန်ယူပေးခြင်း၊ ကျောင်းနံရံကပ်စာစောင်ကို သူငယ်ချင်းများနှင့်အတူ ထုတ်ဝေခြင်း၊ စင်ပေါ်စကားပြောခြင်းတို့ဖြစ်သည်။

နှစ်စဉ် အာစရိယပူဇော်ပွဲတွင် ကပွဲထည့်၍ ထိုကပွဲကို ကိုယ်တိုင်လည်း ပါဝင်ကကာ အတန်းတိုင်းက အစီအစဉ်တစ်ခုစီပါဝင်နိုင်ရန် ဖတ်တိုက်ကူညီစီစဉ်ပေးခြင်းကိုလည်း ဝါသနာတူ ကျောင်းသားကြီးများထံမှ အမွေခံ၍ ထိုနှစ်က စလှုပ်ရှားခဲ့ခြင်းလည်းဖြစ်သည်။

စင်ပေါ်စကားပြောခြင်းကိစ္စအကြောင်းလည်း အနည်းငယ်ပြောလိုပါသည်။ ထိုခေတ်၊ ထိုအချိန်က စင်ပေါ်၌ စကားပြောဟောခြင်း (Public Speaking) ကိစ္စသည် ကြိုးစားထူးချွန်အပ်သည့် အလုပ်တစ်ခုဖြစ်ကြောင်း လူတော်တော်များများက လက်ခံထားကြသည်။

ပရိသတ်ရှေ့မှာ စကားပြောကောင်းသည့်သူကို ချီးကျူးကြသည်၊ ချီးမြှောက်ဂုဏ်ပြုကြသည်။ အခြားနယ်များလိုပင် ကျွန်တော်တို့အင်းစိန်၌လည်း ထိုလုပ်ငန်းကို ဦးဆောင်လေ့ကျင့်ပေးချင်သည့် ဝါသနာရှင်လူကြီးတွေရှိသည်။ ရပ်ကွက်အလိုက် ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲတွေလုပ်ပြီး ထိုမှတစ်ဆင့် မြို့နယ်အလိုက် ချန်ပီယံတွေရွေးကြ၊ ဂုဏ်ပြုကြ၊ ဆုပေးကြလုပ်သည်။

အင်းစိန်လမ်းသစ်မှ ဂန္ထဝင်စာကြည့်တိုက်၏ ကျပန်းပြိုင်ပွဲသည် မြို့နယ်ချန်ပီယံရွေးပွဲပင်ဖြစ်၏။ နှစ်အလိုက် "ကျပန်းမောင်" များကိုလည်း မှတ်တမ်းထား၍ တန်ဖိုးထားသည်။ ထိုပွဲကို ကျွန်တော်ထိုခုနစ်တန်းနှစ်ကတည်းက ဝင်ပြိုင်နေပြီဖြစ်သည်။

ထိုသို့ပြောတတ်အောင် ကျောင်းမှာထိုအလုပ်ကို ဝါသနာပါသော ဆရာများက သင်ပေးသည်။ အဓိကသင်ပေးသောဆရာမှာ နောင် "ကြိမ်မောင်မောင်" ဟု နာမည်ကြီးသော ဆရာဦးမောင်မောင်ဖြစ်၏။ ဆရာတို့က ကျောင်းထဲမှာ ကျပန်းပြောခိုင်းသည်။ အထက (၄) ကျောင်းရှိသည့် အင်းစိန်မြို့နယ်မှာ ကျောင်းပေါင်းစုံလှည့်၍ စကားရည်လုပွဲဝင်ခိုင်းသည်။

အစတော့ ကိုးရိုးကားယားနှင့် လူရယ်ချင်စရာဖြစ်သော်လည်း တဖြည်းဖြည်းနှင့်

အသားကျလာသောအခါ ပြောစရာနေရာ လိုက်ရှာနေကြသည်အထိ ဓါသနာကြီးကုန်သည်။

လူကြီးတွေ၊ ဆရာတွေကလည်း အားပေးသည်။ အင်းစိန်ဂန္တဝင်စာကြည့်တိုက် ကျပန်းပြိုင်ပွဲမှာ စဝင်သောနှစ်တွင်ပင် "အပြတ်မပြောနဲ့ မချော"ခေါင်းစဉ်ဖြင့် ကျွန်တော် ဒုတိယရသည်။ နောက်နှစ်ကျတော့ "လမ်းခင်းတဲ့ကျောက်ခဲ"ခေါင်းစဉ်ဖြင့် ပထမကျပန်းမောင် ဆုရ၏။

× × ×

စာဖတ်ပရိသတ်များကတော့ ဒီကောင်ဆရာဝန်မဖြစ်ဘဲ စက်မှုတက္ကသိုလ်ရောက်ရသည့်အကြောင်းပြောမည်ဆိုပြီး ဘာတွေလျှောက်ပြော၊ လျှောက်ကြွားနေတာလဲဟု အပြစ်တင်ကောင်းတင်ကြမည်။ တင်လည်း တင်သင့်ပါသည်။

မပြော... မပြောနှင့် တကယ်ပြောဖို့ စဉ်းစားသည့်အခါကျတော့လည်း ပြောစရာတွေက အများကြီးဖြစ်နေသည်။

ကြွားသည်ဆိုရာ၌လည်း ကြွား၍ရသော အချိန်လေးမှာ အားစိုက်၍ ကြွားနေမိခြင်းဖြစ်၏။ နောက်ပိုင်းမှာ ဒီလိုတွေ ကြွားတတ်သောကြောင့်ပင် ဘဝမှာ ကျွမ်းထိုးမှောက်ခုံ အဖြစ်ဆိုးတွေကြုံပြီး ဒုက္ခရောက်ခဲ့တာတွေပြောရဦးမှာဖြစ်သည်။

ထိုခုနစ်တန်းနှစ်မှာပင် ကျွန်တော်အတန်းကိုယ်စားလှယ်အနေနှင့် ကျောင်းကောင်စီဝင်စဖြစ်သည်။

စာရင်းချုပ်လျှင် ထိုနှစ်မှာ ကျွန်တော်ကျောင်းကောင်စီ အမှုဆောင်အဖွဲ့ဝင်၊ ပြင်ပစာစောင်လေးများတွင် ကဗျာဆရာပေါက်စ၊ အင်းစိန်ဂန္တဝင် စာကြည့်တိုက် ကျပန်းပြိုင်ပွဲ ဒုတိယဆုရှင်၊ ဆရာဝန်ဖြစ်ဖို့ ကြိုးစားနေသောကျောင်းသား။ ဒီကြားထဲ ... အင်းစိန်ဈေးထဲက အမေ့လက်ဖက်ဆိုင်မှာ အများကြီးအားထားရသော ဈေးရောင်းသမားလည်းဖြစ်နေသေးသည်။

ကျွန်တော် ဘာမှမလုပ်တတ်သည်မှာ "အားကစား"ဖြစ်သည်။

ယင်း "အားကစား"မှအပ သည်လောက်ဘက်စုံနေသောအခါ နေရာဝိုင်းမှာ (အင်းစိန်မြို့နယ်အတိုင်းအတာနှင့်) အတော်လေး ပေါ်လွင်လာသည်။

ဤသည်မှာပင် နောင်သောအခါ ကျွန်တော့်ကို ဒုက္ခအကြီးအကျယ်ပေးမည့် "ဘဝင်မြင့်ရောဂါ" အစပြုလာခြင်းလည်းဖြစ်၏။

[သရုပ်မဂ္ဂဇင်း – အတွဲ (၂)၊ အမှတ် (၁)]

၂၀၁၀ ဇန်နဝါရီလ

× × ×

၃။

ယနေ့သည် ၂၁-၁၂-၂၀၀၉နေ့ ဖြစ်ပါသည်။

စိတ်မကောင်းစွာဖြင့် မှတ်တမ်းတင်ရလျှင် ကျွန်တော်ကျောင်းဆောင်းပါး ခေါင်းစဉ်အဖြစ် ယူသုံးစွဲနေသော မူလကဗျာပိုင်ရှင် ဆရာနေဖြူကျော်ထွန်း (ဆရာ အီကြာကွေး) သည် ပြီးခဲ့သည့် ခုနစ်ရက် ၁၅-၁၂-၂၀၀၉ နေ့က ကွယ်လွန်သွားခဲ့ပါသည်။

ယနေ့မနက်က ဆရာ့အိမ်မှာ ရက်လည်ဆွမ်းကျွေးသည်။

ရှာပနနေ့က ဝေခဲ့သော လက်ကမ်းစာစောင်လေးပေါ်မှ ဆရာ့"တိုက်ပွဲပျော်" ကဗျာ ကိုဖတ်ပြီး ရင်နင့်ရသည်။

"ယောက်ျားပေ့နော် တိုက်ပွဲပျော်

ကျွန်တော်တိုက်ရင်း တက်မှာပဲ ..."တဲ့။

တိုက်ပွဲတိုင်း၏ အရှုံး- အနိုင်ကို မဖြူတတ်သောဆရာ။

ခုလည်းပဲ ထိုနောက်ဆုံးတိုက်ပွဲကို "ဘာမှမဖြူ"စွာ ရင်ဆိုင်သွားပေလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။

ထို "တိုက်ပွဲပျော်"သည် ကျွန်တော့်ဘဝ၌လည်း အရေးပါသောကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်။ ယခုတစ်ပတ် (သို့မဟုတ်) နောက်တစ်ပတ်သည် တိုက်ပွဲပျော်အကြောင်း ပြောရမည့်အချိန်များပင်။ ဆရာ ကောင်းရာသုဂတိရောက်ပါစေကြောင်းဆုတောင်း၍ မှတ်တမ်းစာလေးရေးခဲ့၏။

× × ×

အကျဉ်းချုပ်၍ ပြောရလျှင် ထိုခုနစ်တန်းလောက်ကအစပြု၍ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းတို့သည် ကျွန်တော့်ဘဝအတွက် ရွှေရောင်လင်းခဲ့သော နေ့ရက်များဖြစ်သည်။

ကျောင်းစာဘက်မှာလည်း အတန်းစဉ်၊ လစဉ်၊ ပထမ၊ ဒုတိယ၊ တတိယအဆင့်များထဲမှ မလွတ်။

အခြားဘက်ကလည်း ကျောင်းကောင်စီသင်တန်း၊ စာကြည့်တိုက်ဖွံ့ဖြိုးမှုသင်တန်း၊ ကြံ့ခိုင်ပျော်ရွှင်သင်တန်း၊ ရပ်ဝေးအခြေစိုက် လုပ်အားပေးစသဖြင့် ကျောင်းသားတစ်ယောက် ရခဲ့သောအခွင့်အရေးများ ရခဲ့သည်။

အားလုံး အကောင်းဆုံးအခြေအနေမှာရှိပါသည်ဟု မလွဲမသွေပြော၍ ရပါသည်။ အဲ ... တစ်ခုပဲရှိပါသည်။

ထိုတစ်ခုကလည်း တစ်ခုဆိုသလောက်ပင် ဘဝမှာ အရေးကြီးသောကိစ္စတစ်ခု ဖြစ်နေပါသည်။ ထိုကိစ္စသည် "အောင်မြင်မှု"ဒဏ်ကို ကျွန်တော်မခံနိုင်ခြင်းပင်ဖြစ်၏။

မိဘ၊ ဆွေမျိုးသားချင်းများကြားမှာ၊ ညီအစ်ကို၊ မောင်နှမတွေကြားမှာ၊ ကျောင်းသူ၊ ကျောင်းသား၊ သူငယ်ချင်း၊ အပေါင်းအဖော်တွေကြားမှာ၊ ဆရာ၊ ဆရာမများကြားမှာ၊ အိမ်နီးနားချင်း၊ ဆိုင်နီးနားချင်းများကြားမှာ "တော်သူ" တစ်ယောက်အဖြစ်သတ်မှတ်ခံရသည်။




အရေးပေး၊ ဦးစားပေးခံရသည်။

ကျွန်တော်လည်း အရွယ်နှင့်မလိုက်အောင် စာများဖတ်ရှုခဲ့သည်။ မာနထောင်လွှားတာမျိုး၊ ဘဝင်ကြီး တစ်ခွဲသားမြင့်ပြီး လူမုန်းစရာဖြစ်နေတာမျိုးတော့ မဖြစ်ခဲ့ပါ။ သို့သော်... သူများထက်စာလျှင် ကိုယ်က ခေါင်းတစ်လုံးပိုမြင့်ချင်နေတာမျိုး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု သိပ်များပြီး ငါလုပ်လျှင်ဖြစ်ရမည်ဆိုသည့် နလုံးလေဟာပ်သည့် ကိစ္စမျိုးတော့ ကောင်းစွာရှိနေပါသည်။

ထို့ပြင် အများထဲမှာ ကိုယ်က မသိမသာ သို့မဟုတ် သိသိသာသာ ထင်ပေါ်ချင်တာမျိုး၊ ပေါ်လွင်ချင်တာမျိုး၊ အရေးပေးခံချင်တာမျိုး၊ ဦးစားပေးခံချင်တာမျိုးတွေ တော်တော်များများလည်းရှိနေသည်။

ကျွန်တော့်အထင် ထိုစိတ်မျိုးတွေဝင်လာနေပြီဆိုကတည်းက ဘဝ၏ အမှားလေးတွေ နည်းနည်း၊ နည်းနည်းနှင့် မကြာခဏတော့ ဖြစ်ကောင်းဖြစ်နေနိုင်သည်။ သို့သော် အခွင့်အလမ်းမကြုံ၊ ကံအကြောင်းမသင့်သေးသဖြင့် ရံဖန်ရံခါ လူအမြင်ကတ်ခံရတာမျိုးကလွဲပြီး သိပ်သိသာသော အပြစ်တစ်စုံတစ်ရာမကြုံခဲ့ပေ။

စင်စစ်သိသာသောအမှားဆိုတာလည်း များများစားစား ဖြစ်လိုက်ရတာတော့ မဟုတ်။ ကျွန်တော့်ဘဝမှာ သိသာသောအပြောင်းအလဲ များများစားစားလည်း မကြုံရပါ။ ကြုံရသည်မှာ တစ်ခါကောင်းတွေသာဖြစ်သည်။ တစ်ခါဆို ဆိုသလောက် ဘဝမှာ ကော့နေအောင် ခံလိုက်ရတာမျိုးနှင့် ပြင်မရသည့်၊ သို့တည်းမဟုတ် ပြင်ရခက်ခဲသည့် အမှားမျိုး တစ်ခုတလေဖြင့်သာ ကျွမ်းပစ်ခဲ့ရတာတွေများသည်။

ယခု ကျွန်တော်ဦးတည်ပြောဆိုနေသော ကိစ္စကတော့ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းတို့ကို ကျော်လွှန်ဖြတ်သန်းပြီး ဆယ်တန်း တကယ့်အရေးကျမှ ဖြစ်ခဲ့ခြင်းဖြစ်၏။ ၁၉၇၁ ခုနှစ်၊ မတ်လတွင် ကျွန်တော်တို့ ဆယ်တန်းဖြေရသည်။ နေ့စွဲ အတိအကျ မမှတ်မိသော်လည်း ပထမဆုံးနေ့မှာ မြန်မာစာဖြေရသည်။ အဆင်ပြေပါသည်။ ဘာတစ်ခုမှ အခက်အခဲ မရှိခဲ့။

ဒုတိယနေ့ ...။ အဲ ... ဒုတိယနေ့ကတော့ ကျွန်တော်တို့ခေတ် ကျောင်းသား၊ ကျောင်းသူများအတွက် တကယ့်နေ့ဖြစ်သည်။ ဆယ်တန်းဖြေသူ ရာနှင့်နှုန်းတော်တော်များများ ဆက်ဖြေစရာမလိုလောက်အောင် အဆုံးအဖြတ်ပေးနိုင်သည့်နေ့လည်းဖြစ်သည်။

ထိုနေ့က အင်္ဂလိပ်စာဘာသာရပ် ဖြေရသည့်နေ့။ ဖြစ်ချင်တော့ ထိုနေ့မနက် စာမေးပွဲဖြေရန် ကျောင်းသို့မသွားမီ ရေမိုးချိုးနေဆဲ ...။ ကျွန်တော့်လက်ထဲ သတင်းစာတစ်စောင်ရောက်လာသည်။ ဈေးထဲကနေ အမေလှမ်းပို့လိုက်ခြင်းဖြစ်၏။

ကျွန်တော်ကြည့်လိုက်သောအခါ ထိုနေ့သတင်းစာ ကျောဖုံးတွင် ပညာရေးဝန်ကြီး၏ အဌမအကြိမ်မြောက် လူရည်ချွန်ဆုရသည့် ကျောင်းသား၊ ကျောင်းသူများစာရင်း ပါလာသည်။ ထိုစာရင်းထဲတွင် ကျွန်တော့်နာမည်ပါလာသည်။ ဝမ်းသာလိုက်သည်မှာ မည်သို့ပြန်ပြောရမည်မှန်းပင်မသိ။

ကျွန်တော်တို့ကာလက ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်က အမြင့်ဆုံးချီးမြှင့်သောဆုသည် လူရည်ချွန်ဆုပင်ဖြစ်၏။ ထိုဆုကို စတင်ရယူနိုင်သော ခုနစ်တန်းကစ၍ ကျွန်တော်အရမ်းရချင်ခဲ့သည်။ ဗဟိုရုပ်ရှင်မှ သတင်းကားတွေထဲတွင် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူတွေ သတင်းပါလာလျှင် ကျွန်တော်အလွန်အားကျသည်။

ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းတွေမှာက ကျောင်းတွင် ပဏ္ဏာမစာရင်းတွင်သာပါပြီး မြို့နယ်အဆင့်လောက်မှာ ပြုတ်ကျန်ခဲ့သည်။ ဆယ်တန်းမှာတော့ မြို့နယ်ကကျော်ပြီး တိုင်းအဆင့်ရောက်သည်။ တိုင်းအဆင့်မှာ ပညာအရည်အချင်းက မတိမ်းမယိမ်းဖြစ်နေသော်လည်း ကျွန်တော့်မှာက ကျောင်းကောင်စီ အတွင်းရေးမှူးအလုပ်ကို ရှစ်၊ ကိုး၊ တစ်ဆယ် သုံးနှစ်ဆက်တိုက်လုပ်ခဲ့သူ။ သင်တန်းပေါင်း များစွာတက်ခဲ့သူ။ ကိုးတန်းမှာ ရပ်ဝေး အခြေစိုက် လုပ်အားပေးခဲ့သူ။ ထို့ဖြို့ရေးမှတ်တမ်းတွေက တအားကောင်းသည်။

ဒါကြောင့်လည်း ထိုနှစ်ကျမှ ရခဲ့ခြင်းဖြစ်မည်။ ထိုသတင်းကို သတင်းစာမှာမြင်ပြီးကတည်းက ကျွန်တော် ရူးသွားသလားလည်း မပြောတတ်။ ခါတိုင်းဆို ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကျောင်းကိုစာမေးပွဲဖြေရန်သွားလျှင် မှတ်စုစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ အစုံအလင် ကျောင်းသို့သယ်သည်။ တစ်လမ်းလုံး စာပြန်နွှေး၍ မှတ်မိနေအောင်လုပ်သည်။

ကျောင်းရောက်လျှင်လည်း အခိုပ်ကောင်းကောင်း၊ သစ်ပင်ရိပ်တစ်ခုရှာ၍ မေ့နိုင်မည်ထင်သောစာများ ပြန်ကြည့်သည်။ အလွတ်ရွတ်ကြည့်သည်။ တစ်ချက်ကလေးမှ သတိအလစ်မခံ။ သည်နေ့မှာတော့ မောင်မင်းကြီးသားက လူရည်ချွန်ဖြစ်နေပြီမို့ ဒါတွေ မလိုတော့ဟု သုံးသပ်ပုံရသည်။ ကျောင်းကိုထွက်လာချိန်တွင် လက်ထဲ၌ ဘာစာအုပ်မှ ဖတ်ဖို့ယူမလာခဲ့။ စာမေးပွဲဖြေဖို့ စာရေးကိရိယာများသာ ပေါ့ပေါ့ပါးပါးယူခဲ့သည်။

တစ်လမ်းလုံးလည်း စာမေးပွဲဖြေပြီး ကျောင်းပိတ်လျှင် လူရည်ချွန်စခန်းသွားရဖို့ကို

သာ စိတ်ကူးယဉ်နေပါ၏။ အင်းလေးခေါင်တိုင်ကြီးကတော့ မနှစ်က လုပ်အားပေး တောင်ကြီး (နမ့်လတ်) ခရီး၌ ရောက်ဖူးနေသဖြင့် မသွားချင်။ မရောက်ဖူးသော ပေလီသို့သာသွားချင်သည်။ ဘာတဲ့ ရွှေဝါချိုင်စခန်းတဲ့လား။

× × ×

ကျောင်းရောက်တော့ ပိုဆိုး၏။ သတင်းစာဖတ်ပြီးသူများမှတစ်ဆင့် ကြိုတင်သတင်းရထားသူများက ကျွန်တော့်ကို မြင်သောအခါ အပြေးအလွှား လာနှုတ်ဆက်ကြသည်။ ကျောင်းသူ ကျောင်းသားများ။ ဆရာ၊ ဆရာမများ။ ပြီးတော့ သတင်းထောက်များ။ ချီးကျူးကြ ဂုဏ်ပြုကြ၊ နှုတ်ဆက်ကြ ဓာတ်ပုံရိုက်ကြနှင့် ကျွန်တော့်မှာ ညှော်ခံရသည်ပင် လက်မလည်။

"ဟဲ့ကောင် … ပျော်လဲပျော်၊ စာမေးပွဲလဲ သေချာဖြေဦးနော်။ လူရည်ချွန်ကြီး စာမေးပွဲကျတာ ပိုရှက်ဖို့ကောင်းတယ်"

ဆရာမတစ်ယောက်က မုန့်ဖိုးငွေကျပ် ၁၀၀ ပေးရင်း ဆုံးတော့ ဆုံးမသွားသေး၏။ သို့သော် ကျွန်တော်က အမှတ်တမဲ့ပင် ခေါင်းညိတ်လိုက်သည်။ ကျွန်တော့်လိုကောင် ဒီလောက်တော့ဖြစ်စရာမရှိဟု စိတ်ထဲကပြောလိုက်မိ၏။ စာမေးပွဲခန်းထဲရောက်တော့ ပြဿနာက စ၏။

× × ×

"How to spend your summer holiday"

**သင့်နွေရာသီကျောင်းပိတ်ရက်ကို ဘယ်လို အသုံးချမလဲ။**

ကျွန်တော်ဖြေရမည့် စာစီစာကုံးခေါင်းစဉ်ဖြစ်၏။ အမှန်ကတော့ ထိုအချိန်မှာ ကျွန်တော် ရိုးသားစွာရှိနေလျှင် ဂုဏ်ထူးတောင် လှမ်းမှန်းလိုက်လို့ရနေပြီဖြစ်သည်။ သည်ခေါင်းစဉ်ဆန်ဆန်အက်ဆေးများ ကျွန်တော်အလွတ်ကျက်ထားပြီးသားဖြစ်သည်။

A visit to a village တို့၊ Summer Vacation တို့။

ထိုအလွတ်ရပြီးသား တစ်ခုခုကို စာလုံးပေါင်းမမှားအောင် သေချာဂရုစိုက်၍ ရေးလိုက်လျှင် အမှတ် ၂၀ ပေးသော ထိုစာစီစာကုံးတွင် အနည်းဆုံး ၁၄ မှတ်၊ ၁၅ မှတ်တော့ရမည်။ ခုတော့ ကျွန်တော်က ရိုးရိုးမဟုတ်၊ ဘရိတ်ဒန်စ် ကတော့၏။ ကျွန်တော့်ခေါင်းထဲမှာ လူရည်ချွန်ကိစ္စက ကြီးစိုးနေသည်။

"ငါက လူရည်ချွန်ပဲကွ။ အလွတ်ကျက်ထားတဲ့ စာစီစာကုံး ချရေးလို့ ဘယ်ကောင်းမလဲ။ ငါ့ဘာသာငါ အသစ်ရေးမှာပေါ့"

ငါလုပ်လျှင် ဖြစ်ရမည်ဆိုသော စိတ်ရူးက ဝင်မွှေသည်။

"နွေရာသီကျောင်းပိတ်ရက်ကို ကျွန်တော် နိုင်ငံတော်အပန်းဖြေစခန်းတစ်ခုခုတွင် အပန်းဖြေမည်ဖြစ်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုစာမေးပွဲမဝင်ခင်လေး မှာတင် ကျွန်တော် သတင်းတစ်ခုရသည်။ နိုင်ငံတော်က ဆိုးမြှင့်သော လူရည်ချွန်ဆုရရှိခြင်း သတင်းဖြစ်သည်။" စိတ်ရှူးပေါက်သလောက် စိတ်ကူးကလိုက်၍ ထိုစိတ်ကူးကို အင်္ဂလိပ်စာ စာစီစာကုံးအဖြစ် ချရေးတော့သည်။

"ငပလီ ရွှေဝါချိုင်စခန်းသို့ သွားမည်ဖြစ်သည်။"

"ရန်ကုန်မှနေ လေယာဉ်ပျံကြီးစီး၍သွားမည်။"

"ငွေလှိုင်းသောင်ပြင်မှာ ပြေးလွှားဆော့ကစားမည်။"

"ရေကူး၍ဝလျှင် အုန်းရည်ချိုချိုသောက်မည်။"

"သမ္မတကြီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲတက်ရောက်မည်။ သမ္မတကြီးနှင့် လက်ဆွဲနှုတ်ဆက်မည်။"

စိတ်ကူးရသလောက် အင်္ဂလိပ်လိုလျှောက်ရေးသောအခါ မိတ်ဆွေများ စဉ်းစား ကြည့်ပါ။ ကျွန်တော်တို့ခေတ် အင်္ဂလိပ်စာအရည်အချင်းသည် "ကျွန်တော်ကျောင်းသို့ သွားသည်။" ဆိုသော ဝါကျကိုပင် အင်္ဂလိပ်လိုရေးပါက I go to school တွင် go ၌ s ထည့်ရမှာလား။ es ထည့်ရမှာလား။ ဒီတိုင်းထားရမှာလား သိပ်သေချာတာမဟုတ်။

အဆိုပါစိတ်ကူး အဆန်းတကြယ်များကို မိမိကိုယ်မိမိ ယုံကြည်လွန်ကဲသောစိတ်ဖြင့် အင်္ဂလိပ်လိုတွေ ချရေးလိုက်သောအခါ ...

ဘယ်လောက်ညံ့ဖျင်းသော အင်္ဂလိပ်စာတွေ ရေးမိမှန်းမသိ။ အောင်စာရင်းထွက် သောအခါ ခါတိုင်းအင်္ဂလိပ်စာအမှတ် ၆၅၊ ၇၀၊ ၇၅... စသဖြင့်ရနေသော ကျွန်တော်အင်္ဂလိပ် စာအမှတ် ၄၁ မှတ်ဖြင့် မသဒ္ဓါရေစာအောင်လာခဲ့သည်။ အမှန်တော့ ထိုညမှာပင် ကျွန်တော် ချက်ချင်းသိပါသည်။

အင်္ဂလိပ်စာကတော့ အောင်မှအောင်ပါ့မလားဟု စိတ်ပူစပြုသည်။ သို့သော် ထိုနေ့က အိမ်ပြန်ရောက်တော့လည်း အရှိန်မသေသေးသဖြင့် နောက်နေ့တွင်ဖြေသော ဘာသာရပ် များတွင် ဓာတုဗေဒတစ်ပုဒ်လုံး မှားသွားသည်။ ဒါတောင် အောင်စာရင်းထွက်သောအခါ နောက်ပိုင်း အသိတရားများရှာရပြီး အချိုးပြင်ထားသော သင်္ချာ၊ ရူပ၊ ဇီဝ သုံးဘာသာ ဂုဏ်ထူး ထွက်သေးအံ့။

× × ×

တက္ကသိုလ်ဝင်ခွင့်ပုံစံများ တင်ရသည်။ ပထမဦးစားပေး – ဆေးတက္ကသိုလ်။ တစ်ပြားမှမလျှော့။ ကျွန်တော့်မှာ ဒုတိယရည်မှန်းချက်ဟူ၍ပင် မရှိ။ ဆေးတက္ကသိုလ်

ပဲ ရရမည်။ ဆရာဝန်ပဲဖြစ်ရမည်။ ဒီအတိုင်း ဖွတ်မိုက်ယုံကြည်ထားသည်။

ဆေးတက္ကသိုလ်က ပြဋ္ဌာန်းစာအုပ်တွေရာပြီး ဖတ်ထားနှင့်ပြီ။ လှုရည်ချွန် စခန်းတုန်းက အဖွဲ့(၈) တစ်ဖွဲ့တည်းအတူကျ၊ တစ်ဆောင်တည်းအတူနေခဲ့ရသော ဆေးကျောင်းသားကိုတင်မျိုးဝင်းတို့ဆီ သွားလည်သည်။ လူသေကောင် ခွဲစိတ်ခန်းတွေ ဝင်ဖူးပြီ။ အပိုင်းပိုင်း ပြတ်နေသော ဆေးစိမ်ကိုယ်ခန္ဓာရုပ်အလောင်းတွေ ကိုင်တွယ်ဖူးနေပြီ။ လှုရည်ချွန်တုန်းက လေ့လာရေးသွားခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးမှ ရုပ်အလောင်းခွဲစိတ်မှုများ၊ တောင်ကြီး စဝ်စံထွန်းဆေးရုံမှ မေ့ဆေးပေးခွဲစိတ်ကုသမှုများ မြင်ဖူး၊ တွေ့ဖူးပြီ။

မိမိကိုယ်မိမိ ဆရာဝန်တစ်ပိုင်းအဖြစ် ခံယူပြီးနေပြီ။ တက္ကသိုလ်ဝင်ခွင့်စာရင်းများ ထွက်လာ၏။ ဆေးတက္ကသိုလ်ဝင်ခွင့်မရ။ စက်မှုတက္ကသိုလ်၊ ဒုတိယဦးစားပေးပဲ ဝင်ခွင့်ရသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရဖို့က ခြောက်ဘာသာစုစုပေါင်း ရမှတ် ၄၁၁မှတ် ရှိရမည်။ ကျွန်တော် စုစုပေါင်း ၄၁၀မှတ် ရသည်။ ဆယ်တန်းစာမေးပွဲရမှတ် ၁မှတ်အတွက် ဘဝရည်မှန်းချက် အလုံးစုံကို စွန့်လွှတ်လိုက်ရသည်။

နောက်တစ်ချက်က ၁၀တန်းစာမေးပွဲသည် အောင်ပြီးလျှင် ပြန်ဖြေခွင့်မရတော့။

× × ×

စင်စစ် စက်မှုတက္ကသိုလ်ကို ကျွန်တော် အတော်စိတ်ပျက်အားလျော့စွာဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ကျောင်းများ စဖွင့်စရက်များမှာပင် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ပါမောက္ခချုပ်ဖြစ်စ ပူပူနွေးနွေး ဆရာကြီး ဒေါက်တာအောင်ကြီးနှင့် ကျောင်းဆင်ဝင်ကြီး အောက်တွင် ဆုံသည်။ လှုရည်ချွန်စခန်းတုန်းက ဆရာကြီးသည် စခန်းမှူး။ စခန်းတွင်း လက်ကမ်းစာစောင် ထုတ်ရာတွင် ပိုင်းကူရင်း ဆရာကြီးနှင့် ရင်းနှီးနေခဲ့သည်။ စခန်းမှာ တုန်းက ဆရာကြီးက "မင်း ဘယ်တက္ကသိုလ်တက်မှာလဲ" ဟု မေးသည်။ ကျွန်တော်က

"ဆေးတက္ကသိုလ်တက်မယ် ဆရာကြီး" ဟု ဖြေခဲ့သည်။

"ငါတို့ဆီ မလာချင်ဘူးလားကွ" ဟု ဆရာကြီးကမေးသောအခါ ကျွန်တော် ခေါင်းခါပြီး

"မလာချင်ဘူးဆရာကြီး။ ကျွန်တော် ဆရာဝန်ပဲဖြစ်ချင်တယ်" ဟု ပြောခဲ့သည်။

ခုကျတော့ သူပါမောက္ခချုပ်ဖြစ်သော သူ့ကျောင်းထဲမှာ ကျွန်တော့်ကိုတွေ့သည်။

"ဒီရောက်နေလား"

"ဟုတ်တယ် ဆရာကြီး။ ကျွန်တော် ဆေးမမီဘူး"

ဆရာကြီးက ရယ်ပြီး

"ငါတို့ဆီလည်း ကောင်းပါတယ်ကွာ။ မင်းဝါသနာပါတဲ့ ကဗျာတွေ၊ စာတွေ ရေးလို့ ကောင်းတာပေါ့။ အဖော်တွေလည်း အများကြီးရှိတယ်"

ဆရာကြီးက နှစ်သိမ့်စွာပြောသည်။ ကျွန်တော် မချိစွာခေါင်းညိတ်ရသည်။ သို့သော် ဆရာကြီး၏စကားသည် များစွာမှန်၏။

× × ×

ကျွန်တော်ကသာ ကျွန်တော့်အကြောင်းနှင့်ကျွန်တော် စက်မှုတက္ကသိုလ်မှာ မပျော်ပိုက်သော်လည်း တကယ်တမ်းကျတော့ ကျွန်တော်တို့ တက္ကသိုလ်သည် အနုပညာသမားများစုဝေးရာ အနုပညာတက္ကသိုလ်ကြီးဖြစ်သည်။ ကျောင်းက ဆရာများထဲမှာ လူသိထင်ရှားအနုပညာဆရာကြီးတွေများစွာရှိသည်။ ဗဂျီအောင်စိုးဆိုလျှင် ပန်းချီလောက၊ ရုပ်ရှင်လောကတွင် များစွာထင်ရှားသူ ဗိသုကာဌာနမှဆရာကြီးဖြစ်သည်။

ကျွန်တော်တို့ လျှပ်စစ်အင်ဂျင်နီယာဌာနတွင် ဆရာဖြစ်သော ဦးမိုးအောင် (တက္ကသိုလ်မိုးဝါ)၊ မြန်မာစာဌာနတွင် ဌာနမှူးမှာ ဦးစိုးမြင့် [မောင်လူခဲ (အင်းလေး)]၊ မြန်မာစာဌာနမှာ ကျွန်တော်တို့အတန်းကို သင်ရသောဆရာမ ပြုံး(မြေလတ်)၊ နောက် ကျွန်တော်တို့ တက္ကသိုလ်၏ မော်ကွန်းထိန်းဆရာ ဦးသက်လွင်(မောင်ငွေလှိုင်း) တို့မှာ ထင်ရှားသော ကဗျာဆရာ၊ ဆရာမများဖြစ်သည်။

မောင်ငွေလှိုင်း၏ "မြကျွန်းညိုညို တက္ကသိုလ်" သီချင်းမှာ မြန်မာတစ်ပြည်လုံး မသိသူမရှိ မခံစားမိသူမရှိ။ ကာတွန်း၊ ရုပ်ပြနယ်ပယ်မှာလည်း ဆရာဦးခင်မောင်ဖုက်းကို၊ ဦးအောင်မြင့် (ကြံ့ဗဟုန်း)၊ ဦးမြင့်ဖေတို့ ရှိသည်။ စာပေနယ်မှ "မစန္ဒာ"၊ ရုပ်ရှင်နယ်မှ "ကိုမြင့်" တို့ကတော့ ကျွန်တော်တို့ကျောင်းကို ရောက်ချိန်မှာ၊ ကျောင်းပြီး၍ ကျောင်းမှထွက်ခွာ၏။ အဆိုတော် ကိုခင်မောင်တိုးတို့လည်း ကျွန်တော်တို့ရောက်ချိန်မှာ မရှိတော့။ ကျွန်တော်တို့ရောက်ချိန်ကျောင်းမှာ ရုပ်ရှင်နယ်မှ ထွန်းထွန်းနိုင်(နောင်ထွန်းလွင်)၊ စာပေနယ်၊ ကဗျာနယ်မှ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ပုသိမ်ခင်လေး၊ မောရှုးဆိုး၊ မောင်ချစ်ဆွေ စသည်တို့ရှိနေသည်။ ပန်းချီနယ်မှာလည်း ကိုခင်မောင်သန်း၊ ကိုမျိုးမြင့်(မြတ်မျိုးမြင့်) တို့ထင်ရှားသည်။

ထို့ပြင် ကျွန်တော်တို့ကျောင်း၏ ချစ်စရာ့ဓလေ့တစ်ခုမှာ ပါမောက္ခချုပ်ဆရာကြီးမှစ၍ မော်ကွန်းထိန်း၊ ဌာနမှူး၊ ပါမောက္ခ၊ ဆရာ၊ ဆရာမများအားလုံးသည် ကျောင်းသား ကျောင်းသူများနှင့် တရင်းတနှီးရှိခြင်းပင် ဖြစ်သည်။ ကင်တင်းထိုင်ခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းတို့တွင် ဆရာနှင့် တပည့်များ အတူတွေ့ရသည်။ သို့သော်ဤသို့သောရင်းနှီးသဖြင့် တပည့်များက ဆရာများကို အရိုအသေတန်သည့် အမူအရာမျိုး လုံးဝမရှိ။ ပကတိ ချစ်ခင်လေးစားကြ၏။

[သရေပါမဂ္ဂဇင်း – အတွဲ (၂)၊ အမှတ် (၂)]

၂၀၀၀ ဖေဖော်ဝါရီလ

၄။

မည်သို့သော ကျေနပ်စရာများနှင့် တွေ့ရသည်ဖြစ်စေ ကျွန်တော်၏ စက်မှုတက္ကသိုလ် ကနဦးနေ့ရက်များကတော့ အတော်စိတ်ပျက်အားငယ်ရသည့် နေ့ရက်များဖြစ်ခဲ့သည်။ ထို အားပျက်စိတ်ငယ်ရသည့် အကြောင်းရင်းများထဲတွင် အထက်တန်းကျောင်းမှ တက္ကသိုလ် သို့အကူး ထူးထူးခြားခြားပြောင်းလဲသွားသင့်သည့် ပတ်ဝန်းကျင်ဒေသအခင်းအကျင်းများ ဘာမှမပြောင်းလဲခဲ့ရသည့် အချက်တစ်ချက်လည်းပါဝင်မည်ထင်မိသည်။

ရှေ့မှာကျွန်တော်ပြောခဲ့သလို ကျွန်တော်သည် သာစည်မှာမွေးဖွားခဲ့သည်ဟု ဆိုသော် လည်း သိတတ်စအရွယ်ကျော်ကျော်လောက်ကတည်းက အင်းစိန်မှာကြီးခဲ့ခြင်းဖြစ်သည်။ သူငယ်တန်းမှဆယ်တန်း တက္ကသိုလ်ဝင်တန်းအထိ ကျွန်တော်နေခဲ့ရသော ကျောင်း(အထက ၂ အင်းစိန်) နှင့် တက္ကသိုလ်ကျောင်းသားဘဝသို့ ကူးပြောင်းခဲ့ရသော စက်မှုတက္ကသိုလ်သည် ဘတ်စကားမှတ်တိုင် နှစ်မှတ်တိုင်မျှသာဝေးသည်။

အင်းစိန်ဂိတ်စမှစီးလျှင်ပင် စက်မှုတက္ကသိုလ်ထိ သုံးမှတ်တိုင်၊ ဘတ်စကားခ "ဆယ်ပြား" မျှသာပေးရသော အကွာအဝေးဖြစ်၏။ အကွာအဝေးသာ မဝေးသည်မဟုတ်။ စက်မှုတက္ကသိုလ်ပတ်ဝန်းကျင်နှင့် ကျွန်တော်သည်လည်း အတော်ရင်းနှီး နီးစပ်သည်။

စက်မှုတက္ကသိုလ်ဆိုသည်မှာ ခုနစ်တန်း၊ ရှစ်တန်းလောက်ကတည်းက ကျွန်တော်တို့ ငယ်သူငယ်ချင်းများ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်နေသည့်နေရာများဖြစ်၏။

နေ့ဆိုလည်း နေ့အလျောက်၊ ဝင်ထွက်သွားလာ ဆော့ကစားနေခဲ့ရာ နေရာ၊ ည ဘက်တွေမှာလည်း မီးထိန်ထိန်လင်းနေသော စာသင်ခန်း၊ ကျူတိုရီယယ်ခန်းများတွင် ကြိုက်သလိုနေရာယူ၍ စာကြည့်၊ စာကျက်ခဲ့သည်။ ထိုအချိန်က သီရေတာ ခေါ် စာသင်ခန်းမ များတွင် ညဘက်၊ နေ့ဘက် မီးချောင်း၊ လေးပေချောင်း အချောင်း ၂၀၀ကျော် ထွန်းညှိ လင်းထိန်နေသည်။ လျှပ်စစ်မီးချောင်းတို့၏ သဘာဝ၊ နှစ်ချောင်းတွဲ၊ နှစ်ချောင်းတွဲထွန်းမှ အလင်းအမှိတ်မှန်၍ မျက်စိမပျက်တတ်။ ကျောင်းမှာ မီးချောင်းတွေက အားလုံး စုံတွဲချည်း ဖြစ်သည်။

သို့အတွက် ညဘက်ဆို အိမ်မှာ မီးပေကာလပ်နှင့် စာကျက်မည့်အစား သူငယ်ချင်းတွေ စုပြီး အာရ်အိုင်တီကျောင်းထဲမှာ စာသွားကျက်သည်။ ရောမ ကျောက်သင်ပုန်းကြီးတွေ ကလည်းနှစ်ထပ်၊ အထက်အောက်ဆွဲချ၍ ထင်သလိုရေးခြစ်နိုင်သည်။

ဟိုတုန်းက အာရ်အိုင်တီကျောင်းသည် အရေးကြီးသောရုံးခန်း၊ ဓာတ်ခွဲခန်း၊ လက်တွေ့ခန်းနှင့် စာကြည့်တိုက် စသည်များမှအပ ဘယ်အထပ်၊ ဘယ်အခန်းသွားသွား။ နောက်ဆုံး ခေါင်မိုးပေါ်၊ အမိုးပြန့်ကြီးများပေါ်အထိ အချိန်မရွေးတက်နိုင်သည်၊ သွားနိုင် သည်

ဝင်ထွက်၍ရသည်။ ပြောရလျှင် ဘယ်အိမ်သာခန်းမှပင် သော့ခတ်ပိတ်ထားတာမျိုးမရှိ။

အာရ်အိုင်တီကျောင်းရှေ့မှ ကားမှတ်တိုင်သည် ဘီပီအိုင်မှတ်တိုင်ဖြစ်သည်။

ထိုမှတ်တိုင်တည့်တည့် အင်းစိန်မှ ရန်ကုန်အသွားဘက်လမ်းပေါ်မှ ခြံဝင်းကျယ်ကြီးကို မင်္ဂလာဟောလ်ဟု အမည်ပေးထားသည်။ ထိုမင်္ဂလာဟောလ်သည် ကျွန်တော့်ငယ်သူငယ်ချင်း၊ ကျောင်းနေဖက် ရော်နီခေါ် ဇော်ဝင်းတို့မိသားစုပိုင်ခြံဝင်း၊ အဆောက်အအုံကြီးဖြစ်သည်။ ရော်နီနှင့်ကျွန်တော်က ဟိုးသူငယ်တန်းကတည်းက ကျောင်းနေဖက်များ။

ရော်နီ၏ဖခင်က အင်္ဂလိပ်လူမျိုး မစ္စတာကမ်ကမ်းဖြစ်သည်။ မစ္စတာ ကမ်ကမ်းက ခြံဝင်းကျယ်ကြီးထဲတွင် ဘန်ဂလိုပုံစံ တစ်ထပ်အိမ်ကို အဆောင်ဆောင်၊ အခန်းခန်းဖြင့် လုပစွာဆောက်ခဲ့သည်။ နေထိုင်ခဲ့သည်။ သားအကြီးဆုံး ရော်နီကလည်း ငယ်ငယ်လေးကတည်းက ကိုယ်ပိုင်အခန်းနှင့် နေခွင့်ရသည်။

မစ္စတာကမ်ကမ်းဆုံးပြီးနောက်ပိုင်း ထိုအိမ်ကြီးတွင် မင်္ဂလာဟောလ် အမည်ပေးကာ မိန်းကလေးပြင်ပဆောင်အဖြစ် ဖွင့်လှစ်ထားခဲ့သည်။ အာရ်အိုင်တီမှ ကျောင်းသူများ အများဆုံးနေထိုင်သည်။ ခြံဘေးဝင်ပေါက် သီးသန့်ရှိသော ရော်နီအခန်းကျယ်ကြီးမှာ ကျွန်တော်တို့ သူငယ်ချင်းများ နေ့ရော၊ ညပါ စတည်းချနိုင်သည့်အတွက် လွတ်လပ်နယ်မြေတစ်ခုပင်။

ထို့ကြောင့် အာရ်အိုင်တီတစ်ကျောင်းလုံးသည်လည်း ကျွန်တော်တို့ အုပ်စုအတွက် မရင်းနှီးသောနေရာ တစ်လက်မမှမကျန်အောင်ဖြစ်နေခဲ့သည်။ ထိုကျောင်းကြီးကိုမှ (ဆေးတက္ကသိုလ်ဝင်ခွင့်မရသောဘဝဖြင့်) တက္ကသိုလ်ကျောင်းသားအဖြစ် နောက်ထပ် ခြောက်နှစ်လုံးလုံး နေထိုင်၊ စာသင်ရမည်ဆိုသောကိစ္စသည် ကျွန်တော့်အတွက်တော့ အတော်စိတ်ပျက်စရာပင်။ ငြီးငွေ့ဖွယ် ကောင်းလှ၏။

× × ×

သို့သော် ထိုကိစ္စသည် ကျွန်တော် သက်သက်မဲ့ စိတ်ကျရောဂါတစ်မျိုးဝင်ပြီး ထင်မိထင်ရာထင်နေခြင်းလည်း ဖြစ်နိုင်သည်ဟု ခုခါမှာပြန်တွေး၍ရသည်။ ရင်းနှီးလွန်းသော ပတ်ဝန်းကျင်မို့ ဘဝမှာ ဘာအပြောင်းအလဲမှ မရှိရကောင်းလား ငြီးငွေ့နေသော်လည်း ယခင်က ကျွန်တော်ရင်းနှီးခဲ့သည့် စက်မှုတက္ကသိုလ်မှာ ကျောင်းအဆောက်အဦ အခွံကြီးသာဖြစ်၏။ စင်စစ် အသက်ဝင်လှုပ်ရှားနေသော စက်မှုတက္ကသိုလ်နှင့် ဘာမှ မပတ်သက်။

တကယ်တမ်းကျတော့ စက်မှုတက္ကသိုလ်၏ မိသားစုဝင် ကျောင်းသားတစ်ယောက်သည် ကျောင်းတွင်း၌လည်ပတ်နေသောယန္တရားကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုဘဝသည် နေ့ဘက်လာလည်၊ ဆော့ကစားသော ဘဝ၊ ညဘက် စာလာကျက်သော ဧည့်သည်ဘဝ၊ အပြင်လူဘဝနှင့် ဘာမှ မဆိုင်။ ထိုသို့ဘာမှမဆိုင်ကြောင်းကိုလည်း

ကျောင်းမှာနေသားကျ၍ တစ်လ၊ နှစ်လ လောက်အတွင်းမှာသိနိုင်သည်။

သို့သော်ကျွန်တော်က ထိုအချိန်မှာ စိတ်ပုံမှန်ရှိနေသူမဟုတ်။ ဘဝမှာ အဆင်ပြေ အောင်မြင်ခဲ့စဉ်က ဘဝင်မြင့်၊ သွေးနားထင်ရောက်ပြီး အရူးတစ်မျိုးဖြစ်ခဲ့သလို ခုလည်း ဘဝမှာ ရည်မှန်းရာမရောက်၊ အဆင်မပြေ ကျရှုံးခဲ့ပြန်တော့လည်း ဘဝင်ရော၊ စိတ်ရော နှိမ့်ကာ တစ်မျိုးရူးနေသည့်အချိန်။

အမှန်တော့ အဆုံးအရှုံးတစ်ခုကို အဆုံးအရှုံးတစ်ခုအဖြစ်ပဲသတ်မှတ်၍ လက်ရှိမိမိ ရောက်နေသောနေရာတွင် တဖြည်းဖြည်းလိုက်လျောညီထွေမှု ရှိလာသင့်သည်။ သို့မဟုတ် မိမိမလွဲမကင်းသော လက်ခံရပြီဖြစ်သောဘဝကို ကျေနပ်စရာများဖြင့် မဲတင်း၍ အဆင်ပြေ အောင် နေထိုင်ပျော်မွေ့သင့်သည်။ တကယ်လည်း စက်မှုတက္ကသိုလ်နေ့ရက်များသည် "နေတတ်လျှင် ကျေနပ်စရာ" ဆိုသော ဘဝများဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းသားဆိုသည့်ဘဝများကို တစ်ပြားသားမှအလျှော့အတင်းမခံရဘဲ ကျွန်တော်တို့အိပ်မက်ထဲမှာရှိခဲ့သည့် တက္ကသိုလ်အိပ်မက်များကို အပြည့်အဝနီးပါး မက်နိုင် ခဲ့ပါသည်။ ခက်သည်က ကျွန်တော့်ရင်ထဲမှာစွဲနေသည့် စက်မှုတက္ကသိုလ်ဆိုသည်မှာ ကျွန်တော့်အဆုံးအရှုံးအတွက် အမှတ်ရစရာသင်္ကေတကြီးတစ်ခုဖြစ်နေခြင်းပင်။

ထိုအတွေးသည် အတော်ဆိုး၏။ ထိုအတွေးသည် ကျွန်တော့်ဘဝတစ်ခုလုံးကို ပြောင်းတိပြောင်းဆန်နှင့် ကမောက်ကမတွေ ဖြစ်ကုန်အောင် အခြေပျက်ခြင်းအတွက် အစ ဖြစ်သည်။ ထိုအတွေးမှ အစပြု၍ဘဝမှာ တစ်ခါမှမတွေးဖူးသောအတွေးများ၊ တစ်ခါမှ မခံ စားဖူးသော ခံစားမှုများ တွေးဖူး၊ ခံစားဖူးလာကာ တစ်ခါမှမလုပ်ဖူးသော အလုပ်တွေကိုလည်း လုပ်၍ တစ်ခါမှမဖြစ်ဖူးသောအဖြစ်တွေနှင့်လည်း ကြုံလာရခြင်းဖြစ်သည်။

ထိုအကြောင်းများသည် စာဖတ်သူလူငယ်များအတွက်လည်း သင်ခန်းစာယူစရာ အကြောင်းများဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်လည်း တကယ့်ကိုရိုးသားစွာ ပြန်လည် သရုပ်ခွဲယူမှ ထိုဘဝအတွေ့အကြုံမှတန်ဖိုးရှိသော သင်ခန်းစာများ ထုတ်ယူပေးနိုင်မည် ဖြစ်သည်။ ထိုနေရာသည် ပုံမှန်ချောမွေ့စွာ လျှောက်လှမ်းလာခဲ့သည့် ဘဝလမ်းမှသည် ကြမ်း တမ်းသော လမ်းကန့်လန့်ပေါ်သို့ ကူးပြောင်းတက်လှမ်းသွားခဲ့ခြင်းလည်းဖြစ်၏။

× × ×

ပထမဆုံးပြောင်းလဲသွားသော ပြောင်းလဲမှုသည် စိတ်ဓာတ်ရေးရာပိုင်းဖြစ်သည်။

စိတ်ဓာတ်ရေးရာအရ ကျွန်တော်ငယ်ငယ်လေးမှထိုကာလအထိ ခရီးလမ်း တစ် လျှောက်လုံးသည် ဖြူဖြူစင်စင် ရှင်းရှင်းလေးသာဖြစ်၏။ ကျွန်တော်သည် ကျွန်တော် ဖတ်ခဲ့ရ သော စာပေများမှ အားကျစဖွယ်သော လူကောင်းများကို အထူးအားကျခဲ့သည်။ ကောင်းတာ

လုပ်လျှင် ကောင်းတာပဲဖြစ်မည်ဟူသော ပုံသေနည်းဆန်ဆန်အယူအဆဖြင့် ဘဝတွင် အစစ အကောင်းဆုံးများသာဖြစ်စေရမည်ဟု ရိုးသားစွာကြိုးစားခဲ့သည်။

ဆန့်ကျင်ခြင်း၊ ကန့်လန့်တိုက်ခြင်း၊ လူကြီးမိဘဆရာသမားများကို ပုန်ကန်တော်လှန်လိုခြင်း၊ အရဲတိုက်ထင်ရာလုပ်ခြင်းစသည်များ ကျွန်တော့်ဘဝတွင် လုံးဝမရှိခဲ့။ သက်ဆိုင်ရာလူကြီးမိဘ၊ ရဟန်းသံဃာ၊ စာပေကျမ်းဂန်တို့၏ ဆုံးမမှုများကို ယုံလည်းယုံကြည်သည်။ လိုက်လည်း လိုက်နာသည်။ မည်သူ့ကိုမျှ အဆိုးမမြင်ချင်သလို အဆိုးလည်းအမြင်မခံနိုင်။

ကျွန်တော်က ထိုဘဝထိုအတွေး ထိုစိတ်ဓာတ်လေးများကို ငယ်ဖြူဘဝ၊ ငယ်ဖြူအတွေး၊ ငယ်ဖြူစိတ်ဓာတ်လေးများဟု အမြဲခေါ်ဆိုတင်စားသည်။ ငယ်ဖြူရဟန်းဆိုသော စကားမှ အဓိပ္ပာယ်မျိုးနှင့်မဟုတ်ဘဲ ငယ်ငယ်က ရိုးသားစွာဖြူစင်ခဲ့သော သဘောလေးများဟုဆိုလိုချင်၍ဖြစ်သည်။

သို့သော် ဘဝမှာ တစ်ချက်ကလေး အတိမ်းအစောင်းဖြစ်၍ အမှားလေးတစ်ခု ကျူးလွန်မိသည်နှင့် ဘဝတစ်ခုလုံး ဤမျှယူကျုံးမရဖြစ်စရာတွေ ဘဝရည်မှန်းချက်ကြီးတစ်ခုလုံး ယိုယွင်းတိမ်းပါးသွားစရာတွေ ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမျှ မတွေးဖူးခဲ့။ မတွေးဖူးပေမယ့် လက်တွေ့ကြုံလိုက်ရသောအခါ ဘဝဆိုတာကို ကျွန်တော်နား မလည်တော့။

"ဘာတွေလဲ ... ဘာလဲဟ ... ဘဝဆိုတာ ဘယ်လိုမျိုးကြီးလဲ"

ခေါင်းထဲမှာ နားမလည်စရာမေးခွန်းတွေ ထပ်ဆင့်နေသည်။ ပြီးတော့ ... ဘယ်သူ့ကိုမျှ အာယာတမထားဘဲ ဖြစ်စဉ်လေးသက်သက်ကိုပင် တည့်တည့် ပြန်တွေးကြည့်မိသည်။ ကျွန်တော့်အမှားသည် ဘဝတွင် အစစအရာရာပြည့်စုံရန်အတွက် စာမေးပွဲရမှတ် "တစ်မှတ်" ကလေးသာ လိုသွားခြင်းဖြစ်သည်။ ဤအတွေးကလည်း ကြေကွဲမှုကို တန့်မှန့်တီးပေးသည်။

အကယ်၍ ဆယ်တန်းတွင် ဖြေဆိုခဲ့ရသော ခြောက်ဘာသာမေးခွန်းများမှ တစ်ဘာသာတွင် အဖြေလွှာတစ်ခုတွင် နောက်ထပ်တစ်မှတ်သာပိုရခဲ့လျှင် ကျွန်တော် ဒီလိုဖြစ်စရာအကြောင်းမရှိတော့။ ဆေးတက္ကသိုလ်ဝင်ခွင့်ရမည်။ နဂိုရည်မှန်းထားသော လမ်းဖြောင့်ဖြောင့်ပေါ်တွင် တသမတ်တည်း ဆက်လျှောက်၊ ပန်းတိုင်ဝင်၊ ဘဝမှာအခြေကျ အနေကျ တင့်တင့်တယ်တယ်ရှိ ဘယ်လောက်ကောင်းလဲ ဘယ်လောက်အဆင်ပြေလဲ ခုတော့ ...

ကျွန်တော်လိုအပ်သွားသည်မှာ အမှတ်တစ်မှတ်တည်းဖြစ်သည်။ ပေးထားသော အမှတ် ၆၀၀တွင် ကျွန်တော် အမှတ် ၄၁၀ရအောင် ကြိုးစားနိုင်ခဲ့သည်။ ၄၁၁ မှတ်မရသောကြောင့် ကျွန်တော်ရရှိသည့် အပြစ်ဒဏ်သည် မကြီးမားလွန်းဘူးလား။

သည်လောက်ဘဝကြီးတစ်ခုလုံး ထိခိုက်နစ်နာလောက်အောင် အဲဒီ "တစ်မှတ်" က ဘယ်လောက်တန်ဖိုးရှိနေလို့လဲ။ ကျွန်တော့်ဘဝမှာ ဒီလောက်ကောင်းကောင်း နေလာ

ခဲ့သည်။ ဘာမှမဟုတ်တဲ့ စာမေးပွဲရမှတ်လေး "တစ်မှတ်"ကြောင့်ကျမှ ကျွန်တော့်ဘဝ ဒီလိုပဲဖြစ်ရသလား။ ဒီလိုဖြစ်နေတာကို သူနှင့်ဘာမျှမဆိုင်သလို အသာကြည့်နေနိုင်သော လောကကြီးကကော တကယ်တမ်းကျတော့ တရားမျှတမှုရှိရဲ့လား။

စာထဲပေထဲမှာ ကျွန်တော်ဖတ်ခဲ့ရသည့် တရားမျှတမှု ကောင်းသူအပေါ် ကယ်မပေးမှု ဆိုသည့် လောကပါလတရားတွေကကော လောကမှာ တကယ်ရှိရဲ့လား။ ကျွန်တော့်ကိစ္စကျတော့ ဘယ်သွားပုန်းလျှိုးနေကြသလဲ၊ ဘယ်မှာခွေနေ၊ သေနေကြပါသလဲ။

ကျွန်တော့်ဦးနှောက်ထဲကော နှလုံးသားထဲကော စက္ကန့်နှင့်အမျှ အမေးတွေ ခြောင်းဆန်နေသည်။ အမှန်ကတော့ ကျွန်တော်လောကကို နားမလည်ခြင်းဖြစ်သည်။ ကျွန်တော် ဖတ်ဖူးမှတ်ဖူးသော အသိ၊ တရားများမှာလည်း မစုံလင်၊ မပြည့်ဝဘဲ၊ လူငယ်များ အား တက်အောင်လှုံ့ဆော်ပေးသည့် တက်ကျမ်း၊ ဆုံးမစာ၊ ဝါဒဖြန့်ချိရေးစာများမှ တစ်ခြမ်းပဲ့ အမှန်တရားများသာဖြစ်သည်။

ထိုစာအုပ်နှင့်ထိုဆုံးမစာများမှာ လောကနှင့်ပတ်သက်၍ ပြည့်စုံအောင် မဖော်ပြ၊ အားတက်ဖွယ်တို့ကိုသာရွေး၍ ကွက်၍ ဖော်ပြသည်။ ဒါကလည်း လူငယ်တွေကို အားတက်စေလိုသောသဘော၊ ကြိုးစားစေလိုသောသဘောဖြင့် အားပေးအားမြှောက်ရေးသားရသည်မို့ အပြစ်တင်စရာမရှိပါ။

သို့သော် ကြိုးစားလျှင် အရာရာကိုအောင်နိုင်သည်။ တကယ်လုပ်က အဟုတ်ဖြစ်သည်။ ကောင်းတာလုပ်က ကောင်းတာဖြစ်သည်ဆိုသော သဘောများသည် မှားသောစကား မဟုတ်သော်လည်း နက်နဲမှုအတိမ်အနက် အချိန်အဆတော့ရှိသည်။

အကျိုးပေးချိန်ကိုစောင့်ရသော သဘော၊ ကံအလှည့်သင့်မသင့် စွန့်စားရသော သဘောတွေ အထိုက်အလျောက်ပါဝင်သည်။ ကြိုးစားက ဘုရားဖြစ်သည်ဆိုသော စကားသည် အမှားသဘောတော့ မဟုတ်။ သို့ရာတွင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် မဆုတ်မနစ် ကြိုးစားရသောကိစ္စ၏ အနှိုင်းအယှဉ်ကိုထည့်ပြောသင့်သည်။

ထိုဧရာမကာလကြီးမတိုင်ခင် သမ္ဗုဒ္ဓတဉာဏ်တော်ရဘုရားတစ်ဆူဆူ၏ ဗျာဒိတ်ခံယူရသည့်သဘော။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသည်မှာ ဗျာဒိတ်တော်ခံယူပြီးမှ ကြိုးစားရသည့် ပညာဓိကဘုရားလောင်း၏ ကြိုးစားချိန်ဖြစ်ကြောင်းနှင့် တခြားသဒ္ဓါဓိက၊ ဝီရိယာဓိက ဘုရားလောင်းများမှာ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း။ တစ်ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြိုးစားရကြောင်း တစ်ခုခုကိုပြောလျှင် ပြည့်စုံအောင်ရှင်းပြသင့်သည်။

သို့မဟုတ်ပါက အနှိုင်းအရှည်နှင့် အတိုင်းအဆကို လောကဓံနှင့်တွဲဘက်၍ နားမလည်ပါက ယောနိသောမနသိကာယစိတ် (အသင့်အတင့်သာ နှလုံးသွင်းတတ်သော သူတော်ကောင်းစိတ်)နှင့်လွတ်အောင် အားမြှောက်ပေးပါက အစစအဆင်ပြေချောမော

တည့်မတ်သွားလျှင် ဆေးဖြစ်သော်လည်း အဆီအငေါ်မတည့်သောအခြေအနေမျိုး၌ ဘေးဖြစ်သွားနိုင်လေသည်။ ကျွန်တော်သည် ဤကဲ့သို့သော ဘေးဖြစ်ရခြင်းများလား သံသယဖြစ်မိသည်။ ရှေ့တွင် ကျွန်တော်တင်ပြမည်ဖြစ်သော ဆရာမနုဖြူကျော်ထွန်း၏ "တိုက်ပွဲပျော်" ကဗျာမှ စာသားအချို့ဖြင့် ဥပမာပေးရလျှင်

မိုက်လဲမိုက်လို့ ... တိုက်လဲတိုက် ... တာမျိုး

ရဲလဲရဲလို့ ... နွဲ့လဲနွဲ့ ... တာမျိုးထက်စာလျှင်

နာနာသာသာ ဘာမှမဖြူ စိတ်လုံခြုံတာမျိုးကို ကျွန်တော် ပိုသဘောကျသည်။

ဒါကလည်း ခုမှကျွန်တော်ပြောနိုင်သောစကားဖြစ်ပါသည်။

ဟိုစဉ်ကတော့ ကျွန်တော့်ဘဝမှာ ဤအသိမျိုးနှင့် အဝေးကြီးရောက်နေခဲ့၏။

အသေချာဆုံးကိစ္စတစ်ခုကတော့ ထိုအဖြစ်အပျက်ဖြင့် ဘဝကိုလှုပ်ခါခံလိုက်ရပြီးသော လောကမှာ ကျွန်တော် "ဘဝ" ကို မယုံတော့။

ဘဝသည် ရိုးသားဖြောင့်မတ်သော သဘောမရှိ၊ တရားမျှတမှုရှိသော သဘောမဟုတ်။ အမှန်တရားဘက်၌ ခိုင်မာစွာရပ်တည်နေတာမဟုတ်စသော စိတ်ကြမ်းများဝင်လာသည်။

ဘဝသည် သူဖြစ်ချင်သောပုံစံအတိုင်းဖြစ်နေ၍ သူ့သဘောကိုသာသူဆောင်နေပြီးကိုယ်ကဘာမျှသေချာပေါက်လုပ်ယူလို့ရတာမဟုတ်ဘူးဆိုသော ဒဿနများလည်းတွေးခေါ်လာသည်။ အမှန်တော့ ကျွန်တော်ကံဆိုးသည်ဟုပြောရမည်။

ထိုအချိန်က ကျွန်တော့်အနီးအပါးမှာ လူ့လောက၏အဖြစ်မှန် သနစ်မှန် သဘောမှန်ကို ပြောဆိုရှင်းပြနိုင်သော ဓမ္မရှင်တစ်ဦးဦး သို့တည်းမဟုတ် လောကနှင့်လောကဓံတရားကို မှန်မှန်ကန်ကန်ဖော်ပြနိုင်သော ဗုဒ္ဓဓမ္မကို သေသေချာချာဟောပြနိုင်သော စာပေ၊ ပုဂ္ဂိုလ်များနှင့်မနီးစပ်ခဲ့ခြင်းလည်း အကြောင်းတစ်ကြောင်းပါဝင်သည်။

ဒါမှမဟုတ်၍ မင်းကွာ ... ဒီလောက်စာတွေဖတ်၊ စာတွေတော်နေပြီး ဒါလေးတောင်မသိဘူးလား... မင်းကိုက ညံ့တာပါ... ဟုပြောလျှင်လည်း ကျွန်တော်လက်ခံရမည်သာ ဖြစ်ပါသည်။ သို့သော် တစ်ခုတော့ကျွန်တော် အလွန်သဘောကျသည်။

ထိုအဖြစ်အပျက်များဖြစ်ပွားနေသည့်အချိန်သည် ကျွန်တော် အသက် ၁၉ နှစ်အရွယ်။

တစ်နည်းအားဖြင့်သော် လူလားမြောက်သည့်အရွယ်၊ လူလားမြောက်ခါစအရွယ်ဖြစ်သည်။

ထိုအချိန်မှာပင် ကျယ်ပြန့်သော လူ့လောကကြီးအတွင်းသို့ စတင်တိုးဝင်သည့်အရွယ်လည်းဖြစ်သည်။

ထိုအချိန်မှာ အရာအားလုံးကို အေးချမ်းငြိမ်သက်စွာကြုံရပြီး မျှော်မှန်းထားသည့်

ခြေလှမ်းများအတိုင်း မှန်မှန်လျှောက်လှမ်းခွင့်ကြုံခဲ့ရလျှင် ခုလို စိတ်ဆင်းရဲရတာမျိုး ကိုယ်ဆင်းရဲရတာမျိုး ကြုံချင်မှကြုံမည်။

သို့သော် ကျွန်တော့်ဘဝအတွေ့အကြုံသည် သာမန်လူတစ်ယောက်နှင့် ဘာမျှကွာခြားတော့မည်မဟုတ်သလို ဆက်လက်ဖြတ်သန်းရမည့် ကျွန်တော့်ဘဝများသည်လည်း ခုလို စိတ်ဝင်စားဖို့ကောင်းချင်မှကောင်းမည်။ ခုတော့ မရေရာခြင်းသဘောကို ကျွန်တော် အတော်နားလည်သွားသည်။

ထို့အတူ သံသယတွေလည်း ကမ္ဘာလောကကြီးပေါ် ဝင်သည်။ တချို့ ကျွန်တော့် အသိတရားများကိုလည်း တဖန်ပြန်၍ စိစစ်ရဦးမည်ဟု ခံစားသည်။

လောကကြီးမှာ အရာရာပြည့်စုံနေပြီဟုခံစားနေရသော "ငါ" ဘဝမှ လောကကြီးမှာ ငါ့ဘာမှနားမလည်သေးပါလား။ ငါ့သိစရာတွေ အများကြီးရှိနေပါလားဟုလည်း မျက်လုံးတွေ နားတွေ ဖွင့်မိလျက်သားဖြစ်သွားသည်။

ဖွင့်လိုက်မိသည့်မျက်လုံးများ၊ နားများ၊ နှလုံးသားများ၊ ဦးနှောက်များအတွင်းသို့လည်း အကောင်းတွေကော၊ အဆိုးတွေကော အားလုံး အလုအယက်နှင့် အားရပါးရ ဝင်လာကြသည်။ နဂိုကတည်းက စာဖတ်နေသူ၊ စာရေးနေသူ၊ သူ့အစွမ်း သူ့အသိအလိုက် စာတွေလေးတွေ တို့တို့ထိထိရှိခဲ့ပါသည်။

သို့သော် စက်မှုတက္ကသိုလ်ရောက်ချိန်မှစ၍ ရှုပ်ထွေးအားငယ်နေသော အားလျော့နေသော စိတ်ကတစ်ပိုင်း။

နောက်တစ်ပိုင်းက ကျွန်တော်တိုးဝင်ပေါင်းသင်းဖူးခြင်းမရှိသည့် ပတ်ဝန်းကျင်ပေါင်းစုံထဲသို့ စိတ်ဝင်စားစိတ်၊ စူးစမ်းစိတ်များနှင့် ထဲထဲနက်နက်တိုးဝင်နားလည်ဖို့ ကြိုးစားချင်သည့်စိတ်ဖြစ်လာသည်။

စာလောက ပေလောကထဲ တိုးတိုးနက်နက် ဝင်ရောက်မိသည်။

ထို့အတူ ကျွန်တော် ဘယ်တုန်းကမှ သိပ်မပတ်သက်ဖူးသည့် "နိုင်ငံရေး" နယ်ပယ်တွင်းသို့လည်း စတင်မိတ်ဆက်မိ၏။

[သရေပါမဂ္ဂဇင်း - အတွဲ (၂)၊ အမှတ် (၃)]

၂၀၁၀ မတ်လ

× × ×

၅။

ကျွန်တော် တက္ကသိုလ်ရောက်သောနှစ်သည် ၁၉၇၁ ခုနှစ်ဖြစ်၏။

ကြုံတောင့်ကြုံခဲ ၁၉၇၀ တက္ကသိုလ်ရွှေရတုပွဲကြီးနှင့် ကပ်လွဲရသည်မှအပ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ စာသင်နှစ်များသည် တက္ကသိုလ်ပေါင်းစုံနယ်မြေ၌ ငြိမ်းချမ်းသော ပညာသင်ကာလများဖြစ်ခဲ့၏။

၁၉၇၄၊ ၇၅၊ ၇၆ ခုနှစ်များကဲ့သို့ အတန်ငယ်မငြိမ်းချမ်းသောဖြစ်ရပ်များနှင့် ကြုံတွေ့ရသောအခါမှ ငြိမ်းချမ်းစွာပညာသင်ကြားရသည့်ကာလ၏တန်ဖိုးကို နားလည်သည်။ ငြိမ်းချမ်းသော ပညာသင်ကာလ၏ သိသာသောအသီးအပွင့်တစ်ခုကို ၁၉၇၂ စာမတတ်သူပပျောက်ရေး "အ" သုံးလုံးလှုပ်ရှားမှု လုပ်အားပေးကာလတွင် တစ်သက်မမေ့စရာ ကြုံတွေ့ခဲ့ရသည်။

တစ်နိုင်ငံလုံးမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများ သက်ဆိုင်ရာမြို့နယ်များသို့ လုပ်အားပေးရန် စုရုံးရောက်ရှိကြသည်။ လေ့လာရေး တစ်ရက်၊ နှစ်ရက်ခရီးမျိုးမဟုတ်။ မိဘအုပ်ထိန်းမှု၊ ဆရာအုပ်ထိန်းမှုထပ်ကြပ်ပါနေသော ဘုရားဖူးခရီးစဉ်မျိုး၊ ရပ်ဝေးအခြေစိုက်လုပ်အားပေးမျိုး၊ လူရည်ချွန်စခန်းချအပန်းဖြေခရီးမျိုးမဟုတ်။

သက်ဆိုင်ရာမြို့နယ်များသို့ တက္ကသိုလ်အလိုက် စုဝေးသွားကြပြီး မြို့နယ်သို့ရောက်သောအခါ ခွဲတမ်းအရ၊ ကိုယ်နှင့်ဆိုင်သော ကျေးရွာများသို့ တစ်ဦးချင်း၊ နှစ်ဦးချင်း လူစုခွဲသွားရောက်ရသည်။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆုံဆည်းပြီး ကိုယ့်လုပ်ငန်းကိုယ် စီမံဆောင်ရွက်ရသောလုပ်ငန်းဖြစ်၏။

ကျွန်တော်တို့ စက်မှုတက္ကသိုလ်မှ ခွဲတမ်းကျသောမြို့နယ်မှာ မတ္တရာမြို့နယ်ဖြစ်သည်။ ကျွန်တော်တာဝန်ကျသောရွာမှာ၊ ရေနံ့သာအုပ်စုမှ ကျောင်းကုန်းကျေးရွာ။ ရွာက အတန်ငယ်ကြီးသဖြင့် သူငယ်ချင်း မောင်မောင်ဆွေနှင့် နှစ်ယောက်နေရသည်။ အနားက ချောင်းတော်ဝရွာမှာတော့ မောင်ကြီးတစ်ယောက်တည်း။ မောင်ရွှေတို့ ဝင်းမြင့်တို့ စံလင်းတို့လည်း အနားကရွာမှာရှိသည်။ သူတို့ရွာတွေ နာမည်တော့ မမှတ်မိ။

ရွာမှာနေ၊ ရွာကလူတွေနှင့်တိုင်ပင်၊ ကိုယ့်ရွာကိုယ်အဆင်ပြေသလို ညှိနှိုင်းပြီး စာသင်ချိန်ဇယားဆွဲ၊ သင့်တော်သည့်နေရာမှာ လူစု၊ ကိုယ်တတ်သလောက် မှတ်သလောက် နည်းနှင့်စာသင်။ တစ်လပြည့်အချိန်တန်တော့လည်း တတ်သင့်သလောက်တော့ တတ်ကုန်ကြသည်ပင်။

လူငယ်တွေဆို စာတော်တော်ပြေးကုန်သည်။ လူကြီးတွေလည်း တစ်လုံးစ နှစ်လုံးစ ပေါင်းဖတ်၍ရသည်။ အကျိုးရှိပါသလားမေးလျှင် အကျိုးအများကြီးရှိသည်ဟု ဖြေချင်သည်။ စာမတတ်ပေမတတ်ဘဝကနေ ချက်ချင်းလက်ငင်းကြီး နတ်ရေကန်ထဲ ပစ်ချသလို စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီးတွေဖြစ်၍ ဝိုးတက်ကြီးပွားကုန်ကြတာမျိုးတော့မဟုတ်။

ကျွန်တော်တို့ လုပ်အားပေးကာလကလည်း တစ်လမျှသာနှင့် တစ်လစာလောက်ပဲ သိမ်းသာအောင် သင်ပေးနိုင်သည်။ သို့သော် စီမံကိန်းနှင့်လုပ်သောအလုပ်မို့ လှုပ်ရှားမှုကအဆက်မပြတ်ရှိသည်။ ကျွန်တော်တို့ မလာခင်ကကော ပြန်သွားပြီးမှကော ရွာခံစာတတ်သူများက စာမတတ်သူရှိသမျှ စု၍ စာသင်ပေးနေကြတာဖြစ်သည်။ ထို့ကြောင့် အချိန်တန်သောအခါ သင်ပေးထားသမျှစာတွေကိုတော့ အကုန်ဖတ်နိုင်ကြသည်။ စာမတတ်သူပပျောက်ရေးစီမံကိန်းကြီးလည်း အောင်မြင်သည်ဟုပြောနိုင်သည်။

ကျွန်တော်တို့တက်ကျတော့ ပိုအကျိုးရှိသည်ဟုပြောနိုင်၏။ အခုနှစ်ပေါင်း၄၀ လောက်ကြာသည့်တိုင် ထိုအတွေ့အကြုံတွေကို မမေ့၊ အခွင့်သင့်တိုင်း အမှတ်တရခံစားရသည်။ ရွာမှာရှိစဉ်ကလည်း သကြန်တွင်းအပါအဝင် ကျောင်းပိတ်ရက်လေးများ၌ မတ္တရာ၊ မန္တလေး၊ မေမြို့(ပြင်ဦးလွင်)၊ မင်းကွန်း၊ စစ်ကိုင်း၊ မုံရွာ၊ တောင်သမန်အင်း (အမရပူရ)စသဖြင့် ကိုယ့်သူငယ်ချင်းအစုနှင့် ကိုယ်အဆင်ပြေသလို ခရီးအစဉ်ခွဲ၍ လည်ပတ်ကြသည်။

သူငယ်ချင်း မောင်မောင်ဆွေက မန္တလေးသားမို့ သကြန်တွင်းမှာ သူတို့အိမ်မှာတည်းပြီး မန္တလေးသကြန်ပျော်ကြ၊ စောစောကနေရာတွေ လျှောက်သွားကြ လုပ်ကြသည်။ ထို့ပြင် မတ္တရာမြို့နယ်တွင်းရှိ ဆည်တော်ကြီး၊ စကျင်တောင်စသည်တို့ကိုလည်း လမ်းလျှောက်တစ်မျိုး၊ လှည်းနှင့်တစ်ဖုံ၊ ကားကြုံကားစီးတစ်သွယ်ဖြင့်သွားကြသည်၊ ဒေသခံများနှင့်လည်း ခင်မင်အောင်နေတတ်၊ ပေါင်းတတ်သွားသည်။

ကျွန်တော်မှတ်မိသလောက်၊ အ သုံးလုံး လှုပ်ရှားမှုကြီးသည် ဘာတစ်ခုမှ ထစ်ထစ်ငေါ့ငေါ့ ပြဿနာတစ်စုံတစ်ရာမရှိဘဲ အောင်မြင်စွာပြီးဆုံးခဲ့သည်။ ငြိမ်းချမ်းသော ကာလများ၏တန်ဖိုးကို မငြိမ်းချမ်းသောအခါမှ သိသည်။

ရုတ်ရုတ်ရုတ်ရုတ်တွေ ဖြစ်လိုက်၊ ဖမ်းလိုက်ဆီးလိုက်၊ ပြေးလိုက်လွှားလိုက်၊ ကျောင်းတွေ ပိတ်လိုက်ဖွင့်လိုက်၊ ကျောင်းမှာ ပြန်မစုဝေးစေချင်၍ စာမေးပွဲများကို ကိုယ့်မြို့နယ်နှင့်ကိုယ်ဖြစ်သလို စစ်ဆေးမေးမြန်းရ၊ သင်ကြားမှုပြည့်စုံစွာမရှိဘဲ ပြီးစလွယ် အအောင်ပေး။ တကယ်တတ် မတတ်လည်း မစိစစ်နိုင်တော့။ စည်းကမ်းတွေ လျော့ရဲ၊ ပညာတွေပေါ့လျော့၊ အစစအရာရာ အထိုင်ပျက်ကုန်ရသည်။

ခုနစီမံကိန်းလို စီမံကိန်းမျိုး၊ တစ်ပြည်လုံးအတိုင်းအတာနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်နိုင်ဖို့ဝေးစွ ကျောင်းမှာစာသင်ဖို့ပင် ပြန်မစုနိုင်းရဲတော့။ ၁၉၇၄ ဒီဇင်ဘာလောက်ကစ၍ ကျွန်တော်တို့၏ ပညာသင်ကြားရေးသည် ငြိမ်သက်အေးချမ်းမှုမရှိတော့။

၁၉၇၁ခုမှစ၍ ထို၁၉၇၄ခုနှစ်အတွင်း ကျွန်တော်ဖြတ်သန်းတွေ့ကြုံခဲ့ရသော ငြိမ်းချမ်းစွာပညာသင်ကြားရသောဘဝမျိုး နောင်တွင် ဘယ်သောအခါမှ ပြန်မတွေ့ရတော့။

× × ×

ထိုကာလများအတွင်းမှာပင်၊ ပြည်သူလူထုနှင့် တစ်သားတည်းဝင်ရောက်၍ စီးပွားရေးစစ်တမ်းကောက်ယူမှုလုပ်ငန်း၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၊ အခြေခံ ဥပဒေဆန္ဒခံယူပွဲလုပ်ငန်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးခြယ်တင်မြှောက်ပွဲလုပ်ငန်းတို့တွင် တက္ကသိုလ်ကျောင်းသားများ ပူးပေါင်းဆောင်ရွက်အောင်မြင်ခဲ့ရသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုကောင်စီအဆင့်ဆင့် ရွေးခြယ်တင်မြှောက်ပြီးသည်အထိ ကျောင်းမှာဘာပြဿနာမှ မပေါ်ခဲ့။ ကျောင်းမှာ အပတ်စဉ်သောကြာနေ့တိုင်းထုတ်ဝေနေကျ စက်မှုသတင်းစဉ်ကလည်းမှန်မှန်ထွက်နေသည်။ ကျွန်တော်တို့လည်း ပါဝင်ရေးဖြစ်သည်။ နောက် ... နှစ်လည်မဂ္ဂဇင်း။

နှစ်လည်မဂ္ဂဇင်းမှာလည်း ပထမနှစ်မှ (နွမ်ဂျာသိုင်း ကလောင်အမည်မခံယူရသေးမီ မောင်မိုးခက်အမည်ဖြင့်)စတင်၍ ဝတ္ထုတိုကဗျာများပါဝင်ခွင့်ရသည်။ ကြုံတုန်း ကျေးဇူးစကားဆိုရလျှင် ကျောင်းမဂ္ဂဇင်းတွင် စတင်ပါဝင်ခွင့်ရခြင်းမှာ ထိုအချိန်က ကျောင်းမဂ္ဂဇင်းစာတည်းအဖွဲ့ဝင်ဖြစ်နေသော ကိုစိန်ဝင်း မောင်စိန်ဝင်း(ပုတီးကုန်း) ကောင်းမှုပင်ဖြစ်သည်။

ပထမနှစ်စတက်စရက်ပိုင်းမှာပင် ကျွန်တော်ရှေ့ပိုင်းကပြောခဲ့သော ကျောင်းရှေ့မင်္ဂလာဟောမှ သူငယ်ချင်း "ဇော်နီ" နှင့် ပတ်သက်၍ ကိုစိန်ဝင်းနှင့် သိခွင့်ရသည်။ ကိုစိန်ဝင်းနှင့်ပတ်သက်၍ ရေးစရာအကြောင်းတွေကတော့ အများကြီးရှိ၏။ သို့သော်ဤဆောင်းပါး၏ဦးတည်ချက်နှင့် အတိုင်းအတာအရ နောင်အခွင့်သင့်မှသာ ကျွန်တော်စာပေဘဝ ကျေးဇူးကြီးသူများအမည်ဖြင့် သီးခြားရေးသားတော့မည်ဖြစ်သည်။

ယခုဆောင်းပါးမှာ လိုအပ်သလောက် ဖော်ပြရလျှင်တော့ ကိုစိန်ဝင်း၏ချစ်ဖွယ်၊ လေးစားဖွယ်ကောင်းလှသော အကျင့်တစ်ခုအကြောင်းပင်။ ကိုစိန်ဝင်း၏ အထူးချစ်ခင် လေးစားဖွယ်အကျင့်တစ်ခုမှာ ကဗျာသမား၊ စာသမား အထူးသဖြင့် ဘာအဆက်အသွယ်၊ ဘာအားထားစရာမှမရှိသော ကလောင်သစ်မျက်နှာငယ်များကို ဂရုတစိုက်အားပေး အားမြှောက်ကူညီဆောင်ရွက်ပေးတတ်ခြင်းပင်ဖြစ်သည်။

ထိုအချိန်က ကိုစိန်ဝင်းသည် ကျောင်းပြင်မှာပြင်ပမဂ္ဂဇင်း၊ စာစောင်များတွင် အရမ်းနေရာရ၍ ထင်ပေါ်အောင်မြင်နေပြီဖြစ်သည်။ စာပေလောကတွင်မှာလည်း ဆရာသမားမိတ်ဆွေအပေါင်းအသင်း စုံစုံညီညီဖြင့် များစွာဝင်ဆံ့နေသူဖြစ်သည်။

ထို့အတူကျောင်းတွင်းမှာလည်း ကျောင်းမဂ္ဂဇင်းမှအစပြု၍ စာပေအနုပညာ အလုပ်တိုင်းတွင် များစွာနေရာရ တွင်ကျယ်လျက်၊ ဩဇာရှိနေသူဖြစ်သည်။ ပထမနှစ်သို့ မထင်မရှားရောက်လာပြီး ကဗျာတို၊ စာတိုလေးများ မြောက်မြောက်သာ ရေးနိုင်နေသည့် ကျွန်တော့်အခြေအနေနှင့်ဆို များစွာအလှမ်းဝေးသည်။

သူကမသိချင်ယောင်ဆောင်၍ အရာမသွင်း မဆက်ဆံလျှင်လည်း သူ့ဘက်မှာ ဘာ

အပြစ်မှမရှိ။ သူ့လောက် မအောင်မြင်သည့်တိုင်၊ သူ့လို အရောတဝင် မဆက်ဆံချင်သည့် စာပေရှေ့သွားဆရာတွေ ကျွန်တော်တို့မှာ ဒုနှင့်ဒေးဖြစ်သည်။

ကိုစိန်ဝင်းက သည်လိုမဟုတ်။ စတင်တွေ့စဉ်ကပင် ဘာမှမဟုတ်သည့်ကောင် သေးသေးလေးမှန်းသိသည့်တိုင်၊ စာသမား ကဗျာသမားအဖြစ် အသိအမှတ်ပြုသည်။

ကျောင်းမဂ္ဂဇင်းအတွက်လည်း ရေးပြီးသားရှိရှိ၊ ထပ်ရေးပြီးဖြစ်ဖြစ်၊ စာမူပေးရန် တောင်းသည်။ ကျွန်တော်တို့နှစ်ယောက် စတင်သိကျွမ်းရာ လက်ဖက်ရည်ဆိုင်၌ပင် တစ်ထိုင်တည်း တောင်းခြင်းဖြစ်၏။ ခင်မင်၍ထည့်ပေးတာမျိုးတော့ မလုပ်သော်လည်း သူချက်ချင်းဖတ်ပြီး ရွေးမရွေး တစ်ရက်နှစ်ရက်အတွင်းပြောမည်ဖြစ်သည်။ ရွေးပြီဆိုလျှင်တော့ မပူနှင့်။ မဂ္ဂဇင်းမှာ သေချာပေါက်ပါရမည်ဟု အာမခံသည်။

ကျွန်တော့်ဘက်က ဘယ်လောက်အားရဝမ်းသာမည်ဆိုသည်ကို ရှင်းပြစရာပင်မလို။ သည်လောက်သဘောကောင်းသည့် အယ်ဒီတာမျိုး ထိုအခါကမှ စတွေ့ဖူးခြင်းဖြစ်သည်။ ထိုနှစ်ကျောင်းမဂ္ဂဇင်းမှာကျွန်တော့်ဝတ္ထုတို "အိပ်မက်ခြေရာ" ပါသည်။ ကိုစိန်ဝင်းတို့ ရှမဝမှာ ရေးကြသော "ချစ်ကိုယ်တွေ့" စတိုင်မျိုးပင်ဖြစ်၏။

"ချစ်ကိုယ်တွေ့" ဆို၍ ၁၉၇၀ ကျော်တဝိုက်က ရှမဝမဂ္ဂဇင်း၏ "ချစ်ကိုယ်တွေ့" ဝတ္ထုတိုကာလလေးသည် လူငယ်စာရေးသမားများကို ကောင်းစွာဖမ်းစားနိုင်သည်။ စာဖတ်သမားအနေနှင့်လည်း များစွာနှစ်သက်စွဲလမ်းသည်။ တချို့ဝတ္ထုလေးတွေဆိုလျှင် အထွေအထူး ကျက်မှတ်စရာမလိုဘဲနှင့် အလွတ်ရနေသည်။

သစ္စာနီ၏ "ကဗျာမှာပဲ ငိုနေမယ်" မောင်စိန်ဝင်း (ပုတီးကုန်း) ၏ "မောင့်မမမုန်း"

မင်းစမ်းအောင် (စစ်ကိုင်း)၏ "မျက်ရည်စက်နှင့်တက်ခေါက်သံ" တို့သည် ကျွန်တော် အစွဲလမ်းဆုံး ချစ်ကိုယ်တွေ့များဖြစ်သည်။ စာသားအများအပြားကို အလွတ်ရနေသည်။

ကိုရဲ(သစ္စာနီ)တို့၊ ကိုစိန်ဝင်းတို့နှင့် လူချင်းဆုံတွေ့ခွင့်ရပြီး ကိုယ်က ခင်မင်လေးစားခွင့်ရခဲ့သည်။ ဆရာ မင်းစမ်းအောင်ကတော့ လူချင်းခုထိ ဆုံဆည်းခွင့်မရ။ ပြီးခဲ့သည့်လနှင့်ပြီးခဲ့သည့်ရက်များက စစ်ကိုင်းကို စာပေဟောပြောပွဲ နှစ်ခေါက်ရောက်သည်။ ပထမအခေါက်က မြို့နယ်ပွဲ၊ ဒုတိယအခေါက်က ကျောင်းပွဲ (အထက - ၁)ဖြစ်သည်။

ကျွန်တော်နှစ်ခေါက်စလုံးပင် ဆရာမင်းစမ်းအောင် စာပေဟောပြောပွဲ လာမလားမေးရသည်။ ဆရာလာဖြစ်ပုံမရ၊ ကျွန်တော်လည်း တွေ့ခွင့် မရ။ နောင်သောအခါ ပန်းနုသစ်သီဟု ပန်းဝေသီမဂ္ဂဇင်းတွင် ကဏ္ဍလေးတစ်ခု တာဝန်ယူလုပ်သောအခါ ထိုချစ်ကိုယ်တွေ့လေးများကို အမှတ်ရသည်။ ကျွန်တော်ကိုယ်တိုင်ပင် ၁၉၇၇ ပတ်ဝန်းကျင် ရှမဝမှာ ချစ်ကိုယ်တွေ့ အရွေးခြယ်ခံရပြီးမှ စာပေနယ်အဝင်နှစ်လာခဲ့သူမို့ ကျွန်တော်နှင့် ဆက်စပ်လာသော ကလောင်သစ် (ပန်းနုသစ်)များကိုလည်း ဤလမ်းကြောင်းအတိုင်း အားထုတ်ပေးဖို့

ဆုံးဖြတ်သည်။

လမ်းကြောင်းမှန်သွားသလား မပြောတတ်၊ ပန်းနုသစ်သီ ကျွန်တော့်အပိုင်းမှ နာမည်ရ ကလောင်ရှင်များ များစွာပေါ်ထွက်ခဲ့သည်။ ရှား။ မောင်လှမျိုး(ချင်းချောင်းခြံ)၊ မောင်ညိုအေး (ပန်းတော)၊ မြတ်သူစံ(ဝါးခယ်မ)၊ မကြည်ပြာ၊ မမောင်(မန္တလေး)၊ ရာသက်ပန် (တောင်ငူ ဆောင်)၊ လူပန်ငယ်၊ ကောင်းဆက်၊ ဝေရည်ကျော်၊ မောင်သက်နိုင် (နှောင်သော် နီရာ ဆောင်း)၊ စိုးရယ်(ယခုအခါ ဆောင်းလုလင်)၊ မိုးလှိုင် (တလောက မိတ္ထီလာရောက်သော အခါ ကွယ်လွန်သွားပြီဟုသိရသည်) စသူတို့သည် အထင်အရှား သို့တည်းမဟုတ် အထိုက် အလျောက် နာမည်ရခဲ့သောကလောင်များဖြစ်သည်။

တချို့လည်း ပန်းနုသစ်သီနှင့် ပတ်သက်ဖူးသော်လည်း ပတ်သက်ခဲ့ကြောင်း ပြောလို သည့် ဆန္ဒမရှိခြင်းကြောင့် ချန်လှပ်ခဲ့ပါသည်။

သည်လုပ်ငန်းများ အောင်မြင်ပေါ်ပေါက်ခဲ့ခြင်းအခြေခံမှာ ကျောင်းတုန်းက ကိုစိန်ဝင်း တို့၊ ဆရာသော်တာဆွေတို့၊ ဆရာငြိမ်းကျော်တို့၏စေတနာ၊ လက်တွဲမှုလေးများကို ကျေနပ်အားကျရာက ပေါ်ထွက်လာခြင်းဟုဆိုနိုင်ပါ၏။

× × ×

ဤသို့ဖြင့် ကျောင်းမဂ္ဂဇင်း၌ ဝတ္ထုပါခဲ့သည်။

စက်မှုသတင်းစဉ်မှာလည်း ၁၉၇၃ မတိုင်မီ မောင်မိုးခက်အမည်ဖြင့် ကဗျာလေးတွေ ပါခဲ့သည်။ ကိုစိန်ဝင်းနှင့်လည်းခင်ပါသည်။ အတန်းတူသူငယ်ချင်းများဖြစ်သော ယဉ်မောင် (ခရမ်း)၊ နသျှင်တို့နှင့်လည်း ကဗျာတွေအတူရေးဖြစ်ကြသည်။ အ သုံးလုံးမဂ္ဂဇင်း "ပဲ့တင် သံ" မှာလည်း ကဗျာတွေဝတ္ထုတိုတွေ ဝင်ရေးဖြစ်သည်။

ထိုအချိန်မှာ နိုင်ငံရေးလောကနှင့် ဆက်စပ်နေသော လူအချို့မှ လာရောက်ချဉ်းကပ် စည်းရုံးခဲ့ပုံအကြောင်းလေးကိုလည်း ခရီးသွားဟန်လွှဲသဘောမျိုးပြောပြချင်၏။ ကျွန်တော့် ထူးခြားမှုမှာ နွမ်ဂျာသိုင်း အမည်မခံယူခင် မောင်မိုးခက်ဘဝက ရေးခဲ့သော ကဗျာ၊ ဝတ္ထု တိုများတွင် "အိပ်မက်ခြေရာ" တစ်ပုဒ်ကလွဲ၍ အချစ်အကြောင်း နနဖတ်ဖတ်မရေးတတ်။

ငယ်ဖြူကဗျာ ငယ်ဖြူစာလေးများအဖြစ် ရာသီဖွဲ့လေးများ၊ ခါတော်မီ အကျိုးပြု ကဗျာလေးများ၊ တစ်ခါတရံ အလုပ်သမား လယ်သမားဂုဏ်ဖော် (ဘဝသရုပ်ဖော် မဖြစ် တဖြစ်) ကဗျာလေးများ အများအပြား ရေးဖွဲ့သည်။ စက်မှုသတင်းစဉ်တွင် မေလ၊ မေဒေး။ အလုပ်သမားနေ့ကို အကြောင်းပြု၍ ခါတော်မီအလုပ်သမား ကဗျာလေး တစ်ပုဒ်ရေးလိုက် သည်။ ပါလည်း ပါလာသည်။ "နီကာကိုမှ ခြေလှမ်းများ" ဖြစ်မည်ထင်သည်။

ထိုကဗျာထွက်ပြီး သိပ်မကြာခင် ရက်ပိုင်းမှာ ကျောင်းမှာနာမည်ကြီး ကဗျာရေးသူ

တစ်ယောက်က ကျွန်တော်နှင့် စကားပြောချင်ကြောင်း လာရောက်တွေ့ဆုံသည်။

သူတို့အုပ်စုက အပြင်းစား (တော်လှန်ကဗျာ) ရေးသူများဖြစ်သည်။ အချစ်အကြောင်း ရေးဖွဲ့ကြသော သည်ဘက်ကအုပ်စုနှင့်မတူ အချစ်အုပ်စုရေးသူများက အကြမ်းအားဖြင့် "ရှမဝအဖွဲ့" များဖြစ်၍ ယခုလာရောက်ဆွေးနွေးသော တော်လှန်အုပ်စုက "မိုးဝေအဖွဲ့" များ ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် သိပ်အဆင်မပြေကြ။ တော်လှန်အုပ်စုက အချစ်အုပ်စုသည် ဖောက်ပြန်သော ...၊ နေရှင်ဆန်သော ...၊ ဆင်စွယ်နန်းပေါ်က ကုံကော်နံ့သင်းပျံ့နေသော ... စသဖြင့် တိုက်ခိုက်သည်။ သည်ဘက်ကလည်း တော်လှန်အုပ်စုကို ဝါဒဖြန့်ချိရေးသမား၊ လက်ဝဲသမား ...၊ ကွန်မြူနစ်တွေ... ပျက်စီးမဲ့အုပ်စုတွေ စသဖြင့် ပုတ်ခတ်သည်။

မှန်တာပြောရလျှင်၊ ကျွန်တော်တို့က ယောင်လည်လည်သမားများဖြစ်၏။ သမားရိုးကျအတိုင်း အနုနည်းသုခုမိယက အစပြု၍ ဇော်ဂျီ မင်းသုဝဏ်၊ တင်မိုး၊ ပျဉ်းမနား မောင်နီသင်း၊ မောင်စိန်ဝင်းအထိ အသံချိုနုလုံးနုသော ကဗျာလေးများကိုစွဲလမ်းသည်။

ရှမဝလည်း ကြိုက်၊ မိုးဝေလည်း ကြိုက်သည်။ တက္ကသိုလ်ဘုန်းနိုင် စွဲလမ်းသလို၊ အောင်လင်း၊ မြသန်းတင့်လည်း စွဲမက်သည်။ သို့သော် တစ်ခုပဲရှိသည်။ ကွန်မြူနစ်ကိုတော့ မကြိုက်။ နားလည်လို့တော့ မဟုတ်၊ ဖတ်ဖူးသည့်စာများအရ ကွန်မြူနစ်သည် ဘုရားမရှိ၊ တရားမရှိ၊ ကြမ်းတမ်းခက်ထန်ရက်စက်သော သဘောရှိသည်ဟု စရိုက်ဖမ်းထားမိသည်။

အထူးသဖြင့် ဦးနု၏ "လူထုအောင်သံ" ပြဇာတ်ကို ရုပ်ပြရေးထားသည့် စာအုပ်များ ဖတ်မိပြီး အသားလွတ် ကွန်မြူနစ်ကိုမကြိုက်။ ဒါပေမယ့် ဆိုရှယ်လစ်ကျတော့ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ဟု နားလည်နေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တစ်ခေတ်လုံး ဆိုရှယ်လစ်လမ်းစဉ်ကို ဗိုလ်ချုပ်လမ်းစဉ်ဟုပင် ပုံဖော်ထားရာ ထိုအတိုင်းပင် ကျွန်တော်တို့ ပုံစံဝင်နေသည်။ အမှန်တကယ်ကတော့ ကျွန်တော့်စိတ်မှာ ဘာနိုင်ငံရေးမှမရှိ။

ထိုစကားကို ကျွန်တော်ပြီးစလွယ် ပြောလိုက်ခြင်းမဟုတ်။ ထမင်းရည်ပူလာမှာစိုး၍ လျှာကြိုလွှဲနေခြင်းလည်း မဟုတ်။ နောက်ဆုံးပြောရလျှင် တစ်ခုခုကို "ကြောက်" ပြီး ကျွန်တော်မပါဘူး လုပ်နေခြင်းလည်းမဟုတ်။ ရှိခြင်းရှိလျှင်လည်း ငယ်ဖြူနိုင်ငံရေးသာရှိမည် ဖတ်ဖူးသော စာ၊ သင်ကြားဖူးသော သင်တန်း၊ ကြားနာဖူးသော သဘောတရားများနှင့် အရိုးခံနိုင်ငံရေးသာ ရှိဖို့များမည်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးများကို ထောက်ခံသည်။

ရုပ်ရှင်ကြည့်တာကအစ နယ်ချဲ့အလိုတော်ရိတို့၊ အရင်းရှင်၊ ဖက်ဆစ်လက်ကိုင်တုတ် တို့ကို အလိုလို မုန်းပြီးသားဖြစ်သည်။ ဘာကြောင့်ဆိုသောကိစ္စကို ဘယ်တုန်းကမှ မစဉ်းစား။ ဒါမျိုးမြင်လျှင် မုန်းပြီးသား။

ထို့အတူ သူပုန်သူကန်ဆိုသည်ကိုလည်း ရုပ်ရှင်ထဲက လူကြမ်းတွေကိုပဲ အာရုံရသည်။ ဝါးတဲထဲမှာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးဗလဗွနှင့် ကြက်ပေါင်ကြီး ကိုက်လိုက်၊ ထန်းရေအိုး အရက်ခွက်မြှောက်သောက်လိုက်၊ ကောင်မလေးတွေကို အဆီပြန်နေသော မျက်နှာ၊ ရာဂနိုးဝေသော မျက်လုံးများဖြင့်ကြည့်တတ်သော သူကြီးများသာဖြစ်သည်။

ဆရာတက္ကသိုလ်တုန်းနိုင်၏ "ကမ္ဘာကုန်ကျယ်သရွေ့ဝယ်"၊ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" တို့ကို မမနွယ်တို့ မယဉ်နွယ်တို့ အကြောင်းပြု၍ စွဲလမ်းခဲ့သူမို့၊ သက်နိုင်တို့ သန့်စင်တို့သည် ကျွန်တော့်ဟီးရိုးများဖြစ်သည်။

သက်နိုင်သည် တက္ကသိုလ်ကျောင်းသားဘဝ၌ ရောင်စုံသူပုန်များကြောင့် ရန်ကုန်အစိုးရဖြစ်နေချိန်၊ တပ်မတော်မှာ ဗိုလ်ချုပ်နေဝင်းဦးစီးချုပ်ဖြစ်လာသည်။ တက္ကသိုလ်ကျောင်းသားများက မြန်မာ့တပ်မတော်ဘက်မှ ဘော်လန်တီယာတပ်ဖွဲ့အနေနှင့် ဝင်တိုက်ပေးသည်။ ကျွန်တော်လည်း ဤအခွင့်မျိုးနောင်ခါရလျှင် ဝင်တိုက်ရန်အတွက် တက္ကသိုလ်တက်တက်ချင်း တက္ကသိုလ်အရံတပ်ရင်းဝင်သည်။

"စိမ်းနေဦးမည့် ကျွန်တော့မြေ"မှ သန့်စင်သည် ပြည်တွင်းသောင်းကျန်းသူများဖြစ်ကုန်သော ဆရာ၊ အဖေတို့နှင့်ဆန့်ကျင်စွာ မြန်မာတပ်မတော်တွင်းသို့ဝင်သည်။ သန့်စင်ရွာကိုပြန်လာသောအခါ ဗိုလ်မှူးဝတ်စုံနှင့်ဖြစ်သည်။

သခင်ကိုယ်တော်မှိုင်းလေးချိုးတွေကို နားလည်အောင် မဖတ်နိုင်သော်လည်း ငြိမ်းချမ်းရေး ဖခင်ကြီးနှင့် ချိုးရုပ်သင်္ကေတကြောင့် သိပ်ချစ် သိပ်လေးစားသည်။ ဖဆပလတွေ ပမညတတွေ သန့်ရှင်းတည်မြဲတွေကို မီလည်းမမီ။ သိလည်း မသိ။

ထိုအချိန်မှာ ကျောင်းတွင်းမှ နိုင်ငံရေးပါဝင်ရောနှောမှုရှိသော ကျောင်းသားကဗျာဆရာအုပ်စုမှ မမျှော်လင့်ဘဲ ဝင်ရောက်ဆွေးနွေးစည်းရုံးလာကြခြင်းဖြစ်၏။

[သရုပ်ပြမဂ္ဂဇင်း - အတွဲ (၂)၊ အမှတ် (၄)]
၂၀၁၀ ဧပြီလ

× × ×

## ၆။

အမှန်တော့ သူတို့က စာပေသမား ပိုဆန်သည်။

ကျွန်တော်တို့ ကိုစိန်ဝင်းတို့က ဘဝတစ်လျှောက်လုံး စာပေနှင့်မကင်းပြတ်၊ စာပေနှင့်အသက်မွေးကြောင်းပြုနေကြသည့်တိုင် ကျွန်တော်တို့သည် စာပေသမားရုပ်မပေါက်။

ဝတ်ပုံစားပုံကော၊ နေပုံထိုင်ပုံကော စာသမားမဆန်။ ကျွန်တော်တို့မှာ စာပေသမား

နှင့်တူတာဆို၍ စာရေးတာ၊ စာဖတ်တာနှင့် လက်ဖက်ရည်ဆိုင် စွဲစွဲမြဲမြဲထိုင်ခြင်းသာရှိသည်။

ပြီးခဲ့သည့်လ အပိုင်း ၅၃ ကျွန်တော်စတင်မိတ်ဆက်ပေးခဲ့သော စက်မှုတက္ကသိုလ် "တော်လှန်အုပ်စု" မှ စာသမားများက ကျွန်တော်တို့နှင့် ဘာမှမဆိုင်အောင် စာပေသမားပုံ ပေါက်သည်။ ပစ္စည်းမဲ့သဘာဝနှင့်လည်း ပိုကိုက်ညီသည်။

ကျော့ကျော့မော့မော့၊ သပ်သပ်ယပ်ယပ်မနေ။ ကျောင်းအနီးတွင် စာအုပ်အငှားဆိုင် လေးတစ်ဆိုင်တည်၍ ထိုဆိုင်လေးဖြင့် စုဝေး၍ စာပေများလုပ်ကြသည်။

ထိုဝင်ငွေဖြင့်ပင် ရပ်တည်လှုပ်ရှားကြသည်ဟု ထင်သည်။ အားလုံး လေးငါးဆယ် ယောက်ခန့်ရှိသည်။ သူတို့အားလုံး ကဗျာဆရာများဖြစ်သည်။ တော်လှန်သော၊ ဘဝသရုပ်ကို ဖော်နိုင်စွမ်းသော၊ ကာရံစည်းကမ်းကို သိပ်မလိုက်နာသော၊ စကားလုံး ထူးဆန်းထက်မြက် သော၊ ကဗျာများရေးဖွဲ့ကြသည်။ အားလုံးလက်ရေးလက်သား ထူးခြားလှပသည်။ ကဗျာ သရုပ်ဖော်ပုံကဲ့သို့သော ပန်းချီကောက်ကြောင်းလက်ရာနိုင်နင်းသော ပုဂ္ဂိုလ်များ အများ အပြားပါဝင်သည်။

သူတို့ထုတ်ဝေသည့် လက်ကမ်းစာစောင်ကဗျာလေးများသည် များစွာ တက်ကြွ တော်လှန်သည်။ "အနီ" ကဗျာဆရာများဟုလည်း တချို့ကခေါ်သည်။ သူတို့ကို လူငယ်တော် တော်များများက အထင်ကြီးလေးစားကြသည်။

ပုဂ္ဂိုလ်ရေးအနေနှင့်လည်း ခင်ဖို့ချစ်ဖို့ကောင်းပါသည်။ သူတို့ဆီက ကျွန်တော်တို့ မပြောတတ်သော၊ မကြံတတ်သော စကားအဆန်းတွေ၊ အတွေးအခေါ်ဆန်းတွေ ကြားရ ဖတ်ရတတ်သည်။ ကျွန်တော်တို့ လက်လှမ်းမမီသော နိုင်ငံတကာသတင်းနှင့် နာမည်ကြီး ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိတွေ၊ ဆိုရိုးစကားတွေ၊ လက်ရွေးစင်စာပေတွေ၊ အတွေး အခေါ်တွေ၊ အယူဝါဒတွေ ခေါ်တတ်ဝေါ်တတ်သည်။ ချပြဆွေးနွေးတတ်သည်။

နိုင်ငံတကာစာပေတွေ၊ သမိုင်းတွေ၊ ဒဿနိကဆိုင်ရာ ဆစ်ပိုင်းမှုတွေ မျိုးစုံဖွယ်ရာ အောင် ပြောတတ်သည်။ ရှုခင်းကို သိပ်ဖက်တွယ်တတ်သော၊ သမာရိုးကျသိပ်ဆန်သော ကျွန်တော်တို့ကို သူတို့ဘက်ကသိပ်ခေတ်နောက်ကျလွန်းသူများအဖြစ် မတိုးတက်လွန်း သူများအဖြစ်အမြင်နိမ့်သည်။

အချစ်ကဗျာရေးတတ်သော၊ ရေးသောကဗျာမှာလည်း ခေတ်ပေါ်ကဗျာပုံစံထက် ရှေးရိုးအစဉ်အလာအတိုင်း အချိုးကဗျာ၊ လေးလုံးစပ်ကဗျာတို့ကိုသာ ရေးဖွဲ့တတ်သူများ အဖြစ် ကျွန်တော်တို့ကို ဝေဖန်သည်။ ကိုယ်ရေးကိုယ်တာခံစားမှုကို ဦးစားပေးသူများ။ ပြည်သူတို့၏ဘဝကို လျစ်လျူရှုသူများ။ ဖောက်ပြန်သူများ။ သမိုင်းတာဝန်မကျေပွန်သူများ အဖြစ်စွဲချက်တင်သည်။

"ကိုမိုးခက်နဲ့ ကျွန်တော်စကားနည်းနည်းပြောချင်တယ်"

ထိုပုဂ္ဂိုလ်များထဲမှ တစ်ယောက်က တစ်နေ့သောအခါမှာ ကျွန်တော်ရှိရာ ချဉ်းကပ်၍ စကားဆိုသည်။ သူ့ကိုယ်သူလည်း မိတ်ဆက်သည်။ ကျွန်တော်က ခေါင်းညိတ်၍

"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်"

"ဒီလိုဗျာ ကိုမိုးခက် ကျောင်းကိုရောက်ကတည်းက ရေးခဲ့တဲ့ကဗျာတွေ စာတွေ ကျွန်တော်တို့သတိထားပြီး ဖတ်ကြပါတယ်။ ခင်ဗျားမှာ "လက်"ရှိတယ်ဗျာ။ အတိုင်းအတာ တစ်ခုအထိ အတွေးအခေါ်လဲ မှန်မှန်ကန်ကန်ရှိတယ်။ ဒါပေမယ့်"

ဒါပေမယ့် ... ကျွန်တော့်မှာ တိကျပြတ်သားတဲ့ အတွေးအခေါ်မရှိကြောင်း။ သဘောတရားရေးအမြင်မှာလည်း အားနည်းကြောင်း။ အနုပဋိလောမကို ကြေကြေညက်ညက် လေ့လာထားဟန်မတူကြောင်း။

"အဲဒီတော့ ... အခုလက်ရှိ ခင်ဗျားပေါင်းသင်းနေတဲ့ အဝန်းအဝိုင်းကို စွန့်ခွာပြီး ကျွန်တော်တို့အဝန်းအဝိုင်းနဲ့ ပူးပေါင်းစေချင်တယ်"

အစချီ၍ သူတို့အဝန်းအဝိုင်းသည် ဘဝကို သည်တိုင်းရေစုန်ဖြတ်သန်းနေသူများ မဟုတ်ကြောင်း။ အတွေးအခေါ် အယူအဆ တစ်ယောက်နှင့်တစ်ယောက် အားဖြည့်ကူညီ ပေးနေကြောင်း။ သင်ကြားမှုများ၊ ဆွေးနွေးမှုများ၊ ဝေဖန်ထောက်ပြမှုများလည်း အမြဲလုပ် နေကြကြောင်း၊ အစစအရာရာ လိုလေသေးမရှိအောင်လည်း ကျောထောက်နောက်ခံ အဖွဲ့ အစည်းများ၊ အဆက်အသွယ်များက ပံ့ပိုးကူညီပေးကြကြောင်း အားပါးတရ ပြောပြသည်။

သိပ်အသေးစိတ်တွေကတော့ ကျွန်တော်မမှတ်မိတော့။ သို့သော် လိုရင်းကတော့ သူတို့နှင့်ပူးပေါင်းပြီး ကျွန်တော့်ကိုယ် ကျွန်တော်တိုးတက်သော အတွေးအမြင်ရှိအောင် လုပ်ရမည်။ ကျွန်တော်ရေးနေသော စာများကိုလည်း ခုလို တော်ကြာအတွေးအခေါ် မှန် လိုက်၊ တော်ကြာအချစ်ဝတ္ထုတွေရေးပြီး ဖောက်ပြန်လိုက်မလုပ်တော့ဘဲ၊ စနစ်တကျဖြင့် ပြည်သူ့လွတ်မြောက်ရေးပန်းတိုင်ရောက်သွားအောင်ပွဲ အမြန်ဆုံးအောင်နိုင်ရေး၊ ဆင်းရဲသားပြည်သူများ ဖိနှိပ်ခံဘဝမှကျော်လွှားနိုင်ရေးစသည့် တာဝန်များ၊ တသမတ်တည်း ထမ်းဆောင်သွားရမည် စသောအချက်များလည်းပါဝင်သည်။

အကုန်လုံးမမှတ်မိသည့်တိုင် ထိုပုဂ္ဂိုလ်ကို ကျွန်တော်စောဒကတက်မိသည့် ကိစ္စ လေးကိုတော့ အမှတ်ရသည်။ ကျွန်တော် စောဒကတက်မိပုံက

"တစ်ခုတော့ရှိတယ်ဗျာ၊ ကျွန်တော့် ယုံကြည်ချက်က စာရေးတယ်ဆိုတာ ရင်ထဲက ခံစားချက်ကို ရေးတာပဲ။ ရင်ထဲမှာ မခံစားရပဲနဲ့တော့ လုပ်ယူထားတဲ့စာတွေ မရေးချင်ဘူး၊ တာဝန်ကြီးတစ်ခုအနေနဲ့လဲ စာမရေးချင်ဘူး"

ထိုစကားကို သူက ပစ်ပစ်ခါခါ ဝေဖန်သည်။

"ဒီအယူအဆဟာ အနုပညာသည် အနုပညာရှင်အတွက်ဆိုတဲ့ ဖောက်ပြန်တဲ့ အရင်း

ရှင်လက်သုံးစာပေဝါဒပဲ ကိုမိုးခက်။ ဒီအတွေးအခေါ်ဟာ တော်လှန်ပစ်ရမယ့် အတွေးအခေါ်ပဲ အနုပညာဟာ ပြည်သူ့အတွက်ဆိုတာ ခင်ဗျားနားမလည်ဘူးလား"

မှန်တာပြောရလျှင် သူ လာရောက်မဆွေးနွေးခင်တုန်းကမှ ကျွန်တော့်မှာ ထို "ပြည်သူ့အတွက်" ဆိုသောကိစ္စလေးက နည်းနည်းရှိသေးသည်။ သူ့ဝေဖန် သွန်သင်ညွှန်ပြမှုများကြားမှ သူတို့နှင့်ကျွန်တော် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားသည်။ ထိုအကြောင်းများကိုလည်း လက်ဖက်ရည်ဆိုင်ပြန်ရောက်သောအခါ ကိုယ့်အဖွဲ့တွေကို ကိုယ်ပြန်ပြောပြသည်။

"အဲဒီတော့ မင်းက ဘာလုပ်မယ်စိတ်ကူးလဲ"

"ဘာမှစိတ်မကူးဘူး။ ကိုယ်ရေးတတ်သလိုပဲ ရေးမယ်၊ ကိုယ်ခံစားရတာပဲ ရေးမယ်၊ ကိုယ့်ဖာသာကိုယ်ပဲ လွတ်လွတ်လပ်လပ်နေမယ်၊ ဘာတိုက်ပွဲမှလဲ မပါချင်ဘူး။ ဘယ်သူ့နောက်လိုက်မှလဲ မလုပ်ချင်ဘူး။ ဒါနဲ့ သူတို့ပြောတဲ့ ကျောက်ထောက်နောက်ခံ အဖွဲ့အစည်းဆိုတာ ဘယ်ဟာကို ပြောတာလဲ"

ကျွန်တော့်အဖွဲ့များက ရယ်သည်။ တစ်ယောက်က ပြောသည်။

"ဘီစီပီပေါ့ကွ။ ဒီလူတွေက ဗ က ပ ကမြှုပ်နှံထားတဲ့ ဆဲလ်တွေပဲ"

ဗ က ပ ကလပ်စည်းတွေဟု ဆိုလိုရင်းဖြစ်သည်။

"ဟုတ်လား။ အဲဒီလိုတွေလား"

ကျွန်တော် အံ့ဩစွာမေးမိပါသည်။ သူပုန်ဆိုသည်မှာ ကျွန်တော့်မိတ်ဆွေတွေထဲမှာ ဒီလိုပုံစံနှင့်ရှိနေကြောင်း ဘဝမှာ ပထမဆုံးသိလိုက်ရခြင်းဖြစ်၏။

× × ×

တက္ကသိုလ်ကျောင်းသားဘဝမှာ ကျွန်တော်က စာပေသမားနှင့် စာသမားများ၏ အတွင်းရေးကို သိခွင့်ရနေသည်မှာ ဘာမှမဆန်း။ ကျွန်တော်တို့ စက်မှုတက္ကသိုလ် ပရဝုဏ်အတွင်းသာမက မြန်မာတစ်ပြည်လုံး၏တက္ကသိုလ်ပေါင်းစုံ၊ စာပေလောက အဝန်းအဝိုင်းမှာလည်းသည်အတိုင်းပဲဖြစ်ဖို့များသည်။

ပြင်ပတွင် လူငယ်စာရေးသမား၊ စာဖတ်သမားများမှာလည်း ကိုယ့်လိုင်းနှင့်ကိုယ်၊ ကိုယ့်အစွဲနှင့်ကိုယ် ရှိမည်။ အထူးသဖြင့်ထိုအချိန်က စာလောကတွင် ရှုမဝလိုင်း။ မိုးဝေလိုင်းဟု လိုင်းနှစ်လိုင်း ကွဲပြားနေတာတော့ အမှန်။

မှတ်ပုံတင်ပါတီထောင်ပြီး တူညီဝတ်စုံကိုယ်စီနှင့် အသင်းအပင်းကွဲပြားနေခြင်းမဟုတ်သော်လည်း သူ့အဖွဲ့နှင့်သူ၊ ကိုယ့်အဖွဲ့နှင့်ကိုယ် အသိအမှတ်ပြုထားကြသည်။ မိုးဝေက လက်ဝဲဆန်သော တော်လှန်ကဗျာ၊ ဆင်းရဲသားဘဝသရုပ်ဖော် စာပေသမားများ စုဝေးရာ။ ရှုမဝက နိုင်ငံရေးမပါသလောက်ရှိ၍ ကိုယ့်ခံစားမှုလေးနှင့်ကိုယ် ကိုယ်သန်ရာ ကဗျာလေး

များ၊ စာလေးများ ရေးသားကြရာ၊ သို့သော် အသင်းအပင်းကွဲပြားသလို ကွဲပြား၍ သူ့စာ ကိုယ်မဖတ်၊ ကိုယ့်စာသူမဖတ်၊ တစ်ယောက်နှင့်တစ်ယောက် အဆက်အဆံ မလုပ်ကြတာ မျိုးတော့ မဟုတ်။

စာပေဝါဒ၊ အယူအဆပိုင်းကိုတော့ အပြတ်အသတ်ငြင်းခုန်၊ အနိုင်လုချင်လုနေကြ မည်။ တစ်ယောက်နှင့်တစ်ယောက် ကြည့်မရဘဲ၊ အခွင့်ရလျှင်ရသလို စာပေနှင့် ဆော်ပလော် တီးချင်နေကြသော စာသမား၊ စာဆရာတချို့လည်း ရှိချင်ရှိမည်။အများအားဖြင့်ကတော့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိနေကြပါသည်။ အထူးသဖြင့် ကဗျာသမားချင်းဆို ပိုခင်မင်ရင်းနှီး ကြပါသည်။

ကျွန်တော်တို့ စက်မှုတက္ကသိုလ်မှာလည်း အပတ်စဉ်ထုတ် စက်မှုသတင်းစဉ်အပြင် ကိုယ့်အစီအစဉ်နှင့်ကိုယ် ထုတ်ဝေကြသော ကဗျာစာအုပ်လေးများ၊ ကဗျာလက်ကမ်းစာ စောင်လေးများရှိကြသည်။

မှတ်မှတ်ရရ ကျွန်တော်၊ နသျှင်၊ ယဉ်မောင်(ခရမ်း) သုံးဦးစုလုပ်ကြသော ဆောင်း လက်ဆောင်၊ နွေလက်ဆောင်၊ မိုးလက်ဆောင် ကဗျာလက်ကမ်းစာစောင်လေးများရှိသည်။ တစ်ပြားမှမယူဘဲ အခမဲ့မေတ္တာလက်ဆောင်ဖြန့်ဝေသော ကဗျာစာစောင်လေးများ။

ထို့ပြင် မွန်းတည့်နေရိပ်၊ အပြာရောင်မီးတောက်စသော ကဗျာစာအုပ်လေးများလည်း ရောင်းချဖြန့်ချိသည်။ ကိုစိန်ဝင်းတို့ ကိုမိုင်းလွင်တို့ ကိုစိုးစံတို့ ဦးစီးထုတ်ဝေကြခြင်းဖြစ်သည်။ ဆရာများဖြစ်ကြသော မောင်ငွေလှိုင်။ တက္ကသိုလ်မိုးဝါတို့လည်းပါဝင်ရေးသားကြသည်။

အခြားတက္ကသိုလ်များမှာလည်း အလားတူရှိကြသည်။ ပြင်ပမှ ကဗျာသမားများစုဝေး သော မြောက်ဥက္ကလာအုပ်စု၊ မြို့ထဲအုပ်စု၊ စမ်းချောင်းအုပ်စု စသည်တို့မှာလည်း လက်ကမ်း နှင့် ကဗျာစာအုပ်လေးများထုတ်ကြသည်။

တက္ကသိုလ်အချင်းချင်း ကဗျာစာအုပ်လေးတွေ အပြန်အလှန် သွားရောက်ရောင်းချ ကြသည်။ မြို့ထဲကတက္ကသိုလ်များထံ၊ တက္ကသိုလ်များမှ မြို့ထဲစာအုပ်တန်း ကဗျာစာအုပ် လေးတွေ လက်ဆောင်ပေးကြ၊ ဖလှယ်ကြ၊ ရောင်းချကြနှင့်တစ်ပတ်မှာ ကဗျာစာအုပ် လေးငါးအုပ် လက်ဆောင်ရသည်။ ဝယ်ရသည်။ ရောင်းရသည်။

ကျွန်တော့် "ပါးကွက်ကြားနှင့် လပြည့်ဝန်း" ကဗျာစာအုပ်သည်လည်း စီစစ်ရေးတင်ပုံ နှိပ်မှတ်ပုံတင်၍ ၁၉၇၃ ခုနှစ် မတ်လမှာ ထွက်သည်။ ထိုအခါ ကျွန်တော့်ကလောင်နာမည် နွမ်ဂျာသိုင်းဖြစ်နေပြီဖြစ်၏။ ကျွန်တော်မှတ်မိသလောက် နွမ်ဂျာသိုင်းဆိုသော ကလောင် အမည်ကို စတင်အသုံးပြုသည်မှာ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ၊ တန်ဆောင်တိုင်ပွဲတော် အထူးထုတ် စက်မှုသတင်းစဉ်မှာဖြစ်သည်။

ထိုစာစောင်၏ မျက်နှာဖုံးကဗျာအဖြစ် "ကျီးမနီးအနမ်း" ကဗျာကို နွမ်ဂျာသိုင်းအမည်

ဖြင့် ရွေးချယ်ဖော်ပြခံရသည်။

ကဗျာစာအုပ်ထုတ်၍လွယ်နေခြင်းကလည်း အဆန်းမဟုတ်၊ ပါးကွက်ကြားကို ထုတ်ဝေခွင့်ကဒ်ပြားငှား၍ စာအုပ်ရိုက်ထုတ်ခ ကုန်ကျငွေမှာ အုပ်ရေ ၁၀၀၀၊ ၁၆ ချိုး ၆ ဖောင်၊ ၉၆ မျက်နှာ၊ ကဒ်ထူဖုံးလေးရောင်မျက်နှာဖုံးဖြင့် အစအဆုံး အပြီးအစီး ၅၀၀ ကျပ်ပဲ ကုန်ကျသည်။

တစ်အုပ်တစ်ကျပ် ပြန်ရောင်းသည်။ တစ်အုပ်မကျန် ကုန်သည်။ ပြန်ရသမျှပိုက်ဆံအားလုံး အမေ့ကိုပြန်မပေးဖြစ်၊ သူငယ်ချင်းတွေ စာအုပ်ကူရောင်းပေးရင်း လက်ဖက်ရည်သောက်ပစ်သည်။ ကျွန်တော်လည်း အပေါင်းအသင်းနှင့် ကဗျာသမားများအသိုင်းအဝန်းတွင် တရားဝင် အသိအမှတ်ပြုကဗျာဆရာဖြစ်လာသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေမှာ စာပေစာတမ်းများဖတ်ကြသောအခါ ကဗျာစာတမ်းတစ်ခု၌ တရားဝင်ပုံနှိပ်ထုတ်ဝေခဲ့သော ကဗျာစာအုပ်များ စာရင်းပါလာသည်။ ပါးကွက်ကြားနှင့်လပြည့်ဝန်းပါ၏။

× × ×

ဤစာမူရေးနေချိန်မှာ သရပါမဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာမင်းအုပ်စိုးထံမှ စာလေးတစ်စောင်ရရှိသည်။ သူက စက်မှုတက္ကသိုလ်ကို သိပ်ရောက်ချင်ခဲ့သူ၊ အမှတ်လေးမဖြစ်စလောက်နှင့် ကျွန်တော်ဆေးတက္ကသိုလ်ကို လွဲခဲ့သလို၊ သူကလည်း စက်မှုတက္ကသိုလ်ကို အမှတ်လေး မဖြစ်စလောက်ဖြင့် လွဲခဲ့သည်။

သို့အတွက် ကျွန်တော့်ဤဆောင်းပါးကိုဖတ်ပြီး စက်မှုတက္ကသိုလ် အတွေ့အကြုံများခံစားရသည်။ မရောက်ခဲ့သည့် သူ့လိုကျောင်းသားများအတွက်လည်း အလွမ်းပြေခွင့်ရမည်။ ထို့ကြောင့် ဆောင်းပါးကိုရှည်မှာစိုး၍ လက်ချုံ့ရေးတာမျိုးမလုပ်ဘဲ စိတ်ရှိလက်ရှိရေးပါဟု အားပေးသော စာဖြစ်သည်။

ပြီးခဲ့သည့်ဟောပြောပွဲကာလများတုန်းကလည်း နယ်တွေမှာ သရပါမဂ္ဂဇင်းဖတ်ပြီး ကျွန်တော့် "လမ်းကန္တာ" ဆောင်းပါးလေးအကြောင်း လာလာပြောကြသည်။ တက္ကသိုလ်ပရဝုဏ်ကို ဝတ္ထုနှင့်ဖတ်ခဲ့စဉ်က တစ်မျိုးအရသာ၊ အခုလိုဖတ်ရတော့လည်း တစ်မျိုးအရသာခံစားရသည် တတ်နိုင်သ၍ စုံစုံစေ့စေ့ရေးပေးစေချင်သည်ဟု။

သည်တော့မှ ကျွန်တော်ကသာ (ဆေး)မမီခြင်းအကြောင်းပြု၍ စက်မှုတက္ကသိုလ်ကို အောင့်သီးအောင့်သက်ဖြင့် တက်ခဲ့ရပြီး တက်ခဲ့ရသလောက် အတွေ့အကြုံလေးတွေကို မှတ်မိသလောက် လျှောက်ရေးနေခြင်း ဖြစ်သော်လည်း။ စက်မှုတက္ကသိုလ်ကို တမ်းတမ်းတတ မက်မက်မောမော တက်ချင်ကြသူတွေ ရှိနေသေးကြောင်းအမှတ်ရသည်။

ထို့အတူ ဆေးတက္ကသိုလ်မီရုံမကလို့ အမှတ်တွေ တောင်လိုပုံနေခဲ့သည့်ကြားက စက်မှုတက္ကသိုလ်မှ စက်မှုတက္ကသိုလ်ဆိုပြီး တွယ်တွယ်တာတာ ရောက်ရှိလာခဲ့သူတွေ တစ်ပုံကြီးရှိသည်။ ထိုအတွေးနှင့်အတူ စက်မှုတက္ကသိုလ်ကို စစ်ရှုံးမင်းသားလေးအား ကျရှုံးလိုက် အကြိမ်ကြိမ်ပြန်တည်ဆောက်လိုက်လုပ်၍ သင်ခန်းစာပေးခဲ့သည့် ပင့်ကူပုံပြင်ထဲက ပင့်ကူလေးလို အကြိမ်ကြိမ်ပြန်တည်ဆောက်ပြီး စက်မှုတက္ကသိုလ်၏ BE ဘွဲ့ရအောင် ယူခဲ့သည့် သူငယ်ချင်းတစ်ယောက်ကိုလည်း အမှတ်ရသည်။

သူကတော့ စက်မှုတက္ကသိုလ်မဂ္ဂဇင်းစာစောင်များတွင် ကြည်မြင့်ဝင်း(ရေစကြို) ကလောင်အမည်ဖြင့် ကဗျာရေးခဲ့သော စက်မှုတက္ကသိုလ် အငြိမ့်များတွင် တိုင်ကီအမည်ဖြင့် လူရွှင်တော်လုပ်ခဲ့သော မောင်ကိုကြီးပင်ဖြစ်သည်။

ကျွန်တော်တို့က သူ့ကို ဦးကိုကြီးဟု ခေါ်သည်။

ဦးကိုကြီးအကြောင်း ပြောမည်ကြံလျှင် သူစီးခဲ့ဖူးသော ခုတိုင်လည်း မရောင်းရက် မပြုရက်ဖြင့် လက်ထဲမှာ ဒီအတိုင်း ကိုင်ထားသော ဧ/၆၉၈၄၊ မာဇဒါဆီဒင် (မာဇဒါ ၁၃၀၀)ကားလေးကိုလည်း အမှတ်ရသည်။



တခြားကြောင့်မဟုတ်၊ ထိုကားနံပါတ်လေးသည် သူ့စက်မှုတက္ကသိုလ်သမိုင်းကို အနှစ်ချုပ်မှတ်တမ်းတင်ထားသောကြောင့်ပင်ဖြစ်သည်။ ၆၉၈၄ ဂဏန်းမှ ၆၉ သည် ဦးကိုကြီး စက်မှုတက္ကသိုလ်ကို စတင်ဝင်ရောက်သော ခုနှစ်ဖြစ်သည်။ ၁၉၆၉၊

နောက်ဂဏန်းတွဲ ၈၄ကျတော့ သူစက်မှု တက္ကသိုလ်မှ ဘွဲ့ရသော ခုနှစ်၁၉၈၄။

၁၉၆၉ခုနှစ်မှ ၁၉၈၄ခုနှစ် စုစုပေါင်း ၁၆နှစ်ကြာသည်။ ၆နှစ်စာ B.E ဘွဲ့ကို ၁၆ နှစ်ကြာ ကျောင်းတက်ပြီး ရအောင်ယူခဲ့သည့် ဦးကိုကြီး။ ယူပုံယူနည်းကလည်း မှတ်သားလောက်သည်။

၁၉၆၉ ခုနှစ်တွင် ရေစကြိုမှ ဆယ်တန်းအောင်ပြီး စက်မှုတက္ကသိုလ် ရောက်သည်။ ရေစကြိုက တစ်ဦးတည်းသော သူဌေးသား။ လူကလည်း အလွန်ပျော်တတ်ရွှင်တတ်သည်။ သူ့အမေကလည်း သူ့ကိုအရမ်းအလိုလိုက်သည်။

စက်မှုတက္ကသိုလ်ရောက်တော့လည်း ကျောင်းမှာအလွန်ပျော်သည်။ မြန်မြန်ဆန်ဆန်နှင့် ဘွဲ့ရကျောင်းပြီးသွားမှာစိုးသဖြင့် ကျောင်းစာကို ဖိဖိစီးစီးကို မလုပ်။ အမေကလည်း အားပေးသည်။

"သား ကျောင်းမှာ ပျော်သလောက်နေ၊ ရွာမှာ အမေက ကျုပ်သားက အင်ဂျင်နီယာကျောင်းသား။ ပေါ့သေးသေးမဟုတ်ဘူးလို့ ပြောလို့ရနေရင် ကျေနပ်ပြီ" ဟု ပြောခဲ့ကြောင်း ဦးကိုကြီးပြောခဲ့ဖူးသည်။ သို့ဖြင့် ဦးကိုကြီးသည် ကိုယ်တိုင်လည်း ပျော်အောင်နေ၊ ကျောင်းအနုပညာအသင်းဝင်၍ အငြိမ့်မှတစ်ဆင့် လူရွှင်တော်တိုင်ကီအမည်ခံပြီး အများသူငါကိုလည်း ပျော်အောင် ဖန်တီးနေခဲ့သည်။

အဖန်အတီးကောင်းပြီး ကျောင်းစာတွေလျော့ရဲကာ ဒုတိယနှစ်တွင် သုံးခါကျ၍ ကျောင်းစည်းကမ်းအရ ကျောင်းဆက်တက်ခွင့်မရဘဲ ကျောင်းထွက်လိုက်ရသည်။ သည်တော့ ရေစကြိုပြန်ရောက်။ သို့သော် လက်ကတော့ မလျှော့။ သူ့အမေက သူ့သား အင်ဂျင်နီယာကျောင်းသား၊ ပေါ့သေးသေး မဟုတ်ဘူးပြောနိုင်အောင် ဆယ်တန်းအောင်လက်မှတ်ဖြင့် ဂျီတီအိုင်ဝင်ခွင့် ပြန်ဖြေသည်။ အောင်သည်။

အင်းစိန် ဂျီတီအိုင်တက်ခွင့်ရသည်။ အင်းစိန်အစိုးရ စက်မှုလက်မှုသိပ္ပံ (ဂျီတီအိုင်)မှာ သုံးနှစ်တက်သည်။ အေဂျီတီအိုင် ဒီပလိုမာရသည်။ အင်ဂျင်နီယာတော့ ဖြစ်သွားပြီဖြစ်၏။

သို့သော်သူက အစိုးရအလုပ်၊ ပြင်ပအလုပ်ဘာအလုပ်မှမလုပ်သေးဘဲ ဂျီတီအိုင်မှ အာအိုင်တီ ပေါင်းကူးစာမေးပွဲဝင်ဖြေသည်။ အောင်သည်။ ဂျီတီအိုင်မှနေ အာအိုင်တီကျောင်းသားပြန်ဖြစ်သည်။ တတိယနှစ်မှ စတက်ခွင့်ရသည်။ ထိုမှနေ မောင်ကိုကြီး အင်ဂျင်နီယာကျောင်းပြန်တက်လိုက်သည်မှာ ၁၉၈၄ ခုနှစ်ကျမှ ဘီအီးဘွဲ့ရသည်။

ထိုအချိန်မှာ သူ့အသက်က ၃၅နှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အလုပ်ပေးနိုင်သော နောက်ဆုံးအသက်ပြည့်ရန် နည်းနည်းပဲ(လပိုင်းပဲ) လိုတော့သည်။ အလုပ်လျှောက်သည်။ သူ့အသက်ကိုပဲ အားနာလို့လား။ အင်ဂျင်နီယာ နှစ်ဆင့်ရထားသည့်ပညာကိုပဲ အားနာလို့လား။ ဘာအကြောင်းကြောင့်လည်းတော့မသိ၊ (သူ့ကိုချစ်သူခင်သူများသဖြင့် ကူညီပံ့ပိုးသူတွေလည်း များပါသည်။)

ချက်ချင်းအလုပ်ရသည်။ ရသည့်အလုပ်ကလည်း စက်ရုံမှူး၊ ဖြူး ဖွဲ့နဆီစက်မှာ နေ့ချင်းညချင်း ဦးကိုကြီးအင်ဂျင်နီယာအရာရှိ စက်ရုံမှူးကြီး ဖြစ်သွား၏။

[သရုပ်ဖော်ဓမ္မ - အတွဲ (၂)၊ အမှတ် (၅)]

၂၀၁၀ မေလ

× × ×

ရ။

တခြားတက္ကသိုလ်တွေမှာလည်း ကျွန်တော်တို့ကျောင်းကဲ့သို့ပင် ပြောစမှတ်ပြုစရာ ကျောင်းသားတွေ အများအပြားရှိနေနိုင်ပါသည်။ သို့သော် ကိုယ့်ကျောင်းနှင့်ကိုယ်မှာတော့ မျက်မြင်ကိုယ်တွေ့တွေလည်း ဖြစ်နေသည်။ အများအားဖြင့်သော အဆိုပါ ပြောစမှတ်ပြုစရာ ကျောင်းသားတွေက အသိမိတ်ဆွေ သူငယ်ချင်းများလည်းဖြစ်ကြသည်။

တစ်ခုပဲရှိသည်က သူတို့အကြောင်းပြန်ရေးသည့်အခါ သူတို့၏အမည်ရင်းများကို သုံးသင့်မသုံးသင့်ဆုံးဖြတ်ရခက်နေသည်။ လုံးလုံးလျားလျား အမည်ရင်း အမည်မှန်မပြောသင့်သောကိစ္စများအတွက်က ပြဿနာမရှိ။ အမည်မဖော်ဘဲ၊ သို့မဟုတ်အမည်လွှဲတစ်ခုခုဖြင့် ရေးဖြစ်သွားမည်။ တချို့ဒွိဟဖြစ်စရာကိစ္စများအတွက်ကျတော့ခက်သည်။ ဥပမာ - ကျွန်တော့်ထက် အသက်အနည်းငယ်ကြီး၊ အတန်းအနည်းငယ်ကြီးသော်လည်း သူငယ်ချင်း လိုခင်မင်ရသည့် ကျောင်းသားတစ်ယောက်ရှိသည်။

သူကနယ်မှာနေ၍ သူ့မိဘတွေကဆင်းရဲသည်။ အတန်းငယ်တုန်းက မိသားစု စီးပွားရေးအခြေအနေက သိပ်အဆိုးရွားကြီး မဆင်းရဲသေးသဖြင့် ချို့ချို့ငဲ့ငဲ့ကျောင်းစရိတ် ထောက်နိုင်သည်။ အတန်းကြီးလာသည့်အချိန်နှင့် မိဘစီးပွားရေးအခြေအနေ သိပ် ဆိုးရွားလာချိန် တိုက်ဆိုင်သည်။ ကျောင်းဆက်တက်ဖို့ ဘယ်လိုမှမဖြစ်နိုင်သောဘဝဖြစ် လာသည်။

ယခုအခြေအနေထိရောက်အောင် ခက်ခက်ခဲခဲကြိုးစားလာခဲ့ရသည်မို့ ကျောင်းကို စွန့်ခွာရမှာလည်းနမြောသည်။ သို့အတွက်မဖြစ်ဖြစ်အောင်ကြိုးစားပြီး အပြင်မှာအလုပ် တစ်ဖက်လုပ်၍ ပိုက်ဆံရှာကျောင်းတက်နိုင်ဖို့လုပ်သည်။ အရှည်ကျတော့ အဆင်မပြေ။ အလုပ်ရသော်လည်း အလုပ်ချိန်နှင့် ကျောင်းချိန်တွေက တစ်ချိန်တည်းမို့ ကျောင်းစာတွေ လစ်ဟင်းလာသည်။ စာမေးပွဲကျသည်။

ထိုအခါကျောင်းကိုစွန့်ခွာရမည့်ကိန်းက ဆိုက်လာပြန်သည်။ ကျောင်းထုံးစံက နှစ်နှစ် ကျလျှင်ပြင်ပဖြေဖြစ်သွားသည်။ ထပ်ကျလို့ သုံးခါကျ 3F ဖြစ်လျှင် ကျောင်းမှအပြီးအပိုင် ထွက်ရမည်။ နောက်ဆုံးကြံရာမရသဖြင့် ပါမောက္ခချုပ်ဆရာကြီးထံဝင်တွေ့ပြီး အလုပ် တောင်းရသည်။ အဆင်အပြေဆုံးအလုပ်က ကျောင်းမှာညစောင့်။ ဆရာကြီးက အကူအညီ ပေးသည်။ ညကျတော့ ဒရဝမ်ညစောင့် စောင့်ရင်း စာကျက်။ နေ့ကျတော့ကျောင်းသား။ အချိန်ရသလောက်အိပ်ပြီး ကျောင်းတက်ရသည်။

ဤနည်းဖြင့်ဘွဲ့ရသည်။ အင်ဂျင်နီယာဖြစ်သည်။ ခုခါမှာ အင်ဂျင်နီယာ အဆင့်အတော် မြင့်နေလောက်ပြီ။ အရာရှိကြီးဖြစ်ချိန်မှာ ဤအကြောင်းကို အမည်ရင်းဖြင့်ပြန်ပြောတာ ကြိုက်မကြိုက် ကျွန်တော်မသိ။

အဆက်အသွယ်ပြတ်တောက်သွားပြီမို့ ဘယ်ဆက်သွယ်ပြီး မေးရမယ်မှန်းလည်း မသိ။ မေးလို့ကောင်းမကောင်းပင် မဝေခွဲတတ်။

× × ×

ကျောင်းမှာ ဤကဲ့သို့အမှတ်ရဖွယ်သူငယ်ချင်းတွေ အများကြီးရှိသည်။ ကျောင်းစတက်ကတည်းက အဆောင်မနေနိုင်၊ ထမင်းစရိတ်မတတ်နိုင်သဖြင့် ကျောင်းနှင့် မလှမ်းမကမ်းက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကပ်နေ၊ ဆွမ်းကျန်ကွမ်းကျန်စား၊ ကျောင်းတက်။ ကျောင်းတက်ရင်း ရည်းစားရ။ ရသည့်ရည်းစားက ထိုခေတ်အဆင့်မြင့် အရာရှိကြီးတစ်ဦး၏ သမီး။ မိဘတွေသိ၊ သဘောမတူ။ ခွဲ။

ကောင်မလေးက နိုးရာလိုက်ဖို့အိမ်ပေါ်ကဆင်းလာ။ ကျွန်တော့်သူငယ်ချင်းမှာ ထားစရာလည်းမရှိ။ စားစရာလည်း မရှိ။ ကောင်မလေးက လက်ဝတ်လက်စားတွေထုခွဲပြီး ကျွေးရ။ ရေရှည်အတွက်ကျတော့ ကျောင်းထွက်ပြီး ဈေးရောင်းကျွေးမည်။ သူငယ်ချင်းကိုတော့ ကျောင်းဆက်တက်ခိုင်း အင်ဂျင်နီယာဖြစ်အောင်လုပ်။ တစ်နေ့ကျလျှင် ဘဝအဆင်ပြေသွားမည်။ စိတ်ကူးထဲမှာတော့ ဖြစ်နိုင်သလိုလိုရှိသား။

သို့သော် တကယ်လုပ်ကြည့်တော့ အဆင်မပြေ။ မိန်းကလေး၏ အဆင်းရဲခံဘဝကိုလည်း သူငယ်ချင်းမကြည့်ရက်။ မိန်းကလေးအိမ်နှင့် ညှိနှိုင်းသောအခါ သမီးတစ်ယောက်တည်းပဲလက်ခံနိုင်မည် သဘောမကျသည့်သားမက် အိမ်ရိပ်မနင်းရ။

ချစ်သူနှစ်ယောက်သဘောတူညီဆုံးဖြတ်၍ ကောင်မလေးအိမ်ပေါ်ပြန်တက်သည်။ သူငယ်ချင်းက ဘုန်းကြီးကျောင်းပြန်သွား။ သည်အတောအတွင်း ဖရိုဖရဲဖြစ်သွားသောဘဝကြောင့် စာမေးပွဲ နှစ်နှစ်ဆက်ကျ။ ပြင်ပကျောင်းသားဘဝနှင့် မနည်းရုန်းကန်နေရ စသဖြင့် ဝတ္ထုတစ်ပုဒ်လို ကြုံရသည်။

ကျောင်းမှာနေ စာရေးဆရာဖြစ်သွားသောသူငယ်ချင်းတချို့ကလည်း သူ့အကြောင်း ဝတ္ထုတွေရေးကြသည်။ လွမ်းကြ၊ ရင်နာကြ၊ သနားကြသည်။ ထိုအဖြစ်အပျက်များနှင့် ခပ်ဆင်ဆင်တူစွာကြုံခဲ့ရသော သူငယ်ချင်းကဗျာဆရာ တစ်ယောက်အဖြစ်ကမူ ပို၍ ဆန်းပြားသေးသည်။

ထိုသူငယ်ချင်းကျတော့ ကဗျာရေးလည်းကောင်းသည်။ အချစ်နှင့် ပတ်သက်၍လည်း နက်နက်နဲနဲခံစားတတ်သည်။ သို့သော် ရံဖန်ရံခါမှ အချစ်ကဗျာလေးတစ်ပုဒ်နှစ်ပုဒ်ပွင့်ထွက်၍ အများအားဖြင့် "ဘဝ" ကဗျာတွေရေးလည်း "တော်လှန်" ကဗျာတွေလည်းရေးသည်။

ကျွန်တော်တို့ကျတော့ သူ့တော်လှန်ကဗျာလေးတွေက ခံစားမှုပါသဖြင့် အခြားကဗျာဆရာ တော်လှန်တွေထက် ပိုကြိုက်သည်။

၁၉၇၄ နောက်ပိုင်း မငြိမ်းချမ်းသောစာသင်ဘဝများရောက်ပြီးနောက် အများကြီး တက်ကြွခဲ့သော သူငယ်ချင်းတောခိုသွားသည်။ တောခိုတာမှ မဖြစ်စလောက်မဟုတ်၊ ဗကပ ဗဟိုအထိရောက်သွားသည်။ ပညာတတ်လည်း ပညာတတ်၊ ထက်ထက်မြက်မြက်ကလည်း ထက်ထက်မြက်မြက်မို့ ဗဟိုမှာ ရာထူးအဆင့်မသေးငယ်ဟုကြားသည်။ အတိအကျတော့ မသိ။

နောက်ကျတော့ (၁၉၈၈ အပြီးမှာ) ဗကပကြီးပျက်သုဉ်းသွားသည်။ သူငယ်ချင်း အလင်းရောက်လာသည်။ အုံ့သြစရာကောင်းလောက်အောင် ချမ်းသာနေပြီ။ ဗဟိုမှာနေရင်း တရုတ်မတစ်ယောက်နှင့် အိမ်ထောင်ကျသည်ဟုဆိုသည်။ တရုတ်မက စီးပွားအရာ ကောင်းသည်ဟု ဆိုသည်။ အတိတ်ကဖြစ်ရပ်များအကြောင်း ပြောသံမကြားရတော့။

× × ×

နောက်တစ်ယောက်ကျတော့ ကျွန်တော်နှင့် တစ်တန်းတည်း သူငယ်ချင်း။ ရန်ကုန်နှင့် မိုင် ၉၀လောက်ဝေးသည့်နယ်မြို့လေးတစ်မြို့မှ အင်မတန်မှ ရိုးသားသည်။ စိတ်ကောင်း နှလုံးကောင်းလည်းရှိသည်။ သူငယ်ချင်းများကလည်း ချစ်ကြခင်ကြသည်။

ကဗျာလည်းမရေး စာလည်းမရေး အေးအေးဆေးဆေး စာပဲကြိုးစားသည်။ စာသိပ် အတော်ကြီးမဟုတ်၊ သိပ်ထက်ထက်မြက်မြက်ရှိသည့်ထဲလည်း မပါဝင်။ သာမန် ကျောင်း သားရိုးရိုးတစ်ယောက်ထက်မပို။ ငြိမ်းချမ်းသောစာသင်ကာလတစ်လျှောက်လုံးမှာ ဘာတစ်ခု မှ ထူးထူးခြားခြားလည်း မဖြစ်ခဲ့။

(ကျွန်တော်သိသလောက်) ရည်းစားတောင်မရှိ။ နယ်မှအမေ့ကိုလည်း သံယောဇဉ် ကြီးသည်။ အချိန်ရလျှင်ရသလို နယ်ပြန်သည်။ အမေ့ကို သွားတွေ့သည်။ မိသားစု စီးပွား ရေးကလည်း အလတ်စား။ ပုံမှန်မျှသာ။ (ရယ်စရာ...တင်စားရလျှင်) ဝတ္ထုရေးဖို့ ဘယ်လို မှမကောင်းသော၊ ဘာထူးခြားစရိုက်မှမရှိသည့် သူငယ်ချင်း။ နာမည်ကအစ အရမ်းရိုးသည်။ ဥပမာ မောင်ခင်တို့ မောင်တင်တို့လို နာမည်မျိုး။

အဖြစ်အပျက်က မငြိမ်းချမ်းသောစာသင်ကာလများကျမှစသည်။ ထူးလည်းထူးလာ သည်။ ကျွန်တော်အထင် ၁၉၇၅ နှစ်ကုန် (သို့) ၁၉၇၆ နှစ်စပိုင်းလောက်မှာ ဖြစ်မည်ထင် သည်။ ထိုစဉ်က လမ်းစဉ်ပါတီအစိုးရသည် ကျောင်းသားကိစ္စများကို အကောင်းဆုံးဖြေရှင်း ခြင်းတစ်ရပ်ပြုလုပ်ရန်ကြိုးစားကြသည်။

၁၉၇၄ နှစ်ကုန်မှပြန်စခဲ့သော မငြိမ်မသက်မှုများလည်း တက္ကသိုလ်ကျောင်းသား လောကတွင် မပြီးနိုင်မစီးနိုင်ထပ်ခါထပ်ခါဖြစ်နေကြသည်။ ကျောင်းတက်ချိန်၊ စာသင်ချိန် များလည်း မမှန်တော့ဘဲ ကျောင်းတွေ ပိတ်လိုက်၊ ဖွင့်လိုက်၊ ပြန်ပိတ်လိုက်ဖြင့် စာကို ဖြောင့် ဖြောင့်သင်ရသည်ဟုမရှိတော့။

သင်ရိုးညွှန်းတမ်းများလည်း အပြည့်အစုံမသင်ရတော့ဘဲ၊ သင်သလောက် စာလေးနှင့်ပဲ စာမေးပွဲတွေဖြစ်အောင် စစ်ကြရသည်။ အဆိုးဆုံးဖြစ်ရပ်မှာ ကျောင်းသားများ၊ ကျောင်းတွင်ပြန် အစုအဝေးမခံနိုင်သဖြင့် မြို့နယ်များတွင် စာမေးပွဲဖြေဆိုရခြင်းဖြစ်သည်။

တကယ်ကို ဖြစ်ချင်သလိုဖြစ်ခဲ့ရသောစာပေသင်ကြားမှုကာလများ ဖြစ်သည်။

ထို့အတွက်ကြောင့် အစိုးရသည် တည်ငြိမ်၊ ငြိမ်းချမ်းသောပညာသင်ကြားရေးကို ပြန်တည်ဆောက်ဖို့ကြိုးပမ်းသည့်အနေနှင့် တက္ကသိုလ်များတွင် ညှိနှိုင်းဆွေးနွေးပွဲများ လုပ်တော့သည်။ ထိုစဉ်က ထိုဆွေးနွေးပွဲများကိုခေါ်ဝေါ်သည့်အမည်ကိုတော့ မမှတ်မိတော့။ ပြုလုပ်ပုံကတော့ ပညာရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့ ပါဝင်သောအဖွဲ့ဖြင့် တစ်ကျောင်းချင်း၊ ကျောင်းသားများနှင့် တွေ့ဆုံခြင်းဖြစ်သည်။

ကျောင်းသားများပြောလိုမေးလိုသောစကားများ အမေးများ၊ ပြော၊ မေး၍ ဝန်ကြီးက တစ်ယောက်ချင်း မေးသည်ပြောသည်များကို ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ တက္ကသိုလ်ကျောင်းတိုင်းမှာ လုပ်သည်။ ကျွန်တော်တို့အာရ်အိုင်တီမှာကျတော့ စက်မှုခန်းမ၌လုပ်လည်း စက်မှုခန်းမကြီးတစ်ခုလုံးပြည့်လျှံနေအောင် ကျောင်းသား/ကျောင်းသူများတက်သည်။

ခန်းမစင်မြင့်ပေါ်မှာ ဝန်ကြီးနှင့်အဖွဲ့၊ ပါမောက္ခချုပ်နှင့်ဆရာများထိုင်သည်။ ခန်းမထဲမှာကျောင်းသားကျောင်းသူများထိုင်သည်။ စင်မြင့်ပေါ်မှာ မိုက်ကရိုဖုန်းတစ်လုံး၊ ခန်းမထဲ ကျောင်းသားကျောင်းသူများအလယ်မှာ မိုက်ကရိုဖုန်းတစ်လုံးထားပေးသည်။

ကျွန်တော်မှတ်မိသလောက်၊ ဘာမှကြိုတင်ဇာတ်တိုက်စီစဉ်ထားခြင်းမရှိ။ မည်သူတွေပဲပြောမည်မေးမည်၊ ဘာအကြောင်းအရာပဲ မေးမည်၊ ပြောရမည်စသဖြင့် ကြိုတင်စီစဉ်မထား။ ကျွန်တော်တို့အရွယ်ရောက်လာသောခေတ်ကာလတွင် ပထမဆုံးမြင်ဖူးတွေ့ဖူးသောပွင့်လင်းသည့်တွေ့ဆုံပွဲဖြစ်သည်။ ကျောင်းသားကျောင်းသူများကလည်း လေးလေးစားစားမေး၍ဖြေကြားသူများကလည်း စိတ်ဝင်တစားနှင့် အလေးအနက်ဖြေသည်။

ဘာတွေမေးကြဖြေကြသည်ဆိုသည်ကိုတော့ အသေးစိတ်မမှတ်မိတော့။ မှတ်မိသည့်ကိစ္စက တစ်ခုတည်းရှိသည်။ အလှည့်တစ်လှည့်တွင် စောစောကကျွန်တော်ပြောခဲ့သော ကျွန်တော့်သူငယ်ချင်း၊ မိုက်ကရိုဖုန်းရှေ့ရောက်သွားသည်။

ထုံးစံအတိုင်းဆွေးနွေးမည့်ကျောင်းသားက မိမိအမည်၊ အတန်းစသည်တို့ ပြောရသည်။ သူငယ်ချင်းက ပြောသည်။ ထို့နောက် သူသိချင်သောမေးခွန်းတစ်ခုကိုမေးသည်။

(ထိုမေးခွန်းက ကျွန်တော်သည် စက်မှုပညာရပ်ကိုလွန်စွာစိတ်ဝင်စားပြီး အထွတ်အထိပ်ရောက်အောင်ကြိုးစားချင်၍ စက်မှုတက္ကသိုလ်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရပ်တစ်ခုနှင့်ပတ်သက်၍ ထိပ်ဆုံးဘဝရောက်အောင် ကြိုးစားဖို့ဆိုသည်မှာ ပညာရပ်ကို အတန်းကုန်အောင်သင်ပြီး အလုပ်အကိုင်အနေနှင့် ထိုဘာသာရပ်ဆိုင်ရာ ထိပ်ဆုံးရောက်

အောင်ကြိုးစားရကြောင်း။ ယခုမြန်မာပြည်အခြေအနေနှင့်ဆိုလျှင် စက်မှုပညာရပ်နှင့် ဆိုင်သောအလုပ်အကိုင်၌ထိပ်ဆုံးမှာရှိသည်မှာ စက်မှုဝန်ကြီးပဲဖြစ်ကြောင်း။

အင်ဂျင်နီယာတစ်ယောက်အတွက် သည့်ထက်ပိုမမျှော်လင့်ပါကြောင်း။ ထို့အတွက် ဤရည်မှန်းချက်ပြည့်ဝရန် ယနေ့မြန်မာပြည်အခြေအနေ၌ စက်မှုတက္ကသိုလ်ဆက်တက်ရှုဖြစ်နိုင်မှာလား။ အခြားတက္ကသိုလ်တစ်ခုခုပြောင်းတက်ရမှာလား ဖြေကြားပေးစေလိုကြောင်းဟု အဓိပ္ပာယ်ရသောအမေးဖြစ်သည်။)

ထိုမေးခွန်းအဆုံးမှာ လက်ခုပ်သံတွေညံသွားပြီး ခန်းမတစ်ခုလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။ ထိုအချိန်ထိုကာလမှာ တော်လှန်ရေးကောင်စီအစိုးရမှ ဖွဲ့စည်းပုံအရအုပ်ချုပ်သောအစိုးရအဖြစ်ကူးပြောင်းပြီး ကာလတိုအတွင်း၌ရှိရာ အစိုးရအဖွဲ့ဝင်အချို့ဆိုင်ရာဘာသာရပ်မကျွမ်းကျင်သူများဖြစ်နေခြင်းကို ရည်ညွှန်းလိုက်ပုံရသည်။

ကျွန်တော်ဆိုလျှင် အထူးအံ့ဩသွားသည်။ ကျွန်တော့်သူငယ်ချင်း သည်လောက်ပြောရဲဆိုရဲရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်မှတ်မိ။ ဘယ်ကနေဘယ်လို ဒီလောက်ပြောရဲဆိုရဲသွားသည်မသိဟုလည်း အံ့အားသင့်နေမိသည်။

ထိုအမေးကို ဝန်ကြီးဘယ်လိုဖြေသွားမှန်းလည်းမမှတ်မိပါ။ ကျွန်တော့်သူငယ်ချင်း၏ ထူးခြားမှုကို အံ့အားသင့်နေဆဲမှာပင် အနားကကျောင်းသားတချို့က သူငယ်ချင်းကို ထပ်မမေး၊ ထပ်မပြောဖို့ဝိုင်းဆွဲထားကြသည်။

သို့သော် အခမ်းအနားက ခပ်သွက်သွက်နှင့် ပြီးဆုံးသွားသည်။ လူကြီးများ ကားပေါ်ပြန်တက်ပြီး ကျောင်းဆင်ဝင်အောက်မှ ထွက်ခွာခါနီးမှာ ကျောင်းသားတစ်ယောက် နှစ်ယောက်ကကြွေးကြော်သံများ အော်ဟစ်ဖို့ကြိုးစားသေးသည်ဟု ပြန်ပြောပြကြသည်။

ထိုအနားကိုတော့ ကျွန်တော်မရောက်တော့။ ပြန်ပြောစကားအရ၊ ထိုကျောင်းသားတစ်ယောက်နှစ်ယောက်ကို ပါမောက္ခချုပ်က ဒီလိုမလုပ်ဖို့ ဖက်ပြီးတားသဖြင့် အားလုံးပြန်ငြိမ်နေလိုက်ကြကြောင်းလည်းပြောသည်။ ထိုကိစ္စက တကယ်ပင်ဘာမှမဖြစ်။

ဆွေးနွေးချင်တာ ဆွေးနွေးပါ။ အရေးယူတာမျိုးဘာမှမလုပ်ပါဘူးဟူသော ဝန်ကြီးစကားအတိုင်းပင်၊ ဘာပြဿနာမှမဖြစ်။ သည်အတိုင်း ပြန်ငြိမ်းချမ်းပြီးဆုံးသွားသည်။

ပြဿနာက ၁၉၇၆ ပြဿနာဖြစ်အပြီးမှာ ကျွန်တော်အပါအဝင် ကျောင်းသားတချို့ အထိမ်းသိမ်းအစစ်ဆေးခံရသည်။ ထို့နောက် စစ်မေးပြီးသောအခါ အပြစ်မရှိသော၊ အပြစ်ရှိသည်ဟု သက်သေခိုင်လုံစွာမပြနိုင်သော ကျောင်းသားတချို့ကိုပြန်လွှတ်ပေးသည်။

အပြင်ရောက်မှကြားရသည်မှာ ကျွန်တော်သူငယ်ချင်းလည်း အဖမ်းခံရကြောင်း၊ လွှတ်ပြီးနောက်တောခိုသွားကြောင်းဟူ၍ဖြစ်သည်။ တိတိကျကျကြီးသိတာတော့ မဟုတ်။ ထိုသူငယ်ချင်းနှင့် လုံးဝမဆုံရတော့သည်မှာ ထိုအချိန်ကတည်းက ယခုထိ (၂၀၁၀ အထိ)

ဖြစ်သည်။ တိုင်းရင်းသားအဖွဲ့အစည်းအချို့ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည်။ ငြိမ်းချမ်းရေးအဖွဲ့များလည်း မိမိတို့နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်မှုလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများတရှိန်ထိုးလုပ်ကြသည်။

ထိုအဖွဲ့များမှကိုယ်စားလှယ်များလည်း ရန်ကုန်သို့ ဥဒဟိုရောက်လာကြသည်။

အခြားသူငယ်ချင်းတစ်ယောက်ထံမှကြားရသည်မှာ ကျွန်တော့်သူငယ်ချင်း ရန်ကုန်နှင့်မိုင် ၉၀လောက်အကွာက တောသားလူရိုးလေးမှာ ငြိမ်းချမ်းရေးအဖွဲ့ကြီးတစ်ခုတွင် ဧရာမရာထူးကြီးတစ်ခု ရယူတာဝန်ထမ်းဆောင်နေကြောင်း။ ရန်ကုန်သို့ ကိုယ်စားလှယ်အဖြစ်လာရောက်နေကြောင်းပြောပြသည်။ သူနှင့်တော့ ခုထိမဆုံဖြစ်သေး။

ကျောင်းတက်သည့် ၁၉၇၁ ကစရေတွက်လျှင် ကြာခဲ့ပြီဖြစ်သော ကာလသည် နှစ် ၄၀ ခန့် ရှိသည်။ မနေ့ကနှင့်သည်နေ့ ပေါင်းကြည့်လျှင် လောကသည် အလွန်တရာမှ အံ့သြဖွယ်ကောင်းလှကြောင်း သံဝေဂရ၏။

× × ×

အေးချမ်းသောပညာသင်ကာလများက ပညာသင်ကြားရခြင်းသည် အလွန်တန်ဖိုးရှိလှကြောင်းတင်ပြလိုပါသေးသည်။ ကျွန်တော်တို့ကျောင်းကိုရောက်စက သည့်အရင်က ကျောင်းကို ဧည့်သည်အဖြစ်နှင့် ဖြတ်သွားဖြတ်လာရောက်ရှိခြင်းမဟုတ်ဘဲ နယ်မြေဒေသသားအဖြစ် ထဲထဲဝင်ဝင်ရောက်လာခြင်းဖြစ်သည်မို့ အံ့သြစရာတွေ ထပ်ဆင့် ဆင့်ကဲနေသည်။

ဟိုးရှေ့မှာကျွန်တော်ပြောခဲ့သလို စာသင်ခန်း သီရေတာတစ်ခုထဲမှာ မီးချောင်းပေါင်း ၂၀၀ ကျော်ရှိနေခဲ့သည်။ ၄ ပေ × ၁၆ ပေလောက်ရှိသည့် ဘလက်ဘုတ် ကျောက်သင်ပုန်းကြီးတွေကလည်း အထက်အောက် နှစ်ထပ်အတင်အချပြုလုပ်၍ရသည်။

စာသင်ဆရာစားပွဲပေါ်တွင် ဘေစင်လက်ဆေးခွက်နှင့်ဘာနှင့်။ ကျွန်တော်တို့တော့မမီလိုက်တော့၊ ရှေ့လူများပြောစကားအရ အရင်က ဆရာစာသင်လျှင် မိုက်ကရိုဖုန်းနှင့်သင်သည်ဟုဆိုသည်။ ထိုမိုက်ကရိုဖုန်းသည် စာသင်ခန်းထဲ၌သာ လုံလောက်စွာကြားရသည်မဟုတ်၊ ဟိုးအဆောင်များမှနေ၊ ဆေးရုံအခန်းများမှနေ၊ နေမကောင်း ထိုင်မကောင်းသဖြင့် အတန်းထဲမလာနိုင်သူများကလည်း နားကြပ်ဖြင့်ပလပ်ထိုး၍ ကြားနိုင်သည်ဟုဆိုသည်။

ထိုပြင်နောင်ကာလများ၌ ဘည်လိုပြန်ဖြစ်တာ မမြင်ဖူးတော့သဖြင့် တသက်လုံး ကျွန်တော်အံ့သြမဆုံးရှိနေ[illegible]လက်တွေ့ခန်း၊ ဓာတ်ခွဲခန်းများဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်လောက်အထိ အဆိုပါလက်တွေ့ခန်း၊ ဓာတ်ခွဲခန်းများကို

အချိန်ဇယားအတိုင်း ပြည့်ပြည့်ဝဝ ကျွန်တော်တို့ဝင်ရသည်။ ပထမနှစ်၊ ဒုတိယနှစ်များတွင် ရုပဗေဒ၊ ဓာတုဗေဒ၊ ပုံဆွဲ၊ အလုပ်ရုံ၊ မြေတိုင်းစသည့် ဘာသာရပ်များ၌ လက်တွေ့လုပ်ကိုင်ရသည်။ အလုပ်ရုံတွင် ပန်းပဲ၊ လက်သမား၊ ဖစ်တင်၊ စက်(တွင်ခုံ) စသည့် ဘာသာရပ်များရှိ၏။

[သရုပ်ပြမဂ္ဂဇင်း – အတွဲ (၂)၊ အမှတ် (၆)]

၂၀၀၀ ဇွန်လ

× × ×

၈။

နောင်အခါတွင် ဤသို့ပြန်ဖြစ်လာသည်ကို မမြင်ရတော့သဖြင့် ကျွန်တော်တို့ စက်မှုတက္ကသိုလ်မှဓာတ်ခွဲခန်းများ လက်တွေ့ခန်းများကို အံ့ဩမဆုံးရှိခဲ့သည်ဟု ကျွန်တော်ရေးမှာဆိုခဲ့သည်။

စင်စစ် ထိုကာလများသည်လည်း ငြိမ်းချမ်းစွာ ပညာသင်ကြားရာကာလ ၁၉၇၁ မှ ၁၉၇၄အတွင်းသာ ကြုံခဲ့ရခြင်းဖြစ်သည်။

ပထမနှစ်ကတည်းက မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ စသဖြင့် အဓိကဘာသာရပ်များ ခွဲပြီးသားဖြစ်နေသော်လည်း ယင်းပထမနှစ်၊ ဒုတိယနှစ်များတွင် သင်ကြားရသော ဘာသာရပ်များကား အတူတူပင်ဖြစ်သည်။

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရုပဗေဒ၊ ဓာတုဗေဒ၊ ပုံဆွဲ၊ မြေတိုင်း ဘာသာရပ်များ သင်ရသည်။ မြေတိုင်း၊ ပုံဆွဲလက်တွေ့များအပြင်၊ အလုပ်ရုံလက်တွေ့ကိုလည်း ဘာသာရပ်တစ်ခုအနေနှင့် သင်ရသည်။

မြေတိုင်းတွင် သီအိုဒိုလိုက်ကိရိယာများသုံး၍ မြေပြင်အနိမ့်အမြင့်တိုင်းထွာ၊ တွက်ချက်၊ မြေပုံရေးဆွဲခြင်းလုပ်ငန်းများပါဝင်သည်။ အလုပ်ရုံဘာသာရပ်တွင် ပန်းပဲ၊ လက်သမား၊ စက်၊ ဖစ်တင်စသည်တို့ လက်တွေ့သင်ရသည်။

လက်တွေ့ဆိုသည်မှာ တကယ်လက်တွေ့ဖြစ်၏။

ဆရာတစ်ယောက် သို့မဟုတ် ဆရာမတစ်ယောက် လုပ်ပြသည်ကို သင်တန်းသား ၁၀ ယောက်၊ အယောက် ၂၀၊ ၃၀၊ ၄၀ တို့က ဝိုင်းကြည့်၊ စာအုပ်ကလေးတွေနှင့် လိုက်မှတ်ရသော လက်တွေ့မျိုးမဟုတ်။

ရူပ၊ ဓာတုတို့ဆီက ဓာတ်ခွဲခန်း လက်တွေ့ကျောကျော မော့မော့ လုပ်ရတာမျိုးတွေပင်မက။

ပန်းပဲ၊ လက်သမား စသော ဝပ်ရှော့ (အလုပ်ရုံ) သင်တန်း။ လက်တွေ့စခန်းများမှာ တကယ့်လက်တွေ့တွေဖြစ်သည်။

ပန်းပဲမှာဆိုလျှင်၊ မီးခဲတရဲရဲ မီးဖို (ပန်းပဲဖို)တွင် သံတုံးလေးတွေ မီးဖုတ်၊ နီရဲလာသောအခါ။ ညှပ်နှင့်ကိုင်၍ ပေပေါ်တင် ကျန်လက်တဖက်တွင် တူကိုင်၍ သံတုံးလေး ပုံပေါ်အောင် ထုနက်ရသည်။



ကျဘမ်းထုရိုက်ရသည်မဟုတ်။ သတ်မှတ်ထားသော ပုံစံအတိအကျ ရအောင် ထုရိုက်ရခြင်းဖြစ်သည်။ စင်တီမီတာ၊ လက်မ အတိအကျ ဖြစ်ရသည်။ ထောင့်ချိုး ထောင့်ကွက် ဒီဂရီကိုက်ရသည်။

ယောက်ျားလေးတွေက လုပ်ပြီး မိန်းကလေးတွေက ထိုင်ကြည့်ရတာမျိုးလည်း မဟုတ်။ ယောက်ျားလေး၊ မိန်းကလေးအားလုံး အဆင့်အတန်းမရွေး ပန်းပဲဖိုတွေနှင့် တူတွေ ပေတွေနှင့် ချွေးတလုံးလုံး ထုရိုက်လက်တွေ့ဆင်းရတာဖြစ်သည်။

အတန်းမှာ လူ ၁၀၀၊ ၁၂၀ ရှိလျှင် ပုံစံကျ သံတုံးလေးတွေ ၁၀၀၊ ၁၂၀ ထွက်သည်။

လက်သမားဆိုလျှင်လည်း သစ်သားချောင်း အကြမ်းကနေစလိုက်သည် ဖြင့်မှာ တိုင်းထွာ၊ ကျင်တွယ်ဖမ်း။ ရွေဘော်ထိုး။ ဆောက်ဖြင့်ထွင်းဖောက်၊ ဖြတ်တောက်၊ ကွေးစွတ်၊ သေသပ်တိကျနေအောင် သတ်မှတ်သည့်ပုံစံရအောင် လုပ်ရသည်ပဲဖြစ်သည်။

ဖစ်တင်ဆိုလည်း ဒီအတိုင်းပင် သံတုံးတစ်တုံးကို တံဖိုင်းတိုက်၊ စို့တို့ ဆောက်တို့ဖြင့် အစိမ်းလိုက်ဖြတ်တောက်၊ ခုတ်ထစ်၊ ချောမွေ့ အသုံးတည့်အောင်လုပ်ရသည်။ မရှင်း(စက်)ဆိုလျှင်လည်း တွင်ခုံကြီးများအသုံးပြု၍ စက်ပစ္စည်းပုံစံငယ်များ တကယ်ဖြစ်အောင်လုပ်ရသည်။ ဒါတွေမှာ သွားခိုမိ၍ ဝပ်ရှော့ဘာသာဖြင့် စာမေးပွဲကျရသူတွေရှိသည်။

ဟုတ်ပါသည်။ ဝပ်ရှော့ (အလုပ်ရုံ) လက်တွေ့ဘာသာသည် ရေမြေမရှိသော လက်တွေ့သက်သက်ဘာသာဖြစ်ပါသည်။ တစ်ပတ်တစ်ခါ လက်တွေ့လုပ်၍ သင်ကြားလေ့ကျင့်ပြီး နှစ်ကုန်သောအခါ စာမေးပွဲဖြေရသည်။ စာမေးပွဲဆိုသည်မှာ ကျောင်းသားကျောင်းသူတစ်ဦးချင်း ပန်းပဲ၊ လက်သမား စသဖြင့်ဘာသာခွဲအလိုက် လုပ်ငန်းတိုင်းမှာ လက်တွေ့လုပ်ပြရခြင်းဖြစ်သည်။ ဝပ်ရှော့ကျလျှင် စာမေးပွဲလည်းကျ၏။

× × ×

R.I.T ခေါ် ရန်ကုန်စက်မှုတက္ကသိုလ်ကြီး၏ အထင်ကရ အဆောက်အဦးလဂေါ်တကြီးမှာ Building One ခေါ် အဆောင်တစ် ပေါ်တီကိုတိုင်လုံးကြီးများနှင့် ရောမတိုင်လုံး အမိုးကြီးနှင့် အဆောက်အဦးကြီးဖြစ်သည်။

ထိုပင်မဆောင်ကြီးတွင် ပါမောက္ခချုပ်၊ မော်ကွန်းထိန်းနှင့် ကျောင်းသားရေးရာ၊ ရုံးခန်းများရှိသည်။ မြေညီထပ်၊ ကျောင်းတွင်းဝင်သွားလျှင် ဝင်သွားသူ၏ လက်ဝဲဘက်မှာရုံးခန်းများဖြစ်သည်။ လက်ယာဘက် မြေညီထပ်မှာ စာကြည့်တိုက်ဖြစ်သည်။

ထိုမျက်နှာစာတန်း အလယ်ထပ်မှာ စက်မှုခန်းမဖြစ်၍ အပေါ်ဆုံးထပ်မှာ L.C.R ခေါ် ကျောင်းသူများ နားနေခန်းပေ။ မျက်နှာစာတန်း၏ မြောက်ဘက်မှာ ဘေးနှစ်ဖက်သာ အခန်းများရှိ၍ အလယ်က ကွက်လပ်ကျယ်ကြီး ချန်ထားသည်။ ထိုကွက်လပ်တွင် မြက်ခင်းပြင်နှင့် လမ်းများရှိသည်။ ကျွန်တော်တို့ မမီဖူးလိုက်၊ မမြင်ဖူးလိုက်သော်လည်း ထိုမြက်ခင်းပြင်တွင် စက်မှုတက္ကသိုလ်၏ ဘွဲ့နှင်းသဘင် နှစ်စဉ်ပြုလုပ်ခဲ့သည်ဟုဆိုသည်။

စက်မှုတက္ကသိုလ်ဟုဆိုလိုက်သည်နှင့် အရင်ဆုံး မျက်လုံးထဲမှာ အမှတ်ရမိသည်မှာ ထိုတိုင်လုံးများနှင့် ရောမပုံ အမိုးကြီးပါသော ပေါ်တီကိုကြီးဖြစ်သလို နောက်တစ်ခု အမှတ်ရစရာမှာ ကော်ရစ်ဒါအမိုးများတွင် ရှိနေသော နာရီများဖြစ်သည်။

ရန်ကုန်ဘူတာကြီးကလို ရောမနာရီကြီးများ အာရ်အိုင်တီတွင်အဆောင်တိုင်း၏ ကော်ရစ်ဒါ တိုင်းတွင်ရှိသည်။အာရ်အိုင်တီတွင် ကျောင်းလာရင်း၊ကျောင်းတက်ရင်း အချိန်မသိ၍ တစ်ခုခု ဖြစ်တာမျိုး ဆုံးရှုံးတာမျိုးမရှိ။အဆောင်တိုင်း၊ကော်ရစ်ဒါ စကြံတိုင်းမှာဖြစ်သည်။

နောက်တစ်ခုက အဆောက်အဦးတိုင်း၏ ထောင့်ချိုးတိုင်းတွင် အိမ်သာရှိသည်။ အိမ်သာက တစ်လုံးချင်းမျိုးမဟုတ်။ အခန်းကျယ်မှာ အတွင်း၌ လေးငါးခြောက်ခန်းရှိသော အိမ်သာမျိုးဖြစ်၏။ အဆောင်တစ်၏ အပေါ်ထပ်ညာဘက်ခြမ်းမှာ ဓာတုဗေဒလက်တွေ့ ခန်းများရှိသည်။ ဝဲရှောဘက်သို့သွားသော မြောက်ဘက်အဆောင်များမှာ ရူပဗေဒ လက်တွေ့ခန်းများ လျှပ်စစ်အင်ဂျင်နီယာလက်တွေ့ခန်းများ ဖြစ်သည်။

လက်တွေ့ခန်းများ အကြောင်းပြောလျှင် ရူပဗေဒနှင့် ဓာတုဗေဒဓာတ်ခွဲလက်တွေ့ခန်းများအကြောင်း ချန်ထား၍မဖြစ်။ သိပ္ပံဘာသာရပ်များသင်ကြားရာတွင် စာတွေ့သက်သက်ထက် လက်တွေ့နှင့်တွဲဘက်သင်ကြားရာတွင် ပို၍ထက်မြက် ထိရောက်ကြောင်း ပြောပြလို၍ ဖြစ်၏။ အထူးသဖြင့် ဓာတုဗေဒဘာသာရပ်မှာ ကျွန်တော့်ကိုယ်တွေ့ပင်။

ဆယ်တန်းတုန်းက လိုသလောက်အမှတ်မပြည့်ခဲ့သော အားနည်းချက်များတွင် ရှေ့က ကျွန်တော်ဖော်ပြခဲ့သောကိစ္စများအပြင် ဓာတုဗေဒဘာသာမှာ ဂုဏ်ထူးမှတ်ရအောင် မဖြေနိုင်ခဲ့ခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်၏။

ဆယ်တန်းမှာ ကျွန်တော်ဟဲကျူရှင်နှစ်ခုတက်ခဲ့သည်။ ကျွန်တော်တို့ခေတ်မှာ ကျူရှင်တွေ အများအပြားနှင့် ဘာသာစုံသင်တန်းကြီးတွေ မပေါ်ပေါက်သေးသော်လည်း တစ်ဘာသာချင်း အလွန်နာမည်ကြီးသော ကျူရှင်တွေ ပေါ်နေပြီဖြစ်သည်။

ကျွန်တော်က အင်္ဂလိပ်စာကို မစ်ရှင်ကျောင်းမှသင်လာခဲ့သူမို့ တက္ကသိုလ်ရောက်သည်အထိ အင်္ဂလိပ်စာကို ဘာကျူရှင်မှမယူ။ ကျွန်တော် သင်္ချာနှင့် ရူပဗေဒကို ထိုစဉ်က သင်္ချာနာမည်ကြီး ဆရာဦးသာနှင့် ရူပဗေဒနာမည်ကြီး ဦးအောင်ဖေညွှန့်ကျူရှင်မှာ ယူသည်။

ဓာတုဗေဒကိုတော့ ကျောင်းကဆရာမ အသင်ကောင်းသဖြင့် ယူစရာမလိုဟုထင်ကာ မယူခဲ့။ ထိုဆရာမက ကယ်မစ်စတြီနှင့်ဘိုင်အိုနှစ်ခု သင်သည်။ ထိုဆရာမ အသင်ကောင်းသဖြင့် ဘိုင်အိုမှာ ကိုးတန်းနှင့်ဆယ်တန်း နှစ်စပိုင်းသင်တာနှင့်ပင် ကျွန်တော်ဂုဏ်ထူးရအောင် ဖြေနိုင်ခဲ့သည်။ ဓာတုဗေဒမှာလည်း ထိုအပိုင်းတွေက နားလည်သား။ ရသား။

ဆယ်တန်းနှစ်စကျော်ကျော်လောက်မှာ ဆရာမက မီးဖွားခွင့်ယူသည်။ ဓာတုဗေဒ၏ တကယ်အရေးကြီးပြီး အမှတ်ယူရသော အပိုင်းတွေမှာ ကျွန်တော်တို့ ဆရာ မရှိတော့။ ကျွန်တော်မှတ်မိသလောက် တိုက်ခြေးရှင်း မသိဆားရှာဖွေခြင်း Unknown Salt ခေတ်ပေါ်ဓာတုဗေဒတို့ဖြစ်သည်။ အမှတ်(၁၆)မှတ် အပြည့်ရသော မေးခွန်း(၃)ခုစာ အခန်းများ။ ထိုအခန်းများမှာ ခေတ်ပေါ်မှအပ ကျန်နှစ်ခန်းသည် လက်တွေ့ခန်းကိစ္စများချည်းဖြစ်သည်။

ကျွန်တော်တို့ အထက(၂) အင်းစိန်တွင် ဓာတ်ခွဲခန်းရှိသည်။ သို့သော် ပစ္စည်းမပြည့်စုံ၊ သင်သည့်ဆရာမရှိ၊ ကိုယ့်ဖာသာ ဖတ်တော့လည်း ဘယ်လိုမှနားမလည်၊ ဘာတွေမှန်းကိုမသိ။ အတိုချုပ်ပြောရလျှင် ဓာတုဗေဒ၌ ထိုသုံးခန်း သုံးပုဒ်ကို မပိုင်သဖြင့် အမှတ်(၆၀) ကျော်ပဲ ရသည်။ ဂုဏ်ထူးမထွက်။

စက်မှုတက္ကသိုလ် ပထမနှစ်ရောက်တော့ ဒီအခန်းတွေပဲ ပြန်သင်ရသည်။ ပိုခက်လာသလို လက်တွေ့မှာလည်း တကယ်လုပ်ပြီးသင်ရသည်။ တိုက်ခြေးရှင်းမှာ အက်ဆစ်နှင့်ဗေ့စ်ကို ဓာတ်ခွဲခန်းထဲမှာ ပီပက်၊ ဗျူရက် စသောကိရိယာများသုံး၍ ဓာတ်ပြယ်နိုင်းပြီး တွက်ချက်ရသည်ဖြစ်ရာ လက်တွေ့ခန်းမှာ လက်တွေ့မျက်တွေ့သင်ရသောအခါ ဓာတ်ပြယ်ခြင်းဆိုသည့် တိုက်ခြေးရှင်းမှာ သိပ်လွယ်သောကိစ္စအဖြစ်တွေ့ရသည်။ အရမ်း နားလည်သွားသည်။

အလားတူ "မသိဆား" ရှာရသည်မှာလည်း လက်တွေ့ခန်းကျတော့ အတော့်ကို ချောမောပြေပြစ်နေသည်။ ထိုအချိန်က စက်မှုတက္ကသိုလ်၏ ဓာတ်ခွဲခန်းများသည် လိုအပ်သော ပစ္စည်းကိရိယာနှင့် ဓာတုဗေဒပစ္စည်းများ အလျှံပါယ်ပြည့်စုံသည်။

ကျွန်တော်မှတ်မိသလောက် ထိုလက်တွေ့ခန်းများနှင့်ယှဉ်ပါးစပြေသည့်အချိန်မှာပင်

ထိုအပိုင်းတွေကို ကျွန်တော်အရည်ကျိုသောက်ထားသလို ဖြစ်နေပြီ။

မဖြစ်စရာလည်းမရှိ။ သည်တက္ကသိုလ်သင်ကြားရေးစနစ်တွေကို ကျွန်တော်တစ်ယောက်တည်းသဘောနှင့် အတော်လေးသဘောကျသည်။ အခြားတက္ကသိုလ်များနှင့် နှိုင်းယှဉ်တာမဟုတ်ပါ။ ကျွန်သည့်ကျောင်းများတွင် ထိုအချိန်က မည်သို့သင်ကြားနေမှန်းလည်း ကျွန်တော်မသိပါ။

ကျွန်တော်ကြုံဖူးသမျှထဲမှာ အကောင်းဆုံးဖြစ်နေတာကိုသာ ပြောခြင်းဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော် သင်ခဲ့ရသော ဘာသာရပ်များတွင် ဓာတုနှင့်ရူပကို သိပ်သဘောကျသည်။ ဆရာများကလည်း ကျွန်တော်တို့ ပထမနှစ်သင်တန်းများကို ဌာနမှူးတွေ ပီအိတ်ချ်ဒီ ဒေါက်တာတွေဆင်းသင်သည်။ ဓာတုဗေဒမှာ ဒေါက်တာမြတ်သာ၊ ရူပဗေဒမှာ ဆရာဦးလှမ်းမိုးတို့ကိုယ်တိုင်သင်သည်။

ဆယ်တန်းတုန်းက ဘယ်လိုမှ နားမလည်နိုင်အောင် ခက်ခဲသော ဓေပ်ဓေပ် ဓာတုဗေဒ အပိုင်းသည် ဆရာဦးမြတ်သာ၏ သင်ကြားမှုအောက်မှာ ဂလေးကစားစရာဖြစ်နေသည်။ ဘာမှမည်မည်ရရကို အခက်အခဲမရှိလှဘဲ ပတမနှစ်မှာ ကျွန်တော်ဓာတုဗေဒဂုဏ်ထူးထွက်သည်။

ပြောချင်တာကတော့ သိပ္ပံပညာသင်ကြားမှုမှာ ဆရာနှင့်လက်တွေ့ နှစ်မျိုးလုံးကောင်းဖို့သိပ်အရေးကြီးသည်။ သည်နှစ်ခု အချိုးညီညီပြည့်စုံလျှင် တပည့်များ သိပ်သက်သက်သာသာနှင့် အခြေခံကစပြီး ပိုင်နိုင်သည်။ ထို တပည့်များ ဆရာဖြစ်၍ ပြန်သင်ပြလျှင်လည်း သူ့တပည့်များ သူ့လိုပိုင်နိုင်ကြမည်။

အဲ လက်တွေ့ခန်းများ စည်းစနစ်ကျ၍ ပြည့်စုံလုံလောက်နေဖို့အတွက်တော့ တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေ ပညာရေးစနစ်တို့နှင့် ဆိုင်မည်ထင်သည်။

စက်မှုတက္ကသိုလ်မှာ ဓာတု၊ ရူပလက်တွေ့ခန်းများ လေးငါးခန်းမက ရှိသည်။ အခန်းတစ်ခန်းမှာ လူ ငါးဆယ်၊ တစ်ရာ တစ်ပြိုင်တည်းလုပ်နိုင်သည်။ ပစ္စည်းမရှိ၍စောင့်နေရတာမျိုး၊ လူအများကြီးအတွက်မှ ပစ္စည်းတစ်စုံ ရှိတာမျိုးမဟုတ်။ သင်ပေးမည့် သရုပ်ပြဆရာများလည်း ပြည့်စုံသည်။ တစ်ဦးချင်းကိရိယာများ ကိုင်တွယ်နိုင်ရန် လုံလောက်သည်။

ဓာတ်ခွဲခန်းသုံးကိရိယာများဖြစ်သော စမ်းသပ်ဖန်ပြွန်၊ ဖန်အိုးဖန်ခွက်၊ ဗျူရက်၊ ပီပက်၊ ချိန်ခွင် စသည်များ ဓာတ်ခွဲပစ္စည်းများဖြစ်သော အက်ဆစ်၊ ဗေ့စ်၊ ဓာတ်ဆားမျိုးစုံ၊ ဓာတ်ကူပစ္စည်းမျိုးစုံ၊ ဓာတ်ငွေ့ မီးခွက်၊ လစ်တမတ် စက္ကူကအစ ကုန်နေလို့ မလုပ်လိုက်ရတာမျိုး မလောက်သဖြင့် ထိုင်ကြည့်လိုက်ရတာမျိုး မရှိ။

ဘာကြောင့် ဒီအကြောင်း တကူးတကနှင့် အလွန်တရာအမွှမ်းတင်ရသလဲဟု မေးလျှင် ထိုအတိုင်းခုလည်းဖြစ်နေစေချင်၍ဖြစ်သည်။ စက်မှုတက္ကသိုလ်တစ်ခုတည်း မဟုတ်။

ယနေ့ခေတ်ကာလ များပြားလှသော တက္ကသိုလ်တိုင်း၊ ကျောင်းတိုင်းမှာ ပြည့်စုံစေချင်သည်။ အထူးသဖြင့် သင်ကြားမှု အထောက်အကူပစ္စည်းများနှင့် ဆရာများကို ဆထက်တန်ပိုးပြည့်စုံစေချင်သည်။ တကယ်ပြည့်စုံမှ တကယ်တတ်သော ကျောင်းဆင်းဘွဲ့ရများ ရရှိလာမည်ဖြစ်၏။

× × ×

အမှန်တကယ် "တက္ကသိုလ်" ဆိုသည့်ဝေါဟာရ၏ အတိမ်အနက်က ကြီးမားပါသည်။ ကျယ်ပြန့်ပါသည်။

ကျွန်တော် လေ့လာမိသလောက် ဟိုးရှေးပဝေသဏီက တက္ကသီလာ သို့မဟုတ် တက္ကသိုလ်သည် "ပြည်"ဟု ခေါ်ဝေါ်သော တိုင်းပြည်တစ်ခု၏ အသွင်သဏ္ဌာန်ရှိ၏။ တက္ကသိုလ်ပြည်ဟု သုံးနှုန်းသည်ကို တွေ့ရှုသည်။ ထိုတက္ကသိုလ်ပြည်ကို ဘုရင်များက မအုပ်ချုပ်ဘဲ ဒိသာပါမောက္ခဆရာကြီးက အုပ်ချုပ်သည်။ အတိုင်းတိုင်းအပြည်ပြည်မှ မင်းညီမင်းသားများ တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့်သူများ လာရောက်စုဝေးပညာသင် ကြားရသည်။

သို့အတွက် ဘုရင်တစ်ပါးလက်အောက် ဝင်ရောက်ပညာသင်ရခြင်းကို မပြုလိုဘဲ ဒိသာပါမောက္ခ အုပ်ချုပ်မှုအောက်မှာသာ ပညာသင်ကြားခြင်းဖြစ်သည်ဟု ထင်သည်။ မည်သည့်ဩဇာအာဏာကြီးမားသည့် ကောရာဇ်မှ၊ ရာဇာမှ တက္ကသိုလ်နယ်မြေ၊ တက္ကသိုလ်ပြည်၏ ဖွဲ့စည်းပုံနှင့် စည်းကမ်းနှင့် သင်ကြားမှုစနစ်ကို ဝင်ရောက်မစွက်ဖက်ကြ။

တက္ကသိုလ်၏အဋ္ဌာရသ (၁၈)ရပ်သောပညာကိုသာ ရယူသင်ကြားလိုစိတ်ရှိသည်။ ထိုက်သင့်သောရိက္ခာ၊ ထောက်ပံ့မှုပေး၍ ပညာသင်ကြားသည်။

လူ့လောက၌ လိုအပ်သောပညာရပ်အားလုံးကို တက္ကသိုလ်မှာ သင်ယူနိုင်သည်။ ထို့ပြင် ထိုပညာရပ်များ၌ ပေမီဒေါက်မီအဆင့်သာမက ပါရဂူမြောက်ထူးချွန် အောင်လည်း ကြိုးစားနိုင်သည်။ ထို့ပြင် အတိုင်းတိုင်းအပြည်ပြည်မှ ဘုရင်လောင်းများ၊ မှူးမတ်လောင်းများ၊ စစ်သူကြီးလောင်းများ၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားလောင်းများ၊ တိုင်းပြည်အသီးသီး၏ အရေးပါသော တာဝန်အသီးသီးကို ကျောင်းပြီးသည်နှင့် ထမ်းဆောင်လုပ်ကိုင်ကြမည့်သူများ လွတ်လပ်စွာရင်းနှီးခွင့်ရသည်။

ဘာအဆင့်အတန်းကန့်သတ်ချက်၊ နယ်နိမိတ်မှမရှိဘဲ သူငယ်ချင်း၊ ရောင်းရင်း၊ မိတ်ဆွေ ဖြစ်ခွင့်ရသည်။ သူတို့၏ အနာဂတ်စိတ်ကူးများကို လွတ်လပ်စွာတွေးတော၍ ရင်းနှီးစွာ အမြင်ဖလှယ်ခွင့်ရသည်။ အမြင်တူညီလျှင် အနာဂတ် စိတ်ကူးချင်းနီးစပ်လျှင် တချိန်ကျဘာလုပ်မည်၊ ဘာကိုင်မည်စသည်ဖြင့် ကြိုတင်ကတိကဝတ်ပြု ချိန်းချက်ထားနိုင်သည်။

ယနေ့ခေတ် ကမ္ဘာကျော်တက္ကသိုလ်များ၌လည်း အာရပ်စော်ဘွားသားနှင့် အစ္စရေး

ဝန်ကြီးချုပ်၊ သမ္မတသားတို့ ခင်မင်ရင်းနှီးနိုင်သည်။ မိမိတို့၏ ပြည်တွင်းရေး၊ နိုင်ငံရေးကိစ္စများကို မိမိနိုင်ငံပြန်ရောက်သည့်အချိန်နှင့် အခြားကိုယ်ပိုင်အချိန်တို့မှာသာ စိတ်ဝင်စား၍ ကျောင်းပရဝုဏ်အတွင်းမှာ မိမိတို့စိတ်ဝင်စားရာပညာကို သင်ယူကြသည်။

မည်သည့်အရာမဆို ခြွင်းချက်တစ်ခုနှစ်ခုစသဖြင့် ရှိကောင်းရှိနေနိုင်သော်လည်း ယေဘုယျအမှန်တရားကတော့ သည်အတိုင်းပဲရှိသည်။ တက္ကသိုလ်နယ်မြေမှာ ဗိသာပါမောက္ခဆရာကြီးသည် ပညာညှံ့နေသော၊ စည်းကမ်းပျက်နေသော၊ သီလကျိုးနေသော ဘုရင့်သားတော်သမီးတော်များကို ရိုက်နှက်သည်အထိ ဆုံးမနိုင်သည်။

သို့အတွက် ဖြစ်နိုင်လျှင် တက္ကသိုလ်နယ်မြေတွင်းသို့ မည်သည့်နိုင်ငံရေးမှ ယူမလာစေချင်။ ဝင်၍နေရာယူဖို့ မကြိုးစားစေချင်။ တက္ကသိုလ်နယ်မြေမှာ ပညာနံ့နှင့် ကဲ့ကော်နံ့လေးတွေမှအပ တခြားဘာရနံ့မှ ဝင်မရောစေချင်။

တက္ကသိုလ်နယ်မြေသည် ငြိမ်းချမ်းသောနယ်မြေသာ ဖြစ်စေချင်၏။

× × ×

အတော်အတန်ငြိမ်းချမ်းစွာ ပညာသင်ကြားခဲ့ရသောကာလက ကျွန်တော်တို့စက်မှု တက္ကသိုလ်သည် အတော်ပြည့်စုံသော ပညာနယ်မြေဖြစ်ကြောင်း ပြောခဲ့ပြီးပြီ။

အခြား တက္ကသိုလ်များမှာလည်း သူနည်းနှင့်သူ ပြည့်စုံနေကြမည်ဖြစ်ပါသည်။ ပြည့်စုံနေတုန်းက ထိုပြည့်စုံခြင်းကို တန်ဖိုးထားရကောင်းမှန်းမသိပဲ နောင်အခါ ထိုအရာများ ကွယ်ပျောက်လုဖြစ်ကုန်တော့မှ နှမြောတသရသည်။

ကျွန်တော် မှတ်မိသလောက် ပြန်လွမ်းဆွတ်ရလျှင် ကျွန်တော်တို့ကျောင်း၌ လုံလောက်သောနယ်မြေ ပရဝုဏ်အကျယ်အဝန်း။ အဆောက်အဦး။ လမ်းပမ်း။ စားသောက်တန်း။ ဥယျာဉ်အားကစားကွင်း။ ဆရာများနေအိမ်၊ ကျောင်းသားကျောင်းသူများ အဆောင်၊ ဆေးရုံ၊ စာအုပ်ဆိုင်၊ စာကြည့်တိုက်၊ စာသင်ခန်း။ ဓာတ်ခွဲခန်း။ လက်တွေ့ခန်း။ အမှတ်တရတမ်းတဖွယ် စွယ်တော်ပန်း စသည်ဖြင့် အစစပြည့်စုံသည်။

အားကစားကွင်းနှင့် အားကစားရုံ၊ အားကစားလေ့ကျင့်ကွင်းတို့တွင် သက်ဆိုင်ရာလိုအပ်သောပစ္စည်းပစ္စယများ ပြည့်စုံသည်။ မပြည့်စုံသေးလျှင် ပြည့်စုံအောင် ဖြည့်တင်းပေးသည်။ ဆေးရုံရှိ၍ ဆေးရုံတွင် ဆရာဝန်၊ သူနာပြု၊ ဆေးဝါး၊ ခုတင်မွေ့ယာ၊ ဆေးကုကိရိယာ အစုံအလင်ရှိသည်။ ကျောင်းသား ကျောင်းသူတိုင်း၊ ဆရာဆရာမတိုင်း၊ ဝန်ထမ်းတိုင်း ဆေးကုသခွင့်လည်း ရှိသည်။

အနုပညာအသင်းရှိသည်။ အသင်းတွင် ဆိုင်းဝိုင်းရှိသည်။ ပတ္တလားရှိသည်။ နဲ၊ မုံ၊ မောင်း၊ စည်း၊ ဝါး အကုန်ရှိသည်။ စန္ဒရားရှိသည်။ ဒရမ်ဆက်ရှိသည်။ ဂီတာရှိသည်။ တီး

တက်မှတ်တက်၊ ကတတ်ဆိုတတ်၊ ဟာသပြုတတ်၊ ကြမ်းရမ်းသရုပ်ဆောင်တတ်သူများ။ အနယ်နယ်ကစုဝေးရောက်လာသလို အကုန်ပြည့်စုံစွာရှိသည်။ မတတ်လျှင် သင်ပေးမည့်သူများရှိသည်။ တတ်လျှင်နေရာပေး မြှောက်စားမည့်သူများရှိသည်။

ကျောင်းကထွက်လာသော အတတ်ပညာရှင်၊ အနုပညာရှင်များသည် ကျောင်းအရိပ်မှမလွတ်ခင်ကပင် ပေမီဒေါက်မီများဖြစ်နေပြီ။ အပြင်လောကသို့ လှမ်းထွက်၍ရင်ဘောင်တန်းနိုင်သည်။ တချို့ အပြင်ကလူတွေထက်ပင် သာသည်။

ကျောင်းပုရဝုဏ်ထဲမှာ အဖက်ဖက်ကပို၍ ပြည့်စုံလာပြီးလျှင် အပြင်လောက၌ ထွက်စွာနိုင်သော ပညာရှင်၊ ရုပ်ရှင်၊ ဂီတ၊ စာပေ၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံအနုပညာရှင်၊ ဇာတ်သဘင်အနုပညာရှင်၊ အားကစားလက်ရွေးစင်၊ စီးပွားရေးလုပ်ငန်းရှင်တို့အများအပြားရှိသည်။

နောက်ပိုင်း ရဟန်းဘောင်သို့ဝင်သွားပြီး သာသနာရေးဆိုင်ရာကိစ္စများ၌ ထူးချွန်ထင်ရှားနေသော ဆရာတော်ဘုရားများလည်းထွက်သည်။ ယခုအခါမှာတော့ ထိုကဲ့သို့အနယ်နယ်မှ စုဝေးရောက်ရှိကြသော ကျောင်းသား သဘာဝများ၊ အဆောင်နေ ဘဝများမရှိတော့ဘဲ ကိုယ့်နယ်ကိုယ့်ဒေသမှာပင် တက္ကသိုလ်များ ပေါက်ဖွားလာကာ ကိုယ့်အရပ်နှင့်ကိုယ် ဖွံ့ဖြိုးဖို့ဖြစ်လာသည်။ ဒါလည်း သူ့အကြောင်းနှင့်သူ ကောင်းပါသည်။

အရေးကြီးသည်က သူ့နည်းနှင့်သူ အရာရာ ပေမီဒေါက်မီဖြစ်နေဖို့ပဲဖြစ်၏။

× × ×

ကျွန်တော်တို့၏ ငြိမ်းချမ်းသောပညာသင်ကာလများသည် ၁၉၇၄ခုနှစ်မှ စတင်၍ယိုယွင်းခဲ့ကြောင်း ဆိုခဲ့ပြီးဖြစ်သည်။ ရက်၊ လနှင့်တကွတော့ ကျွန်တော်တိတိကျကျမှတ်မထားမိ။ သို့သော် ထိုနှစ်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြောင်းအလဲတွေ လှုပ်လှုပ်ရှားရှားတွေ တအားတော့ဖြစ်ခဲ့သည်။

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်တွင်သော လွတ်လပ်ပြီးမြန်မာနိုင်ငံ၏ ဒုတိယအခြေခံဥပဒေကို အတည်ပြု ပြဌာန်းခဲ့သည်။ ပြည်သူ့ဆန္ဒခံယူပွဲ ငြိမ့်ငြိမ့်သဲသဲ ကျင်းပအောင်မြင်သည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်အောင်မြင်သည်။

ထိုအချက်များ မှတ်မိနေခြင်းမှာ ထိုလှုပ်ရှားမှုအဆင့်ဆင့်တွင် ကျွန်တော်တောက်လျှောက်ပါဝင်လှုပ်ရှားနေခဲ့၍ဖြစ်သည်။ ၁၉၇၃ ကစတင်ခဲ့သော သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် ကျွန်တော်နေထိုင်ရာ အင်းစိန်ပိန္နဲကုန်းရပ်ကွက်တွင် ပါဝင်ခဲ့သည်။

ယင်းမှဆက်၍ မဲစာရင်းပြုစုခြင်း ဆန္ဒခံယူပွဲကျင်းပခြင်းတို့မှာ ပါခဲ့သည်။ ပြည်လုံး

ကျွတ်ဆန္ဒခံယူပွဲတွင် ကျွန်တော် မဲရုံအဖွဲ့ဝင်လုပ်ရသည်။ ကျွန်တော် ၂၂ နှစ်သား။

နောက် ရွေးချယ်တင်မြှောက်ပွဲကျတော့ မဲရုံမှူးအဖြစ် မဲရုံတစ်ရုံ တာဝန်ယူရသည်။ ပိန္နဲကုန်းရပ်ကွက် ဗောဓိလမ်းနှင့် သီရိလမ်းထောင့်က အစွာလမ်စာသင်ကျောင်းလေးမှာ မဲရုံလုပ်သည်။

အဲဒီလုပ်ငန်းများကနေ စုစည်းမိနေသော ရပ်ကွက်လူငယ်များအစုအစည်းကို ရပ်ကွက်လူကြီးများက အကဲ့မခံ၊ ကောင်စီအဆင့်ဆင့် ဖွဲ့စည်းပြီးချိန်မှာ ရပ်ကွက်လူကြီးများက ကျွန်တော်တို့လုပ်အားပေးလူငယ်အစုကို လမ်းစဉ်လူငယ်အဖွဲ့ခွဲအဖြစ်ဖွဲ့စည်းပေးသည်။

ကျွန်တော်တို့သူငယ်ချင်းများပင် ခေါင်းဆောင်များဖြစ်လာကြ၍ ကျွန်တော်က အဖွဲ့ခွဲမှူးဖြစ်လာသည်။ ၁၉၇၆ ခုနှစ်အထိ လမ်းစဉ်လူငယ်အဖွဲ့ခွဲ ပိန္နဲကုန်းရပ်ကွက်အနေနှင့် လှုပ်ရှားကြသည်။

[သရုပ်ပြမဂ္ဂဇင်း – အတွဲ (၂)၊ အမှတ် (၇)]

၂၀၁၀ ဇူလိုင်လ

× × ×

၉။

အလုပ်သမားဆန္ဒပြပွဲများသည် ရက်အတော်ကြာဖြစ်ပွားပြီးမှ ဖြည်းဖြည်းချင်း ပြန်တည်ငြိမ်အေးချမ်းသွားသည်။ ကျွန်တော့်မိဘများက အင်းစိန်ဈေးအဝင်းမှာရှိသည်။ ကျွန်တော်တို့ အင်းစိန်မြို့ဆိုတာကလည်း မီးရထားအလုပ်သမားများ၏ အိမ်ရာများအပါအဝင် စက်ခေါင်းရုံဧရိယာက မြို့တစ်ဝက်လောက် နေရာယူထားတာဆိုတော့ သတင်းစကားတွေ မျိုးစုံအောင်ကြားနေရသည်။

ထုံးစံအတိုင်း ဘယ်သတင်းက အမှန် ဘယ်သတင်းက အမှားဟူ၍တော့ သေသေချာချာခွဲခြားနိုင်းခြင်းမရှိ။ သတင်းအများစုက အကြားသက်သက်သာမို့ ဘာနှင့်မှလည်း တိုက်ဆိုင်အတည်မပြုနိုင်။ သမဂ္ဂစက်ရုံဘက်မှာဘာဖြစ်တယ်၊ ဘီပီအိုင်မှာတော့ ဘယ်လိုတဲ့၊ သမိုင်းချည်မျှင်မှာတော့ ဘာတွေဖြစ်ကုန်ပြီဆိုပဲ စသဖြင့် ဈေးထဲကနေ လက်ဖက်ရည်ဆိုင်ကနေ ကြားရသည်။

"အလုပ်သမားတွေ သူတို့ရတဲ့လစာနဲ့ မလောက်လို့တဲ့"

"အေးလေ သူတို့လည်းအများနည်းတူ လောက်လောက်ငငနေထိုင်စားသောက်ချင်မှာပေါ့ "

အရပ်သားအများစု၏ ပြောသံဆိုသံများဖြစ်သည်။

"စားဝတ်နေရေးပြည့်စုံဖို့ဆန္ဒပြတာလို့ပြောတယ် စားဝတ်နေရေး ပြည့်စုံမလား၊

မပြည့်စုံဘူးလားတော့ မသိဘူး။ လောလောဆယ်တော့ ဆန်ဈေးတွေ ဆီဈေးတွေ တက်ကုန်ပြီ"

"ဒါမျိုးလုပ်လို့အလုပ်ပြုတ်တော့မှ ဝေါ်ကုန်မှာ"

ကြားနေရသော အသံတွေကတော့ အမျိုးစုံသည်။ ကျွန်တော့်အဖို့တော့ အထူးအဆန်းကြီးဖြစ်နေ၏။ သည်လိုကိစ္စမျိုးကို သည်လောက်နီးနီးကပ်ကပ်ကြီး တစ်ခါမှမကြုံဖူးခဲ့။ နီးနီးကပ်ကပ်ကြီး ကြုံနေရပြန်တော့လည်း ကိုယ်နှင့်တိုက်ရိုက်ပတ်သက်သလား။ မပတ်သက်သလား မစဉ်းစားတတ်။

အမျိုးသားရေး၊ နိုင်ငံတော်အရေး၊ ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေး၊ ဘာသာရေးအနီးကပ်ကြုံလာသော ပွဲတွေမှာ ကျောင်းကပွဲကအစ မလွတ်တမ်းဆင်နွှဲလေ့ရှိသည့်အကျင့်ကလည်းပါနေပြီ။ သို့အတွက် သည်ကိစ္စမှာဝင်ပါရမှာလား ခုလိုပဲ ဘေးကကြည့်သူများပြောတာထိုင်နားထောင်ပြီး ပွဲကြည့်ပရိသတ်လုပ်နေရမှာလား။

ဝင်လုပ်ရအောင်လည်း ကိုယ်ကဘာမှမဟုတ်။ ဘာဝင်လုပ်ရမည်မှန်းလည်းမသိ။ ခုနေရှုးကြောင်မှုးကြောင်နှင့် စက်ရုံထဲဝင်သွားလျှင် ဘယ်ကကောင်လဲဆိုပြီး ရိုက်သတ်တောင်ခံရနိုင်သည်။ ဖြစ်စ စောစောပိုင်းက ကျောင်းမပိတ်သေး။

အလားတူစက်ရုံရှေ့ကဖြတ်သွားရသောလမ်းကိုလည်း မပိတ်သေး။ စက်ရုံရှေ့မှ ဖြတ်လျှောက်ပြီး ကျောင်းသွားတက်သည်။ သည့်ထက်နီးနီးကပ်ကပ်နှင့် မျက်ဝါးထင်ထင်မြင်ရတာမရှိတော့ဟုထင်သည်။ ကျောင်းမှာကျတော့ အသံတစ်မျိုးတွေကြားရ၏။

"ဒါလူထုတိုက်ပွဲရဲ့ ပဏာမခြေလှမ်းပဲ"

"အနုပဋိလော်မရုပ်ဝါဒတရားက ဘယ်တော့မှမမှားဘူးကွ။ တွေ့တယ်မဟုတ်လား ဘယ်တော်လှန်ရေးမဆို အလုပ်သမားလူတန်းစားက အမြဲရှေ့ဆောင်လမ်းပြလိမ့်မယ်ဆိုတာ"

လီနင်က ဘယ်လို၊ စတာလင်က ဘယ်လို၊ မော်စီတုံးက ဘယ်နည်း၊ နောက် ချေဂွေဗားရားတို့ ကပ်စထရိုတို့လည်းပါသည်။ မာ့ခ်စ်ဝါဒကဆိုထားသော အခြေခံလူတန်းစား၏ ဖောက်ပြန်သော ဘာညာတွေလည်းပါသည်။ မှန်တာပြောရလျှင် ထိုအပိုင်းတွေကို ကျွန်တော်နားမလည်ပါ။ ကျွန်တော်လည်း စာတော်တော်ဖတ်ခဲ့၍ တော်တော်များများကိုသိသည်ဟု ထင်နေခဲ့သူ။ သို့သော် ဒီနေရာကျတော့ ကျွန်တော်ပွဲမတိုးနိုင်တော့။

သူတို့ပြောတာကော သူတို့အချင်းချင်းကျကျနန အတွေးအမြင်ဖလှယ်ပြီး ဆွေးနွေးနေတာတွေကော ပါးစပ်အဟောင်းသားနှင့် နားထောင်နေရသည်။ သူတို့ဆိုသည်မှာ စာသမားများကိုဆိုလိုသည်။ ကျောင်းက စာသမားများ ကျောင်းသို့ အပြင်ကနေရောက်လာတတ်သော စာသမားများဖြစ်သည်။

ခါတိုင်း စာအကြောင်းပေအကြောင်းများသာ အလ္လာပသလ္လာပ ပြောရာကနေ ထိုကျ

တော့ ခုလိုသမိုင်းကြောင်းတွေ ဝါဒရေးရာတွေ လူတန်းစားလူထုတော်လှန်ရေးတွေ တိုက်ပွဲတွေ ပါလာကြသည်။

သူတို့စကားဝိုင်းကျတော့ ထိုအရေးကိစ္စတွေက အလွန်အမင်းကြီးကျယ်ကုန်သည်။ တကယ့်သမိုင်းဝင်ကိစ္စကြီးဖြစ်သွားသလို အရင်ကဖြစ်ပျက်ခဲ့သော ကျွန်တော်တို့ လက်လှမ်းမမီသည့်ကိစ္စများကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသလို သေသေချာချာ ဂယနဂဏ ပြန်ပြောကြသည်။

ဘယ်အထိရောက်သွားကြသလဲဆိုသော် လွတ်လပ်ရေးမရခင် ဗိုလ်ချုပ်အောင်ဆန်းတို့မဖြစ်ခင် ကျောင်းသားဘဝ ကိုနု၊ ကိုအောင်ဆန်းတို့ခေတ်၊ တက္ကသိုလ်သမဂ္ဂတွေအကြောင်း ကျွန်တော့်အမြင်ပြောရလျှင် သူတို့ အသက်အရွယ်နှင့် ဘယ်လိုမှ မမီလိုက်နိုင်သော သို့တည်းမဟုတ် သူတို့ သူငယ်နပ်စားအရွယ်သာရှိဦးမည်ဖြစ်သော အချိန်ကအကြောင်းတွေ ဖြစ်သည်။ ထိုအကြောင်းအရာတွေကို ကိုယ်တွေ့ကဲ့သို့ အပီအပြင်ပြောသည်။

ကျောက်ဆစ်ရုပ်တောင် ခေါင်းညိတ်ရသည်ဆိုသောစကား မလွန်ဟုခံစားရသည်။ ဘာမှဝင်မစွက်နိုင်အောင် ပြောကြသည်။ သခင်သန်းထွန်း။ သခင်စိုး။ သခင်သိန်းဖေ၊ ကိုဗဆွေလေး။ ဆရာကြီးမှိုင်း။ ကိုနု၊ ကိုအောင်ဆန်း။ ကိုဗဟိန်း တကယ့်ငယ်ပေါင်းကြီးဖော်တွေအကြောင်း ပြောနေသလို သူတို့ပြောတတ်သည်။

မှန်တာပြောရလျှင် ကျွန်တော်သဘောကျသည်။ ငယ်ငယ်ကတည်းက စာရေးစာဖတ်ဝါသနာပါသလို စကားပြောတာလည်းဝါသနာပါသည်။ ခုနစ်တန်းကျောင်းသားဘဝမှာတင် ရပ်ကွက်ကျပန်းစကားပြောပြိုင်ပွဲ စကားရည်လုပွဲစသည်တို့ကို ကျွန်တော်ပါဝင်ဆင်နွှဲခဲ့သည်ဟု ရှေ့ပိုင်းပြောခဲ့ပြီးပြီ။ ဆုတွေလဲ ရဖူးသည်။ စကားပြောကောင်းသည်ဟုလည်း အခါများစွာချီးကျူးခံရဖူးပြီ။

သို့သော် ဒါမျိုးတွေ ကျွန်တော်မပြောတတ်။ မြန်မာ့သမိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကိုကိုယ်တွေ့လိုပြောနေကြသည်။ အမှန်ကတော့ စာဖတ်ပြီး ဒါမှမဟုတ် တကယ်ကြုံခဲ့သူတွေပြောပြတာကို ကျကျနနမှတ်သားပြီး ပြန်ပြောနေကြတာဖြစ်သည်။

ပြောကြသည့် မှင်ကောမောင်းကော သိပ်ကောင်းသည်။ အချက်အလက်တွေကိုလည်း ကောင်းစွာနိုင်နင်းမှတ်သားထားသည်။ ကျွန်တော်တို့အစဉ်အလာအရ မှတ်သားဖတ်ရှုလေ့လာဆည်းပူးသင်ယူဖူးသော မြန်မာသမိုင်းကမ္ဘာသမိုင်းတွေ မဟုတ်။

ထိုအစဉ်အလာသမိုင်းဖြစ်စဉ်တွေ၏ နောက်ကွယ်မှ မှတ်တမ်းမဝင်ဖြစ်ရပ်တွေ၊ တကယ်ဟုတ်ခဲ့မဟုတ်ခဲ့ဆိုတာကတစ်ပိုင်း အင်မတန်မှအသေးစိတ်ပြီး ကျောထောက်နောက်ခံသမိုင်းတွေနှင့် ထောင့်စေ့အောင်ဆက်စပ်နေတာ (သို့မဟုတ်) ဆက်စပ်အောင်

ပြောနိုင်နေတာကတော့ အမှန်။ ထို့အတူ သူတို့၏အလေ့အလာ၊ အပြောအဆိုများကို ကျွန်တော် အားကျမိတာကလည်း အမှန်သေချာ၏။

× × ×

ကျွန်တော့ဘဝသက်တမ်းတစ်လျှောက်ကို ပြန်စစ်ဆေးကြည့်လျှင် မာ့ခ်စ်ဝါဒကို ကျွန်တော်လေ့လာဖို့ စိတ်ဝင်စားခဲ့ဖူးသည်။ အထူးသဖြင့် အထက်ကကျွန်တော်ဖော်ပြခဲ့သော နိုင်ငံရေးလှုပ်လှုပ်ရှားရှားဖြစ်နေသော ကာလများကအစပြု၍ ဖြစ်သည်။

သို့သော် ကျွန်တော့်ဘဝမှာ တစ်ခါကမှ ကွန်မြူနစ်မဖြစ်ခဲ့ဖူးခဲ့။ မာ့ခ်စ်ဝါဒ (ကွန်မြူနစ်ဝါဒ)ကိုလည်း လေးလေးနက်နက် တစ်ခါမှမယုံကြည် မလေ့လာရခဲ့။ အထက်က ကျွန်တော်ပြောခဲ့သည်ကိစ္စများဖြစ်ပြီး ကျောင်းတွေပိတ်ဘာပိတ်နှင့် နည်းနည်းအားသွားသောအခါ ကျွန်တော့်ထုံးစံအတိုင်း စာအုပ်တွေစုပြီး တစ်ခုခုဖတ်ရှုလေ့လာဖို့ကြံသည်။

ကျွန်တော့်ထက် နားလည်သူများကိုမေး၍ မာ့ခ်စ်ဝါဒကို ကျွန်တော်လေ့လာရန် စာအုပ်စာတမ်းညွှန်ပြပေးဖို့ အကူအညီတောင်းသောအခါ အားလုံးက တညီတညွှတ်တည်း လေ့လာရန် ညွှန်ပြသောစာအုပ်မှာ ဆိုဗီယက်ကွန်မြူနစ်ပါတီသမိုင်း (ဘော်ရှီဗစ်)ဖြစ်သည်။ ထိုစာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြီးသားရှိသောစာအုပ်ဖြစ်ပြီး အင်္ဂလိပ်လို အတိုကောက်ခေါ်တာရှိသည်။ ကျွန်တော်မမှတ်မိ။ စာအုပ်ကလည်း ရှားပါး၍ လွယ်ကူစွာဝယ်မရ။ ဘယ်သူမှန်းမမှတ်မိတော့သည့် မိတ်ဆွေတစ်ယောက်ငှားလိုက်တော့မှ စာအုပ်ကို မြင်ဖူးသည်။ ဖတ်ကြည့်သည်။ နားမလည်။

မှန်တာပြောရလျှင် အင်္ဂလိပ်စာကို ကျောင်းစာသင်သလို သင်ခန်းစာစနစ်အတိုင်း သင်ကြားခြင်းကို ကောင်းစွာခံရဖူးလျှက် ကျောင်းသင်ခန်းစာများကို မည့်ဖျင်းစွာ လိုက်နိုင်သော်လည်း စာပေနည်းကျ အင်္ဂလိပ်စာ (Lectrature)အပိုင်းကို တစ်ခါမှကျကျနန မသင်ဖူးခဲ့။

သို့အတွက် ကျွန်တော်စာပေဆိုင်ရာစာအုပ်များကို ကောင်းစွာမကျွမ်းကျင်။ မဖတ်တတ်။ ဖတ်လျှင်လည်း တစ်ကြောင်းချင်းပဲ စမ်းတဝါးဝါး နားလည်ရုံဖတ်တတ်သည်။ တကယ့်ပညာသားတွေပါလာလျှင် နားမလည်တော့၊ စိတ်လည်းမရှည်တော့။

Harold Robin လို Bestseller ဝတ္ထုစာအုပ်များလောက်နှင့် ကိစ္စပြီးနေသည့် ကျွန်တော့်အင်္ဂလိပ်စာက အားနည်းသည်။ အဆိုပါ ကွန်မြူနစ်ပါတီသမိုင်း (ဘော်ရှီဗစ်)ကြီးနှင့် ကျွန်တော် အဆင်မပြေ။ တစ်ယောက်က ထိုစာအုပ်ကို သခင်နုက "လူမွဲတို့၏ ထွက်ရပ်လမ်း" ဆိုသည့်အမည်နှင့် ဆီလျော်အောင် ပြန်ဆိုရေးသားပြီး "နဂါးနီစာအုပ်တိုက်" က ထုတ်ဝေဖူးသည်ဟု ပြောသည်။

သခင်နုစာအုပ်ကလည်း ဘယ်ရှာရမည်မှန်းမသိ။ ထိုအချိန်မှာ သခင်နုကလည်း

ပြည်ပြေးဖြစ်နေပြီလား ဘာလားမသိ။ သူ့စာအုပ်ကို လွယ်လွယ်ကူကူ ရှာဖို့မလွယ်။

နောက်ဆုံးတော့ မာ့ခ်စ်ဝါဒ၏ ရေသောက်မြစ်သုံးသွယ်စာအုပ်လောက်ပဲ ဖတ်ဖြစ်သည်။ ထိုစာအုပ်ကတော့ ဝင်းမော်ဦးစာအုပ်တိုက်က တရားဝင်ထုတ်ထားတာမို့ စာအုပ်ဆိုလျှင် အသေဝယ်သိမ်းထားတတ်သော (ဖတ်ဖတ် မဖတ်ဖတ်) ကျွန်တော့်အတွက် အဆင်ပြေသွားသည်။ ဒါပေမယ့် မရုက်တမ်းဝန်ခံရလျှင် ထိုစာအုပ်တွေဖတ်ရသည်မှာ ၁၅နှစ်သားတုန်းက ဝေါဟာရဗ္ဗပကာသနီစာအုပ်ကြီးဝယ်ပြီး ဖတ်ကြည့်ရတာနှင့် တူနေသည်။

ကျွန်တော့်နှလုံးအိမ်ကို မငြိ။ ဒါဖြင့်အဲဒီအချိန်က မင်းကဘာတွေကြိုက်နေလို့လဲ ဟုမေးလျှင် ကျွန်တော့်နှလုံးအိမ်ကို ငြိနေသော စာများက ရသစာပေတွေများသည်။

ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမင်းကျော်၊ ဆရာကျော်အောင်၊ ဆရာမြသန်းတင့်၊ ဆရာဇန်းမော်တင်အောင်၊ ဆရာအောင်လင်း။ ဆရာမ ခင်နှင်းယု၊ ဆရာသိန်းဖေမြင့်၊ ဆရာသိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာပါရဂူ၊ ဆရာဇေယျ၊ ဆရာသော်တာဆွေ စသဖြင့် လက်ဝဲလက်ယာ စာရေးဆရာတွေအများကြီး ကျွန်တော်နှစ်သက်ဖတ်ရှုခဲ့ပါသည်။

ဆရာဆန်းလွင်၏ ဗီလိုဆိုဗီကကြီးခကွေး ဆရာကိုကိုမောင်၏ အာကာကို လှမ်းပုံပြပါလို့၊ ဆရာဒေါင်းနွယ်ဆွေ၏ လွမ်းသစ္စာတိုင်အပါအဝင် ကဗျာရှည်ကြီးများ။ ဆရာနိုင်ဝင်းဆွေ၏ နွေတစ်ည၊ မသိန်းရှင်ဆီပို့ပေးပါ လျှောက်ပြောရလျှင် အများကြီးဖြစ်နေပါမည်။

ဂန္ထဝင်ထဲကဆိုလျှင် မှန်နန်းရာဇဝင်၊ မြန်မာစာညွှန်ပေါင်းကျမ်း။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားနေ့စဉ်မှတ်တမ်း။ ပြင်သစ်သွားနေ့စဉ်မှတ်တမ်း။ ဦးပုညဝတ္ထုကဗျာများ။ မန်လည်ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာသစ်၊ ကျွန်တော့်ခေါင်းထဲပေါ်တာတွေ လျှောက်ရေးနေခြင်းဖြစ်ပါ၏။

သေချာတာတစ်ခုက မာ့ခ်စ်ဝါဒနှင့်ကျွန်တော် အလွမ်းမသင့်ပါ။ ဒါကလည်းကျွန်တော့်ဘဝအခြေအနေနှင့် သက်ဆိုင်နေသလားမဆိုနိုင်။

× × ×

ကျွန်တော်ပြန်တွေးမိသလောက် ကျွန်တော့်ဘဝမှာ အချမ်းသာကြီး ချမ်းသာသောဘဝမျိုးမနေထိုင်ဖူးသလို ဆင်းရဲသောဘဝမျိုးမှာလည်းမနေထိုင်ခဲ့ရ။

ဘဝမှာ ဆင်းရဲစေနိုင်သောကံကြမ္မာ ဘေးဒုက္ခများနှင့် ကြုံတွေ့ခဲ့ဖူးသော်လည်း ကံအားလျော်စွာ ရုန်းထနိုင်ခဲ့သည်။ အဆင်ပြေသောဘဝပြန်ရအောင် ထူထောင်နိုင်ခဲ့သည်ချည်းဖြစ်သည်။

ကြာတော့ လောကဓံနှင့်ယဉ်ပါးပြီး အသင့်အတင့်ပဲ နှလုံးသွင်းဖြစ်နေ၍လားလည်း

မပြောတတ်။ ကျွန်တော်မှတ်မိသလောက် ငယ်ဘဝများမှာ ကျွန်တော့်မိသားစု၏ စီးပွားရေး အခြေအနေသည် လူလတ်တန်းစား ချောင်ချောင်ချိချိဘဝမျိုးပဲဖြစ်ခဲ့၏။

အမေနှင့်အဖွားက ဆိုင်ထွက်ဈေးရောင်းသည်။ အဖေက ကုန်သည်အဖြစ်ဖြင့် လက်ဖက်စို လက်ဖက်ခြောက်ကို ကျောက်မဲ၊ မန္တလေးအထိတက်ဝယ်ပြီး အမေနှင့်အဘွား ရောင်းရန်ပို့ပေးသည်။ ရန်ကုန် လမ်းမတော်မှာလည်း ပွဲရုံအခံရှိသည်။

သို့အတွက် အဘွားနှင့်အမေဆိုင်က အင်းစိန်ဈေးမှာ လက်ဖက်စို လက်ဖက်ခြောက်ဆိုင်၊ ဆိုင်ကြီးထဲမှာပါသည်။ အဘွားထိုင်နိုင်တုန်းက အမေကြီးလက်ဖက်ဆိုင်၊ အမေ့လက်ထက်ကျတော့ မမကြီးလက်ဖက်ဆိုင်ဆိုလျှင် အင်းစိန်ဈေးနှင့် အင်းစိန်ပရိသတ်တွင် မသိသူနည်းသည်။

တော်လှန်ရေးကောင်စီတက်ပြီး မကြာမီကုန်တိုက်တွေ၊ ကုမ္ပဏီတွေ၊ ဆိုင်ကြီးတွေ တချို့လက်လီဆိုင်တွေ ပြည်သူပိုင်သိမ်းတော့ အမေ့ဆိုင်ပါသွားသည်။

အမေ့ဆိုင်က ထိုအချိန်တွင် အင်းစိန်နှင့်အနီးတစ်ဝိုက်၊ တစ်ဖက်ကမ်းတို့ရှိ ဖော့ကန်၊ အောင်ဆန်း၊ ဒညင်းကုန်း၊ သာဓုကန်၊ ဇော့်ကား၊ သမိုင်း၊ ကြို့ကုန်း၊ အုတ်ကျင်း၊ ရွှေလင်ပန်း၊ ကစင် စသည့်ရပ်ကွက်ကျေးရွာများမှ အိမ်ဆိုင်၊ လက်လီဆိုင်ကလေးများ၏ ပင်ရင်းလက္ကားဆိုင်ဖြစ်နေခဲ့ပြီ။

ပြည်သူပိုင်သိမ်းသည်ဆိုခြင်းမှာလာသိမ်းသည့်အဖွဲ့ရောက်သည့်အချိန်တွင် "ဒီဆိုင်ကို ပြည်သူပိုင် သိမ်းလိုက်ပါပြီ။ ဆိုင်ပေါ်ကလူအားလုံး အောက်ဆင်းပေးပါ။ ကုန်ပစ္စည်းကော၊ ရောင်းထားတဲ့ငွေတွေကော ဘာတစ်ခုမှမယူပါနဲ့၊ ကျွန်တော်ကျွန်မတို့စာရင်းအတိအကျရေးမှတ်ပြီး သိမ်းပါ့မယ်"

ဒါပဲဖြစ်သည်။ လက်ချည်းထ။ လက်ချည်းဆင်းပေး။ အိမ်မှာသိုလှောင်ထားသည့် ပစ္စည်းများရှိသမျှလည်း စာရင်းနှင့်တကွအပ်ရသည်။ စီးပွားရေးလုပ်ငန်းတစ်ခုလုံး ဘာမှမကျန်ဘဲ ဆိုင်ခန်းပါထိုးအပ်၍ လက်ချည်းကျန်ခဲ့သောဘဝ။ အမေက ဈေးလမ်းထိပ် မာတ်တိုင်အောက်တွင် ခေါင်းရွက်ဗျတ်ထိုးဈေးသည်ဘဝဖြင့်ပြန်စရသည်။

ခဏပဲကြာပြီး ဆိုင်ခန်းတစ်ခန်းငှား၍ ပြည်သူပိုင်သိမ်းခံရသော မူလဆိုင်၏ မျက်နှာချင်းဆိုင်တွင် ဆိုင်ပြန်ဖွင့်သည်။ ရောင်းချသည့် ကုန်ပစ္စည်းကို အဖေက စာရင်းသစ်ဖွင့်၍ ထပ်ချပေးသည်။

နဂိုဖောက်သည်ဟောင်းတွေက ပြန်အားပေးသည်။ ပြန်ဝယ်သည်။ မူလဆိုင်မျိုးနီးပါး ပြန်ဖြစ်လာသည်။

အသိမ်းခံရသောဆိုင်ကြီးကတော့ပြည်သူ့ဆိုင်ဖြစ်သွားပြီး ဆိုင်ဝန်ထမ်းများ လက်အောက်တွင် ဆိုင်ခွဲအစုတ်ကြီးဘဝသို့ရောက်ရှိသွားပြီး ပိတ်ထားလိုက်ရသည်။ ကျွန်တော်တို့

လည်း ချောင်ချောင်ချိချိပြန်ဖြစ်သွားသည်။ ကျွန်တော်မှတ်မိသည့် ပထမဆုံးအကြိမ် ဘဝမှာ စီးပွားရေးပြန်လည်ထူထောင်ရခြင်းဖြစ်၏။

× × ×

ဒုတိယအကြိမ်စီးပွားရေးပြုတ်ရတာက ထိုင်ငှားပြီးရောင်းနေရသော ဆိုင်မှာပင်ဖြစ်သည်။ ထိုနေရာမှာကြာလာသောအခါ ကျွန်တော်တို့ကိုငှားထားသောဆိုင်ရှင်က ကျွန်တော်တို့ကို ဝယ်လိုက်ဖို့ပြောသည်။ သက်သာသောဈေးနှင့်ရောင်းမည်ဟု သိရသည်။

ဈေးနှုန်းဘာညာ ကျွန်တော်မသိ။

ဆိုင်ပိုင်ဖြစ်ခဲ့သည်။

နှစ်အတော်ကြာရောင်းချပြီးနောက် ကျွန်တော်တို့ရောင်းနေသော လက်ဖက်စို လက်ဖက်ခြောက်စသည်တို့မှာ ကန့်သတ်ကုန်များအဖြစ် ကြေညာခံရသည်။

အစိုးရမှလွဲ၍ မည်သူမျှ မရောင်းရ။

လက်ထဲရှိသည့် "မလွတ်သောပစ္စည်း"တွေအကုန် အပ်လိုက်ရသည်။ လက်ဖက်ခြောက်အိတ်တွေ၊ လက်ဖက်ပိုတွေ (ဟိုတုန်းက လက်ဖက်တွေကို "ပို"နှင့်ပို့ပေးသည်။ ခုလိုပလပ်စတစ်အိတ်၊ ပီနံအိတ်တွေနှင့်မဟုတ်) "ပို"ဆိုသည်မှာ ဝါးဖြင့်ယက်ထားသော ခြင်းအရှည်၊ အတွင်းမှာဖက်များခံ၍ လက်ဖက်များထည့်သည်။

အပေါ်ကခေါင်းနှစ်လုံးဆိုင်ထား၍ အလည်က ရှားသားတုတ်ဖြင့်လျှိုထားသည်။ ထမ်းလို့ မလို့ လွယ်သည်။ ဘေးဝါးကပ်ပေါ် ကမှ နောက်ချေမံထားသည်။ အပေါ်ခေါင်းထဲမှာ လက်ဖက်တွေပုပ်တတ်သည်။ ထို လက်ဖက်ပုပ်များကို လက်ဖက်ခေါင်းပုပ်ဟုခေါ်သည်။

လက်ဖက်ခေါင်းပုပ်ကို အုန်းဆီနှင့်စိမ်၍ ဆံပင်လိမ်းသည်။ ဆံပင် အရှမ်းသန်သည်ဟု ယုံကြည်ကြသည်။ တစ်ရင်းပြုတ်ရပြန်သည်။

သို့သော်လည်း သည်အတိုင်းတော့ ထိုင်အငတ်မခံ။ အဖေကအညာကနေ အညာကုန်များဖြစ်သော ဆီးယို၊ သကာရည်၊ သနပ်ခါးတုံး၊ ကျောက်ပျဉ်၊ မွေ့ယာ၊ အညာစောင်အကြမ်း အချော၊ ခေါင်းအုံး၊ ဖက်လုံးစတာတွေတင်လာပြီး ပြောင်းရောင်းသည်။

သနပ်ခါးတုံးဆိုလျှင် အပင်လိုက် အပင်လိုက်တွေ၊ ရှင်မတောင်သနပ်ခါး၊ ရွှေဘိုသနပ်ခါး၊ အမြစ်စုံသည်။ ကျောက်ပျဉ်၊ ငရုတ်ဆုံ၊ ကျည်ပွေ့၊ ဓားသွေးကျောက်ကအစအစုံ။

အဘွားနှင့်အမေ ဈေးလာဘ်ကလည်း ကောင်းသည်။

သူတို့သားအမိ ထိုင်နေဖို့သာလိုသည်။

ဘာရောင်းရောင်း ရောင်းကောင်းသည်။

သိပ်ရောင်းကောင်းသောကာလမှာ ဈေးသိမ်းပြီးအိမ်ပြန်သည်။ ညနေ(၆)နာရီ ဈေး

သိမ်းပြီးဖြစ်သည်။ အိမ်ရောက်၍ ရေမိုးချိုး ချက်ပြုတ်စားသောက်နေဆဲ၊ ည(၈)နာရီလောက်မှာ အင်းစိန်ဈေးကြီးမီးလောင်သည်။



ဈေးပိတ်ချိန်၊ ညမို့ လောင်အားကောင်းသလို ဘာပစ္စည်းမှလည်း သယ်ချိန်မရ၊ သယ်ခွင့်မရ၊ မီးလောင်နေသောဈေးကြီးကို လှိုင်မြစ်လမ်းတစ်ဘက်မှနေကြည့်ပြီး ပင့်သက်ရှိုက်နေရသည်။ အမေတို့သားအမိ လက်ချည်းပြန်ဖြစ်သွားပြန်၏။

အရေးထဲမှာ ထိုမီးထဲ ကျွန်တော်ကလည်း နမြောလွန်းလှသော ပစ္စည်းတစ်ခုပါသွားခဲ့သည်။ မီးလောင်မည့်နေ့ ညနေက ဈေးထဲရှိ စက္ကူပိုသသာဖြင့် ချိန်ဝယ်သော အသိဆိုင်မှာ ပိဿာချိန်ဖြင့် လာရောင်းသွားသော စာအုပ်အဟောင်းတွေကြားမှာ ဂျိမ်းစ်လှကျော်၏ "မောင်ရင်မောင် မမယ်မ" ပထမအကြိမ်စာအုပ်လေးတွေ့သည်။

ကျွန်တော် ၇၅ ပြား (သုံးမတ်)ပေး၍ဝယ်လာခဲ့၏။

ဆိုင်သိမ်းပြီး အိမ်ပြန်ယူဖို့မေ့ခဲ့သည်။ ညမီးထဲပါသွားသည်။ ကျွန်တော်ကလည်း ကျွန်တော့်အဖိုးတန်ပစ္စည်းအတွက် တစ်ဆိုင်လုံးကပစ္စည်းတွေလောက်နီးပါး နမြောခဲ့ရ၏။

[သရုပ်ဖော်မဂ္ဂဇင်း – အတွဲ (၂)၊ အမှတ် (၈)]

၂၀၁၀ ဩဂုတ်လ

× × ×

၁၀။

ပြီးခဲ့သည့်လက ကျွန်တော်ဖော်ပြခဲ့သော မိသားစုဘဝ ကသိကအောက်ဖြစ်ချိန်များကို နေ့စွဲ၊ ရက်စွဲနှင့် ကျွန်တော် မမှတ်မိပါ။ သေချာသောကာလတစ်ခုနှင့် ပိုင်းခြားရလျှင် ၁၉၆၈ ခုနှစ်မတိုင်မီကာလများကဖြစ်သည်။

ကျွန်တော်သတိထားမိသလောက် ကျွန်တော့်ဘဝမှာ အဆိုးအကောင်း လှိုင်းတံပိုးတွေကကြမ်းသည်။ ကောင်းနေရင်းကနေ ဖြတ်ကနဲ ဆိုးရွားသွားတတ်သလို ဆိုးနေရာကလည်း ဖြတ်ကနဲကောင်းသွားတတ်သည်။ ဤသည်ကိုပင် "လမ်းကန္တာ" ဟုကျွန်တော်တင်စားခဲ့တာလည်းဖြစ်၏။

အင်းစိန်ဈေးကြီး မီးလောင်ပြီးနောက်ပိုင်း ကျွန်တော်တို့မိသားစု စီးပွားရေး အခြေအနေမှာ လက်ချည်းပြန်ဖြစ်သွားပြန်သည်။ သို့သော် ကျွန်တော့်အမေကလည်း အံ့ဩစရာအာဂမိန်းမသားဖြစ်သည်။ မိသားစုလုပ်ငန်းလေး ပြာပုံဖြစ်သွားသည့်နေ့က အမေတစ်ရက်အလုပ်နားသည်။ ပြာပုံဘေးမှာ ခေါင်းငိုက်စိုက်ချ၍ မျက်ရည်ကျနေသော အလုပ်မျိုးကို မေမေ မလုပ်။ နောက်တစ်နေ့မှာ ခေါင်းရွက်ဗျတ်ထိုးဘဝကို ချက်ချင်းခံယူပြီး ဈေးပြန်ထွက်သည်။

သည်တစ်ခါရောင်းရန်က ဧရာ်သီး၊ ကြက်သွန်၊ အာလူးစသော စားသောက်ကုန်များဆိုင်နေရာက လမ်းဘေးမှာ။ ရောင်းချပုံနည်းလမ်းက ဂုန်နီအိတ်ခင်းပြီး ပုံရောင်းသောစနစ်။ ဘယ်လောက်ကြာသွားလဲတော့ ကျွန်တော်မမှတ်မိ။ နောက်ကျတော့ မီးလောင်ပြင်မှာ တဲတွေထိုးပြီး ဆိုင်နေရာပြန်ချပေးသည်။ အမေတဲပေါ်တက်လာသည်။

ရောင်းချသည့်ပစ္စည်းတွေထဲမှာ ကွမ်းစားဆေးရွက်ကြီးတွေ၊ ဆေးရိုးမှုန့်စုံ၊ စားဆီ၊ ထန်းလျက်၊ ကြံသကာ၊ ကွမ်းသီးစသည်တို့ပါသည်။ သည်ပစ္စည်းတွေနှင့် သည်ဆိုင်ခန်းများမှာတော့ ခါတိုင်းလို အမေ ရောင်းရေးဝယ်တာ အဆင်ပြေပုံမပေါ်။ ကျွန်တော် ခုနစ်တန်းဖြေပြီး ရှစ်တန်းမတက်ရသေးခင်လေးမှာ အဖေနှင့်အမေ အစီအစဉ်တစ်ခု ဆွဲကြသည်ကို ကျွန်တော်သိသည်။ အင်းစိန်မှ နေရာပြောင်းရွှေ့ဖို့။

အဖေ့အစီအမံဖြင့် ရောင်းရေးဝယ်တာ ပိုအဆင်ပြေမည်ထင်သော ပဲခူးသို့ ပြောင်းဖို့လုပ်ကြသည်။ ပဲခူးမှာနေဖို့အိမ်ငှားရန်၊ ရောင်းဖို့ဆိုင်ခန်းငှားရန်၊ ကျွန်တော်နှင့် ကျွန်တော်တို့မောင်နှမများ ကျောင်းပြောင်းရွှေ့ရန် သွားရောက်လေ့လာကြည့်ရှုစီစဉ်သည့် ခရီးများတွင် ကျွန်တော်လိုက်ခဲ့ရသည်။

ခုနစ်တန်းစာမေးပွဲနောက်ဆုံးနေ့မှာ ရန်ကုန်ဆူးလေဘုရားလမ်း ဗဟိုမီးသတ်ကြီးမှာနေသော ကျွန်တော့်အစ်ကိုတစ်ဝမ်းကွဲကိုခေါ်၍ ကျွန်တော် ရန်ကုန်မှမပြောင်းခင် ကြည့်ဖူးသွားအောင် သမ္မတရုံနှင့် ပပဝင်းရုံတို့တွင် ရုပ်ရှင်လိုက်ပြခိုင်းသည်။

သမ္မတနှင့် ပပဝင်းရုံတို့တွင် ကျွန်တော်ပထမဆုံး ရုပ်ရှင်ကြည့်ဖူးခြင်းဖြစ်၏။ ပပဝင်းရုံမှာပြသည့်ကားက မြန်မာကား "ချစ်မြေ" ဟုထင်သည်။ သိပ်အသေချာကြီးတော့ မမှတ်မိတော့ပါ။ အချို့ကိစ္စတွေကျွန်တော်အမှတ်လွဲတတ်သည်။ ပြီးခဲ့သည့် ဆောင်းပါး "၉" တွန်းကလည်း မှဲ့ခ်စ်ဝါဒ၏ ရေသောက်မြစ်သုံးသွယ်စာအုပ်ကို ဝင်းမော်ဦးစာပေအစား ပုဂံစာအုပ်တိုက်ဟု မှားရေးခဲ့ပါသေးသည်။ (ယခု ပြင်ပြီး)

အမှားအယွင်းများမြင်တွေ့လျှင် ဝိုင်းပြင်ပေးရန် မေတ္တာရပ်ခံပါသည်။ ပဲခူးရောက်လျှင် ရန်ကုန်နှင့်ဝေးသွားမည်မို့ ရန်ကုန်နှင့်နီးတုန်း သွားသင့်သွားထိုက်မည့် နေရာများရောက်သင့်ရောက်ထိုက်သည့်နေရာဌာနများ စုံနေအောင်သွားရသည်။

အားလုံးစုံသလောက်နီးပါးသွားပြီး မနက်ဖြန် သန်ဘက်လို ပြောင်းရွှေ့ရတော့မည့်ကာလ ကျွန်တော်မှတ်မိသလောက်ပထမအသုတ်ပစ္စည်းများ နက်ဖြန်လို ရွှေ့တော့မည် ဆိုခုလိုညရှစ်နာရီသတင်းမှာ ကြေညာချက်တစ်ခုပါလာသည်။

ယခင်ကန့်သတ်ထားသည့် ကုန်ပစ္စည်း ၁၇ လား၊ ၂၇ လားမသိ ထိုပစ္စည်းများကို ကန့်သတ်ကုန်အဖြစ်မှ ပယ်ဖျက်ပေးလိုက်သည်။ ထိုပစ္စည်းများပြန်ရောင်းချခွင့်ပြုလျှင် အမေတို့အတွက် ရောင်းအကောင်းဆုံးဟု ရွေးရမည့်နေရာသည် အင်းစိန်ပြန်ဖြစ်သွားသည်။ ညတွင်းချင်းဆုံးဖြတ်ချက်ပြင်၍ နောက်နေ့တွင် ပဲခူးမပြောင်းတော့ အင်းစိန်မှာပဲ ဆက်နေဖို့ ဆုံးဖြတ်လိုက်ကြသည်။ တကယ်လည်း လက်ဖက်စို လက်ဖက်ခြောက် ပြန်ရောင်းခြင်းဖြင့် ကျွန်တော်တို့မိသားစုစီးပွားရေး ပြန်ထူမတ်လာသည်။

ကျွန်တော်တို့မိသားစု၏ ဘဝကံကြမ္မာက ဤသို့ဤနှယ် အပြောင်းအလဲ၊ အလှည့်အပြောင်းများကြုံခဲ့ရ၏။ ဤအပြောင်းအလဲများက အလျဉ်းသင့်၍ ကြားဖြတ်ပြောခဲ့ခြင်းသာဖြစ်ကာ မူလဦးတည်ရာလမ်းကြောင်းအတိုင်း ပြန်ဆက်ရလျှင် ရှေ့တွင်ပြောခဲ့ပြီးသလို ပတ်ဝန်းကျင်ရိုက်ခတ်မှုများကြားမှာ ကျွန်တော်စိတ်ဝင်စားရာ ဘာသာရပ်များလည်း တိုးပွားခဲ့သည်။ လက်ဝဲဝါဒကို စိတ်မဝင်စား လက်မခံခဲ့သည့်တိုင် နိုင်ငံရေးအဝန်းအဝိုင်းနှင့် နိုင်ငံရေးဘာသာရပ်များ၊ နိုင်ငံရေးဝေါဟာရများ၊ နိုင်ငံရေးဆွေးနွေးစကားများနှင့်ကား ယဉ်ပါးခဲ့သည်။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားလာသည်။

ထိုအဖြစ်အပျက်များ စတင်ချိန်က ၁၉၇၄ နှစ်လည်ပိုင်းကျော်ကျော်လောက်မှာ ဖြစ်ရာ အတန်းအနေနှင့်ပြောလျှင် ကျွန်တော်တတိယနှစ်လောက်မှာဖြစ်သည်။ ထိုအချိန်မှာ ပါးကွက်ကြားနှင့်လပြည့်ဝန်းကဗျာလုံးချင်းထုတ်ဝေပြီးနေပြီမို့ ကျောင်းတွင်းကျောင်းပြင် စာလောကပေလောကနှင့်လည်း သိပ်မစိမ်းတော့။ ထိုစာလောက ပေလောကမှာလည်း နိုင်ငံရေးနှင့်ဆက်နွယ်သော စာအုပ်စာတမ်းများ အကောင်းဆုံးနှင့် လှိုင်လှိုင်ထွက်နေသော အချိန်ကောင်းဖြစ်သည်။

ဆရာမင်းကျော်၏ "ငါတို့ခေတ်နှင့်အပြိုင်"၊ ဆရာနတ်နွယ်၏ "မြန်မာပြည်မြောက်ပိုင်း"၊ ဆရာကျော်အောင်၏ "အရေးကြီးပြီ သွေးစည်းကြစို့"၊ သမဂ္ဂအလဲတော်အောက်ဝယ် ဆရာမောင်နေဝင်း၏ "ရေရိုင်းမြေရိုင်း"၊ ဆရာမောင်သာနိုး၏ "ထင်းရှူးပင်ရိပ်" စသော ဝတ္ထုများ ကဗျာများ။ ဆရာမြသန်းတင့်၏ "စစ်နှင့်ငြိမ်းချမ်းရေး"၊ သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်"၊ တောပြန်ပုဂ္ဂိုလ်များ၏ "သခင်သန်းထွန်းနောက်ဆုံးနေ့များ" စသည်တို့မှာ ထိုကာလများက ထွက်ရှိခဲ့သော နာမည်ကြီးစာအုပ်များဖြစ်၏။ ထိုစာအုပ်များ မဖတ်ဖူးလျှင် မျက်နှာငယ်သလိုခံစားရသည်။

၁၉၇၄မှ စ၍ ၁၉၇၅၊ ၁၉၇၆ နှစ်ဦးပိုင်းကာလများကိုလည်း ကျွန်တော်တက်ကြွစွာ ဖြတ်သန်းခဲ့သည်။ အမှန်တော့ ထိုနိုင်ငံရေးဖြစ်စဉ်များနှင့် လိုက်လျောညီထွေစွာ ဖြတ်သန်းခဲ့သောကာလများအကြောင်းသည်လည်း စင်စစ်စာတစ်စောင် ပေတစ်ဖွဲ့ရေးခဲ့ သင့်သည်။

အခြားသူများနှင့်တူချင်မှတူမည်ဖြစ်သော်လည်း ကျွန်တော် ထိုဘဝများ၏ နိဂုံးရလဒ်မှာ စိတ်ပျက်ခြင်း၊ နိုင်ငံရေးလူလည်များ၏ အလှည့်စားကို ရွံမုန်းခြင်း၊ နိုင်ငံရေးထဲ ရောညှပ်ပါလာသော တေလေဂျပိုးတို့၏ စက်ဆုပ်ဖွယ်ဧလေ့စရိုက်များကို မျက်ဝါးထင်ထင်တွေ့မြင်ရခြင်းတို့ဖြစ်ခဲ့ရသည်။

ထိုကာလ၏ အတွေ့အကြုံခံစားမှုများကို အခြေခံ၍ ၁၉၈၈ ပတ်ဝန်းကျင်ကာလတွင် လူငယ်အတော်များများ၏ အသက်နှင့်ဘဝများကို ဖျောင်းဖျရှင်းပြပြီးကယ်တင်နိုင်ခဲ့သည့် အဖြစ်မှန်တွေရှိသည်။ သို့သော်၂၁ရာစုခေါင်းပါးမှာတော့ဖြတ်သန်းရသော တက္ကသိုလ်ကာလ၏ ခက်ခဲကြမ်းတမ်းမှု ညင်သာချောမွေ့မှုစသော ကန္တာရခရီးဆန်သည့်အဖြစ်အပျက်များကိုသာ ဖော်ပြလိုရင်းဖြစ်ကာ နိုင်ငံရေးနှင့်ပတ်သက်သော ကိစ္စရပ်များကချန်ထားခဲ့ရပေတော့မည်။

လိုရင်းရောက်အောင်တည်းဖြတ်ပြောရလျှင်တော့ ၁၉၇၄ မှစ၍ ထိုကာလများကို ဖြတ်သန်းပြီး ၁၉၇၆ခု မတ်လရောက်သောအခါ နဂိုကတည်းက ကျွန်တော်မရောက်ချင်ဘဲ ရောက်ခဲ့ရသည့် စက်မှုတက္ကသိုလ်နယ်မြေမှ ကျွန်တော်ခွဲခွာရတော့သည်။ ၁၉၇၆ မတ်လ ၂၆ ရက်နေ့တွင် ကျွန်တော်အထိန်းသိမ်းခံရသည်။

ထိုနေ့ညနေစောင်းတွင် အင်းစိန်ထောင်သို့ ကျွန်တော်ရောက်ခဲ့၏။

× × ×

ကျွန်တော်နေထိုင်သော အင်းစိန် ဝိန္ဓဲကုန်းရပ်ကွက်၊ ဗောဓိလမ်း။ အိမ်အမှတ် (၁၃၀) နှင့် အင်းစိန်ထောင်သည် ကားနှင့်သွားလျှင်ငါးမိနစ်သာသာနှင့် ရောက်နိုင်သော ခရီးဖြစ်သည်။ ကျွန်တော်တို့နေ့စဉ်ရှိနေသော အင်းစိန်ဈေးနှင့်ဆိုလျှင်တော့ လမ်းလျှောက်သွား

လျှပ်ပင် အဲသည်လောက်ပဲ ကြာမည်။

သို့သော် ထိုထောင်ကြီး၏တံခါးတစ်ချပ် စည်းရိုးတစ်ထပ်နှင့်ခြားထားသောအတွင်းနှင့် အပြင်လောကကြီးကတော့ မိုးနှင့်မြေလောက်ကွာခြား၏။ နေအိမ်မှထွက်ခွာ သူတို့ခေါ်ဆောင်ရာနောက်လိုက်လာပြီး ချက်ချင်းနီးပါးမှာပင် အင်းစိန်ဗူးဝသို့ရောက်သည်။ ထိုမှနေ အဆင့်ဆင့် လုပ်ထုံးလုပ်နည်းအတိုင်းဖြတ်သန်းပြီးနောက် သိပ်မကြာမီ ကျွန်တော်နေထိုင်ရမည့် တိုက်ခန်းတန်းလျားလေးသို့ရောက်သည်။

အခန်းတံခါးဖွင့်ပေး၍ ၁၀ ပေ၊ ၁၄ ပေ အနံအလျားရှိမည် ထင်ရသော အခန်းလေးထဲသို့ ဝင်လိုက်ရသည်။ စုစုပေါင်းမှ တစ်ပေါက်တည်းသော ရှိသော ဝင်ပေါက်ကို ကာရံထားသည့်သံတံခါးကြီးပိတ်သံ ကျောဘက်မှ ကြားရသည်။

"ဂျိမ်း"

အပြင်ဘက်မှ ပျော်စရာကောင်းသော အင်းစိန်မြို့ကြီး ကျွန်တော့်ဘဝနှင့် ကမ္ဘာခြားသွားပြီဟု သိလိုက်ရ၏။

× × ×



အခန်းထဲမှာ ဝါးကြောဖျာ အနားစုတ်တစ်ချပ်၊ ဂန်ဖလားအင်တုံတစ်ခုကလွဲ၍ အခြား ဘာမှမရှိ။ ဝင်ပေါက်လှေခါးအပေါ် ဆင့် အခန်းတွင်းနှင့် ကြမ်းတပြေးညီသံတိုင်တခါးကြီး အပြင်ဘက်တွင် မြေရေအိုးလေးတစ်လုံး၊ ဒန်ခွက်တစ်လုံးနှင့် သံပန်းကန်ပြားတစ်ချပ်အုပ်ထားသည်။

ဂန်ဖလားအင်တုံရှိနေသော အခန်းနောက်ကျောနံရံတွင် ပြတင်းတစ်ပေါက်ရှိသည်။ အမြင့် (၉)ပေ၊ (၁၀)ပေလောက်မှာရှိသည်။ လက်လှမ်းမမှီလည်း မမီ မျှော်ကြည့်ချင်၍လည်းမရ။ အခန်းမျက်နှာကျက်ကနေ မီးလုံးတစ်လုံးတွဲလောင်းကျနေသည်။

အောက်ကြမ်းခင်းက သံမံတလင်း။ ခင်းထားသောဝါးကြောဖျာတစ်ဖက်အနားကအဆက်ဆက်နေထိုင်သွားသူများ အိမ်သာသုံးသန့်ရှင်းရေးလက်နက်အဖြစ် အသုံးချသွား၍ထောင့်တန်းကြီးစုတ်ပြတ်နေသည်။ သံတိုင်တံခါးမှ အပြင်သို့ကြည့်သောအခါ မျက်နှာချင်းဆိုင် အဆောက်အဦးတန်းလျားကြီးနှင့် စည်းရိုးမြင့်ကာထားသည်။ မျက်နှာချင်းဆိုင်

တိုက်တန်းကို အမိုးမှတစ်ပါး မမြင်ရ။

ကာထားသောအုတ်စည်းရိုးတံတိုင်းနှင့် ကျွန်တော်ရှိနေသော အခန်းကြားမှာ ဆယ့်လေးငါးပေသာသာ လွတ်နေသည်။ ကျွန်တော်တို့ဘက် တိုက်တန်းအခန်းများ တစ်ခုနှင့်တစ်ခုကြားမှာ (၆)ပေ၊ (၇)ပေလောက်ရှေ့သို့ ငေါ်ထွက်နေသော အုတ်တံတိုင်းနံရံများဖြင့် ကာထားသည်။

ရံဖန်ရံခါမှလွဲ၍ လူသူအရိပ်အခြေမမြင်ရ။ ရံဖန်ရံခါမှ အစောင့်များ ထမင်းလာပို့သူများ စစ်ဆေးရန်လာခေါ်သူများ တွေ့ရသည်။ "ဂျိမ်း"ဆိုသော အသံကြီးကြားပြီး တစ်ညလုံးနှင့် နောက်တစ်နေ့မနက်ထမင်းလာပို့ချိန်ထိ ဘယ်သူမှမမြင်ရတော့။

ဝါးကြောဖျာပေါ်မှာ အိမ်ကပါလာသော အဝတ်အစားအထုပ်ကလေး ခေါင်းခု၍အိပ်ရသည်။ မှန်တာပြောရလျှင် ထိုအချိန်အထိ စိတ်ဓာတ်ကျတာတို့၊ ဝမ်းနည်းတာတို့၊ ငါ့ဘဝတော့သွားပြီဆိုပြီး အားပျက်အားလျော့တာတို့ လုံးဝမရှိသေး။ မမျှော်လင့်ဘဲ ရုတ်တရက်ပြောင်းလဲသွားသောဘဝ အမျိုးအကွေ့အတွေ့အကြုံသစ်အတွက် စိတ်ဝင်စားနေခြင်းဘာတွေဆက်ကြုံရဦးမလဲ စောင့်ကြည့်ချင်နေခြင်းစိတ်တွေသာရှိသည်။

မမျှော်လင့်ဘဲဆိုတာကတော့ တကယ်မမျှော်လင့်ဘဲဖြစ်သည်။ ဤစစ်ဆေးမေးမြန်းခြင်းအတွက် ပြဿနာတွေက မတ်လ (၂၄)ရက်၊ လွန်ခဲ့သောနှစ်ရက်ကဖြစ်ခဲ့သည့် ပြဿနာတွေဖြစ်သည်။ ထိုနေ့က အိမ်ကထွက်ခဲ့ပြီး ကျောင်းကို ရုစ်နာရီ (မနက်)ပတ်ဝန်းကျင်မှာရောက်သည်။ ထိုနေ့ကျွန်တော်ခရီးစဉ်က ထိုလှုပ်ရှားမှုနှင့် လိုက်ပါရန်မဟုတ်။

သုဝဏ္ဏ ယခုကျွန်တော်နေထိုင်သောအိမ်သို့သွားရန်ဖြစ်သည်။ သို့သော် အလွတ်စီးစရာ ဘတ်စ်ကားမရှိတော့သဖြင့် လှုပ်ရှားမှုအဖွဲ့နှင့် အတူဘတ်စ်ကားစီး၍လိုက်ခဲ့သည်။ ဝိဇယရုပ်ရှင်ရုံရောက်တော့ တာမွေဘက်မှတဆင့် သုဝဏ္ဏသွားရန်လမ်းခွဲထွက်ခဲ့သည်။

အင်းစိန်သို့အပြန်ခက်သဖြင့် သုဝဏ္ဏမှာပဲ ညအိပ်ခဲ့ရသည်။ နောက်တစ်နေ့မနက်ကျမှ သုဝဏ္ဏမှကားဖြင့်အင်းစိန်ပြန်ခဲ့သည်။ အိမ်ပြန်ရောက်ပြီးသည့်လိုပဲ လုပ်မြဲတိုင်းကိုယ့်အလုပ်တွေလုပ်နေခဲ့သည်။ သည်တစ်ခါကိစ္စက ကိုယ်နှင့်သိပ်မပတ်သက်သည်မို့လှုပ်ရှားမှုကိစ္စအကြောင်းကလည်း ကိုယ်နှင့်လာပတ်သက်လိမ့်မည်ဟု မတွေးမိ။

ကျောင်းများပိတ်ထားလိုက်သဖြင့် ကျောင်းပိတ်ရက်ရှည်မှာ လေ့လာဖတ်ရှုဖို့ဆိုပြီး (၂၅)ရက်နေ့ မြို့ထဲသို့ ဆိုင်အတွက် ကုန်ဝယ်ဆင်းရင်း အင်္ဂလိပ်စာအုပ်တွေတောင် ဝယ်လာခဲ့သည်။ (၂၆)ရက်နေ့ လာရောက်ဖိတ်ကြားခေါ်ဆောင်သူများ လာရောက်သည်အထိကလည်း ကိုယ်နှင့်ပတ်သက်သည်ဟု မထင်မိသေး။

မာဇဒါဂျစ်နှင့် လာခေါ်သည်။ ကားပေါ်မှာလူခြောက်ယောက်လောက်ပါသည်။ ဗူးဝရောက်၍ အထဲဝင်တော့ ထိုလူခြောက်ယောက်စလုံးဆီမှ ပြောင်းတို့ခြောက်လုံးပြူး သေ

နတ်လေးတွေ ကိုယ်စီထွက်လာသည်။ သည်တော့မှ သည်ကိစ္စကို သူတို့အရေးတကြီး လုပ်နေတာပါလားဟု သိသွားသည်။ ကျွန်တော်ကိုခေါ်လာချိန်မှာ အမေနှင့်တကွ ကျွန်တော့် မိသားစုဝင်များ တစ်ယောက်မှမျက်ရည်မကျ။ မျက်စိမျက်နှာပျက်နေတာတော့ ရှိသည်။ ကျွန်တော်ကတော့ သည်လောက်ထိဖြစ်လာလိမ့်မည်ဟု စိုးစဉ်းမျှမထင်မိ။

အင်းစိန်တောရထဲရောက်၍ တိုက်(၄)၊ အခန်း(၂၉)၊ ကြိုးတိုက်ထဲမှာ ဖျာတစ်ချပ်နှင့် ပက်လက်လှန်လှဲနေသည်အထိ ဒီကိစ္စက ကိုယ်နှင့်ဘာမှမဆိုင်သလို ခံစားနေရဆဲဖြစ် သေးသည်။ ကိုယ်တိုင်ပါဝင်ကပြလှုပ်ရှားနေသော ဇာတ်ကောင်တစ်ယောက် ခံစားမှုမျိုးမရှိ။ ပွဲကြည့်ပရိသတ်တစ်ယောက်၏ ခံစားချက်မျိုးဖြင့် ဒီကောင်ဘာတွေဆက်ဖြစ်ဦးမလဲ မသိ ဘူးဟု စောင့်ကြည့်သလို စောင့်ကြည့်နေခြင်းသာရှိ၏။ ရှေ့ပိုင်းတွင် ကျွန်တော်ချန်လှပ်ထား ခဲ့သော နိုင်ငံရေးဖြစ်စဉ်များကဲ့သို့ပင် ထောင်တွင်းအတွေ့အကြုံများမှာလည်း စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရန် စိတ်ဝင်စားဖို့ကောင်းသည်။

ထောင်တွင်း၌ တိုက်(၄)၊ တိုက်(၅)မှာ သုံးလကျော်၊ ထို့နောက် တွဲဘက်ထောင်သို့ ပြောင်း၍ တိုက်(၉)၌ (၉)ယောက်တစ်ခန်းနေခဲ့ရပုံ၊ တွဲဘက်အဆောင်တစ်မှာ ပြောင်းရွှေ့ နေခဲ့ရပုံ စသဖြင့် ပြောစရာတွေအများကြီးရှိသည်။ ၁၉၇၆ မတ်လ(၂၆)မှ ၁၉၇၆ စက်တင် ဘာလ(၂)ရက်နေ့အထိ ခြောက်လနီးပါးနေခဲ့ရသည်။ ထိုကာလများ၏ နေ့တိုင်းလိုလို စိတ်ဝင်စားစရာ ထူးခြားချက်တွေရှိသည်။ အခွင့်အခါသာ သောအခါကျမှ ရေးတော့မည်ဟု ဆုံးဖြတ်လိုက်ရ၏။ ရေးချင်သော နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးတို့နှင့် ဆက်စပ်နေသော အကြောင်း များ ချန်လှပ်ခဲ့သော်လည်း ထိုအကြောင်းအရာများနှင့် မပတ်သက်သည့် စိတ်ဝင်စားဖွယ် အထူးအဆန်းအချို့ကိုတော့ ဘယ်လိုမှ မအောင့်နိုင်မအီးနိုင် ပြန်ရေးပြလိုပါသေးသည်။

ရှေ့တွင်ပြောခဲ့သော မတ်လ(၂၆)ရက်နေ့ ညနေမှစ၍ တိုက်(၄)၊ အခန်း(၂၉)တွင် နေခဲ့ပြီးနောက် (၄၅)ရက်တိုင်တိုင် တိုက်ထဲမှာတစ်ယောက်တည်းနေရသည်။ တိုက်ဆို သော်လည်း စာထဲဖတ်ဖူးသည့် အလုံတိုက် အမှောင်တိုက်မျိုး မဟုတ်ဘဲ လင်းလင်းချင်းချင်း လေဝင်လေထွက် အလင်းရောင်ကောင်းကောင်းရသည့် တိုက်ခန်းလေးများဖြစ်သည်။ ချက်ချင်းတော့ ဘာမှန်းညာမှန်းမသိရ။

မေးစရာမြန်းစရာလည်း လူမရှိ။ အစားအသောက် လာရောက်ကျွေးမွေးသည့် ဘာယာ တန်းစီးများကလည်း ကျွန်တော်တို့ကို စကားပင်မပြော။ သူ့ဝတ္တရားအတိုင်း ထမင်းဟင်း ထည့်ပေးပြီး နှုတ်ဆိတ်ပြန်သွားသည်။ အစားအသောက်ဆို၍ သတိရတာပြောရလျှင် ရောက်ရောက်ချင်းနေ့က ဘဝမှာပထမဦးဆုံး ထမင်းငတ်ဖူးသွား၏။

ကျွန်တော်ရောက်လာချိန်က ညနေစောင်းကြီး၊ ထိုနေ့အတွက် ချက်ထားပြုတ်ထား သော ကျွေးမွေးရမည့်စာရင်းမှာ ကျွန်တော့်နာမည် မပေါက်သေး။

ကျွန်တော်ကလည်း ဒါတွေမသိ။ အိမ်ကလည်း မနက်စာစားပြီးကတည်းက ဘာမှ စားမလာ။ အချိန်တန်ကျွေးမှာပဲ။ တစ်ခုခုတော့ စားရမှာပဲဟု ကိုယ့်အမျိုးအိမ်သွားလည်သလို သဘောထားနေမိသည်။ ညရှစ်နာရီ ကိုးနာရီလောက်ကျတော့ အတော်ဆာလာပြီ။ ထိုအခါကျမှ ထောင်ဆိုသောအရာကြီး၏ သဘောသဘာဝကို စတင်နားလည်လာသည်။

ထောင်သည် "ထောင်"သာဖြစ်၏။ ညှိရိပ်သာမဟုတ် အိမ်မဟုတ် ကျွေးသည့် အချိန်နှင့် အဆီအငေါ်တည့်လျှင် စားရမည်။ သို့မဟုတ်ပါက ဘာအကြောင်းနှင့်မှ စားစရာ ရှာမရတော့။ ဝယ်လို့လည်း မရ။ တောင်းလို့လည်း မရ။ ဘယ်သူမှမရှိသော တိုက်ခန်းထဲမှာ တစ်ယောက်တည်း ကိုယ့်ဟာကိုယ် လှိမ့်ပိန်နေ၏။

ဆာလွန်းလို့ရေဗိသောက် အိမ်မှာသောက်တော်ရေအိုးလုပ်ကြသည့် အိုးသေးသေး။ မြေအိုးထဲက ရေကုန်သွားလျှင် ဘာမှဆက်လုပ်စရာမရှိတော့။ ဘယ်အချိန်ကျမှ ရေပြန်ဖြည့် ပေးမည်ဆိုသည်ကိုလည်းမသိ။



ထောင်ထဲမှာ အနိုင်စက်ခံ ရတတ်သည်ဟု ပြောကြသည်။ မညာတဲ့ပြောရလျှင် ထောင်ထဲမှာ ထိုလူတွေပြောသည့် အနိုင်စက်မျိုး ကျွန်တော် ဘာတစ်ခုမှမခံခဲ့ရ။

သို့သော် သဘာဝကိုက ထောင်သည် မသွားအပ်၊ မရောက်အပ်သည့် အရပ် မနေအပ်သည့် အရပ်ဖြစ်သည်။ အထူးသဖြင့် ဘဝမှာမိသားစု သူငယ်ချင်း အပေါင်းအသင်းနှင့် သိုက်သိုက်ဝန်းဝန်းနေခဲ့သော တစ်ယောက်တည်း တစ်ခါမှ မနေဖူးသော ကျွန်တော့်မှာ ပထမဆုံးပွဲဦးထွက်ညမှာပင် တစ်ယောက်တည်းဘဝနှင့် စတိုးသည်။ ထိုညကို အမြန်ကုန်သွားအောင် ဘယ်နည်းနှင့်ဖြတ်သန်းရမည်ဆိုသည်ကို ကျွန်တော် ဘယ်လိုမှ စဉ်းစားမရသေး။ ဘဝမှာ အရှည်လျားဆုံးညအဖြစ် မှတ်တမ်းတင်ရမည်ထင်၏။

[သရပါမဂ္ဂဇင်း - အတွဲ (၂)၊ အမှတ် (၉)]

၂၀၀၀ အောက်တိုဘာလ

× × ×

**၁၁။**

စင်စစ် ထိုအဖြစ်အပျက်များသည် ယခု ၂၀၁၀ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၃၅နှစ်နီးပါးကြာခဲ့ပြီးဖြစ်၏။ လာမည့် ၂၀၁၁ ခု မတ်လဆိုလျှင် ၃၅နှစ်တင်းတင်းပြည့်ပြီ။

ဘဝ၏အချို့သောအဖြစ်အပျက်အာရုံတို့သည် ထိုမျှကြာညောင်းသေးသည့်တိုင် မေ့ပျောက်မှိန်ဖျော့သွားခဲ့ပြီဖြစ်သည်။ ထို့အတူ အချို့သောအဖြစ်အပျက်တို့သည်လည်း ထို့ထက်ကြာမြင့်သွားသည့်တိုင် မှတ်မိထင်ရှားနေသေးသည်။ မှတ်မိထင်ရှား နေသေးသောအဖြစ်အပျက် အမှတ်တရအာရုံတို့ကို ဘဝ၏ခြေရာလမ်းများအဖြစ် တင်စားခေါ်ဝေါ်ချင်သည်။

တကယ်တော့ အကျဉ်းထောင်ထဲမှ ရှည်လျားသောညများအကြောင်း ကျွန်တော်ပြန်အမှတ်မရချင်ပါ။ မေ့မေ့ပျောက်ပျောက်ဖြစ်သွားပြီးဖြစ်သော ဘဝ၏အခြားအိမ်မက်ဟောင်းလေးများကဲ့သို့ပင် ဘဝထဲကနေ မှေးမှိန်ကွယ်ပျောက်သွားစေချင်ပါသည်။

သို့သော် ထိုအဖြစ်အပျက်များကိုမေ့ပျောက်ပစ်ရန်မဖြစ်သည့် အခြားအကြောင်းတွေကလည်း ရှိသေးသည်။ ထိုအကြောင်းတွေက အညှိုး၊ အာဃာတ၊ အတေးအမှတ်များနှင့်လည်းမဆိုင်။ စင်စစ် ကျွန်တော့်ဘဝ၏ ထူးခြားသောအပြောင်းအလဲအချို့သည် ထိုကာလများက စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ဘဝမှာ ဘာအဖြစ်ဖြတ်သန်းရမည်ဟု အနာဂတ်ကိုနိုင်နိုင်မာမာ တည်ဆောက်မိသွားခြင်းအတွက် ဘဝမှာနောက်တစ်ကြိမ်ပြန်၍ မကြုံလိုသော်လည်း ကျေးဇူးပင်တင်မိပါသည်။

ထိုအကြောင်းများကို ကျွန်တော့်စာဖတ်သူများ အထူးသဖြင့် လူငယ်စာဖတ်သူများကိုပြောပြချင်သည်။ အကျဉ်းထောင်တိုက်ခန်းတွင်းသို့ ကျွန်တော်ခြေလှမ်း၍ ဝင်လိုက်သည်နှင့် "ဂျိန်း"ဟုကျွန်တော်ကြားခဲ့သော ကျောဘက်မှ သံတိုင်တံခါးကြီးပိတ်သံသည် ကျွန်တော့်ဘဝကို ကတ်ကြေးတစ်ချောင်းနှင့် တိကနဲညှပ်ချလိုက်သလို အစတစ်စဖြတ်ထုတ်လိုက်သလိုဖြစ်သွားသည်ဟု နောင်သောအခါ ပြန်တွေးမိ၏။

မွေးဖွားသည်ကစ၍ ကျွန်တော်စတင်မှတ်မိသောအဖြစ်များမှနေ ဂျိန်းကနဲ ထိုနေ့ထိုအသံကြားရမည့်အချိန်အထိ ကျွန်တော် ဖြတ်သန်းခဲ့ရသောဘဝအဖြစ်အပျက်များအားလုံး လုံးဝတစ်ခန်းရပ်သွားသည်။အဆက်မပြတ်ရှင်သန်ဖြတ်သန်း လှုပ်ရှားနေသောဘဝကို တစ်ပိုင်းတစ်ကဏ္ဍအဖြစ် ရပ်တန့်ဖြတ်တောက်လိုက်ပြီး ဘာမှန်းမသိသေးသည့် အနာဂတ်တခုအတွက် ခေတ္တဆိုင်းငံ့ရပ်တည်ထားလိုက်သလိုဖြစ်သွားသည်။

ရောက်ရောက်ချင်းညကဖြစ်ပျက်နေပုံကို ကျွန်တော်အကျယ်တဝင့်လေး ပြောပြချင်၏။

× × ×

ထိုည ထိုအခန်းထဲရှိ ဝါးကြောဖျာပေါ်မှာ အဝတ်အစားထုပ်လေး ခေါင်းချ၍ အိပ်
လှဲနေသည်အထိ ကျွန်တော် ဝမ်းနည်းတာတို့ စိတ်မာတ်ကျတာတို့ အားလျော့အားငယ်
တို့မရှိသေးဟု ရှေ့မှာပြောခဲ့သည်။

တကယ်လည်း ကျွန်တော့်စိတ်ထဲမှာ ကိုယ်တိုင်ခံစားနေရတာနှင့်မတူဘဲ ဘေး
တစ်ယောက်နေရာကနေ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်နေရသလို ခံစားရသည်။ ကျွန်‌
စိတ်ထဲမှာ ဘာပူပန်မှုမှမရှိ ဘာတစ်ခုအတွက်မှလည်း စိုးရိမ်မနေ ရင်ဆိုင်စရာ ဘာ
ရှောင်မရလွှဲမရမည့်အတူတူ ရင်ဆိုင်သွားဖို့ပဲ အသင့်ပြင်ထားသည်။

သို့သော် ကျွန်တော့်စိတ်ထဲမှာ စွဲစွဲမြဲမြဲယုံကြည်နေတာ တစ်ခုတော့ရှိသ
ထိုအချက်က ကျွန်တော်သည် အကြောင်းကိစ္စတစ်ခုခုကြောင့် စစ်ဆေးမေးမြန်း ခံရ
အကြောင်းသာရှိ၍ တစ်ခုခုအပြစ်ရှိ၍ အရေးယူအပြစ်ပေးထောင်ကျတန်းကျ ဖြစ်
ဘာအကြောင်းမှမရှိဟု ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချနေခြင်းပင်ဖြစ်သည်။

တကယ်တမ်း ခုကိစ္စမှာ ကျွန်တော် ဘာမှထိထိရောက်ရောက်လုပ်ခဲ့တာမရှိ
လည်း ပါသည်။ ထိုအချိန်မှာ ကျွန်တော်စိတ်၌ ပြင်ဆင်ပြီးသားဖြစ်နေသည်က ကျွန်‌
ကိုစစ်ဆေးမေးမြန်းတော့မှာ သေချာသည်။ ဒါလုပ်ချင်လို့လည်း ဒီအထဲထိခေါ်လာ
ဖြစ်သည်။ ရသည်။ မေး။

ကျွန်တော်ကလည်း မဖြေရဲစရာ မဖြေနိုင်စရာ ဘာမှမရှိ။ ကျောင်းက တရား
ထုတ်ဝေသော စက်မှုသတင်းစဉ်မှာ အဖွင့်ကဗျာရေးခဲ့တာပဲ အပြစ်အနေနဲ့ရှိချင်ရှိမ
သို့သော် ထိုစာစောင်ကလည်း မထွက်ဖြစ်။ ထွက်မလာ။ ဖယောင်းစက္ကူပေါ်အထိပဲရောက်
ပါချုပ်တို့ မော်ကွန်းထိန်းတို့ ဆုံးဖြတ်ချက်ဖြင့် မထုတ်ဖြစ်တော့။



မှိုင်းရာပြည့်နှင့် ပတ်သက်
ဒါပဲရှိသည်။

ရှေ့ကိစ္စတွေတုန်းက ဆိုဂ
တော့ ကိုယ်လုပ်ခဲ့တာတွေ အများသ
တစ်ခုခုဖြစ်မှာ စိုးရိမ်ကောင်း စိုးရိမ်မ

ခုကိစ္စအတွက်ကတော့ ကျွန်‌
သိပ်မပူ။ ရှင်းလိုက်ရင်ပြီး သွားမှာပဲ၊ မ
ရခင် မပြီးခင် ခဏမှာပဲ ကျွန်တော် 
နေရမှာဟု ယုံကြည်မှုအပြည့်ရှိနေသ

သိပ်လည်း ကြာကြာနေရ
မဟုတ်။ သို့အတွက် ရောက်တုန်း ရေ

နိုက် အတွေ့အကြုံလေးတွေတော့ ယူသွားရမယ်။ ဒါမျိုးအတွေ့အကြုံက ရဖို့လွယ်တာ မဟုတ်ဘူးစသဖြင့်လည်း တစ်ယောက်တည်း လျှောက်တွေးနေမိသည်။

တစ်ခုပဲရှိသည်။ ကျွန်တော်တွေးသလိုမတွေးသော ကျွန်တော် ယုံသလိုမယုံသော အမေ စိတ်ပူစိတ်ဆင်းရဲနေမှာပဲ စိုးသည်။ ပြီးတော့ ချစ်သူ။

သူမအသိုင်းအဝိုင်းက ဒါမျိုးတွေနှင့် သိပ်မပတ်သက်သင့်သည့် အသိုင်းအဝိုင်း။ အပြစ်ရှိတာ မရှိတာက နောက်ကိစ္စ၊ လောလောဆယ် ဒါမျိုးတွေနှင့် ပတ်သက်နေတာကိုက သူတို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်သွားနိုင်သည်။ ချစ်သူနှင့်ပတ်သက်သည့် အနာဂတ်က သိပ်မရေရာတော့ဟုတော့ ကြိုတင်မျှော်လင့်ထားလိုက်၏။

လတ်တလောတွေးစရာတွေ အကုန်လျှောက်တွေးပြီးမှ ပတ်ဝန်းကျင်အနေအထား ကို ကျွန်တော် စတင်အကဲခတ်ဖြစ်လာသည်။

ကျွန်တော်ရှိနေမည့်အဆောက်အဦးက တိုက်ခန်းတန်းလျားတစ်ခု ဖြစ်ဟန်တူသော် လည်း ပတ်ဝန်းကျင်အခန်းများမှာ လူသူရှိနေပုံမရ။ ခပ်လှမ်းလှမ်းအတော်ဝေးဝေးမှ အသံ ချွဲစက်သံ၊ ကားဟွန်းသံ စသော အသံဗလံအချို့မှအပ အနီးအနားမှာ ဘာသံမှရှိမနေ။

အင်းစိန်ဇာတိမဟုတ်သော်လည်း လူမှန်းသိကတည်းက အင်းစိန်မှာ ရှိနေခဲ့သူမို့ အင်းစိန်နှင့်အင်းစိန်ထောင်ကြီး၏ တည်ရှိနေပုံအနေအထားကို အကွက်အကွင်းလိုက် ခန့်မှန်းလို့တော့ရသည်။ ထောင်အတွင်းဘက်နှင့် လက်ရှိကျွန်တော်ရောက်နေသောနေရာ တည်နေပုံကိုတော့ ဘယ်လိုမှခန့်မှန်းမရ။

ကျွန်တော်ကြားနေသောအသံများမှာ လှိုင်မြစ်လမ်း၊ ဈေးကုန်း၊ ကွက်သစ်၊ ပေါက် တော၊ အေးသိဒ္ဓိ၊ ရွာမ၊ ဒညင်းကုန်းလမ်းစသောအရပ်များမှဖြစ်နိုင်သည်ဟု ခန့်မှန်းသည်။

ကျွန်တော်ရောက်နေသောနေရာသည် အိမ်နှင့် အဝေးကြီးတော့မဟုတ်ဟုတွေးမိ ၏။ ဈေးကုန်းအနောက်ရပ်ကွက်၏ ဟိုမှာဘက်ကပ်လျက်မှာ အမေတို့ရှိနေသောပိန္နဲကုန်းရပ် ကွက်၏ ကြေးတိုင်စု ၁ လမ်း၊ ၂ လမ်းပြီးလျှင် ဗောဓိလမ်းပဲဖြစ်သည်။ ဈေးထဲကဆိုင်နှင့် ကျတော့ ဒီ့ထက်ပိုနီးသည်။ နေ့ခင်းကျလှမ်းအော်လျှင်တောင် ကြားနိုင်သည်ဟုတွေးသည်။ ဒီ့ပြင်ဟာတော့ ပြဿနာမရှိ။ လူမရှိသူမရှိအခန်းထဲမှာ တစ်ယောက်တည်း။

ခုနေ သရဲလာခြောက်လျှင်ပြဿနာပဲဟု နည်းနည်းတော့လန့်သွားသည်။ အင်းလေ နည်းနည်းမကပါ။ ငါ့မှာ ခုနေ သရဲနဲ့တိုးလိုက်ရင်ပြီးရောပဲ ပြေးစရာလဲမြေမရှိ ငုတ်တုတ်ခံ နေရဖို့ပဲရှိမည်ဆိုပြီး များများလေးလန့်သွားသည်။ တပေါင်းလပြည့်နှင့် သိပ်မဝေးသော နွေညမှာ ညဥ့်လေအေးအေးလေးတိုက်နေသည့်ကြားက ချွေးပြန်လာ၏။

သို့သော် သိပ်တော့ တာမရှည်လိုက်ပါ။

“ဘယ်တတ်နိုင်မလဲကွာ ဘာမှ မတတ်နိုင်မယ့်အတူတော့ ဖြစ်ချင်ရာဖြစ် ဒီလိုပဲရင်

ဆိုင်ရမှာပေါ့" ဟုတွေး၍ ငုတ်တုတ်ထထိုင်လိုက်သည်။ သည်တော့လည်း တစ်ကိစ္စက ပြီးသွားပြန်သည်လေ။ ကံကောင်းချင်တော့ တောင်တွေးမြောက်တွေးလျှောက်တွေးရင်း သန်းခေါင်ကျော်ကျော်လောက်မှာ ကျွန်တော်အိပ်ပျော်သွား၏။

× × ×

ကျွန်တော့်ကို လာရောက်ခေါ်ယူစစ်မေးခြင်းကိစ္စက ကျွန်တော် ထင်မြင်မျှော်လင့်ထားတာထက် ပိုကြာသည်။ ကျွန်တော့်ကို ဒီခေါ်လာသည့်နေ့က သောကြာနေ့။ နောက်နေ့ စနေ တနင်္ဂနွေနေ့များတွင်လည်း မည်သူမျှလာမခေါ်၊ စစ်လည်းမစစ်၊ မေးလည်းမမေး။ လူနှင့်သူနှင့်ဝေးသော ထိုအခန်းထဲမှာပဲ သည်တိုင်းပစ်ထားသည်။

စနေနေ့မနက်မှာတော့ မနက် ၉ နာရီ ၁၀ နာရီလောက်မှာ ထမင်းလာပေးသည်။ ထမင်းနှင့် ပဲဟင်း။ သောက်ရေအိုးဖုံးသည့်သံပန်းကန်နှင့်ထမင်းထည့်၍ ရေသောက်မည့် မတ်ခွက်နှင့် ပဲဟင်းထည့်ရသည်။ ပထမဆုံး မိတ်ဆက်တွေ့ဆုံလိုက်သည့် ထောင်ထမင်းဟင်းသည် စိတ်ပျက်စရာကောင်းလှ၏။ လုံးတီးထမင်းဆိုတာကို ပထမဆုံးမြင်ဖူးခြင်းဖြစ်သည်။

မနေ့ညကတည်းက ဆာနေသည်မို့ ထမင်းလာပြီဆိုသောအခါ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ထမင်းဆိုတာကို မြင်သောအခါ အံ့သြတုန်လှုပ်မိသည်။ ကျွန်တော်တို့ တစ်သက်လုံးသိလာသောထမင်းဆိုတာမျိုးမဟုတ်။ အရောင်ကလည်း ညိုမှောင်ညစ်ထေးနေကာ ဆန်လုံးတွေကလည်း ဖုထစ်ရှုတ်တွနေသည်။ အနံ့ကလည်း အောက်သိုးဆိုးရွားလှသည်။

ပါးစပ်ထဲထည့်ကြည့်တော့ နံစော်မာကျောနေသည်။ ဝါးမရ မြိုမရ။ ထမင်းများကို လက်နှင့်ဆုပ်ယူပြီး ခပ်မြင့်မြင့်မြှောက်၍ သံပန်းကန်ပြားထဲ လွှတ်ချကြည့်သောအခါ တောင် ... တောင် ... တောင် ... ဆိုသောအသံများ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ တစ်လုပ်မှကို မျို၍မရ။

ပဲဟင်းဆိုတာကလည်း အောက်သိုးသိုးအနံ့နှင့် ငန်ကျိုက်ကျိုက် အရည်တစ်မျိုးသာ ဖြစ်သည်။ ပဲစေ့များကိုမြင်ရ၍သာ ပဲဟင်းဟုဆိုနိုင်ခြင်း ဖြစ်၏။ သို့သော် ပဲဟင်းက ထမင်းထက်တော့ စား၍၊ အဲ မျိုချ၍ရသည်။ ထမင်းကိုတော့ ဘယ်လိုမှမစားနိုင်ဘဲ၊ ပဲဟင်းပဲ နှာခေါင်းပိတ်၍ မျိုချလိုက်ရသည်။ ထိုကနေ့ ညနေထမင်းလာကျွေးချိန် သုံးနာရီခွဲ လေးနာရီလောက်အထိ ဘာအစားမှမစားရ လူလည်း တစ်ယောက်မှမမြင်ရ။

ညနေထမင်းကျတော့ ထမင်းကအသွင်မပြောင်း။ ဟင်းက ပဲဟင်းထက်အများကြီး ဆိုးသော နိုင်လွန်ဟင်းဖြစ်သွားသည်။ ထိုအချိန်ကတော့ နိုင်လွန်ဟင်းဟုခေါ်မှန်းလည်း မသိ။

ဘာတွေနှင့် ချက်ပြုတ်ထားမှန်းလည်း မသိ။ အရွက်ကြမ်းကြီးတွေကို စိမ်းစားငပိ အပေါ်စား တွေနှင့် ပြုတ်ထားသည်ကိုပဲသိသည်။

ပုဇွန်ငါးပိ လက်တစ်ဆစ်လောက်ကတော့ မနက်ကအတိုင်းပါသည်။အုံ့ဩစရာ ကောင်းစွာပင် ပိုဆိုးသော ညနေထမင်းဟင်းကိုတော့ ဖွတ်မိုတ်ပြီးမျိုချနိုင်သည်။ ထမင်း တစ်ဝက်လောက်ဝင်သွားသည်။ မဝင်၍လည်းမရတော့။ ခံစားနေရသည့် ဆာလောင် မွတ်သိပ်မှုက အထွတ်အထိပ်ရောက်နေပြီ။ ဒါမှမစားလျှင်လည်း သေဖို့ပဲရှိတော့သည်။

ထိုအသားကျလာမှုကမြန်ဆန်သည်။ နောက်နေ့မနက်ထမင်းနှင့် ပဲဟင်း ငပိတို့လာ သောအခါ ကျွန်တော်အငမ်းမရနှင့် မြိန်ရှက်စွာသုံးဆောင်နိုင်သွားပြီ။ အစားအသောက် ကိစ္စက နှစ်ရက်နှင့်အဆင်ပြေသွားသော်လည်း တစ်ယောက်တည်း တစ်နေကုန် တစ်ည ကုန်နေထိုင်ဖြတ်သန်းရခြင်းကိစ္စကတော့ နှစ်ရက်လောက်မှာ ပို၍သိသာလာ၏။

ထိုင်ခြင်း၊ ထခြင်း၊ လျှောက်ခြင်း၊ လှောင်းခြင်းတည်းဟူသော ဣရိယာပုတ်လေးပါး ကို မကြာခဏအပြောင်းအလဲပြုလုပ်ပေးသည်။ အခန်းကို ထောင့်တန်းဖြတ်၍ အလျား အရှည်ဆုံးခရီးတစ်ခုကိုဖန်တီးပြီး မကြာခဏလမ်းလျှောက်ပေးသည်။ ပက်လက်ကလေး လှဲအိပ်အနားယူ၍ တောင်တွေးမြောက်တွေး လျှောက်တွေးသည်။

ကုန်ပြီ၊ နောက်ထပ်လုပ်စရာ ဘာမှမရှိတော့။ ကိုယ်ကာယပိုင်းလုပ်စရာမရှိတော့ သဖြင့်၊ စိတ်ပိုင်းဆိုင်ရာ အလုပ်တစ်ခုခုလုပ်နေဖို့ ကြံဆရမည်။

"သင်သည် ဘာအလုပ်မှလည်းမလုပ်ရ၊ ဘယ်မှလည်းမသွားရ၊ ဘယ်သူနှင့်မှလည်း စကားမပြောရဘဲ ကာလကြာမြင့်စွာနေထိုင်ရမည်ဆိုလျှင်သေချင်စိတ်ပေါက်လာမှာ မလွဲ" ဟု စာအုပ်ထဲမှာဖတ်ဖူးသော စာသားတချို့ကိုသွားသတိရသည်။ အတိအကျမမှတ်မိသော် လည်း ဆရာပီမိုးနင်းစာအုပ်ထဲကဖြစ်မည်ဟု ထင်သည်။

တစ်ခုခုလုပ်ဖို့စဉ်းစားသည်။ ပထမဆုံးရလာသည့်အကြံမှာ သီချင်းဆိုနေဖို့ဖြစ်သည်။ စည်းနှင့်ဝါးနှင့် ဒွန်ကရိုက်ကျကျ မသိဆိုတတ်သော်လည်း သီချင်းကြိုက်၊ သီချင်းနား ထောင်တတ်သူမို့ သီချင်းတွေလည်းအများကြီးရသည်။

ပထမတော့ ဒီလိုပဲရောကောသောကော၊ သီချင်းသုံးလေးပုဒ်ကို ဆိုကြည့်သည်။ မဆိုး။ ဟိုနားမေ့၊ ဒီနားမေ့တာလေးတွေပြန်စဉ်းစား၊ ပြန်အစဖော်ရတာနှင့် အချိန်တွေ အများကြီးသုံးစွဲလိုက်နိုင်သည်။ ထိုအခါမှ အကြံထပ်ရ၍ ပါးစပ်ထဲရရာ ဦးနှောက်ထဲဝင်ရာ သီချင်းတွေလျှောက်ဆိုမည့်အစား၊ အမျိုးအစားခွဲ၍အစီအစဉ်နှင့်လုပ်လျှင် ပိုအချိန်ရ၊ ခရီးတွင်မည်ဟုတွေးသည်။

သီချင်းများကို ခေတ်ဟောင်း၊ အနှစ်နှစ်ဆယ်ကာလပေါ်၊ စတီရီယိုဟုသုံးပိုင်းခွဲ လိုက်သည်။ ၁၉၇၆ ဆိုတော့ ၁၉၆၈-၆၉ လောက်က စပေါ်သော စတီရီယိုသည်လည်း

အတော်ခရီးရောက်နေပြီဖြစ်သည်။

အရအများဆုံးကတော့ ကာလပေါ်အနှစ်နှစ်ဆယ်တေးများ။ ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ ကိုမင်းနောင်၊ ကိုမောင်မောင်ကြီး။ စန္ဒရားချစ်ဆွေတို့အပြင် ဝင်းဦး၊ ဇော်ဝမ်း၊ ကိုမောင်မောင်၊ ကိုတင်ဦးလေး၊ ကိုရဲဝင်း၊ ကိုတင်ထွဋ်၊ ပျဉ်းမနားကိုမြင့်၊ ကိုစိန်ဝင်း၊ မျိုးမြင့်လေး၊ သန်းဖေလေး၊ ကိုအုံကြီး၊ ကိုသိန်းဆွေ၊ ကိုမျိုးတင့်၊ မောင်ကြည်တို့၊ အားပါး...စဉ်းစားလေလေ ပေါ်ထွက်လာလေလေ အများကြီးရှိနေသေးသည်။

တင်တင်မြတို့၊ မေ့ကွက်ကိုရှာတို့၊ ချစ်စံပယ်တို့၊ အေဝမ်းတင်တင်လှ ... တို့ အမျိုးသမီးအဆိုတော်များ၏ သီချင်းတွေကလည်း တစ်ပုံကြီး။ ခေတ်ဟောင်းကနေစဖို့ ဆုံးဖြတ်လိုက်၏။ ပြည်လှဖေ၊ မောင်တင်မောင်၊ မေရှင်၊ ခင်မောင်ရင်၊ လေဘာတီမမြရင်၊ သုခ၊ တင်တင်အေး၊ လေ့ကလေး၊ ချစ်ရောင်ခြည်စသဖြင့် အဆိုတော်မှတ်မိတာကော၊ သီချင်းမှတ်မိတာကော၊ တစ်ပိုင်းတစ်စရတာကော တစ်ပုဒ်လုံးရတာကော၊ ရသလောက် ခေတ်ဟောင်းတွေကို တစ်ပုဒ်ချင်းစဉ်းစား၍ အေးအေးဆေးဆေးဆိုကြည့်သည်။

အလောသုံးဆယ်မလုပ်။ အေးအေးဆေးဆေးမှ တကယ့်ကို အေးအေးဆေးဆေး အချိန်ယူ၍ အရသာခံ၍ ဖြတ်သန်းသည်။ ခံစားသည်။ ဘဝမှာ သီချင်းဆို၍ (ယခုခေတ်စကားဖြင့်ပြောလျှင်) ဟာတ် ကောင်းစွာထိသည့် အရသာမျိုး၊ ထိုအခါက အရဆုံးဖြစ်သည်။

အစမှာ တိုးတိုးတိတ်တိတ်ဖြစ်သော်လည်း တဖြည်းဖြည်းနှင့်အသံထွက်လာသည်။ အသံကျယ်လာသည်။ ဘယ်သူမှလည်းမရှိ၊ ဘာမှလည်း တုံ့ပြန်သံမကြားသဖြင့် ပို၍ ဆိုရဲလာသည်။ ဆို၍ အရသာရှိလာ၏။ တစ်နေ့ ... ဘယ်လိုကုန်သွားမှန်းပင် မသိ။

× × ×

သို့သော် ... တစ်ယောက်တည်း နေ့ရက်တွေက ပို၍ပို၍ များလာသည်။ ကျွန်တော်မှတ်မိသလောက် ဘယ်သူမှလာမခေါ်၊ မစစ်မေးသေးသည့် ကာလကလည်း တစ်ပတ်လောက်ရှိသည်။ ထိုအတောအတွင်းမှာပင် သီချင်းတွေက ကုန်သွား၏။

သည်တော့ ကဗျာတွေလှည့်ရွတ်ဆိုသည်။ နောက်တော့ ကဗျာတွေလည်း ကုန်သွား၏။ ထိုအခါ ... ဘဝဖြစ်စဉ်တွေ စဉ်းစားရသည်။ ငယ်ငယ် ... ကိုယ်မှတ်မိသလောက်ကစ၍ တတ်နိုင်သလောက် အစီအစဉ်အတိုင်း တဖြည်းဖြည်းကြီးလာသည့် ဘဝဖြစ်စဉ်ဖြစ်ရပ်တွေကို မျက်လုံးထဲမြင်ယောင်သည်အထိ ပြန်တွေး၊ ပြန်ပုံဖော်သည်။

နေ့စဉ်ဘဝကတော့ တကယ့်ပုံသေဖြစ်ရပ်များပင်။ မနက်အိပ်ရာထ၊ မျက်နှာသစ်၊ ဂန်ဖလားသွန်၊ ထမင်းစား၊ ထမင်းစား၊ အိပ်၊ အထူးအဆန်းဆိုလို့ ရေချိုးတာပင်မပါ။ ကျွန်တော်မှတ်မိသည်။ အထဲရောက်ပြီး တစ်လခွဲ၊ ၄၅ ရက်လောက်အထိ ရေလုံးဝမချိုးရ။

ချိုးစရာရေကလည်း သောက်ရေပဲရှိသည်။ မနေနိုင်၍ တစ်ရက်၊ သောက်ရေအိုးမှ ရေနှင့်ပင် ကိုယ်ကိုလောင်းချ၊ ချိုးရတာလွဲ၍ ရေလုံးဝမချိုးရ။

လက်ရှိဘဝက ဘာထူးခြားမှုမှမရှိတော့သောအခါ ဖြတ်သန်းပြီးခဲ့သော ဘဝတစ်ခုလုံးကို ရုပ်ရှင်ကားတစ်ကားအဖြစ် ပြန်ဆက်စပ်ကြည့်သလို ကြည့်၍ရလာသည်။ လက်ရှိဘဝမှာ ဘာမှစိတ်ဝင်စားစရာမရှိ။ အတိတ်တွေအားလုံးကလည်း အတိုးအလျှော့မရှိ တည်ငြိမ်နေသည်။ ဘဝကို ရုပ်ရှင်တစ်ကား ပြန်ကြည့်သလို ကြည့်လို့ရသည့်အပြင် ဗီဒီယိုခွေကြည့်သလို ရပ်ထား၍လည်းရသည်။ ကျော်ကြည့်ချင်လည်းရသည်။ သိချင်တာတစ်ခုရှိလျှင် အထပ်ထပ်ပြန်ရစ်ပြီး ကြည့်နေလို့လည်း ရသည်။ မှန်တာပြောရလျှင် ထိုအချိန်ကတော့ ထိုအလုပ်ကို အလုပ်မရှိအလုပ်ရှာ၍ လုပ်နေခဲ့ခြင်းသာဖြစ်သော်လည်း နောင်ကျမှတန်ဖိုးရှိမှန်း သိလာသည်။

ကိုယ့်ဘဝကိုယ် အဲလိုစိမ်ပြေနေပြေထိုင်ကြည့် ဝေဖန်သုံးသပ်ရသည့်အလုပ်မျိုးကို လုပ်ရဖို့အခွင့်အရေး ရဖို့မလွယ်။ ကိုယ့်ဘဝကိုယ် အနုလုံပဋိလုံပြန်သုံးသပ်ဖူးသူ လောကမှာ သိပ်များများစားစားမရှိ။ နေ့စဉ်ဘဝ၏ လှုပ်ရှားရုန်းကန်မှုကြောင့် ကျော်လွှားနေရသော အဖြစ်များဖြင့်သာ ဘဝကိုကုန်လွန်နေကြသည်။

ဘဝကြီးကို ခဏရပ်၍ဖြတ်သန်းလာခဲ့ရသော ခရီးများကိုပြန်သုံးသပ်ခွင့်ရလိုက်ခြင်းသည် (အခြားသူများတော့မသိ)။ ကျွန်တော့်အတွက်တော့ အရမ်းကိုတန်ဖိုးရှိသည်။

တချို့ဘဝအမှားတွေ ထင်ထင်ရှားရှားပေါ်လာသည်။ တကယ်ဖြစ်နေစဉ်က ကိုယ့်ဇာနှင့်ကိုယ် မှား မှားမှန်းမသိ၊ မှန် မှန်းမသိ၊ ခက် ခက်မှန်း မသိ၊ လွယ် လွယ်မှန်းမသိ၊ ဖြစ်စဉ်နောက်သာ အလောတကြီး အမောတကောလိုက်နေခဲ့ခြင်းဖြစ်သည်။

ယခု... ရပ်ပြီး ပြန်စဉ်းစားတော့ ကျားတို့ စစ်တုရင်တို့ကစားသည့်အခါ ဘေးကကြည့်သည့်လူက ကစားနေသူတွေထက် အရှင်းသား အထင်းသားမြင်နေရသလို ဘဝမှာ ဘာတွေ ကိုယ့်မှာပြည့်စုံနေသည်။ ဘာတွေလစ်ဟာလိုအပ်နေသည်စသည်တို့ကိုလည်း လွယ်လွယ်ကူကူပင် မြင်လာရသည်။

ထိုအခါ စိတ်ဓာတ်၊ ခံယူချက်၊ လောကအမြင်၊ အတွေးဒဿန၊ စသည်တို့မှာလည်း ထူးခြားသောတွေ့မြင်ခံစားရယူ ပြောင်းလဲတိုးတက်မှုတွေရှိလာသည်။ စိတ်တန်ခိုးလည်းတိုးတက်လာသည်ဟု ထင်ရသည်။ ဇာတာရိုက်ကျင့်ကြံရခြင်းဖြင့် ကျွန်တော့်မှာ အမြတ်တွေ အများကြီးရလိုက်၏။

[သရုပ်မှန်စွမ်း – အတွဲ (၂)၊ အမှတ် (၁၀)]

၂၀၁၀ အောက်တိုဘာလ

× × ×

၁၂။

ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ၊ ဒါနနှင့်သီလမပါ သေခါမှသိဆိုသော စကားအတိုင်းပင် ကျွန်တော့်မှာလည်း ဘုရား၊ တရား၊ သံဃာနှင့်အလှမ်းဝေးပြီး ဘာသာရေးဗဟုသုတခေါင်းပါးခြင်းအဖြစ်ကို တိုက်ထဲမှာတစ်ယောက်တည်းနေရခါမှ သိတော့သည်။

တစ်ယောက်တည်းနေရသောကာလက ကျွန်တော်ထင်ထားခဲ့သလို ခဏတဖြုတ်၊ တစ်ရက်နှစ်ရက်မဟုတ်တော့၊ တစ်ပတ်နှစ်ပတ်ကျော်လာခဲ့သည်။ စစ်ကြောမေးမြန်းခြင်းဆိုသည်ကလည်း တစ်ထိုင်တည်းမေး၊ အပြစ်ရှိ မရှိ တစ်ထိုင်တည်းဆုံးဖြတ်၊ ပြီးတော့ အပြစ်မရှိလျှင်လွှတ်ပေး၊ ကျွန်တော်လည်း ကိစ္စဝိစ္စပြီးပြီမို့ အိမ်ပြန်ရုံသာရှိလည်း စသဖြင့်တွေးတောခဲ့ခြင်းမှာလည်း သိပ်ကလေးဆန်လွန်းသောအတွေးဟု ထိုခါမှသိရတော့သည်။

ရှေ့အပိုင်းများမှာ ပြောခဲ့သလို၊ တစ်ယောက်တည်းနေရသောကာလမှာ ဘာလုပ်နေရရင်ကောင်းမလဲ၊ အကျိုးရှိမလဲစဉ်းစား၍ သီချင်းဆိုတာ၊ ကဗျာရွတ်တာ၊ ဘဝအကြောင်းတွေပြန်တွေးတာတွေ လုပ်သည်။ တစ်ပိုင်းကလည်း အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန်များမှာ ဘုရားရှိခိုးသည်။ ဘုရားရှိခိုးရင်းက ပုတီးစိပ်၊ တရားထိုင်ရလျှင် ကောင်းမည်။ အချိန်ကို ပိုအကျိုးရှိနိုင်သည်ဟု သဘောရသည်။

ခက်သည်က တရားလည်းမထိုင်တတ်၊ ကြားဖူးနားဝဖြင့် စမ်းလုပ်ကြည့်တော့လည်း အထာမကျ။ ဒီတိုင်း ထွက်သက်ဝင်သက်မှတ်၍ အာရုံကိုငြိမ်အောင်မထိန်းနိုင်။

ပုတီးစိပ်ရအောင်ဆိုတော့လည်း စိပ်စရာပုတီးက မရှိ၊ ထုံးစံအတိုင်း အလွယ်နည်းနှင့်လက်ချိုးမှတ်ရန် ကြံစားသည်။ လက်ဆယ်ချောင်းပြည့်တော့ ဖျာကဝါးကြောကိုချိုးပြီး အပိုင်းလေးတစ်ခုချထားသည်။ ဆယ်ချိုးပြည့်တော့တစ်ရာ။ နောက်ထပ် ရှစ်ခါလက်ချိုး၊ ပေါင်း(၁၀၈)ပြည့်သွားသည်။ ပုတီးတစ်ပတ်ရပြီ။ ဤနည်းကျတော့ ကျွန်တော်နှင့်အဆင်ပြေသည်။ စိတ်မပျံ့လွင့်အောင်၊ အာရုံကိုငြိမ်အောင် ထိန်းနိုင်သည်။

ပထမ .... ညအိပ်ရာဝင် ပုတီးသုံးပတ်ရအောင်စိပ်သည်။ နောက်ကျတော့ .... အိပ်ရာထ သုံးပတ် ... အဆင်ပြေလာတော့ ..... နေ့ခင်းထမင်းစားပြီး သုံးပတ်ထပ်စိပ်သည်။ တစ်နေ့ ပုတီးကိုးပတ်ရသည့်သဘော။ ဘာစိပ်သလဲဆိုတော့ "ဣတိပိသော ... "ဘုရားဂုဏ်တော်ကိုးပါး၊ တစ်ပုဒ်ဆုံးတစ်လုံးချ။

ကြားအားချိန်များမှာ ကိုယ့်အကြောင်းကိုယ်တွေးသည်။ ပိုတွေး၍ ကောင်းလာသည်။ အာရုံကို ကောင်းစွာစုစည်းနိုင်သည်။ မျက်လုံးမှိတ်ပြီးတွေးလျှင် အရုပ်တွေပါမြင်လာရသလို ခံစားရသည်။ ပုတီးကိုသဘောကျသွားသဖြင့် ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ တစ်ပုဒ်ဆုံးတစ်လုံးချ ကိုးပတ် ထပ်တိုးသည်။

ဘုရားစာ များများမရသဖြင့်၊ နောက်ထပ်တိုးချင်သော်လည်း တိုးမရဖြစ်နေသည်။

ထိုအချိန်မှာ ဘေးအခန်းတွေကို အဖမ်းခံရသူတွေ တဖွဲဖွဲရောက်လာနေကြသည်။ တစ်ခန်းစီမှာတော့ တစ်ယောက်စီပဲ ရှိသေးသည်။ ဘေးအခန်းတွေနှင့် အသံပြုစကားပြော၍ရသည်။ ကျယ်ကျယ်နှင့်ကြာကြာတော့မပြောရဲ။ အမှုထမ်းတွေမိသွားလျှင် ရိုက်လားနှက်လား လုပ်နိုင်သည်။ နိုးကြောင်နိုးဝှက်နှင့်ရသမျှပြောရင်း သံဗုဒ္ဓေဂါထာကို အလွတ်ကျက်ဖြစ်သွားသည်။

အထဲမှာ ... သံဗုဒ္ဓေရွတ်တာ စိပ်တာသိပ်ကောင်းသည်ဟု နားလည်သူတစ်ယောက်က အကြံပေးသည်။ သံဗုဒ္ဓေတစ်သောင်းပြည့်အောင်ရွတ်လျှင် မည်သည့်အချုပ်အနှောင်မဆို လွတ်မြောက်သည်ဟုလည်း ပြောသည်။ ပုတီးကိစ္စလည်း အဆင်ပြေသွား၏။

တစ်ယောက်ကအကြံပေးသည်။ စောင် သို့မဟုတ် ပုဆိုးကိုဖြဲ ကြိုးသဘောမျိုးလုံး။ ပြီးတော့ အထုံးလေးတွေထုံး။ ၉ ထုံး၊ ၁၈ ထုံး၊ ၂၇ ထုံး၊ ၅၄ ထုံး၊ ၁၀၈ ထုံး ... စသဖြင့် အဆင်ပြေသလို ထုံး။ အထုံးလေးတွေကို ပုတီးလုံးအမှတ်ဖြင့် စိပ်၊ ကိုယ့်အထုံး အရေအတွက်ပေါ်မူတည်၍ ပုတီးတစ်ပတ် (၁၀၈)လုံးနှင့်ကိုက်အောင် အပတ်ရေ မှတ်၍စိပ်ဟု သင်ပေးသည်။

ကျွန်တော် စောင်အနားကို အလျားလိုက်လက်မဝက်ပြားခန့်ဖြဲ၍ ထုံးကြည့်ရာ၊ ၅၄ ထုံးနှင့်အံကိုက်သည်။ (၁၀၈)လုံး ရရန် (၂)ပတ်စိပ်ရသည်။ အရင်ထက်ခရီးအများကြီးတွင်သွားသည်။ နောက်ထပ်ရသောဘုရားစာ၊ ဂါထာလေးများနှင့်တွဲ၍ တိုးတိုးစိပ်သွားရာ၊ တစ်လမပြည့်မီ တစ်မျိုးကိုးပတ်၊ (၆)မျိုး စိပ်သဖြင့် (၁၀၈)လုံးကိုက် တစ်နေ့(၅၄)ပတ်ရသည်။

ထိုင်စိပ်သည်၊ လျှောက်စိပ်သည်။ တတ်နိုင်သလောက် အာရုံမလွင့်အောင်ထိန်းသည်။ ၄၅-ရက်အတွင်းမှာ ထူးခြားချက်တွေ တွေ့ရသည်။ ဘဝမှာ ဘယ်တော့မှ မမေ့မည့် ထူးခြားမှုများဖြစ်၏။

× × ×

ပထမတစ်ခုက ထောင်နစ်ရှည်ကျမည့်ဘေးက သီသီလေးလွတ်လာခြင်းပင်ဖြစ်သည်။ ရက်အတိအကျဘယ်လောက်မှာဟုတော့ မမှတ်မိ။ ၄၅ ရက်အတွင်းမှာတော့ ၄၅ရက်အတွင်းမှာပဲဖြစ်သည်။ တစ်ရက် မနက်ထမင်းစားပြီးချိန်လောက်မှာဖြစ်သည်။ ထောင်အမှုထမ်းတစ်ယောက်လာခေါ် သဖြင့် လိုက်သွားရသည်။

အထဲမှာ အခန်းပြင်ထွက်၍ စစ်ကြောရေး ဘာညာသွားရလျှင် ကျွန်တော်တို့အားလုံး စောင်များခြုံ၍သွားရသည်။ တစ်ယောက်နှင့်တစ်ယောက် အခန်းနီးနားချင်းဖြစ်သော်လည်း ရုပ်မမြင်ရ။ ထို့အတူ ပတ်ဝန်းကျင်နေရာထိုင်ခင်းကိုလည်း မမြင်ရ။ ဘယ်နား ဘာရှိသည်၊ ဘယ်ကသွားဘယ်ရောက်သည် လုံးဝမသိရ။

တစ်နေ့ရောရောက်သောအခါ အဆောက်အဦးတစ်ခုထဲ ရောက်နေသည်ကို တွေ့ရသည်။ ကျွန်တော်မသိသော မမြင်ဖူးသော အခြားလူငယ် (၁၀)ယောက် (၁၂)ယောက်ခန့်လည်း ရောက်နေသည်။ ဘာလုပ်မည်မှန်းလည်းမသိ၊ ဘုမသိဘမသိ ကျွန်တော်တို့ (၁၂) ယောက်(ဟုထင် သည်) အခန်းကျယ်တစ်ခုအတွင်းရှိ နံရံကိုမျက်နှာမူပြီးရပ်နေကြရသည်။



"မင်းတို့မလှုပ်နဲ့ စကားမပြောနဲ့ ငြိမ်ငြိမ်ရပ်နေ၊ ကြားလား"

ဆိုပြီး အမှုထမ်းတစ်ယောက်က အမိန့်ပေးသည်။ အခြားစကားလည်း အပိုမပြော။ ကျွန်တော်တို့ငြိမ်နေတော့မှ လူတစ်ယောက်ဝင်လာ၍

"ဒီမှာ မင်းတို့ကို ငါရှင်းပြမယ်။ အဲဒီကိစ္စတွေဖြစ်တုန်းက၊ အာဒိုင်တီက ကျောင်းသားတချို့ဟာ ကြို့ကုန်းကနေ ပြည်သူ့ပိုင် ဟီးနိုးဘတ်စ်ကားတွေတားပြီး ယာဉ်မောင်းတွေကို ခြိမ်းခြောက်၊ ကမာရွတ်တက္ကသိုလ်ထဲအထိ အတင်းမောင်းခိုင်းတယ်။ ပြည်သူပိုင်ကားတွေ အလွဲသုံးစားလုပ်တယ်၊ ယာဉ်မောင်းတွေကို ဝတ္တရားနှောင့်ယှက်ခဲ့တယ်။ အခု မင်းတို့ထဲမှာ အဲဒီကောင်တွေပါတယ်။ မင်းတို့ပြစ်မှုကျူးလွန်တာကို မှတ်မိနေတဲ့ယာဉ်မောင်းတွေရှိတယ်"

သဘောကတော့ ထိုယာဉ်မောင်းတွေက ကျွန်တော်တို့တန်းစီရပ်နေသူတွေထဲက သူတို့မှတ်မိသူတွေကို တစ်ယောက်ချင်းဆွဲထုတ်မည်။ ဆွဲထုတ်ခံရသူမှာ သက်သေခိုင်လုံသဖြင့် အပြစ်ချခံရမည်။

"သုံးကြိမ်ဆွဲမယ်၊ တစ်ကြိမ်မှာတစ်ခါမင်းတို့အချင်းချင်းအဝတ်အစား ပြောင်းဝတ်ခွင့်ရှိတယ်။ ဆံပင်ပုံစံပြောင်းဖြီးနိုင်တယ်၊ သုံးကြိမ်မှာသုံးကြိမ် ပါမလာတဲ့ နစ်ကြိမ်ဆွဲထုတ်

ခံရရင်တော့ သက်သေနိုင်လုံပြီလို့ ယူဆမယ်"

မန်တာပြောရလျှင် ထိုအချက်အလက်များ ရှင်းပြလိုက်သည့်အခါ စောစောက ဘာများလဲဟု ဇဝေဇဝါဖြစ်နေသောစိတ်များအေးသွားသည်။ သည်အတွက် ကျွန်တော့်မှာ ဘာပူစရာမှမရှိ။ ထိုကိစ္စဖြစ်တုန်းက ကျွန်တော် ယောင်၍မျှမပါခဲ့။ ကျွန်တော်နှင့်အလွတ်ကြီးဖြစ်သည်။

ခဏကြာတော့ တရားခံဆွဲထုတ်မည့် ယာဉ်မောင်းတစ်ယောက် ဝင်လာသည်။ ကျွန်တော်တို့လည်း နံရံကို မျက်နှာမူထားရာမှ ကျောကပ်ပြီး ရပ်လိုက်ကြသည်။ ယာဉ်မောင်းတစ်ယောက်ချင်းက တစ်လှည့်စီဆွဲထုတ်ကြမှာ ဖြစ်၏။

ပထမလူဝင်လာသည်။ ဟိုးထိပ်ကစ၍ ကျွန်တော်တို့တစ်ယောက်ချင်းကို တစ်ယောက်စီ စေ့စေ့ကြည့်ပြီး ဖြည်းဖြည်းလျှောက်သည်။ တစ်ယောက် နှစ်ယောက် သုံးယောက် လေးယောက် ငါးယောက်၊ ခြောက်ယောက်။

ကျွန်တော်က နံပါတ်ခုနစ်နေရာလောက်မှာ ရှိနေသည်။ ကျွန်တော့်အလှည့်မရောက်ခင်အထိ တစ်ယောက်မှ ဆွဲထုတ်မခံရ။ ကျွန်တော့်ရှေ့ရောက်လာသည်။

ထိုလူက ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး လှမ်းလက်စခြေလှမ်းများကို ရပ်လိုက်သည်။ ကျွန်တော် သူ့ကို ရဲရဲတင်းတင်းပင် ပြန်ကြည့်နေလိုက်သည်။ စိုးရမ်စိတ်စိုးစဉ်းမျှမရှိ။

"ဒီတစ်ယောက်မှတ်မိတယ်"

လက်ညှိုးက ကျွန်တော့်ဆီတည့်တည့်မှာဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်တော့်ကို ဆွဲထုတ်လိုက်ခြင်းဖြစ်၏။ ဒိန်းကနဲ ... ကျွန်တော်ရင်ထဲမြည်ဟီးသွားသည်။ အံ့အားသင့်မှုက ဖော်မပြနိုင်လောက်အောင် ဖြစ်သွား၏။ ဘာဆိုင်လို့လဲ ကျွန်တော်နှင့် ဘာမှမဆိုင်ဘဲ ဘာအတွက်ဆွဲ ထုတ်ရတာလဲ။ ရင်က ခုမှ ခုန်လာတုန်လာသည်။

ယာဉ်မောင်းဘယ်နှစ်ယောက်ပါလာသည်မသိ။ ခုမှပထမဆုံးလူ။ ပထမဆုံးလူဆွဲထုတ်သည့် ပထမဆုံးတရားခံက ကျွန်တော်ဖြစ်နေပြီ။ ကျွန်တော်ရှေ့ထွက်ရပ်နေရမှာလား။ ဘာဆက်လုပ်ရလဲ မမှတ်မိတော့။ ထူပူနေသည်။

ထိုလူကဆက်လျှောက်သွားပြီး တစ်ဖက်ထွက်ပေါက်မှ ထွက်သွားသည်။ နောက်ထပ် ဘယ်သူ့မှဆွဲမထုတ်တော့။ နောက်ထပ် ယာဉ်မောင်း (၉)ယောက်၊ (၁၀)ယောက်ထပ်ထွက်လာသည်။ တစ်ယောက်စီကြည့်ပြီး လျှောက်သွားသည်။ ကျွန်တော့်ရှေ့ရောက်လာသည်။ လာရပ်ပြီးကြည့်သည်။

ဘဝမှာ ကြာမြင့်လွန်းလှသော စက္ကန့်များပင်ဖြစ်သည်။ တစ်စက္ကန့် တစ်စက္ကန့်လျှင် တစ်ဘဝစာမျှ ကြာမြင့်သည် အောက်မေ့သည်။ ကျွန်တော် ဘာလုပ်သည်ထင်ပါသနည်း။ တတ်နိုင်သလောက် မျက်နှာမပျက်အောင် အမူအရာမပျက်အောင် ထိန်းထားသည်။ စိတ်ထဲ

ကတော့ သံဗုဒ္ဓေချည်း တစ်ခေါက်ပြီးတစ်ခေါက် ရွတ်နေမိသည်။ တစ်ခေါက်နှင့်တစ်ခေါက် ကြားမှာလည်း "ကျွန်တော်ဒီကိစ္စနဲ့ဘာမှမဆိုင်ပါဘူးဗျာ၊ ခင်ဗျားတို့လည်း ကျွန်တော် မသိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ဘာရန်ငြိုးမှလည်း မရှိပါဘူး။ ခင်ဗျားတို့မမှားလိုက်ပါနဲ့" ဟု စိတ်ထဲကနေပြောပြနေမိသည်။ ပြီးလျှင် သံဗုဒ္ဓေတစ်ခေါက်ရွတ်သည်။

ကျွန်တော်ပျာယာတော့မခတ်။ နေ့ပေါင်းများစွာ ပုတီးစိပ်ထားသဖြင့် စိတ်ကိုငြိမ် သက်အောင် ထိန်းချုပ်ထားနိုင်သည်။ သမာဓိသဘောများလားတော့ မသိ။

ကံအားလျော်စွာပင် ကျွန်ယာဥ်မောင်းများက ဆွဲမထုတ်တော့။ ကျွန်တော်သာမက မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆွဲမထုတ်တော့။ လူကုန်ပြီးတော့ နောက်တစ်ကျော့ထပ် ဝင်သည်။ ပထမဆုံးလူက ပထမပဲ ပြန်ဝင်သည်။ ကျွန်တော်ဘာတွေလုပ်ထားထား။ သူက ကျွန်တော့်ရှေ့မှာပဲ ရပ်သည်။ သေချာကြည့်သည်။

ကျွန်တော်ကတော့ ခုနတုံ့ပြန်ပုံမျိုးပဲ တုံ့ပြန်သည်။ ချာကနဲ လှည့်ထွက်သွား၏။ လူကုန်အောင်လျှောက်သွားပြီးသောအခါ "ကျွန်တော် မမှတ်မိတော့ဘူး" … ဟုပြောသည်။ ကျွန်တော် ပင့်သက်တစ်ဝရှိုက်မိ၏။ နောက်တစ်ကျော့မှာလည်းသည်အတိုင်းပဲဖြစ်သည်။

အားလုံးပြီးတော့၊ နံရုံးသဖွယ် ပြင်ဆင်ထားသော တရားသူကြီးများဆီခေါ်သွား သည်။ တရားသူကြီးက မင်းတစ်ခါဆွဲထုတ်ခံရတယ်။ ဘယ်လို ယူဆလဲ" … ဟု မေးသည်။

ကျွန်တော်က "လူမှားလို့ထင်ပါတယ်"… ဟု ဖြေလိုက်သည်။ မှတ်တမ်းတင်ပြီး ကျွန်တော်တို့အားလုံးကို ပြန်လွှတ်လိုက်သည်။ ကိုယ့်တိုက်ခန်းလေးများဆီ ဝမ်းသာစွာ ပြန်ခဲ့ရသည်။ အပြင်ပြန်ရောက်သောအခါ … အမေတို့သူငယ်ချင်းများတို့ကို ပြောပြသည်။ အားလုံးက တညီတညွတ်တည်း … "အဲဒါ သံဗုဒ္ဓေတန်ခိုး။ ဘုရားတန်ခိုး။ ပုတီးတန်ခိုး" ပဲ … ဟု ပြော၏။

× × ×

ဒုတိယထူးခြားမှုကတော့ ခုလိုမှတ်မှတ်ထင်ထင်မဟုတ်ဘဲ အမှတ်မထင်ဖြစ်ပျက်ခဲ့ ခြင်းဖြစ်သည်။ အခန်းထဲမှာ ကျွန်တော်ထောင့်တန်းဖြတ်လျှောက်၍ အရှည်ဆုံး စကြံခရီး လေးတစ်ခု ဖန်တီးထားကြောင်း ရှေ့မှာပြောခဲ့ပြီ။

လမ်းလျှောက်၍ ပုတီးစိပ်လျှင်လည်း ထိုလမ်းကြောင်းအတိုင်းလျှောက်၍စိပ်သည်။ နောက်ပိုင်းပုတီးပေါ်မှာ အာရုံအပြည့်ထားပြီး ကျကျနနစိပ်နိုင်လာသော ကာလ၊ တစ်ရက် မှာ လျှောက်လမ်း၏ အနောက်ဘက်ထောင့်၊ လက်ျာဘက်နှင့် ကျောဘက်နံရံထောင့်လေး နားအရောက်မှာ အာရုံကို ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်းဖြစ်သွားစေသော အမွှေးရနံ့လေးတစ်ခုရသည်။

အမှန်က အဲဒီနေရာသည် ဘာအမွေးနံ့မှရစရာအကြောင်းမရှိ။ တည့်တည့်ပြောရလျှင် ထိုနေရာနှင့်အနီးဆုံးမှာ အနံ့ရစရာဟူ၍ မိလ္လာကန်ဖလားပဲရှိသည်။ ရချင်းရမိလ္လာနံ့ပဲ ရ ရမည်။ လျှောက်နေရင်း ပထမတစ်ခေါက် နှစ်ခေါက်မှာ စိတ်ထင်တာပဲလားဟု အောက်မေ့မိသေးသည်။ မဟုတ်။ သေချာသတိထား၍ သေချာသတိပြုသည့်အခါမှာလည်း ထိုမွှေးရနံ့လေးရှိနေသည်။

ပထမတော့ တော်တော်ထူးဆန်းနေမိသည်။ သို့သော် စိတ်ကို အထိုက်အလျောက်ထိန်း၍ရနေပြီမို့ သိပ်အံ့ဩမနေတော့ဘဲ တစ်အချက်က ထိုနေရာသည် နောက်ဖက်လေဝင်ပေါက်ပြတင်းနှင့် နီးသည်။ သည်တိုက်တန်း၏ အနောက်ဖက်တွင် လူနေအိမ်စသည်တစ်ခုခုရှိမည်။ လူရှိလျှင် အိမ်ရှိလျှင် ဘုရားစင်၊ နတ်စင်ရှိနိုင်သည်။ ရေမွှေး၊ နံ့သာပန်းမန်တစ်ခုခုလည်း လိမ်းခြယ်ဆွတ်ဖြန်းဆင်မြန်းနိုင်သည်။ အမွှေးနံ့ရနိုင်သည်။

ဒါမှမဟုတ်၍ နာနာဘာဝ၊ ဝိနာဘာဝ၊ ဂန္ဓဗ္ဗရကိစ္စတစ်ခုခုဆိုလျှင်လည်း မကောင်းသော ဝိဉာဉ်ပုဂ္ဂိုလ်ဆိုပါက အမွှေးနံ့ရစရာမရှိ၊ အပုပ်နံ့ပဲ ရရမည်။ ကောင်းသောဝိဉာဉ်ပုဂ္ဂိုလ်အတိတ်နိမိတ်ပဲဖြစ်ရမည်။ စိုးရိမ်စရာ မရှိ … ဟု တွေးလိုက်သောအခါ ထိုကိစ္စအပေါ် စိုးရိမ်ခြောက်ချားမှု ဘာတစ်ခုမှမရှိတော့။

ထိုအခန်းထဲမှာ ကျွန်တော်နေခဲ့ရသမျှသော နောက်ထပ်ကာလများမှာလည်း ထိုသင်းရနံ့လေး မကြာခဏရနေသည်။ ထိုနံရံ၏ နောက်ဘက်၊ အဆောက်အဦး၏ နောက်ဘက်မှာ လူသူအိမ်ခြေရှိနေသည်ဆိုသည့် ကိစ္စကလည်း နောက်ပိုင်းမှာ ပိုထင်ရှားလာသည်။

ညဖက်နှင့် နံနက်ဖက်အထူးသဖြင့် ညဖက်များမှာ လူသံ ဆူသံ၊ သီချင်းသံစသည်များ သတိထားမိလာသည်။ ကနဦးပိုင်းက စိတ်အာရုံမတည်ငြိမ်၍ ထင်သည်၊ ဘာသံမှသိပ်သတိမထားမိခဲ့။ နောက်ပိုင်းကျတော့ နောက်ဘက်မှာ အမှုထမ်းတန်းလျား၊ မိသားစုလိုင်းရှိနေသည်ဟုပင် မှန်းဆမိသည်။

ပဲပြုတ်သည်သံ၊ အကြော်သည်သံ၊ ကလေးငိုသံ၊ ရေဒီယိုဖွင့်သံ၊ လူတစ်စုလမ်းလျှောက်ရင်း စကားပြောသွားသံ၊ အိုးသံ၊ ခွက်သံ၊ ဘုရားရှိခိုးသံ၊ စကားပြောနေသော ကျားသံ၊ မသံများ လူခြေတိတ်ချိန်ဆိုလျှင် ကြားနေရသည်။

ပထမတော့ အာရုံပြုနားထောင်မိသေးသော်လည်း နောက်ကျတော့ ရိုးသွားသည်။ တစ်ခါတရံ ပွဲလမ်းသဘင်များ လုပ်နေသလား။ အလှူမင်္ဂလာ ညည့်ခံပွဲများ လုပ်နေလား မှန်းဆရအောင် အုတ်အုတ်ကျွတ်ကျွတ်ရှိသည်။ လူအစုအဝေးနှင့် သဘင်ပွဲလမ်းသွားကြသံမျိုး၊ သီတင်းကျွတ်တန်ဆောင်တိုင်ပွဲမျိုး ဆင်နွှဲနေကြသည်ကို အသံနှင့် လသာနေသောညနှင့် လိုက်ဖက်စွာ ကြုံရကြားရသည်။

၄၅ ရက်ကျော်ပြီး နောက်မှာ အခန်းထဲသို့ အဖော်များရောက်လာသည်။ စစ်တွေက

တစ်ယောက်၊ သံတွဲက တစ်ယောက်၊ နှစ်လကျော်တော့ ကျွန်တော်အခန်းပြောင်းရသည်။ အခန်းနံပါတ် ၂၉၊ ၃၀ ဒီဘက်ထိပ်ကနေ ဟိုးဘက်ထိပ် ၄၊ ၅ လောက်အထိ။

အဲဒီမှာလည်း သိပ်မကြာဘဲ၊ အလယ်လောက် ၁၄၊ ၁၅ လောက်ကိုထပ်ရွှေ့ရသည်။ အခန်း(၁၅)မှာ ဟိုဘက်ခြမ်းနှင့် ဒီဘက်ခြမ်း နံရံစည်းရိုးတစ်ခုခြားထားသည်။

ထို ၁၄၊ ၁၅ လောက်မှာပြောင်းနေရသည့်အခါ အမှတ်တရဖြစ်စရာကတော့ ယခုအခါ အယ်ဒီတာချုပ်ကြီးဖြစ်နေသည့် ဦးမြတ်ခိုင်ကို လူငယ်လေးကိုမြတ်ခိုင်အဖြစ် ဆုံစည်းရခြင်းပင်ဖြစ်သည်။ သူပြောပြ၍ ဖြစ်ပျက်နေသော အခင်းအရာများကို ယောင်တောင်ပေါင်တောင်နှင့် လိုက်ကြည့်ရင်း ဘုရားပေါ်မှာအဆွဲခံရတာဟု ပြောသည်။

ကိုမြတ်ခိုင်နှင့် တစ်လနီးပါး အတူတစ်ခန်းတည်းနေရပြီးနောက် ကျွန်တော်တွဲဘက်သို့ ပြောင်းရွှေ့ခံရသည်။ ကိုမြတ်ခိုင်တို့နှင့်မဆုံမီ ထိပ်ဘက်အခန်း ၄၊ ၅ လောက်တွင်နေရစဉ် တစ်ယောက်တည်းပြန်ဖြစ်နေချိန်မှာ ထောင်အမှုထမ်းဖြစ်နေသော ကျွန်တော့်တပည့်လေးတစ်ယောက်နှင့် ဆုံသည်။

ထိုတပည့်လေးက ကျွန်တော်(၁၀)တန်းအောင်ပြီး လုပ်အားပေး ကျောင်းဆရာဘဝနှင့် အထက(၂)အင်းစိန်မှာ ပြန်လုပ်နေရစဉ်၊ (၇)တန်းမှာတက်နေသော ကျောင်းသားဖြစ်၏။ ထိုတပည့်လေးက ကျွန်တော့်ဆီ လာနှုတ်ဆက်သည်။ နှုတ်ဆက်စကားပြောရင်း ဟိုးထိပ်ဘက်တုန်းကတည်းက ဆရာအဲဒီမှာရှိတာ ကျွန်တော်သိတယ် မလာရဲလို့ ခုမှနှုတ်ဆက်ရတာဟုပြောသည်။

"ဘာဖြစ်လို့မလာရဲတာလဲကွ" ကျွန်တော်ကမေးသောအခါ "ကျွန်တော့် ဂျူတီကညဘက်မှကျတာဆရာ ဒီထဲကို ညခြောက်နာရီကျော်မှ ရောက်တယ်။ အဲဒီအချိန် အဲဒီဘက်ကိုမလာရဲဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာ မသိဘူးလား"

"ဟင့်အင်း"

"ဆရာတို့ အခုနေနေတဲ့တိုက်က ရိုးရိုးတိုက်မဟုတ်ဘူး။ ကြိုးတိုက်ဆရာရဲ့ ကြိုးပေးအသတ်ခံရမယ့် ကြိုးသမားတရားခံတွေထားတာ"

"အဲဒီတော့"

"အဲဒီတော့ ည ... ညဆိုရင် အဲဒီဘက်တွေက သိပ်ခြောက်တယ်။ ညဘက် ဘယ်သူမှ အဲဒီဘက်ကို မလာရဲဘူး"

ကျွန်တော်က လူသံသူသံများ သတိရ၍ ..

"ဟာ ... မဟုတ်တာ၊ ငါတို့နောက်ဘက်မှာ လူတွေနေတယ်မဟုတ်လား။ အဲဒီမှာ

အမှုထမ်းတွေနေတဲ့ မိသားစုလိုင်း မရှိဘူးလား"

"မရှိပါဘူးဆရာရယ်၊ ဆရာတို့က ကြိုးတိုက်အခန်းတွေရဲ့ အစွန်ဆုံးအခန်းတွေ အဲဒီအခန်းတွေကျော်သွားရင် အဲဒီ နောက်ဘက်သွားတဲ့လမ်းရှိတယ်"

" အင်း အဲဒီလမ်းအတိုင်းသွားရင်း"

"အဲဒီလမ်းအတိုင်းသွားရင် မြေကွက်လပ်ကြီးဖြတ်သွားရတယ်။ ပြီးတော့"

" ပြီးတော့ ဘာဖြစ်လဲ"

" ပြီးတော့ အဲဒီမှာ ကြိုးစင်ပဲရှိတယ်"

"ဟ ငါ အဲဒီဘက်က အသံတွေကြားတယ်ကွ"

"ဘာအသံတွေလဲ"

" စုံနေတာပဲ၊ ကြက်သံ၊ ငှက်သံတွေကော၊ လူသံတွေကော"

သူက ကြက်သီးထသွားဟန်ဖြင့် ပုခုံးတွန့်ရင်း

"ကျွန်တော် အဲဒါကြောင့်မလာရဲတာဆရာ အဲဒီမှာ ကြိုးစင်ကလွဲလို့ ဘာမှမရှိဘူး"

ကျွန်တော့်တစ်ကိုယ်လုံး ခုန်လှုပ်နေသော နှလုံးအိမ်နှင့်စီးဆင်းနေသော သွေးများ ရပ်တန့်သွားသလိုခံစားလိုက်ရ၏။

[သရုပ်မှန်ဂျာနယ် - အတွဲ (၂)၊ အမှတ် (၁၁)]

၂၀၁၀ နိုဝင်ဘာလ

* * *

**၁၃။**

၁၉၇၆ မတ်လ ၂၆ မှ ၁၉၇၆ စက်တင်ဘာလ ၂ ရက်နေ့အထိ စုစုပေါင်း ရက် ၁၆၀ တိတိအထဲမှာနေခဲ့ရသည်။

၄၅ရက်က တိုက်ထဲမှာတစ်ယောက်တည်း။ နောက်ပိုင်းရက်တွေမှာကတော့ တိုက်ထဲမှာဆိုလျှင်လည်း အနည်းဆုံးအဖော်နှစ်ယောက်သုံးယောက်နှင့်နေခဲ့ရသည်။ သုံးလကျော်ကျော်လောက်မှာ ပင်မထောင်ကနေ တွဲဘက်ကိုပြောင်းရသည်။

အဲဒီကျတော့ အခန်းကျယ် (သူတို့အခေါ်တိုက်ကျယ်)ကြီးကို အလယ်ကထက်ပိုင်း ကန့်လျက် တစ်ခန်းမှာ ၉ ယောက်စီနေရသည်။ နောက်ကျတော့ ၁၈ယောက်လုံးပေါင်း၍ အဆောင်တစ်ကို ပြောင်းရသည်။

အဆောင်တစ်ရောက်တော့ လူတစ်ရာကျော်လောက်နေကြရသည်မို့ သိသူကျွမ်းသူ၊ စကားပြောစရာလူတွေလည်း များလာသည်။ ကိုယ်ရောက်နေသည့်အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံလိုက်ရသော ထူးခြားအဖြစ်အပျက်များလည်းကြုံခွင့်ရသည်။

ထိုအချိန်က နိုင်ငံခေါင်းဆောင်လူကြီးများကို လုပ်ကြံရန် ကြံစည်ကြိုးစားသည့်အမှု အခင်းတစ်ရပ်ပေါ်ပေါက်ခဲ့ရာ လုပ်ကြံရန်ကြိုးစားမှုမအောင်မြင်ဘဲ ထိုအမှုနှင့်ဆက်စပ်နေသော ပုဂ္ဂိုလ်များအထဲကို တစ်သုတ်ပြီးတစ်သုတ်ဝင်ရောက်လာကြသည်။

ထိုပုဂ္ဂိုလ်များအား ဖြူသလားမည်းသလားမမြင်တွေ့လိုက်ရသော်လည်း ထိုဂယက်ဖြင့် ထောင်တွင်းမှာရိုက်ခတ်မှုများ များစွာတွေ့ခဲ့ရသည်။

တရားသံဝေဂရစရာတွေများသလို တစ်ဘက်ကလည်း ဘာသာရေးနှင့် မိတ်ဆက်ထိတွေ့နေရသည့် ကျွန်တော့်မှာ ရှေ့ကပြောခဲ့သည့်အတွေ့အကြုံသစ်တွေရသလို နောက်ထပ်လည်း ဘာသာတရားနှင့်ဆက်စပ်မှုတွေများလာသည်။

တွဲဘက်အဆောင်မှာ ဘာသာရေးဆိုင်ရာစာအုပ်အနည်းငယ်ရှိသည်။ ဖတ်ခွင့်လည်း ပေးသည်။

သို့အတွက် စိန်ရောင်ခြည်ဘုရားရှိခိုးအမျိုးမျိုးစာအုပ်ဖတ်၍ စိန်ရောင်ခြည်ဘုရားပင့်မှုစပြီး ဘုရားရှိခိုး တော်တော်များများရလာသည်။ အဆောင်မှာ ညဘက်အိပ်ရာဝင်ခါနီး ဘုရားရှိခိုးလျှင် စိန်ရောင်ခြည်ဘုရားပင့်ဖြင့် ဘုရားပင့်ပြီးမှရှိခိုးရ၏။

ထိုစာအုပ်မှပင် ပဌာန်းဇယမင်္ဂလာနှင့် ပါဠိအနက်အစအဆုံးအလွတ် ကျက်ခွင့်ရသည်။ ရှင်သီဝလိဂါထာအလွတ်ရသွားသည်။

ထိုမင်္ဂလာနှင့်ထိုဂါထာတွေကိုလည်း (အလကားနေ အလကားပဲသဘောထားပြီး) တစ်ပုဒ်ဆုံး တစ်လုံးချစနစ်ဖြင့် အနည်းဆုံးပုတီးတစ်ပတ်ရအောင်စိပ်သည်။ ပဌာန်းဇယမင်္ဂလာနှင့် အတိတ်ကောင်းနိမိတ်ကောင်းများရသည်။

သေပြီးသော သစ်ပင်ကိုပင် ပြန်ရှင်စေနိုင်သည်။

အချုပ်အနှောင်မျိုးစုံက လွတ်နိုင်သည်။ စသဖြင့် စာအုပ်က ညွှန်းသောအညွှန်းကြောင့်သည်လောက် ကြိုးစားရွတ်ဆိုခဲ့တာလည်းပါသည်။

နောက်ထပ် မြဟွဗာလသုတ်အမည်ရှိစာအုပ်ကိုလည်း ဖတ်ရသည်။ ရေးသူဆရာတော်၏အမည်ကို အမှတ်မရတော့။ သို့သော် မှတ်မိပြီးနားလည်သလောက်ဖြင့် ဘာသာရေးစစ်စစ်တွင် သိဒ္ဓိ၊ မဟိဒ္ဓိ၊ တန်ခိုး။ ပါဝါများသည် အလကားပဲ ဒိဋ္ဌိဖြစ်စရာတွေပဲဆိုတာ သိလိုက်သည်။ (မှတ်ချက်။ မြဟွဗာလသုတ်စာအုပ်ကို ရေးသားပြုစုသောဆရာတော်မှာ အမရပူရမြို့မဟာဂန္ဓာရုံ ဆရာတော်အရှင် ဇနကာဘိဝံသဖြစ်ပါသည်။)

သမာဓိအား လေ့ကျင့်အားကြောင့် ရှေးဘဝအသန်း၊ နောက် အနာဂတ်ဘဝအသန်း၊ ထိုးဖောက်မြင်နိုင်သိနိုင်သော စွမ်းအားများကိုပင်လျှင် ကပ်ငြိလိုက်ပါက ဒိဋ္ဌိဖြစ်သွားကြောင်း နားလည်လိုက်သည်။ ကျွန်တော် ပုတီးတွေနင်းကန်စိပ်သဖြင့် ထူးခြားမှု အနေဖြင့် အနာဂတ်တွင်တစ်ခုခုဖြစ်တော့မည်ဆိုလျှင် ကြိုသိသလို ဖြစ်နေသောကိစ္စကိုလည်း

ဖြဟ္မဇာလသုတ်ဖြင့် မေ့ဖျော့်ပစ်လိုက်သည်။

တတိယအကျိုးအရှိဆုံးကတော့ တိပိဋကစရမင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ပထမတွဲ(ပထမပိုင်း)၊ စာအုပ်ဆိုဒ်ကြီး အထူကြီးကိုဖတ်ခွင့်ရလိုက်ခြင်းဖြစ်သည်။

အထူးသဖြင့် အချိန်တွေကရလွန်းနေသဖြင့် မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း)မှ ဗျာဒိတ်၊ ကပ်ကမ္ဘာ၊ တစ်သင်္ချေ၊ နှစ်သင်္ချေစသည့် သင်္ချာဂဏန်းများ၏ အတိုင်းအဆများ။ ပါရမီတော်များ။ ဘုရားလောင်းအမျိုးမျိုးပေါ်မှုတည်၍ ပါရမီဖြည့်ရသည့်ကာလမတူညီပုံများ စသည့် မဟာဋီကာဖြင့် ရှင်းပြမှုတို့ကို နားမလည် လည်အောင် အကြိမ်ကြိမ်အထပ်ထပ် ဖတ်ခွင့်ရသည်။

မှန်တာပြောရလျှင် "ထောင်"ဆိုသည်ကို ကျွန်တော် အတော်စက်ဆုပ်ရွံမုန်းပါသည်။ ထောင်အတွေ့အကြုံအများစုသည်လည်း ဘဝ၏ အိပ်မက်ဆိုးများအဖြစ် ကျန်နေခဲ့ပါသည်။

သို့သော်ထောင်သည်ကျွန်တော့်ကို များစွာသင်ကြားပေးလိုက်၏။ အထူးသဖြင့် ဘဝအခြေခံသင်ခန်းစာတော်တော်များများကို ထောင်သည် ရင်ထဲမှလုံးသားထဲ၊ ဦးနှောက်ထဲကိုစွဲနှစ်နိုင်မာနေအောင် သင်ကြားပေးလိုက်သည်။ သို့အတွက် ဘဝအတွက် အကောင်းဆုံး ခံစစ် အထိရောက်ဆုံးခံတပ်ကြီးတစ်ခုကို တည်ဆောက်ပေးလိုက်နိုင်သည်။

နောင်သောအခါ ရင်ဆိုင်ရမည့်ဘဝတိုက်ပွဲများတွင် အဆိုပါ ခံစစ်အင်အားများ သည် ကျွန်တော့်ကို ဘယ်တော့မှမရှုံးအောင် ကူညီကာကွယ်ပေးကြသည်။ တကယ်တော့ ဘဝဆိုတာ အခြေခံ မရှိမဖြစ်လိုအပ်ချက်များ များများစားစားမရှိ။

လူတစ်ယောက် အသက်ရှင်နေထိုင်ဖို့လိုအပ်ချက်သည် နေ့စဉ် စားစရာနည်းနည်း။ ဝတ်စရာနည်းနည်းနှင့် နေစရာလေးနည်းနည်းလောက်သာဖြစ်သည်။ ဤအချက်က တိုက်ထဲမှာ ထင်ရှားသည်။ ကျောတစ်ခင်းစာနေရာတခု၊ ရေအိုးသေးသေးတစ်လုံး။ ရေအိုးဖုံး သံပန်းကန်ပြားတစ်ချပ်၊ ခွက်တစ်လုံးနှင့်ဂန်ဖလားတစ်ခုပြီးလျှင် ရေအိုးလေးအပြည့် သောက်ရန်ရေ၊ လတ်တလောအဝတ်တစ်စုံ၊ နောက်အကြောင်းသင့်လျှင်လဲစရာတစ်စုံ၊ (သိပ်အခက်အခဲရှိလျှင် လဲစရာတစ်စုံပင်မလို)။

မနက်ထမင်းတစ်ပန်းကန်နှင့်ပဲဟင်းတစ်ခွက်၊ ညနေထမင်းတစ်ပန်းကန်နှင့်နိုင်လွန် ဟင်းတစ်ခွက်ရပြီဆိုလျှင် ဘဝမှာအသက်ရှင်နေထိုင်ဖို့ လုံလောက်သွားပြီဖြစ်သည်။ အပြင်မှာရှိစဉ်က မရှိမဖြစ်လိုအပ်သည်ဟု ကျွန်တော်တို့ထင်နေသော အရာများစွာသည် မရှိ၍ ဖြစ်မှန်းသိသွားသည်။ လက်ဖက်ရည်တစ်ခွက်၊ ပန်းသီးတစ်လုံး။ ချောကလက်တစ်တောင့်၊ ဂျင်းဘောင်းဘီတစ်ထည်သို့မဟုတ် ဂျော်ဒါးနီးအင်္ကျီတစ်ထည်။

ကြေးအိုး။ ခေါက်ဆွဲ၊ ဒန်ပေါက်နှင့် ရုပ်ရှင်ရုံများစွာ၊ အပေါ်စက်၊ အောက်စက်၊ မီးခံ သေတ္တာတစ်လုံး။ ရိုးလက်စ်နာရီ သို့မဟုတ် လမ်းဘေးမှာ ပုံရောင်းသည့် ကာဆီနို၊ ကွမ်

အပေါ်စားနာရီ၊ မော်တော်ကားတစ်စီး၊ ရထားလက်မှတ်တစ်စောင်၊ ကိုယ်ပိုင်ရဟတ်ယာဉ်နှင့် အဲယားဖို့စ်ဝမ်းဂျက်လေယာဉ်ကြီးနှင့် အိမ်ဖြူတော်အစရှိသည်တို့မှာ ဘဝအတွက်မရှိလျှင် လည်းဘာမှမဖြစ်သည့်အရာများသာဖြစ်ပါသည်။

သည်တော့မှ အရင်ကဖတ်ဖူးသော ရော်ဘင်ဆင်ခရူးဆိုးဝတ္ထုကို အမှတ်ရသည်။ ရော်ဘင်ဆင်ခရူးဆိုးသည် ကျွန်းတစ်ကျွန်းပေါ်မှာ (တိုက်ထဲတွင် ကျွန်တော်ပိုင်ဆိုင်သော သို့မဟုတ် ရယူသုံးစွဲပိုင်ခွင့်ရှိသောပစ္စည်းနှင့် ရိက္ခာလောက်မျှပင်မရှိဘဲ) ကောင်းစွာ အသက်ရှင်နေထိုင်သွားနိုင်သည်။

ထိုစာအုပ်(ရော်ဘင်ဆင်ခရူးဆိုး)ကို ၁၆၆၀ ပြည့်နှစ်တွင် မွေး၍ ၁၇၃၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ဒယ်နီယယ်ဒီဖိုး (Daniel Defoe)သည် ၁၇၁၉ ခုနှစ်တွင်ရေးသားခဲ့ပြီး မလိုအပ်သည့်အပိုအရာများမရှိလျှင်လည်း လူတစ်ယောက်သည် အသက်ရှင်နေထိုင်ချင် စိတ်သာရှိပါက အသက်ရှင်နေထိုင်ဖို့ သိပ်အခက်ကြီးမဟုတ်လှကြောင်း ပြောခဲ့ခြင်းဖြစ် သည်ဟု ထိုစာအုပ်ရေးပြီး အနှစ် ၂၅၇နှစ်အကြာ ၁၉၇၆ကျမှထောင်ထဲတွင် တိုက်ထဲတွင် ကျွန်တော်စတင်တွေးတောမိသည်။

ကျွန်တော်တို့သည် ဘဝမှာအသက်ဆက်လက်ရှင်သန်လှုပ်ရှားနေဖို့ ပစ္စည်း၊ ငွေ ကြေးအစားအစာတွေ လိုတာထက်ပိုမလိုအပ်ပါ။

ထို့အတူ ထိုမလိုအပ်မှုကို လက်ခံခြင်း၊ တစ်နည်းအားဖြင့်အပိုတွေကို ပယ်ပြီးငြိုးငြံ ရှောင်ရှဲနိုင်ခြင်းကလည်း ဘဝအတွက်ကြီးမားထက်မြက်သောစွမ်းအား၊ သတ္တိတွေပေး နိုင်သည့်ကိစ္စဖြစ်နေသည်။

ထိုအချက်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကလည်း မြတ်စွာဘုရားရှင်က ထုတ်ဖော်ဟောကြားလမ်းညွှန်ခဲ့သည်။ မြတ်စွာဘုရားရှင်၏ တပည့်သားရဟန်း၊ သံဃာများ ကို "ပေါ့ပါးငြိုးငြံသောအသက်မွေးခြင်း" ရှိရမည်။ ကရိကထများသော အပိုကိစ္စများကို ဖယ်ရှား၍ ဆိတ်ငြိမ်သောကျောင်းသခ်ိန်း၌မွေ့လျော်ပြီး မှန်မြတ်သော တရားကိုသာရှာဖွေ ရမည်ဟု သွန်သင်ခဲ့သည်။

"ငြိုးငြံပေါ့ပါးသောအသက်မွေးမှု" ဆိုသည်မှာ အသက်ရှင်နေထိုင်ရေးအတွက် မရှိ မဖြစ်သောပစ္စည်း၊ ကိစ္စအနည်းငယ်မှလွဲ၍ တခြားဘာနှင့်မှ တွယ်တာနှောင်ဖွဲ့ခံထားခြင်း မရှိသောသဘောပင်ဖြစ်၏။

အရာများစွာကိုတွယ်တာကပ်ငြိခြင်းမရှိဘဲပေါ့ပါးစွာငြိုးငြံခြင်း၏ ရလာဒ်သည် ဘဝမှာအပိုသုံးပစ္စည်းတွေဘာမှမရလည်း ဘာမှမဖြစ်တတ်။ ထိုပစ္စည်းတွေရရှိပြီးမှ ဆုံးရှုံးမှာကိုတွေးကြောက်စရာမလိုတတ်၊ ရပြီးမှ လက်တွေ့ဆုံးရှုံးသွားလျှင်လည်း နမျော တသစွာဖြင့် ပူဆွေးကြေကွဲစရာမလိုဘဲ ခံနိုင်ရည်အပြည့်ရှိတတ်နိုင်သည့် အကောင်းဆုံး

လောကဓံခံစစ်ကြီးပဲဖြစ်သည်။ ထောင်ကြောင့် ထိုတရားကိုကျွန်တော်ရခဲ့သည်။

ထိုတရားကြောင့်ပင် အပြင်ဘက်ကျွန်တော်ပြန်ရောက်သည့်အခါ ဘာကိုဖြစ်ဖြစ်ကြိုးစား၍မအောင်မြင်ခြင်းအပေါ် မမှုတော့၊ တစ်ခုခုဆုံးရှုံးမှုကိုလည်း မမှုတော့။ ဆုံးရှုံးမှုတစ်ခုခုကြုံလျှင်လည်း အရမ်းမကြေကွဲတော့၊ ငါ့ဘဝ ဘာပဲဖြစ်ဖြစ်ဘာမှမဖြစ်ဖြစ်၊ ထောင်ထဲနေရသောဘဝထက်စာလျှင် အရာရာအကုန်သာတာပဲဆိုသော စိတ်နှင့်ခုခံလိုက်သောအခါ အရာရာ အားသင့်တင့်စွာနလုံးသွင်းနိုင်သွားသည်။

ထို့ပြင် ဘဝ၏မဖြစ်ချင်ရာဖြစ်၊ ဖြစ်ချင်ရာမဖြစ်စသော ဖြစ်ချင်ရာဖြစ်နေသည့်သဘောကိုလည်း နားလည်သွားသည်။ တရားခံအဖြစ် လူရွေးခွဲထုတ်ခံရသောအဖြစ်ကိုပြန်သတိရတိုင်း အကယ်၍ ကျွန်တော်သည် အမှားမှားအယွင်းယွင်းဖြင့် နောက်တစ်ကျော့သာခွဲထုတ်ခံရလျှင် ဘာမှမလုပ်ခဲ့ပါပဲလျက် အနည်းဆုံးကျွန်တော်ထောင်ခုနစ်နှစ်လောက်ကျမည်။

ခုတစ်ကြိမ်ကံကောင်း၍ လွတ်ခဲ့သည့်တိုင် နောင်တစ်ကြိမ်ကျ ကံက ကောင်းချင်မှကောင်းမည်။ အကောင်းဆုံးက ကိုယ့်မှာ အကုသိုလ်ကံတရားတွေနည်းနိုင်သမျှနည်းအောင်ကြိုတင်အားထုတ်ထားခြင်းသာဖြစ်သည်။

တတ်နိုင်သမျှသတိလေးကပ်၍ ကုသိုလ်တရားကိုသာပွားများထားလျှင် ဘာလောကဓံနှင့်ကြုံကြုံ ခံနိုင်ရည်ရှိမည်။ ကောင်းမည်ဆိုသောအတွေးများ တွေးမိသည်။

ဤသို့ဖြင့် ၁၉၇၆ စက်တင်ဘာလ ၂ ရက်နေ့ ညရှစ်နာရီလောက်မှာ ကျွန်တော်အင်းစိန်ထောင်မှ အိမ်ပြန်လာခဲ့ရ၏။

× × ×

အိမ်ပြန်ရောက်ပြီးတစ်ပတ်လောက်အကြာမှာ စက်မှုတက္ကသိုလ် ပဋ္ဌမနှစ် လျှပ်စစ်အင်ဂျင်နီယာသင်တန်းမှ ထုတ်ပယ်ခံရကြောင်း အကြောင်းကြားစာလက်ခံရရှိသည်။ ထိုအချိန်သည် ဘာအရေးယူမှုမခံရသောကျောင်းသားကျောင်းသူတွေ ကျောင်း ပြန်တက်ရဖို့တစ်ပတ်ဆယ်ရက်အလိုလောက်မှာဖြစ်၏။

အမှန်တော့ စစ်စစ်ပေါက်ပေါက်တွက်လျှင် ဘွဲ့ယူစာတမ်းပြုစုချိန်ကို ချန်လှပ်၍ ငါးနှစ်ခွဲသာကျောင်းတက်ရမည့် စက်မှုတက္ကသိုလ်၊ အင်ဂျင်နီယာပညာရပ်ကို ငါးနှစ်တိတိကျောင်းတက်၊ တစ်နှစ်မှစာမေးပွဲမကျဘဲ တန်းစဉ်အောင်၍ ငါးနှစ်ပြည့်ခါနီးမှ ကျောင်းထုတ်ခံရသောဘဝသည် နမြောတသဝမ်းနည်းယူကျုံးမရဖြစ်စရာပင်ဖြစ်သည်။

သို့သော် အဝိစိကလာသူ ပြာပူမကြောက်ဆိုသောစကားရှိသည်။ မကြာသေးခင် ကမှ ကျွန်တော်ပြန်လာခဲ့သော အရပ်သည်(ကျွန်တော့်တစ်ယောက်တည်းအမြင်ကို ပြောရလျှင်)

အဝီစိမဟုတ်လျှင်တောင် အဝီစိလောက်နီးနီး ဆိုးရွားသောနေရာတစ်ခုဖြစ်သည်။ သို့ အတွက်ထောင်ထဲမှာနေရတာထက်စာလျှင် ကျောင်းထုတ်ခံရတာက အများကြီးသက်သာ ပါသေးတယ်ဟုတွေးပြီး ကြေကွဲခြင်းကြီးစွာဖြင့် ယူကျုံးမရဖြစ်နေရမည့်အစား ဖြေသာ နေမိသည်။

သို့သော် ဘဝမှာဒီလိုဖြစ်အောင်ကြိုးစားပြီး လုပတဲ့အနာဂတ်တစ်ခု တည်ဆောက် မယ်ဆိုသောရည်မှန်းချက်ပန်းတိုင်ကိုတော့ ဒုတိယအကြိမ်ပြင်ရပြန်သည်။

ပထမအကြိမ်က ဆရာဝန်ဖြစ်အောင်ကြိုးစားပြီး အနာဂတ်လှအောင် ကြိုးစားယူ မည်ဆိုသော ဘဝရည်မှန်းချက်ပန်းတိုင်ကို ပြင်ခဲ့ရခြင်းဖြစ်၏။

ယခုဒုတိယအကြိမ်က ဘာပဲဖြစ်ဖြစ်ဆရာဝန်မဖြစ်တောင် အင်ဂျင်နီယာဘဝဖြင့် အထိုက်အလျှောက်အဆင်ပြေသော ဘဝတခုကို တည်ဆောက်ယူမည်ဆိုသော အနာဂတ် ရည်မှန်းချက်ပန်းတိုင်ကို ပြင်ရမှာဖြစ်၏။

ဒါဖြင့် ခုတစ်ကြိမ်မှာ ရည်မှန်းချက်ကိုဘယ်လိုပြင်မလဲ။ ဘာဖြစ်အောင် ကြိုးစား၍ ဘယ်အနာဂတ်ပန်းတိုင်ဆီသွားမလဲ။ ချက်ချင်းလက်ငင်းအခြေအနေမှာတော့ ဘာမှစဉ်းစား မရ။ ဘာဖြစ်အောင်ကြိုးစားရမယ်မှန်းလည်း မသိ။

ဘယ်ပန်းတိုင်ဆီ ဘာနှင့်ရောက်အောင်သွား၍ ဘာတွေဖြစ်ရမည်ဆိုတာလည်း မသိတော့။ ထောင်ထဲမှရလာသော အသိတခုရှိသေးသည် "ဘဝမှာဘာလုပ်ရမည်မှန်းမသိ လျှင် ဘာမှမလုပ်တာအကောင်းဆုံး" ဆိုသော အယူအဆအသိ ဖြစ်၏။

ဘဝ၏အထွေထွေဖြစ်ရပ်များအားလုံးကို ရုပ်ငြိမ်ဓာတ်ပုံများပြန်ကြည့်သလိုကြည့် ပြီး သုံးသပ်ခဲ့သော တိုက်ထဲတစ်ကိုယ်တော် ၄၅ရက်ကာလက တွေးမိခဲ့သောအတွေးအသိ ဖြစ်သည်။ ဘဝမှာ ဘာလုပ်ရမည်မှန်းမသိအောင် စိတ်ရှုပ်ထွေပြား၊ မကြည်မလင်ဖြစ်နေဆဲ မှာ တစ်ခုခုထင်ရာထလုပ်မိလျှင် လုပ်သမျှမှားတတ်သော၊ အတွေ့အကြုံတွေ ကျွန်တော့် ဘဝမှာ အများကြီးရှိခဲ့သည်။

သည်တစ်ခါတော့ ထပ်အမှားမခံတော့။ လိုအပ်သည့် တည်ငြိမ်၊ ကြည်လင်မှုမရ မချင်း။ ထူးထူးထွေထွေ ဘာမှမစဉ်းစား။ မဆုံးဖြတ်သေး။ မလုပ်သေးမကိုင်သေးဟု တွေး သည်။ လတ်တလောမှာ ဘာမှအများအယွင်းမရှိနိုင်သည့် လုပ်လက်စလုပ်နေကျ အလုပ်များ သာ မွေးလုပ်ထားဦးမည်ဟု တွေးမည်။

ထိုလုပ်စရာက နှစ်ခုပဲရှိမည်။ တစ်ခုက အမေ့ဆိုင်ကို အမေသက်သာအောင် ကူညီ လုပ်ကိုင်ပေးဖို့၊ နောက်တစ်ခုက ကျွန်တော်အပြင် ပြန်ရောက်ရောက်ချင်း သတင်းအရဖြင့် အိမ်ကိုချက်ချင်းရောက်လာပြီး တစ်ညလုံး စကားထိုင်ပြောအားပေး၊ စိတ်ကြားအလပ်မခံဘဲ ဝင်ခါနီးကာလအထိ ပြခဲ့သော ကျူရှင်အလုပ်ကိုပုံမပျက်ဆက်လုပ်ဖို့ အကြံပေးသည့် ကျူရှင်

ကျောင်းအုပ်ဆရာကြီး၏ စကားကိုသာ လက်ခံလိုက်ဖို့။

ထိုကျူရှင်ဆရာကိစ္စက အလျဉ်းမသင့်သဖြင့် ကျွန်တော်ပြောမပြရသေးသော ကျွန်တော့်ဘဝဖြတ်သန်းမှုတစ်ခုဖြစ်သည်။ အမှန်တော့ ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝနှင့် တစ်ပြိုင်တည်းလုပ်ကိုင်နေသော အလုပ်မှာကျူရှင်ဆရာအလုပ်ပင်ဖြစ်၏။

× × ×

ကျူရှင်ဆရာအလုပ်ကို ၁၉၇၁ ခုနှစ် ဆယ်တန်းအောင်စာရင်းများ ထွက်ပြီးစအချိန်ကပင် ကျွန်တော်စလုပ်ခဲ့သည်။ ကျောင်းဆရာအလုပ်နှင့် ကျွန်တော်ပက်ပင်းတိုးခဲ့သည်ကတော့ ဆယ်တန်းအောင် စာရင်းများမထွက်ခင်ကတည်းကဖြစ်သည်။ ကျွန်တော် ၁၀ တန်းအောင်ခဲ့သော အ.ထ.က (၂)အင်းစိန်၏ ထိုအချိန်က ကျောင်းအုပ်ဆရာကြီးမှာ ဆရာကြီးဦးစိန်ထွန်းဖြစ်သည်။

၁၀ တန်းမှာ လူရည်ချွန်ဆုရခဲ့ပြီး အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းကိုသွား၊ စခန်းကပြန်လာပြီး မကြာမီမှာ နောက်နှစ်အတွက် ကျောင်းတွေစဖွင့်သည်။

ထိုအချိန်မှာ ၁၀ တန်းအောင်စာရင်းတွေမထွက်သေး။ ပညာရေးဝန်ကြီးဌာနတို့ လူငယ်ရေးရာဌာနခွဲတို့က ဦးစီးစီစဉ်သော ၁၀တန်းအောင် လုပ်အားပေးအစီအစဉ်များက ၁၀ တန်းအောင်စာရင်းထွက်ပြီးမှ စသည်။

၁၀ တန်းအောင်စာရင်းထွက်သော ဇွန်လမှနေ တက္ကသိုလ်ကျောင်းများ စတက်ရသောစက်တင်ဘာလဆန်းအထိ သုံးလလောက်လုပ်အားပေးကြရသည်။ သို့သော် ကျွန်တော်က ကျောင်းမှာကျောင်းကောင်စီအတွင်းရေးမှူး၊ ဘာညာပါလေရာလုပ်နေခဲ့သူမို့ ဆရာဆရာမများနှင့်ကော ဆရာကြီးနှင့်ကော ရင်းနှီးနေသည်။

ဆရာကြီးက ကျွန်တော့်အိမ်ကောဆိုင်ကော အဝင်အထွက်ရှိသည်။

မေမေတို့နှင့်လည်း ရင်းနှီးသည်။ နောက်နှစ်အတွက် ကျောင်းများပြန်ဖွင့်သည်ဆိုသည်နှင့် တစ်ဘက်ကဆိုင်မှာ မေမေတို့ကို ကူလုပ်ရင်းကျောင်းမှာလည်း လုပ်အားပေးဆရာပြန်လုပ်နိုင်းသည်။ ဆရာကြီးအစီအစဉ်ဖြင့် ငါးတန်း F မှာ အတန်းပိုင်ပေးထားသည်။

ကျွန်တော့်မှာလုပ်အားပေးသဘောပင်မဟုတ်တော့ဘဲ အမြဲတမ်းကျောင်းဆရာတစ်ယောက်လို၊ သင်ရိုးညွှန်းတမ်းများ သင်ကြားမှုအစီရင်ခံစာများ အတိအကျလုပ်ရသည်။ ဆရာကြီးက မင်းတက္ကသိုလ်တက်နေရင်းလဲ ဒီအလုပ်ဆက်လုပ်ရမည်ဆိုသဖြင့် ကျွန်တော် ပထမနှစ်တစ်နှစ်လုံးနှင့် ဒုတိယနှစ်ဝက်လောက်ထိ ကျောင်းဆရာလုပ်နေခဲ့ရသည်။

အလျဉ်းသင့်၍ ထိုကျောင်းအုပ်ဆရာကြီး၊ ဆရာကြီးဦးစိန်ထွန်းအကြောင်း ပြောချင်သည်။ ဆရာကြီးသည် လုပ်သက်ရှည်ဆရာကြီးဖြစ်ပြီး၊ သူ၏တပည့်များထဲမှာ ဆရာ

တက္ကသိုလ်ဘုန်းနိုင်ပင်ပါခဲ့ဖူး၏။

ဆရာဘုန်းနိုင်နှင့်ကျွန်တော် စာရေးဆရာဖြစ်ပြီး ၁၉၈၇ခုနှစ် ပျဉ်းမနားဟော ပြောပွဲတွင် အတူဆုံသောအခါ၊ ဆရာ့ "စိမ်းနေဦးမည့် ကျွန်တော့်မြေ" ဝတ္ထုတွင် ဆရာ ထည့်ရေးထားသော ဆရာကြီးဦးစိန်ထွန်း၊ ဆယ်တန်းတုန်းက ကျွန်တော် တို့ကျောင်းအုပ် ဖြစ်ခဲ့ကြောင်း ပြောပြသောအခါ ဆရာအံ့ဩသွားသည်။ "ရှိသေးလား၊ ဆရာကြီးနဲ့ တွေ့ချင် လိုက်တာ" ဟုပြောသည်။ ထိုအချိန်မှာတော့ ဆရာကြီးမရှိတော့။

ဆရာကြီးက သူ့ဘဝမှာ အမှတ်အရဆုံးတပည့်သုံးယောက်ရှိခဲ့ သည်ဟု မကြာခဏ ပြောပြသည်။ ထိုသုံးယောက်မှာ ခင်မောင်တင့်(ခေါ်) ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ရန်အောင် (ခေါ်) ဩဋ္ဌာရိကသုခမတိုင်းရင်းဆေးဆရာကြီး ဆရာဦးရန်အောင်နှင့် ကျွန်တော်တို့ဖြစ် သည်။ ထိုသုံးယောက်ထဲတွင် ကျွန်တော်က ပိုကုသိုလ်ကောင်းသည်မှာ ဆရာဘုန်းနိုင်နှင့် ဆရာဦးရန်အောင်နှစ်ယောက်စလုံးသည်လည်း ကျွန်တော့်ဆရာများဆက်ဖြစ်နေကြသော ကြောင့်ပင်ဖြစ်၏။

ဆရာတက္ကသိုလ်ဘုန်းနိုင်သည် ကျွန်တော်စာပေဘဝအတွက် မြင်ဆရာကြား ဆရာသာမက လူချင်းတွေ့ဆုံခွင့်ရတိုင်း ဆုံးမဩဝါဒစကား ပြောကြားခံရသည့် သင်ဆရာ ပါဖြစ်ခဲ့ရသည်။

ဆရာဦးရန်အောင်ဆိုလျှင်လည်း ဆရာ မူလတန်းဆရာ အလယ်တန်းဆရာဘဝက ပင် ဆရာ့ကျောင်းစာသင်တပည့်ဖြစ်ခဲ့၍ ကျွန်တော်တက္ကသိုလ်ဘွဲ့ရပြီးတော့လည်း ဆရာ့ ဩဋ္ဌာရိကသုခမဆေးသင်တန်းတက်ရောက်၍ ဆရာ့တပည့်အထပ်ထပ်ဖြစ်ခွင့်ရသည်။

ထိုသို့ဆယ်တန်းဖြေပြီးကျောင်းမှာ လုပ်အားပေးဆရာဝင်လုပ်နေရင်း အောင်စာရင်း ထွက်သောအခါ အတန်းထဲက ငယ်သူငယ်ချင်းတစ်ယောက်ကို အကြောင်းပြု၍ ကျူရှင် ကျောင်းအုပ်ဆရာက သူ့ကျူရှင်မှာ ဝင်ရောက်သင်ကြားပေးရန် ကမ်းလှမ်းသည်။

ကျွန်တော်ကလည်း ကျောင်းဆရာလုပ်တတ်သလိုဖြစ်နေပြီမို့ ကျူရှင်ကျောင်းအုပ် ဆရာ၏ကမ်းလှမ်းမှုကိုလက်ခံပြီး ကျူရှင်ဆရာဝင်လုပ်သည်။

၁၀ တန်းအောင်စာရင်းထွက်ပြီး တစ်ပတ်မပြည့်မီ ကျူရှင်ဆရာဘဝဖြင့် ၁၀ တန်းကို ကျွန်တော်ပြန်သင်ရသည်။

၁၉၇၆ ခုနှစ်ရောက်သောအခါ ကျွန်တော့်လုပ်သက်ငါးနှစ်လောက်ပင်ရှိနေပြီ၊ တက္ကသိုလ်ကျောင်းသားဘဝတစ်လျှောက်လုံး ထိုလခဖြင့်ပင်ကျွန်တော်သုံးစွဲခဲ့၏။

ထို့အတွက် ၁၉၇၆စက်တင်ဘာ ၂၈ရက်နေ့အပြင်ထွက်လာပြီး တစ်ပတ်တောင် ထိုင်မနေ၊ တစ်ဘက်က အမှုဆိုင်မှာကူလုပ်ရင်း ကျူရှင်ပြန်ပြသည်။

ပြန်လည်တွေ့ဆုံရသော ကျောင်းသားကျောင်းသူတွေကလည်း မနှစ်ကတစ်တန်း

ငယ်မှာသင်ခဲ့ရသော တပည့် ဟောင်းအများစုမှီ ဘာမှအခက်အခဲမရှိ။

ထိုနှစ် နိုဝင်ဘာမှာ ကျွန်တော့်အသက် ၂၄နှစ်ပြည့်သည်။

အထဲမှပြန်ထွက်ပြီး ခြောက်လအကြာ ၁၉၇၇ မတ်လ၌ ကျွန်တော် အိမ်ထောင်ကျသည်။

မင်္ဂလာဧည့်ခံပွဲ ဖိတ်ကြားလွှာတွင် မောင်ဝင်းမြင့်မောင်ဆိုသော ကျွန်တော့်အမည်ဘေး၌ Fifth Year B.E (Electrical Power)နှင့် (အထူးကျူရှင်)ဆိုသော ဂုဏ်ထူးလေးတစ်ခုပါလာသည်။

ထိုအချိန်၌ ကျွန်တော်ကျူရှင်ဆရာဖြစ်နေ၏။

× × ×



တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
တိုင်းမှူးဗိုလ်မှူးကြီး ထွန်းရီ၊ ဒေါ်တင်တင်အေး
တို့၏ သမီးလတ်
မအေးမြင့်ရီ
B.A (Burmese)
(ပါတီဌာနချုပ်)

အထက်ပါဂုဏ်ထူးဝိသေသများဖြင့်ရှိသော မိန်းကလေးမှာ ကျွန်တော့်အိမ်ထောင်ဖက် မင်္ဂလာသတို့သမီးဖြစ်ပါ၏။

မင်္ဂလာနေရာမှာ– တိုင်းမှူးနေအိမ်၊ တောင်ကြီးမြို့ဖြစ်သည်။

ပြီးခဲ့သည့်အပိုင်း (၁၁)တုန်းက ကျွန်တော့်ချစ်သူနှင့် ပတ်သက်၍ အောက်ပါအတိုင်းရေးခဲ့သည်။

"သူမအသိုင်းအဝိုင်းက၊ ဒါမျိုးတွေနှင့်သိပ်မပတ်သက်သင့်သည့်အသိုင်းအဝိုင်း အပြစ်ရှိတာမရှိတာက နောက်ကိစ္စ၊ လောလောဆယ် ဒါမျိုးတွေနှင့် ပတ်သက်နေတာကိုက သူတို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်သွားနိုင်သည်။

ချစ်သူနှင့်ပတ်သက်သည့်အနာဂတ်က သိပ်မရေရာတော့ဟုတော့ ကြိုတင်မျှော်လင့်ထားလိုက်၏။ ထိုသို့ကြိုတင်မျှော်လင့်ထားလိုက်မိသည့် ၁၉၇၆ခု မတ်လအချိန်နှင့် ၁၉၇၇ ခုနှစ် မတ်လလက်ထပ်ချိန်ကြားမှာ စုစုပေါင်းတစ်နှစ်ပဲကွာသည်။ ထိုအချိန်နှစ်ခုမှာ

ချစ်သူ၏ ဖခင်ရာထူးနေရာက သည်အတိုင်းပဲဖြစ်သည်။

မှန်တာပြောရလျှင် ချစ်သူကို စွန့်လွှတ်ခဲ့ရပြီဟုပင် ကျွန်တော်ထင်မိသည်။

ချစ်သူကနေ ဇနီးသည်ဖြစ်သွားသောအခါ ဇနီး၏ဖခင် မိခင်ကို ကျွန်တော် အဖေ အမေဟုပဲခေါ်သည်။ ကျွန်တော်မွေးသမိခင် မွေးသဖခင်များဖြစ်ကြသော ဖေဖေ မေမေ တို့နှင့်တူမျှစွာပင် အဖေ အမေတို့၏ကျေးဇူးကြီးမားသည်။

ကျွန်တော် အဖေ အမေတို့၏ သမီးနှင့်လက်ထပ်ရသော အချိန်မှာ ကျွန်တော်သည် စက်မှုတက္ကသိုလ်ပဋ္ဌမနှစ်မှ ထုတ်ပယ်ခံထားရခါစဖြစ်သည်။

နွမ်ကျာသိုင်းဟု နာမည်တစ်လုံးရရန် အဝေးကြီးလိုသေးသည်။

ကျွန်တော့်ဖခင်နှင့် မိခင်သည် အင်းစိန်ဈေးမှ လက်ဖက်စို၊ လက်ဖက်ခြောက်ဈေးသည်များသာဖြစ်သည်။

မည်သည့်အခြားအကြောင်း တစ်ခုခုမှထောက်ထားစရာရှိ၍ အဖေ၊ အမေတို့က ကျွန်တော့်ကိုလက်ခံပြီး သူတို့၏ သမီးနှင့်ပေးစားတာမဟုတ်။

ကျွန်တော်တို့ကိုပေးစားရသည့်အကြောင်းမှာတစ်ခုပဲရှိသည်။ ကျွန်တော်တို့၏ ချစ်ခြင်းကို မကွဲကွာစေချင်၍ပဲဖြစ်၏။

[သရုပ်မှန်ဂျာနယ် - အတွဲ (၂)၊ အမှတ် (၁၂)]

၂၀၁၀ ဒီဇင်ဘာလ

× × ×

**၁၄။**

အိမ်ထောင်မကျခင်အထိ ကျူရှင်ဆရာလုပ်သည့်ကာလမှာ ကျွန်တော့်လစာသည် တစ်လ ၂၀၀ကျပ်လောက်ရသည်။

ကျောင်းသားဘဝတစ်လျှောက်လုံးနှင့်ထောင်ကထွက်ပြီး အိမ်ထောင်မကျခင် ကာလများမှာ ထို ၂၀၀သည် ကျွန်တော့်အတွက် ပိုပင်ပိုနေသေးသည်။ ထိုအချိန်က အောက်ခြေအလုပ်သမား ၈၂ကျပ်စားခေတ်။ နေ့စား ၃ကျပ် ၁၅ပြားခေတ်။ အာရ်အိုင်တီဆင်း အေအီး ၄၅၀စကေးခေတ်၊ ဂျီတီအိုင်ဆင်း၊ အေဂျီတီအိုင်၊ အက်စ်အေအီး ၃၅၀စကေးခေတ်။

သို့အတွက် အပြင်ရောက်ကာစကာလများမှာ ငွေကြေးသိပ်ပူစရာမရှိ။ အဖေအမေကိုလည်း ထောက်ပံ့ရတာမဟုတ်။ ထမင်းစားရိတ်လည်း မကုန်။ အဝတ်အစားနှင့်အပိုသုံးလောက်ကတော့ ထို ၂၀၀နှင့်အဆင်ပြေသည်။ အနည်းအပါးလိုလျှင်တောင် မေမေ့ဆီက တောင်းလျှင်ရသည်။ မပြေသည်က စိတ်ဓာတ်ပိုင်းဆိုင်ရာဖြစ်သည်။

အာရ်အိုင်တီကထုတ်ခံလိုက်ရချိန်မှာ ကျွန်တော့်ဘဝက ၁၀ တန်းအောင်အဆင့် ပြန်ရောက်သွားသည်။ ထို့ပြင် ကိုယ်ရေးရာဇဝင်မှာလည်း အမည်းစက်တစ်ခုထင်သွားသည်။

ဒီတစ်သက်မှာ အစိုးရအလုပ်လုပ်ဖို့ ကျွန်တော်စိတ်မကူးရဲတော့။ ဒါတောင် ကျွန်တော့်မှာ ဥပဒေရာဇဝတ်ကြောင်း။ ဘာကြောင်းညာကြောင်းဖြင့် အရေးယူခံရသည် မဟုတ်၊ ကျောင်းစည်းကမ်းဖြင့် အရေးယူခံရတာသာရှိသည်။

၁၉၇၆ ခုနှစ်ကဖြစ်ခဲ့သည့် ထိုဂယက်က ၂၀၀၆ ခုနှစ် နှစ်၃၀ကြာအထိ ရိုက်ခတ်မှုရှိသေးသည်။ ၂၀၀၆ ခုနှစ်တွင် အလင်္ကာဝတ်ရည်ဂျာနယ်တွင် အယ်ဒီတာလုပ်သည်။ ထိုအချိန် ထိုင်းနိုင်ငံတွင်ကျင်းပမည့် ရုပ်ရှင်ပွဲတော်မှာ မြန်မာဇာတ်ကားများပါသည်။

အနုပညာဂျာနယ်အနေနှင့် သတင်းရယူလိုသဖြင့် ထိုင်းနိုင်ငံသွားရောက်ရန် ပတ်စ်ပို့လျှောက်သည်။ ထို ၇၆ ခုနှစ်ကိစ္စကို ခေတ်လည်းပြောင်းပြီးပြီ၊ ဥပဒေကြောင်းအရ အရေးယူခံရခြင်းလည်းမဟုတ်သဖြင့် ကိုယ်ရေးရာဇဝင်မှာ ထည့်မရေးလိုက်မိ။ သို့အတွက် နိုင်ငံကူးလက်မှတ်ကို အချိန်မီမရတော့။

ထိုင်းနိုင်ငံသို့လည်း မသွားဖြစ်တော့။ နောက်တစ်နှစ်လောက်ကြာမှ ပတ်စ်ပို့က ရမလိုလို ဖြစ်သည်။ ဘယ်မှသွားစရာမရှိသဖြင့် ကျွန်တော်လည်း ဘာမှထုတ်မယူတော့။ ၁၉၇၆မှာကတော့ ဘာစိတ်ဓာတ်ကျစရာကောင်းလဲ မမေးနှင့်၊ ကျူရှင်ပြနေသည်ပင် အထက်တန်း(၉ တန်း၊ ၁၀ တန်း)ကို ခိုးပြနေရခြင်းဖြစ်သည်။ ထိုအတန်းတွေက ဘွဲ့ရမှ တရားဝင်ပြခွင့်ရှိသည်၊ ကျွန်တော့်မှာ ငါးနှစ်အထိကျောင်းတက်ပြီးသော်လည်း ၄ နှစ်စာ ဘွဲ့လေးပင်မရသဖြင့် တရားဝင်ကျူရှင်ဆရာအဖြစ် မှတ်ပုံတင်ခွင့်မရ။

အလုပ်ချိန်ကလည်း မနက် ၁ ချိန်၊ ည ၁ ချိန်၊ တစ်ပတ်မှ ၂ ရက်လောက်ပဲရှိသည်။ ကျန်အချိန်များမှာ လေနေသည်။ ဘာမှလုပ်စရာမရှိ။ အမှုဆိုင်ကူလုပ်သည်ဆိုတာလည်း ကူလုပ်ခြင်းသာဖြစ်သည်။ ကျွန်တော် မရှိလည်း ဆိုးဆိုးရွားရွားဘာမှမဖြစ်။

"ဘဝတိုးတက်ကြီးပွားရေး"၊ ပီမိုနင်း။ ဆရာဦးပကိုဦး၊ ကြီးပွားရေး ဦးသိန်းစသည်တို့၏ တက်ကျမ်းများဖတ်ပြီး အားငယ်ရသည်မှာ ဤအချက်ပဲဖြစ်သည်။

ပညာရေးနှင့်ပတ်သက်၍ မျှော်လင့်စရာကလည်း ဘာမှမရှိ၊ နတ္ထိ။ ကျောင်းဆရာတွေဆီသွား၍ အားကိုးအားထားရမလားမေးမြန်းသည့်အခါမှာလည်း ဆရာတွေကတစ်ညီတစ်ညာတည်းဖြေသည်။

"စက်မှုတက္ကသိုလ်တို့ နေ့ကျောင်းတို့ပြန်တက်ရဖို့တော့ လုံးဝမမျှော်လင့်နဲ့တော့၊ ဒီကိစ္စက အပြီးအပိုင်ပဲ။ ဘာအသနားခံစာမှလဲ တင်မနေနဲ့တော့"

မေမေတို့အပါအဝင် ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများကတော့ ဒီကိစ္စသည် ကျွန်တော့်အားနည်းချက်ဖြစ်သဖြင့် ဤကိစ္စကိုစကားမစ။

"ဘာလုပ်ဖို့စိတ်ကူးထားလဲ"ဆိုသော မေးခွန်းမျိုးကို မေးကိုမမေးတော့။ "ဘာမှအားမငယ်နဲ့၊ ဘာမှမဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူး"စသည့် အူကြောင်ကြောင်အားပေးစကား

များကိုပဲ ပြောသည်။

ကျွန်တော့်ဒုက္ခက စာဖတ်နာခဲ့ခြင်းပင်ဖြစ်သည်။ "ဘာမှမဖြစ်လို့ ဘာမှမဖြစ်ဘူး" ဆိုသော စကားကို ကျွန်တော်ဘယ်လိုမှမယုံကြည်။ ဒီလောကမှာနေလျှင် တစ်ခုခုတော့ဖြစ်ရမည်ဖြစ်သည်။ ဘာမှမဖြစ်လျှင် "ဖွတ်ကျား" ဖြစ်ဖို့ပဲရှိသည်။ သည်အမှန်တရားကို ဘယ်သူကမှလာ၍ ဖုံးဖိဖျောက်ဖျက်ပေး၍ မရ။ အစကတည်းက အရိုးစွဲအောင်သိနေသဖြင့် တစ်ခုခုဖြစ်ကိုဖြစ်ရမည်ဆိုသော ဖွဲဖြင့် ကြိုးစားခဲ့တာပဲဖြစ်သည်။

ရာထူးရာခံပိုင်။ ပညာရေးပိုင်းနှင့်တက်နိုင်စရာလမ်း လုံးဝမရှိပြီဟု စိတ်ပုံးပုံးချထားလိုက်သည်နှင့် စီးပွားရေးလိုင်းကို စဉ်းစားကြည့်သည်။ စီးပွားရေးမှာ အရင်းအနှီးကျောထောက်နောက်ခံရယ်လို့တော့ လုံလုံလောက်လောက် ဘာမှမရှိ။ လက်ချည်းပဲကနေ အရင်းအနှီးစုပြီးမှ နောက်တစ်ဆင့် ကြီးပွားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုအချိန်မှာ ဘယ်သူကိုမှလည်း ဒုက္ခမပေးချင်တော့။ မေမေ့ဆီက အရင်းအနှီး တောင်းယူဖို့ပင်ဝန်လေးသည်။

စီးပွားရေးကို ဖြစ်နိုင်သည့်နေရာအလွယ်ဆုံးကစမည်ဟု ပြင်၏။

ထိုခေတ်စီးပွားရေးမှာအလွယ်ကူဆုံးနှင့် ဘယ်အချိန်ဝင်လုပ်လုပ်ရသော ကိစ္စကမှောင်ခို။ "ရောင်းတယ်၊ ဝယ်တယ်" ပြောတတ်၊ လုပ်တတ်လျှင် နေ့စဉ်ဝင်ငွေရသည်။ ဈေးထဲမှာကြီးလာသောကျွန်တော်သည် ဒီလောက်တော့အပျော့။

လမ်းဘေးမှောင်ခို၊ ကျဘမ်း၊ ခေါင်းရွက်ဗြက်ထိုးတန်းမှာ နေရာတစ်နေရာရဖို့ကျွန်တော့်မှာ ဘာမှမခက်။ "ကျွန်တော် ဒေါ်မကြီးသားပါ" ဟု ပြောလိုက်လျှင် မပြောဘဲနှင့်လည်းသိသူများတွေ့လျှင် ဈေးဗန်းတစ်နေရာစာကတော့ ဖျင်းတောင်ပျင်းသေးသည်။

ခရမ်းချဉ်သီးထည့်သည့် ထင်းရှူးသေတ္တာနှစ်လုံးစာနေရာရသည်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မီးရထားဘီပီအိုင်၊ သံမဏိစသဖြင့် စက်ရုံအလုပ်ရုံတွေအများကြီးရှိသည်။ မင်္ဂလာဒုံဘက်သွားလိုက်လျှင် ဝန်ထမ်းတွေအများကြီးရှိသည်။

ထိုခေတ်က အစိုးရဝန်ထမ်းတွေမှာ အထူးအခွင့်အရေးလေးတွေရှိသည်။

ဆပ်ပြာ (ရွှေဝါ၊ ကာဘော်လစ်၊ မွှေး) နို့ဆီ၊ ဒူးယား၊ ခပေါင်းစီးကရက်၊ မီးခြစ်ကအစလစဉ်ရာရှင် သဘောမျိုးပစ္စည်းလေးတွေရသည်။

ပြန်ရောင်းလျှင် သိသိသာသာအမြတ်ရသည်။ နို့ဆီတစ်ဗူးကို ငါးမူး။ သုံးမတ်မှ တစ်ကျပ်၊ ငါးမတ်အမြတ်ရသည်။ ခေါက်ဆွဲကြော်၊ ထမင်း တစ်ပွဲတစ်ကျပ်ခေတ်၊ ဆီချက်ခေါက်ဆွဲ ငါးမူး။ သုံးမတ်ခေတ် လက်ဖက်ရည်တစ်ခွက် တစ်မတ်ခေတ်။ မီတာဆောင်လျှင် မီတာခမှာ ပြားစွန်းလေးတွေပါသည်။

၁ကျပ် ၅၃ ပြားစသည်။ ၅၃ ပြားမှ ၃ ပြားကို ကြေးပြားစေ့လေးတွေဖြင့်ပေးနိုင်သည်။ ထိုပြားစေ့လေးများကို မမြင်ဖူးခဲ့တာ ဆယ်စုနှစ် ဘယ်နှစ်စုရှိသွားမှန်းပင်မသိ။ ဝန်ထမ်းများ

အတွက် စက်ရုံ၊ အလုပ်ရုံကထုတ်ပေးလျှင် ကိုယ်တိုင်သွားကောက်စရာမလို၊ ကောက်လို့လည်းမရ၊ သူ့စက်ရုံ၊ အလုပ်ရုံအလိုက် အတွင်းကလူတွေက-ဒီအလုပ်လုပ်သည်။

ပြီးတော့မှ ထိုလူတွေက အပြင်ဈေးထဲကိုလာသွင်းသည်။ သူများထက် တစ်ကျပ်တစ်ပြားပိုပေးလျှင်ကိုယ့်ဆီပဲသွင်းသည်။

မိသားစုဝမ်းရေးအတွက် စီးပွားရှာရသူတွေကတော့ ထိုတစ်ကျပ်တစ်ပြားက အရေးကြီးသည် ပိုမပေးရဲ၊ ကျွန်တော်ကတော့ အပျော်တမ်းသာသာနှင့် လက္ခဏာသဘောမျိုး၊ နိုင်သဘောမျိုးလက်ကြီးကြီးလုပ်ချင်သူမို့ ပေးသည်။ ပိုပေးပြီး ဝယ်မည်။ ပိုရှော့ပြီး ရောင်းသည်။ နေ့စဉ်အဝင်အထွက်ရှိ၍ သွက်သောပစ္စည်းကိုင်သဖြင့် လက်ကျန်မရှိ၊ အိမ်ပြန်လျှင်အမြတ်ပိုက်ဆံအိတ်ထဲထည့်ပြန်ရုံသာ။

တစ်ခါတလေစက်ရုံအလုပ်ရုံက ပစ္စည်းထွက်နည်းလျှင် မင်္ဂလာဒုံဈေးဘက်သွားသည်။ ဟိုမှာက ရာရှင်ရိုက်တာမို့ပစ္စည်းမပြတ်၊ အင်းစိန်နှင့် ၁ဝပြား လောက်ခွာရသည်။ နို့ဆီတစ်ဗူး အဲဒီဈေးကဝယ်၍ အင်းစိန်ဈေးပြန်သွင်းလျှင် တစ်ဗူး ၁ဝပြားလောက်ကျန်သည်။ ဗူး ၁၅ဝဝယ်လာလျှင် ၁၅ကျပ်အမြတ်။ အင်ဂျင်နီယာအအေးလစာနှင့် အတူတူပဲဖြစ်သည်။

ကဲပါလေ အကြောင်းစုံကို ဖွင့်ရေးမှတော့ နည်းနည်းလေးထပ်ဖွင့်ပြောပါရစေ။ ဒီခေတ်တွေလဲ မရှိတော့ပါဘူး။ အစိုးရကော ခေတ်ကော စနစ်ကောပြောင်းသွားပါပြီ။




ဘီပီအိုင်လို့နေရာမျိုးက နိုးထုတ်လာသော ဆေးပြား၊ ဆေးရည်၊ ဆေးတောင့်လေးများရလျှင် ပိုကိုက်သည်။ ဝယ်ဈေး လက်သာသလို၊ ပြန်ရောင်းတော့လည်းရှားပါးပစ္စည်းမို့အဝယ်သွက်သည်။ ကျွန်တော်သူငယ်ချင်းများထဲမှာ ပိုဒေါင်ကိုင်ရသူတွေရှိသည်။ ယူနီ

ဆက်က အလကားရသည့်နို့မှုန့်များဆိုလျှင် သူတစ်နိုင်သယ်လာသည်ကို ကောက်၍ ချက်ချင်းပြန်ရောင်းလျှင် ၅၀ကျပ်လောက်ကျန်သည်။

တစ်လကိုထောင်နှင့်ချီ၍ ကျန်သည်။ တစ်နှစ်လောက်မှန်မှန်လုပ်ခွင့်ရလျှင် တစ်ပတ်ရစ်ကားအစုတ်တစီး ဝယ်စီးနိုင်လောက်သည်။

ဒါ ... ကျွန်တော်တို့အနိမ့်ဆုံးအဆင့်။ ထိုနို့မှုန့်များကို အိတ်ပေါင်းများစွာ ထုတ်ယူရောင်းချ ဝယ်ယူနိုင်ကြသူတွေရှိသည်။ သို့သော် မှန်မှန်တော့ဘယ်သူမှမရ။ ပစ္စည်းက ပြတ်ပြတ်သွားတတ်သည်။ ပစ္စည်းပြတ်သွားလျှင် ငွေများ၍လှောင်ထားနိုင်သူတွေမှပြီ။

မေမေ့ဆိုင်အတွက် ကုန်ဝယ်ရန်လမ်းမတော်စဥ့်အိုးတန်းစသည့် ပွဲရုံတန်းများသွားလျှင်လည်း ပြည်သူ့ဆိုင်နှင့်အလုပ်ရုံ၊ စက်ရုံများမှာ၊ တစ်ဗူးချင်းတောင်မရ နှစ်ယောက်တစ်ဗူး၊ သုံးယောက်တစ်ဗူးစသဖြင့် စုပေါင်းစပ်ပေါင်း ဝယ်ယူရသော စီးကရက်နို့ဆီစသည်တို့ကို ကာတွန်းလိုက်ကာတွန်းလိုက်၊ ဖာလိုက်ဖာလိုက်၊ ဂရွတ်လိုက်ဂရွတ်လိုက်၊ လေးဘီးတစ်စီးလိုက်၊ အီးတူးအစီးလိုက်၊ တီအီးအစင်းလိုက်တွေရောင်းဝယ်နေတာတွေ့ရလျှင် အားကျသည်။

သူတို့၏ငွေရင်းပမာဏ အမြတ်ပမာဏကိုတွက်၍ရသည်။ သူတို့သိန်းဂဏန်းအထိကိုင်အလုပ်လုပ်နေချိန်မှာ ကိုယ်က သောင်းဂဏန်းမထိနိုင်သေး။ ထောင်ဂဏန်းထဲမှာ ပြေးလွှားနေရသည်။ ပိုမိုပြီးခရီးတွင်အောင် မော်လမြိုင်မှောင်ခိုလိုင်းဘက် ထွက်လေ့လာကြည့်သေးသည်။

ထိုအချိန်က စိန်ဂျွန်းနှင့်လေဟာပြင်ဈေးသည် မှောင်ခိုဈေးကွက်ဖြစ်သည်။ အမှန်ကတော့ တစ်ဈေးထဲပါ။ လေဟာပြင်ကနေ ဈေးကွက်ကြီးတစ်ခုလုံး စိန်ဂျွန်းရွှေ့သွားရာက နှစ်ဈေးကွဲနေခြင်းသာဖြစ်သည်။ မော်လမြိုင်ရထားဆိုက်ချိန်ဆိုလျှင် ဘူတာကနေဈေးထဲကို ကုန်သည်တွေကုန်ပစ္စည်းတွေ တရုန်းရုန်းဝင်လာသည်။

ဈေးထဲကဆိုင်ခံတွေက ဈေးဖြတ်ဝယ်သည့်ဒိုင်တွေဖြစ်သည်။ တချို့ကုန်သည်က ကိုယ့်ဆိုင်နှင့်ကိုယ်သွင်းသည်။ အချိုမှုန့်၊ သွားတိုက်ဆေး၊ အလှကုန်၊ အစားအသောက်၊ လျှပ်စစ်ပစ္စည်း၊ အထည်အလိပ်မျိုးစုံ၊ စပို့ရှပ်၊ တီရှပ်စသောချုပ်ပြီးသားအထည်များ၊ ရာဘာဖိနပ်(ဆင်ကြယ်စသည်) ကွင်းထိုးဖိနပ်၊ ကက်ဆက်၊ တိတ်ခွေစသည့် ယိုးဒယားပစ္စည်းမျိုးစုံ။

ထိုအချိန်က တရုတ်ပစ္စည်း မဝင်သေး။ ဂျပန်ပစ္စည်းများနေရာမှာ ဈေးပေါသော ယိုးဒယားပစ္စည်းတွေ အစားထိုးသုံးနေကြသည်။ လူသုံးကုန်ပစ္စည်းများ၏ ရာဇဝင်ကလည်း စိတ်ဝင်စားဖို့ကောင်းသည်။ ရှေးပဝေသဏီ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ပြီးစ ပါလီမန်ခေတ်တွေ မပြောတော့။ မှန်တာပြောရလျှင် ကျွန်တော်တို့လဲကောင်းကောင်း မမီလိုက်။

မှတ်မိသလောက် ကျွန်တော်တို့ငယ်ခါက ၁၉၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃ ပတ်ဝန်း

ကျင်လောက်မှာ စက်ဘီး၊ နာရီ၊ မော်တော်ကား၊ အလှကုန်၊ ကုန်မာစသည့် လူသုံးကုန်ပစ္စည်းများသည်။ အင်္ဂလန်၊ အမေရိက၊ ဂျာမဏီ၊ ပြင်သစ်စသည်တို့ ဖြစ်သည်။ နာရီဆို ဆွစ်၊ စက်ဘီးဆို အင်္ဂလန်၊ ရလေး၊ ဟန်းမား၊ ဒီးလစ်စသဖြင့် ဘရင်းနှင့် သုံးသည်။ အပ်ချုပ်စက်ကို ဆင်းဂါ၊ နီဆီ၊ ကုလားမခြင်းဆွဲ (နယ်သာလန်ဖြစ်ဟုထင်သည်) စသည်..... စသည်ဖြင့်။

နောက်ကျတော့ ဂျပန်ပစ္စည်းတွေဝင်လာသည်။ ဝင်စက ဂျပန်ပစ္စည်းကို ဒီနေ့တရုတ်ပစ္စည်းလိုပဲ ပစ္စည်းကောင်းမဟုတ်၊ ဈေးပေါ၍ သုံးရသောပစ္စည်းအဖြစ် သဘောထားသည်။

ကျွန်တော်ထင်သည်။ စစ်လျော်ကြေးကိစ္စတွေနှင့်လည်း ပတ်သက်နေမလားမသိ။ စစ်ကြီး စစ်အတွင်းက စစ်ကားများတဖြစ်လဲ ဘတ်စ်ကားများ တွင်ကျယ်နေဆဲဝယ် ဟီးနိုးကား(ဘတ်စ်ကား၊ ကုန်တင်ကား)ကြီးများဝင်လာသည်။

ကျွန်တော်တို့လူမှန်းသိသည့် အချိန်ကျော်ကျော်လောက်မှာ ဘတ်စ်ကားကို ဟီးနိုးကား၊ ဘတ်စ်ကားဂိတ်ကို ဟီးနိုးဂိတ်ဟုခေါ်နေကြပြီ။ အချိုမှုန့်ကအစ အာဂျီနိုမိုတိုပဲခေါ်သည်။ ဂျပန်အာဂျီနိုမိုတိုကို ကနဦးက သုံးရသည်။ နောက်ယိုးဒယားဖြစ်သွားသည်။ ထိုအချိန်အထိလည်း တံဆိပ်က အာဂျီနိုမိုတိုပဲသုံးဆဲ ... နောက်ကျတော့ အာဂျီနိုမိုတိုက ထမင်းအုပ်လိုလို အိုးလေးကိုအကြောင်းပြု၍ အချိုမှုန့်ကို အိုးတံဆိပ်အကောင်းထားသုံးသည်။ နောက် ... ဖွန်းတို့ဘာတို့ဝင်လာသည်။ နောက် ... တရုတ်ပစ္စည်းများ။

မော်လမြိုင်လိုင်းခေတ်စားချိန်အတော်လေးကြာသည်။ ဘာနယ်စပ် ကုန်သွယ်ရေးမှမရှိ၊ လုံးဝမှောင်ခိုသက်သက်။ ဂိတ်ပေါင်းများစွာ ရှာဖွေရေးများစွာဖြင့် အဆင့်ဆင့်ရှာဖွေသည်။ စစ်ဆေးသည်။ ရထားတွဲ၊ ရထားတွဲတွေမှာ ဘာတစ်ခုမှုစရာမရှိအောင် ဖျက်၊ ဖေါက်၊ ထွင်း၊ အုပ်ပြီး ဝှက်သည်။ မိန်းမငယ်လေးတွေ၊ မိန်းမကြီးတွေ၊ ဝိတ်အုပ်တွေကိုယ်မှာပတ်၍ ဝှက်သည်။

ရှာဖွေရေးမပြောနှင့် ခရီးသည်တွေအားလုံးပင် ဘယ်နေရာမှာ ဘာတွေ ဘယ်လိုဖွက်တတ်သည်ဆိုသည်ကိုသိသည်။ ရှာဖွေရေးက ရထားပေါ်မှာပါသည်။ ဘူတာတွေကထွက်စစ်သည်။ ကားလမ်းများမှာလည်းဂိတ်တွေအများကြီးရှိသည်။ လေယာဉ်သဘောင်္စီးလျှင်လည်း ပိုက်စိပ်တိုက်ရှာသည်။

အချိန်တန်လျှင် စိန်ဂျွန်း၊ လေဟာပြင်၊ တောင်ဥက္ကလာ (၁၀)ရပ်ကွက်ဈေး၊ ကြည့်မြင်တိုင်ဈေးစသည့် ဈေးများတွင် ပင်ရင်းများ၊ ဒိုင်များထံမှာ ပစ္စည်းတွေ တောင်ပုံရာပုံ၊ ဝေဝေဆာဆာနှင့် ရောင်းချနေသည်ကို ဝယ်ယူအားပေးနိုင်သည်။ ကိုယ့်ဈေးမှာကို တစ်ဆင့်ပြန်ရောင်း။ ထိုဈေးကွက်ကြီးကိုလည်း ကျွန်တော်တို့အလွတ်မပေးကြ၊ သူငယ်ချင်းတွေရှုပြီး ဝင်လှေ့လာသည်။

ကျွန်တော်ကတော့ အဲဒီလိုင်းမဝင်၊ ရန်ကုန်မှာ မှောင်ခိုဈေးအမျိုးမျိုးက ဝယ်ရောင်းတာမျိုးတော့ရှိသည်။ မော်လမြိုင်လမ်းကိုတော့ တစ်ခေါက် နှစ်ခေါက်သွားကြည့်ပြီး စိတ်ပျက်သွားသည်။ ပိုက်ဆံရသည်မှာမှန်သော်လည်း မျက်နှာငယ်ရမှု၊ အောက်တန်း၊ နောက်တန်းကျရမှုတို့ကို သည်းမခံနိုင်။ ထိုလောကတွင် ဘာဂုဏ်သိက္ခာတရားမှ မရနိုင်။ ဟီရိဩတ္တပ္ပတွေလည်း သိပ်မစောင့်ရှောက်နိုင်ကြ။ မှောင်ခိုကုန်သည်၊ ကယ်ရီဆိုလျှင် အထင်သေးသောမျက်လုံးဖြင့် ကြည့်သည်။

ကင်းထောက်၊ ကျောင်းကောင်စီ၊ လမ်းစဉ်လူငယ်၊ လူရည်ချွန်၊ တက္ကသိုလ်ကျောင်းသား၊ ကဗျာဆရာ၊ ကျူရှင်ဆရာ၊ ကျောင်းဆရာဘဝများ၌ကျင်လည်ခဲ့၊ ကျင်လည်ဆဲဖြစ်သော ကျွန်တော့်မှာ ထိုမှောင်ခိုအုပ်စုထဲရောက်သွားလျှင် လူတန်းစားပျက်ဖြစ်နေသည်။

သူတို့တွေးသလို ကျွန်တော်မတွေးတတ်၊ ကျွန်တော်တွေးသလိုလည်း သူတို့မတွေးနိုင်။ သူ့အတွက် မော်လမြိုင်လမ်းစသောလမ်းကြောင်းများကို ကျွန်တော် မလိုက်တော့။ ကိုယ့်ဈေးနှင့်ကိုယ်ရောင်းရတာပင် စိတ်ပျက်လာသည်။ ထိုကာလပိုင်းမှာ စိတ်ဓာတ်လည်းကျသည်။ အားလည်းငယ်သည်။

ဒီလိုမျက်နှာငယ်သော စီးပွားရှာမှုဖြင့် ဘဝရပ်တည်ရမှာ ကြောက်သောကြောင့် ပညာ၊ ဖွံ့ဖြိုးရေး၊ စာပေအဘက်ဘက်က ကြိုးစားခဲ့ပါလျက် အဆင့်ဆင့်ပျက်သုဉ်းပြီး ဒီဘဝရောက်နေရသောဘဝကို စိတ်ပျက်သည်။ ဤလူ့ဘောင်မှာ ကိုယ့်အတွက်နေရာမရှိတော့သလို ခံစားနေရသည်။

သည့်ထက်သိပ်ကြာသွားလျှင်ဘာတွေဖြစ်ကုန်မည်မသိ။ ကျွန်တော့်အကြည့်တွင် အဆိုးမြင်တွေအတော်များလာသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်ဆိုသော လောကနိယာမတရားကိုလည်း သံသယဝင်လာသည်။ စိတ်ဓာတ်ကတိမ်းကပါး ဖြစ်နေဆဲတွင် ကျွန်တော့်ကံကြမ္မာက ကျွန်တော့်ကို ဖေးမသလားမသိ။ မမျှော်လင့်ဘဲ ကျွန်တော်ကဗျာလေးတစ်ပုဒ်ဖတ်မိ၏။

× × ×

## တိုက်ပွဲပျော်

■ ပုခက်ထဲက၊ အုဝဲဟစ်ကာ
စစ်ကြေငြာပြီး ၊လောကကြီး၏
ခါးသီးတွေ့ကြုံ၊ အလုံးစုံကို
မဖြုံအံခဲ၊ ပွဲဆက်နွှဲရင်း
လူလည်းတော်တော်ကြီးခဲ့ပေါ့ ....။

■ မိုက်လဲမိုက်လို့၊ တိုက်လဲတိုက်ခဲ့
ရှုံးလိုက်တာလဲ၊ အသခေျ။
■ ရဲလဲရဲလို့၊ နွဲလဲ နွဲခဲ့
နိုင်ပွဲတွေလည်း အနန္တ။
■ ဒီလိုပဲပေါ့
တိုက်ပွဲဆိုတာ သာချင်သာမယ်
တိုက်ပွဲဆိုတာ နာချင်နာမယ်
ဘယ်ခါခန့်မှန်းသိနိုင်မလဲ။
■ နာနာသာသာ
ဘာမှမဖြုံ စိတ်လုံးဖြူရင်
အဟုန်မတန့်ရပ်ပါဘူး။
မတုန်မလန့်ဖြတ်ပါဘူး။
■ ရှေ့ကဆီး၍
ခရီးလမ်းထဲ၊ သစ်ပင်လှဲမလား။
ရှေ့ကကန့်၍
အဟန့်အတား ဆူးတွေထားမလား။
■ ယောကျာ်းဟော့နော်
တိုက်ပွဲပျော်
ကျွန်တော်တိုက်ရင်းတက်မှာပဲ။ ။

(ခနေဖြူကျော်ထွန်း)

ကဗျာရေးသူခနေဖြူကျော်ထွန်းမှာ ကျွန်တော် အခုအခန်းဆက်ရေးနေသော ဆောင်းပါးတွဲကြီး၏ ခေါင်းစဉ် "တို့လျှောက်ခဲ့ရာ လမ်းကန္တာဝယ်" စာသားပါသော "သစ္စာချစ်သဲ သူနှင့်တွဲ၍" ကဗျာကိုရေးသားသူပင်ဖြစ်ပါသည်။

ဆရာ၏အခြားထင်ရှားသော ကလောင်အမည်မှာ "ဒီကြာကွေး"ဖြစ်ပါသည်။ ဤအခန်းဆက်ဆောင်းပါးရှည်အစပိုင်းရေးနေဆဲမှာပင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဆရာဒီကြာကွေးသည်၊ ခနေဖြူကျော်ထွန်းကလောင်အမည်ဖြင့် ကဗျာများ၊ ရသဆောင်းပါးများ၊ ဝတ္ထုများ များစွာရေးသားခဲ့ပါသည်။ ထိုကဗျာလေးကို ကျွန်တော်ဖတ်ရှုမိပုံကလည်း ထူးခြားသည်။

ကျွန်တော်စိတ်ဓာတ်လေလွင့်ပျက်ပြားနေသောကာလ၊ စိတ်လေလေနှင့်ညဘက်

ဖာတ်ပွဲတစ်ခုကို ကြည့်သည်။ ပြဇာတ်အပြီး ညသန်းခေါင်ကျော်ကျော်မှာ ဇိုက်ဆာဆာနှင့် ရုံထဲမှထွက်၍ ပွဲခင်းထဲလျှောက်သည်။ ပွဲခင်းထဲမှ ဗူးသီးကြော်တစ်ကျပ်ဖိုးဝယ်လာ၍ ပွဲခင်းအစပ်၊ ရန်ကုန်အင်းစိန်လမ်းမကြီးလမ်းဘေးပလပ်ဖောင်းပေါ်တွင် ထိုင်စားသည်။

အကြော်ကုန်သွားသောအခါ အကြော်ထုပ်ထားသော စက္ကူကိုလွှင့်ပစ်မည်အပြု လမ်းဘေးဓာတ်တိုင်မှ မာကျူရီမီးရောင်ဖြင့် ကျွန်တော်ပစ်မည့်စာရွက်မှာ မဂ္ဂဇင်းတစ်စောင်က အဖွင့်ကဗျာစာမျက်နှာတစ်ခုဖြစ်ကြောင်း တွေ့သည်။ အလကားနေအလကားမို့ ဘာလုပ်စရာမှမရှိသည့်အတူတူ ကဗျာလေးဖတ်ရလျှင် ကောင်းမည်ဟုတွေးမိသည်။

ဖတ်ကြည့်သောအခါ "တိုက်ပွဲပျော်" ဖြစ်နေသည်။ ပထမဆုံးကြိုက်သွားသည်မှာ အဖွင့်စာကြောင်းကြောင့်ဖြစ်၏။

"ပုခက်ထဲက၊ အူဝဲဟာစ်ကာ

စစ်ကြေငြာပြီး ..."

ကျွန်တော်တို့ သာမန်အားဖြင့် နားလည်ခဲ့သည်မှာ ပုခက်ထဲက ကလေးငယ် အူဝဲဟု အော်ခြင်းသည် ငိုခြင်းသာဖြစ်သည်။

ထိုငိုခြင်းကို စစ်ကြေငြာခြင်းဟု သုံးလိုက်သောအသုံးကို စိတ်ဝင်စားသွားမိသည်။ ဘာကြောင့် ဒီလိုသုံးသလဲ။ အကြိမ်ကြိမ်အထပ်ထပ်စဉ်းစား ကြည့်သောအခါ အဖြေတစ်ခု ရသည်။ ကျွန်တော်တို့သည် လောကဓံဆိုသော စကားကို ကြားဖူးသည်။ "လောကဓံ၏ဓမ္မ"၊ လောကမှာ မလွဲမသွေကြုံရဆုံရမည့်တရားဟု အဓိပ္ပာယ်ရသည်။

ထိုစကားနှင့်တွဲ၍ လောကဓံစစ်ပွဲဆိုသောအသုံးကိုလည်း ကြားဖူးသည်။ ဘဝ ဆိုတာ တိုက်ပွဲဆိုသောစကားလည်းရှိသည်။ ထို့နောက်ကျွန်တော်ကြားဖူးနားဝရှိသလောက်၊ ကလေးငယ်တစ်ယောက်ကို အမိဝမ်းမှဖွားသန့်စင်သောအခါ ကလေးငယ်မိခင်ကိုယ်တွင်းမှ ပြင်ပရောက်သည်နှင့်ကလေးငယ်ကို ဝမ်းဆွဲ (သို့) သူနာပြု (သို့) ဆရာဝန်ကခြေထောက်မှ ကိုင်ဖောက်ထိုးဆွဲမြှောက်ပြီး တင်ပါးလေးကို ခပ်ဆတ်ဆတ်ရိုက်ရသည်ဟု ဆိုသည်။

ထိုအခါ ကလေးငယ်ကလန့်၍ အူဝဲဟုသောအသံနှင့်အတူ ငိုကြွေးသည်။ တပြိုင်နက်တည်းမှာပင် ကလေးငယ်က လေကိုရှူသွင်း၍ အဆုတ်ကို စတင်အသုံးပြုသည်။ အကယ်၍ ထိုအူဝဲသံမပေါ်ထွက်လျှင် ကလေးသည် အသေသော်လည်းကောင်း၊ အဆွံ့အအသော်လည်းကောင်းဖြစ်မည်ဟု ဆိုသည်။

ထိုအတွက် "အူဝဲ"ဆိုသောအသံသည် လောကတွင်းသို့ဝင်ဦးစ လူတစ်ယောက်အတွက် လူတစ်ယောက်အဖြစ် ရှင်သန်ခြင်းအထိမ်းအမှတ်တစ်ခုဟု ပြောနိုင်သည်။ လူဖြစ်ပြီဆိုလျှင် လောကထဲဝင်ရောက်ရမည်။ ထိုအခါထိုလူသည် လောကဓံများနှင့် ရင်ဆိုင်ရမည်။ လောကဓံစစ်ပွဲများတွင် ဝင်ရောက်ဆင်နွှဲရမည်။ သို့အတွက် လောကဓံစစ်ပွဲများတွင်

ဝင်ရောက်ဆင်နွှဲမည်ဖြစ်ကြောင်း စစ်ကြေညာသံဟု ထို "အုဝဲ" ကို ယူဆနိုင်သည်။

ထို "အုဝဲ" ဖြင့် အစပြုပြီး လောကကြီးထဲ ဝင်ရောက်လာသောအခါ မိုက်မိုက်မဲမဲနှင့် ဟိုတိုက်ဒီတိုက် တိုက်ပြီး အရှုံးပွဲတွေလည်း အသေချ်ကြုံခဲ့ရသည်။ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ရင်ဆိုင်သောကြောင့် နိုင်ပွဲတွေလည်း အနန္တကြုံခဲ့ရသည်။

တိုက်ပွဲဆိုတာ အနိုင်အရှုံး အသာအနာကို ကြိုတင်ခန့်မှန်း၍မရ။

အရေးကြီးတာ နာသည်ဖြစ်စေ၊ သာသည်ဖြစ်စေ၊ ဘာမှုမဖြုဘဲ၊ စိတ် လုံလုံခြုံခြုံ ဆောက်တည်နိုင်မှ ဘဝတွင် သွားနေသောအဟုန် မတန့်ရပ်နိုင်၊ ဘဝလမ်းတွင် မတုန်မလှုပ်ဖြတ်နိုင်၊ နိုင်ကျည်ပေလိမ့်မည်။ ရှေ့ကကာဆီးဖို့ ခရီးလမ်းထဲ သစ်ပင်လဲ့လဲ့၊ ရှေ့က ကန့်ဖို့ အဟန့်အတား ဆူးတွေထားထား။ **ယောက်ျားဟေ့နော် ... တိုက်ပွဲမျော် ... ကျွန်တော်တိုက်ရင်၊ တက်မှာပဲ ...။**

ကျွန်တော်ယူဆသောကဗျာ၏ အနက်ဖြစ်သည်။ ထိုကဗျာကြောင့်ပင် ကျွန်တော့်ကိုယ်ထဲ၌ရှိနေသော စိတ်အားငယ်မှုများကို ဖယ်ရှားနိုင်ခဲ့သည်။ စိတ်ဓာတ်ကျမှုများကို ဖျောက်ဖျက်နိုင်သည်။ ငါကွ ... ယောက်ျား။ ဘာတွေနဲ့ရင်ဆိုင်ရ ရင်ဆိုင်ရအနိုင်တိုက်ပြီး အောင်ပွဲခံရမယ်ဟု ကြုံးဝါး၍ ကိုယ့်ကိုကိုယ် ဆောက်တည်နိုင်သည်။

တစ်ဆက်တည်းမှာလည်း ကိုယ့်ကိုကိုယ်အောက်တန်းကျ၊ သိက္ခာမရှိသောဘဝအသက်မွေးမှုများဖြင့် မရပ်တည်။ ကောင်းသောအသက်မွေးမှု ဂုဏ်သိက္ခာရှိသော အသက်မွေးမှုဖြင့်သာ ဘဝကိုတိုးတက်အောင် ကြံဆောင်မည်။ ယောက်ျားဆိုတာမဖြစ်နိုင်ရယ်လို့ မရှိ။ ကြိုးစားရင်ဘာမဆိုဖြစ်ရမည်ဆိုသော စိတ်ဖြင့်ကိုယ့်ကိုကိုယ်လမ်းမှန်ပေါ် ပြန်တင်နိုင်ခဲ့သည်။ ရင်ထဲတွင် တိုက်ပွဲဝင်စိတ်ဓာတ်များ နိုင်မာလာသည်။

ဘဝတိုက်ပွဲတိုင်းတွင် အနိုင်ယူရန် အဆင်သင့်ဖြစ်သွား၏။

[သရုပ်မှန်မဂ္ဂဇင်း - အတွဲ (၃)၊ အမှတ် (၁)]

၂၀၁၁ ဇန်နဝါရီလ

× × ×

၁၅။

ရေးခဲ့ပြီးသမျှတွေကို အခန်းဆက်လစဉ်ဖတ်လာသော ပရိသတ်များထဲမှ အချို့က (ကျွန်တော်နှင့်လည်း ရင်းနှီးနေသဖြင့်) ပွင့်ပွင့်လင်းလင်းမေးသည်။

"အခု ခင်ဗျားဆောင်းပါးက ဆရာကြီးရွှေဥဒေါင်းရေးတဲ့ တစ်သက်တာမှတ်တမ်းလို ဆရာသော်တာဆွေရဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်းလို တစ်ဘဝလုံးစာအဖြစ်အပျက်တွေ ရေးမယ့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိလား"

"မဟုတ်ပါဘူးဗျာ"

"မူလကခင်ဗျားရေးခဲ့တာ ခင်ဗျားတက္ကသိုလ်ကျောင်းသားဘဝဆို ..."

"ဟုတ်တယ်လေ ..."

"ဟင် ... ခုတော့ ကျောင်းသားဘဝက ဘယ်ကတော့လို့တုန်း။ ကျောင်းက ထုတ်ခံရပြီး။ ထောင်ကျဘဝကော၊ ထောင်ထွက်ဘဝကော၊ ကျူရှင်ဘဝကော၊ မှောင်ခိုဘဝကော၊ မိန်မရတာကော ... စုံနေပါရောလား"

"ဟား ... ဟား"

ကျွန်တော်ရယ်နေလိုက်သည်။ ပြီးမှ ...

"အေးဗျ ... ကျွန်တော့် **တို့လျှောက်ခဲ့ရာ လမ်းကြောင်း ...** က အဲသလိုတော့ ဖြစ်နေပြီ၊ ရေးဖို့ရည်ရွယ်ထားတဲ့လကလဲ ... ၁၀ လ၊ တစ်နှစ်ကနေ ၁၅ လတောင်ရှိလာပြီ။ ပြီးကလဲ မပြီးနိုင်သေးဘူး။ အေးပါဗျာ ... ဒီလကျရင် ဒီကိစ္စနဲ့ပတ်သက်တဲ့အကျိုးအကြောင်းလေးတော့၊ စာဖတ် ပရိသတ်ကော၊ အယ်ဒီတာအဖွဲ့ကောသိအောင်ရှင်းပြတဲ့၊ စကားဦးလေး ကျွန်တော်ဖြည့်ရေးလိုက်ပါမယ်"

ယခု ... စကားဦးသည် ဤအကြောင်းဖြစ်ပါ၏။

× × ×

စင်စစ် ...**တို့လျှောက်ခဲ့ရာ ... လမ်းကြောင်း ...** သည်၊ ကျွန်တော့်ဘဝတွင် ဖြတ်သန်းခဲ့ရသောအတွေ့အကြုံများအနက် အခက်ခဲဆုံး။ အကြမ်းတမ်းဆုံးနှင့် အနိမ့်အမြင့် အကွေ့အကောက်များလှသော တက္ကသိုလ်ကျောင်းသားဘဝကိုရေးရန်သာဖြစ်ပါသည်။

တကယ်ရေးသည့်အခါ ရေးရမည့်အကြောင်းအရာတွေက များနေသည်။ ၁၀ လ၊ တစ်နှစ်နှင့်အဝင်ချုံရေးဖို့ကျတော့လည်း အကြောင်းအရာတွေ မပြည့်မစုံဖြစ်နေမည်၊ ထိုအကြောင်း သရုပါအယ်ဒီတာချုပ်ထံတစ်ဆင့် စကားပါးပြီး၊ ခပ်ချုံ့ချုံ့ပဲရေးရမလား။ လနည်းနည်းပိုယူ၍ရေးရမလား မေးမိသည်။

အယ်ဒီတာချုပ်က မချုံ့ပါနှင့်၊ စိတ်ကြိုက်ရေးပါဟုခွင့်ပြုသည်။ သို့အတွက် ရေးမှတော့ ပြည့်စုံအောင်ရေးမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် တက္ကသိုလ်ကျောင်းသားဘဝ ဘောင်ထက်မကျော်အောင် ရေးမည်ဆိုသည့် ဆုံးဖြတ်ချက်ကိုမပြင်ပါ။ တက္ကသိုလ်ကျောင်းသားဘဝပဲ ရေးမှာဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းသားဘဝပြီးပြတ်သည့်နေ့သည်၊ ကျွန်တော် စာရေးဆရာဘဝကို အပြီးကူးပြောင်းလိုက်သည့်နေ့ဖြစ်ပါ သည်။ ထိုနေ့အထိ ကျွန်တော်ရေးမှာ ဖြစ်ပါသည်။

ယခု ကျွန်တော်လက်ရှိရေးနေသောအပိုင်းတွေမှာ တက္ကသိုလ် ကျောင်းသားဘဝ မကုန်ဆုံးသေးပါ။ တက္ကသိုလ်ကျောင်းသားဘဝတွင်ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များ

ကိုဖြတ်သန်းနေဆဲသာဖြစ်ပါ၏။

× × ×

**တိုက်ပွဲမပျော်**ကဗျာကိုခံစားပြီး ကျွန်တော်စတင်ပြုလုပ်သည့်အပြောင်းအလဲမှာ ရောင်းတယ်ဝယ်တယ်"မှောင်ခို"အလုပ်ကိုရပ်ပစ်လိုက်ခြင်းဖြစ်၏။

ကျွန်တော် ရောင်းလက်စဆိုင်နေရာကိုလည်း သူငယ်ချင်းအားပေးလိုက်သည်။

အမေ့ဆိုင်တွင်သာ တတ်အားသ၍ တိုးချဲ့၍ကြိုးစားအားဖြည့်ပေးဖို့အားထုတ်သည်။ မိရိုးဖလာ ကောင်းရောင်းကောင်းဝယ်ဈေးသည်အလုပ်ကို ကျွန်တော်လိပ်ပြာသန့်စွာ ဂုဏ်ယူစွာလုပ်သည်။ ကျွန်တော်စွန့်ခွာခဲ့သည်မှာ "မှောင်ခို"သာဖြစ်သည်။

တစ်ဘက်ကကျွန်တော်ကြိုးစားဖို့အားထုတ်သည်မှာ ကျူရှင်အလုပ်ဖြစ်သည်။ ကျူရှင်အလုပ်မှာ ၉ တန်း။ ၁၀ တန်းကို ပထမအတိုင်းဆက်ပြုပြီး ၈ တန်း။ ၇ တန်း၊ ၆ တန်း။ ၅ တန်းတို့မှာပါ ကျွန်တော်ဆင်းသင်နိုင်ဖို့လုပ်သည်။ ထို "အလယ်တန်း"များက ကျွန်တော့် ပညာအရည်အချင်းဖြင့် တရားဝင်သင်နိုင်ခွင့်ရှိသည်။

ကြိုးစားခြင်း အားထုတ်ခြင်းသည် အလဟဿတော့ဖြစ်စရာမရှိကြောင်း ထိုကာလများမှာ ကျွန်တော် ရှင်းရှင်းလင်းလင်းမြင်လာခဲ့သည်။ ၅၊ ၆၊ ၇ တန်းများတွင် သင်္ချာဝင်ပြပေးသည့်အတွက် ကျောင်းအုပ်ဆရာက ကျွန်တော့်ကို ပုတ်ပြတ် ၂၀၀ကျပ်ပေးသည်။ ၈ တန်းတွင် အထွေထွေသိပ္ပံ၊ ၉၊ ၁၀ တွင် ရူပ၊ ဓာတု(နောက်ပိုင်း ဇီဝ) စသဖြင့်ပြသည်။ အဲသည်ကလည်း ရသင့်သလောက် ရသည်။ မေမေကလည်း သူ့ဆိုင်မှာ ကျွန်တော်တိုးချဲ့ပေးသော ရောင်းကုန်များကြောင့် တိုးလာသည့်ဝင်ငွေမှ တစ်လ ၃၀၀ ကျပ်ပေးသည်။

ကျွန်တော့်အိမ်ထောင်၊ စီးပွားရေးအခြေအနေမှာ အတော်ဟုတ်သွား၏။ အိမ်ထောင်ကျပြီး သုဝဏ္ဏတွင် ခဏနိုနေရာက ကျွန်တော့်အလုပ်အကိုင်များနှင့်နီးသော အင်းစိန် ကြို့ကုန်းရိပ်သာ တိုက် ၆၊ အခန်း ၃ တွင် ကိုယ်ပိုင်မိသားစုဘဝလေးကို ကောင်းစွာထူထောင်နိုင်လာသည်။

အိုးအိမ်ဦးစီးဌာနမှ ငှားရမ်းနေထိုင်ခွင့်ရသော ထိုတိုက်ခန်းလေးက ပြည်တော် သာ တိုက်ခန်းအမျိုးအစားဖြစ်သည်။ ညှိခန်းချည်း ၁၂ပေ × ၁၈ပေ ရှိ၍ ၁၂ပေပတ်လည် အိပ်ခန်းနှစ်ခန်း။ မီးဖိုခန်းကျယ်၊ ရေချိုးခန်းကျယ်၊ အိမ်သာသပ်သပ်၊ မီးထွန်းမီတာ၊ ပါဝါမီတာ မီတာနှစ်လုံး စသောပြည့်ပြည့်စုံစုံတိုက်ခန်းလေးဖြစ်သည်။ လခက တစ်လ ၈၅ ကျပ်သာ ပေးရသည်။ အဝိုပစ္စည်းဟူ၍ ကက်ဆက်တစ်လုံးတောင် မဝယ်နိုင်သေးသော်လည်း ကိုယ့်အိုးကိုယ့်အိမ်နှင့် နေခွင့်ရခြင်း။ နေနိုင်ခြင်းလေးအပေါ် အတော်ကျေနပ်အားတက်မိသည်။

ကျွန်တော် ကျောင်းမှာ ငါးနှစ်တိတိဝဲလည်နေဆဲ၊ လေးနှစ်စာ မြန်မာစာဝိဇ္ဇာဘွဲ့ရ

ထားသောဖန်းက ဘွဲ့ရပြီးကတည်းက ပါတီဌာနချုပ်မှာအလုပ်လုပ်နေသည်။ သုဝဏ္ဏကနေရုံးသွားတုန်းက ဖယ်ရီနှင့်သွားရသည်မို့ အဆင်ပြေသော်လည်း အင်းစိန် ကြို့ကုန်းရောက်သောအခါ ဖယ်ရီလည်းမရသဖြင့် ပါတီဌာနချုပ်သို့ လိုင်းကားဖြင့် နေ့စဉ်ရုံးတက်ရသည်။ ဗန္ဓုလပန်းခြံဘေးအထိ အင်းစိန်မှ ဘတ်စ်ကားစီး၊ ပန်းခြံမှနေ ပါတီဌာနချုပ်ထိ လမ်းလျှောက်။ ပြောလျှင် နောက်လူတွေယုံစရာမရှိ၊ ထိုအချိန်မှာ သူမအဖေကတိုင်းမှူးဘဝနှင့်ပင် ဗိုလ်ချုပ်(ဗိုလ်မှူးချုပ်) ဖြစ်နေပေပြီ။

ကျွန်တော်တို့ကိုသဘောမတူ၍ပစ်ထားတာမျိုးမဟုတ် ကျွန်တော်ကိုက ကိုယ့်အိုးကိုယ့်အိမ်နှင့်နေချင်သဖြင့် အိမ်ခွဲနေခဲ့ခြင်းဖြစ်သည်။ ထိုအိမ်ခန်းလေးကလည်း သူတို့ကျေးဇူးနှင့် ငှားနေခွင့်ရခဲ့ခြင်းဖြစ်သည်။

သို့သော် အဖေတို့မှာသားသမီးတွေ ကားတစ်ယောက်တစ်စီးလောက် ပေးထားနိုင်ဖို့နေနေသာသာ၊ အိမ်မှာ သူတို့အတွက် ကိုယ်ပိုင်ကားတစ်စီးတောင်မရှိ။ အိမ်သုံးပေးထားသောဖယ်မလီယာ၊ ဆီဒင်၊ အက်စတိတ်၊ သရီးတူးသရီး ညန့်ပါတ်နောက်ဆွဲ၊ သရီးတူသရီး "ဏ"နံပါတ်ရှေ့ဆွဲ၊ နောက် "ဒ"နံပါတ်ရှေ့ဆွဲ စသောခေတ်အလိုက် ရာထူးအလိုက်ရသည့် ကားတစ်စီးသာရှိသည်။

တိုင်းမှူးသမီးလည်း ဘတ်စ်ကားစီး ရုံးတက်၊ တိုင်းမှူးသမက်လည်း ဘတ်စ်ကားဖြင့် အင်းစိန်သွား ကျူရှင်ပြ ဈေးဆိုင်ရောင်း။ စိတ်ညစ်နေလား။ လာမမေးစေချင်။

ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝလေးဖြင့် ယောက်ျားဟော့နော်၊ တိုက်ပွဲပျော်၊ ကျွန်တော်တိုက်ရင်းတက်မှာပဲ ... ဟု အကောင်းဘက်ကိုကြိုးစားအောင်မြင်လာခြင်းအပေါ် ကျွန်တော်တို့ သိပ်ပျော်ကြသည်။ သမီးကြီးကို ကိုယ်ဝန်ဆောင်၍ လရင့်လာသည်နှင့်အမျှ တစ်ဘက်က ဝင်ငွေလေးကလည်းအဆင်ပြေလာသောအခါ ဖန်းကို အလုပ်ထွက်ခိုင်းလိုက်တော့သည်။ မိသားစုရပ်တည်ဖို့ကိစ္စကို ကျွန်တော့်ဖာသာကျွန်တော်ရှာတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် အလုပ်လုပ်နိုင်းတာ ပိုက်ဆံရဖို့မဟုတ်၊ ပညာတတ်ဘွဲ့ရပြီး ဘာအလုပ်မှ မလုပ်သည့်လူပိုဖြစ်နေမှာစိုးလို့ အလုပ်သွင်းပေးထားတာ ဟူသောဆုံးမစကားနှင့်အတူ ပါတီဌာနချုပ်မှ အလုပ်ထွက်ပြီးမကြာမီ၊ အဖေက သူ့သမီးကို ဘီပီအိုင်မှာအလုပ်ပြန်သွင်းပေးသည်။

ဘီပီအိုင်ခေါ် မြန်မာ့ဆေးဝါးလုပ်ငန်းသည် ကြို့ကုန်းမှာပဲရှိ၍ လမ်းလျှောက်သွားလို့ရအောင်အိမ်နှင့်နီးသည်။ ဘီပီအိုင်မှာ ယခု မင်းသားမိုးအောင်ရင် အဘိုး၊ အဆိုတော် အောင်ရင်၏အဖေ ဗိုလ်မှူးကြီးဟန်ရင်က စက်ရုံမှူး။ အဖေ့သမီးဘွဲ့ရဆိုပြီး အထက်တန်းစာရေးတစ်ခါတည်းပေးဖို့ပြင်သဖြင့် စက်ရုံမှူးကြီး အဆူခံလိုက်ရသေးသည်။ ဝင်ဝင်ချင်း ထုံးစံအတိုင်းဆိုပြီး အောက်တန်းစာရေးက စလုပ်ရသည်။ သို့ရာတွင် ကျွန်တော်တို့

အစစအဆင်ပြေပါသည်။ ရှန်းကန်ကြိုးစားရင်း တဖြည်းဖြည်း တဖြည်းဖြည်း တိုးတက်မှုလေးတွေရလာရခြင်းကိုလည်း လွန်စွာကျေနပ်ကြပါ သည်။

သို့သော် ကျွန်တော့် ထုံးစံအတိုင်း ဘဝမှာ ဘာတစ်ခုမှ တသမတ်တည်းမသွား။

ထိုအဆင်ပြေမှုလေးများသည် တစ်နှစ်ပင်မခံ။ လောကဓံတရား၏ အတိုက်အနိုက်တစ်ခုက မမျှော်လင့်ဘဲဝင်လာပြန်၏။

× × ×

ဤဖြစ်ရပ်များကိုတော့ အသေးစိတ်ရေးမပြချင်တော့ပါ။

လိုရင်းအနှစ်ချုပ်ပြောရလျှင်တော့ မြန်မာပြည်မှာ စုပေါင်းစပ်ပေါင်းအလုပ်များမှာ ဖြစ်လေ့ဖြစ်ထရှိသောသဘောပင်ဖြစ်သည်။ လုပ်ငန်းတစ်ခုကို မအောင်မြင်ခင်က စုစုစည်းစည်းညီညီညွတ်ညွတ်ကြိုးစားကြသည်။ ကြိုးစား၍ အောင်မြင်လာသောအခါ သူ့ကြောင့်အောင်မြင်သည်၊ ကိုယ့်ကြောင့် အောင်မြင်သည် စသဖြင့် ဂုဏ်သိက္ခာအဝေမတည့်တော့။

ငါကဒီလောက်လုပ်ရတယ်၊ သူကတော့ဒီလောက်ပဲလုပ်ပြီး ရတော့အတူတူ၊ သဘာဝမကျဘူး စသဖြင့်အကျိုးခံစားမှု ငွေကြေး အဝေမတည့်တော့၊ သည်တော့ သူမတရား ဘူး ကိုယ်မတရားဘူး အထင်တွေအမြင်တွေပြောင်းကာ ကွဲကြခွဲကြဖြစ်ကြတော့သည်။

ကျွန်တော်တို့ကျူရှင်လည်း ဒီအတိုင်းဖြစ်ခဲ့ခြင်းသာဖြစ်သည်။ လုပ်ငန်းအအောင်မြင်ဆုံးအချိန်မှာ ပညာရေးဌာန၏ ဘာသာရပ်အပြောင်းအလဲ၊ အတွဲအဖက်များ ၉ တန်း၊ ၁၀ တန်းတွင်ဖြစ်လာသည်။ သို့အတွက် သင်ကြားမှုပုံစံကိုလည်း ထိုအပြောင်းအလဲနှင့်လိုက်ဖက်အဆင်ပြေ အောင် အပြောင်းအရွှေ့လုပ်ပေးရသည်။ ထိုအခါ အဝေမတည့်သောပြဿနာတွေပေါ်လာသည်။

တစ်ကြိမ်ညှိနှိုင်းလိုက်၊ အဆင်ပြေသလို သဘောတူသလိုဖြစ်သွားသည်။ နောက်နေ့ကျတော့ တစ်မျိုးတွေပြန်ဖြစ်ကုန်သည်။ ပြန်ညှိနှိုင်းသည်။ သဘောတူညီကြပြီးကာမှ နောက်နေ့ကျတော့ တစ်မျိုးတွေဖြစ်သွားကြပြန်သည်။ ကြာတော့ ကျွန်တော်လည်းစိတ်မရှည်တော့၊ သည်းမခံနိုင်တော့၊ အဆုံးအဖြတ် ပြတ်သားစွာပေးရမည့်ကျောင်းအုပ်ဆရာကိုယ်တိုင်က ဆရာကတော်နှင့်ပြန်တိုင်ပင်လိုက်၊ တစ်မျိုးဖြစ်လိုက်ဖြစ်လာသောအခါ၊ တတိယအကြိမ်အစည်းအဝေးမှာ ကျွန်တော်တစ်ထိုင်တည်း နှုတ်ထွက်လိုက်သည်။

ကျောင်းအပြင်ရောက်သောအခါ၊ အမေ့ဆိုင်အလုပ်နှင့် အမေထံမှရသောဝင်ငွေပဲ ကျွန်ခဲ့တော့သည့်အဖြစ်ကို သတိရသည်။ မှန်တာပြောရလျှင် ကျွန်တော် တော်တော်လေး တော့ တုန်လှုပ်သွားမိ၏။ စားဝတ်နေရေးကြောင့် မဟုတ်ပါ။ မေမေ့ဆီကရသောပိုက်ဆံနှင့် ကျွန်တော်လောက်အောင် စားနိုင်ပါသည်။ အဖေတို့အမေတို့ဆီကလည်း ဆန်၊ ဆီစသည်တို့

မကြာခဏရတတ်ပါသည်။ ပြဿနာက ဘဝအနာဂတ်မျှော်လင့်ချက် ရည်မှန်းချက် ပြဿနာသာဖြစ်သည်။

ဘဝမှာ အဆုံးအရှုံးတွေကြောင့် အနာဂတ်မျှော်လင့်ချက်များ ပျက်စီးသွားခဲ့ပြီး စိတ်ဓာတ်ကျဆင်းခဲ့သည်။ ထိုမှတစ်ဖန် "တိုက်ပွဲပျော်" ကိုအကြောင်းပြု၍ လောကဓံကို ဖွတ်ရင်ဆိုင်တိုက်ခိုက်ပြီး အနာဂတ်မျှော်လင့်ချက်အသစ် ထားရှိကြိုးစားခဲ့သည်။

ထိုအနာဂတ်မျှော်လင့်ချက်အသစ်မှာ အောင်မြင်သော ကျူရှင်ဆရာတစ်ယောက်ဘဝဖြစ်ရန်ပင်ဖြစ်သည်။ ထိုအချိန်က ကျူရှင်လောကမှ ထိပ်တန်းအောင်မြင်နေသူများမှာ ဆရာ ဦးသာ၊ ဦးအောင်ဇေညွန့်၊ ဦးနေအုပ်၊ ဦးမြတ်ထိန်လင်း၊ ဦးမင်းသစ်၊ ဦးသိန်းနိုင်၊ ဆရာဒိုးစသည်တို့ဖြစ်သည်။

ဂုဏ်သိက္ခာအရ ညှိုးငယ်သည်ဟုထင်သော "မှောင်မိုက်" လောကမှ ထွက်လာသောအခါ၊ ကျွန်တော်ဘဝ၏ ဖြစ်နိုင်သောအခြေအနေနှင့် ထိုဆရာများကဲ့သို့ ဂုဏ်သတင်းကျော်၊ ငွေကြေးကောအောင်မြင်သူများ ဖြစ်ချင်သည်။ ခုတော့ လေလျော့ရင်းတက်ကျိုးသလိုဖြစ်သွားသည်။ သို့သော် သည်အခါတော့စိတ်ဓာတ်မကျ၊ မညှိုးငယ်တော့။ "နာနာသာသာ၊ ဘာမှမဖြုံ၊ စိတ်လုံခြုံ" ... သော သဘောတွေက ကျွန်တော့်ရင်ဝယ်ကိန်းဝပ်နေခဲ့ပြီ။

"ရှေ့ကဆီးပြီး ခရီးလမ်းထဲ သစ်ပင်လှဲလှဲ၊ လဲလဲ၊ ရှေ့ကကန့်ပြီး၊ အဟန့်အတားဆူးတွေထားထား၊ တားတား ... ယောက်ျားဆိုသော တိုက်ပွဲပျော်စိတ်" ကို မွေးနိုင်ပြီ၊ သုံးလေးရက်ထက် မပို၊ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

"ကျွန်တော် ဘာကိုမှအရှုံးမပေးတော့၊ ဒီလမ်းကတက်လို့မရလျှင်၊ နောက်တစ်လမ်းက လှည့်တက်မည်၊ ဦးမညွှတ်၊ လက်မလျှော့၊ သူများကျူရှင်မှာလုပ်ရလို့ ခုလိုအောက်ကျတာ၊ ကိုယ့်ကျူရှင်ကျောင်းနှင့် ကိုယ်ဆို ဒါတွေမှုစရာမလို၊ ဘယ်သူ့မှအားမကိုးတော့၊ ကိုယ့်ဟာကိုယ်ဖြစ်အောင်လုပ်မည်၊ ငါကျောင်းထောင်မည်၊ ငါပိုင်ကျူရှင်ငါဖွင့်မည်"

ထိုဆုံးဖြတ်ချက်နှင့်အတူ၊ ကျူရှင်ကျောင်းတစ်ကျောင်းဖြစ်နိုင်မည့် နည်းလမ်းတွေကိုစဉ်းစားရတော့၏။

× × ×

ထိုစဉ်းစားနေချိန်ဝယ် ကျွန်တော့်လက်ထဲ ပိုက်ဆံအပိုတစ်ပြားတစ်ချပ်မျှပင် မရှိ။

ကျွန်တော်မှာ နာမည်ပဲရှိသည်။ ၁၉၇၁ ခုနှစ်ကစ၍ ကျူရှင်သင်လာခဲ့စဉ် ခရီးတစ်လျှောက် ကျွန်တော်ဘက်ကအစွမ်းရှိသမျှ အားထုတ်ခဲ့သည်၊ ကြိုးစားခဲ့သည်။

၁၀ တန်းအောင်ပြီး ၁၀ တန်းပြန်သင်သောကာလကပင် ကျွန်တော်ကိုင်ခဲ့သောဘာသာရပ်မှာ ကျောင်းသားကျောင်းသူတွေဂုဏ်ထူးပါခဲ့သည်။ ၁၀ တန်းအောင်တုန်းက

ဘိုင်အို (ဇီဝဗေဒ) ဂုဏ်ထူးကိုယ်တိုင်ပါခဲ့သလို၊ ကလေးတွေကိုလည်း ဘိုင်အိုဂုဏ်ထူးပါသူများရှိအောင်သင်ပေးခဲ့သည်။

သို့သော် အခု ကျွန်တော့်ဖာသာ ကျောင်းထောင်ကျူရှင်ဖွင့်လျှင် ၁၀ တန်း၊ ၉ တန်းကို တရားဝင်မှတ်ပုံတင်သင်ခွင့်မရ။ ဘွဲ့မရသေး၍ဖြစ်သည်။

နောက်တစ်ခုကလည်း ၉ တန်း၊ ၁၀ တန်းကျူရှင်ဆိုသည်က ဘယ်မြို့မှာရှိသည့်ကျူရှင်ဖြစ်ပစေ...တကယ့်အကောင်းစားဆရာများနှင့် ဘာသာစုံ၊ ကျောင်းအဆောက်အဦးမှာ ပစ္စည်းစုံ၊ တခမ်းတနားသင်ကြသည့်ကိစ္စဖြစ်သည်။ ကျွန်တော်မှာရှိသည့်အင်အားနှင့် သည်အင်အားစုကြီးတွေကိုတိုးနိုင်ပါ့မလား။

လူငယ်ပီပီ ခမ်းနားကြီးကျယ်မှုများနှင့် ရောမစီမံကိန်းကြီးတွေ ထိပ်ဆုံးကထားစဉ်းစားမိသော်လည်း လက်တွေ့အခြေအနေအရ ဖြစ်နိုင်ချေနှင့် ယှဉ်စဉ်းစားသောအခါ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာထက် ပင်ပန်းသလောက်ခရီးမပေါက်နိုင်သည်များတွေးမိလာသည်။

သို့အတွက် ဒီအလုပ်ကို ဘာဖြစ်လို့ကျွန်တော်လုပ်တာလဲဆိုသည့် ကျွန်တော့် ရည်ရွယ်ချက်ဘက်က ပြန်လှည့်စဉ်းစားသည်။ ကျွန်တော်ကျောင်းပြိုင်တစ်ကျောင်းဖွင့်၍ ကျွန်တော်ထွက်လာသည့်ကျောင်းဟောင်းကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့မဟုတ်။ ကျွန်တော့်ဘဝလမ်းကြောင်းအတွက် ဂုဏ်ရှိသော၊ သိက္ခာရှိသော အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခု အောင်အောင်မြင်မြင်ပြုလုပ်ချင်ခြင်း ဖြစ်သည်။

ထိုအလုပ်ကို ဘယ်နေရာကစလုပ်မလဲ ...။

ဖြစ်နိုင်သည့်နေရာက စလုပ်မည်။

ဘယ်အထိ ရည်မှန်းမည်နည်း။

ကျော်ကြားသော ရောမကျူရှင်ကြီးတစ်ခုဖြစ်အောင် ကြိုးစားမည်။

ဒါဖြင့် အခုဖြစ်နိုင်ချေမှာ စတင်၍လုပ်ဆောင်သင့်သော အသေချာဆုံးပုံစံ ဘာရှိလဲ။ သေချာသည့်အတန်းတွေက ဘာတွေလဲ ...။

၅ တန်း၊ ၆ တန်း၊ ၇ တန်း ကျောင်းစစ်အတန်းများ ၈ တန်းပင် သိပ်မသေချာ၊ နာမည်ကြီးကျူရှင်တွေက ၉ တန်း၊ ၁၀ တန်းအတွက် ပျိုးခင်းအဖြစ် ရှစ်တန်း(အစိုးရစစ်)ကို ဖွင့်သင်သည်။ အကယ်၍ လစဉ်အသုံးစရိတ်အနည်းဆုံးနှင့်ကျွန်တော်တစ်ယောက်တည်း အင်္ဂလိပ်စာ၊ သင်္ချာ၊ ၂ ဘာသာသင်လျှင် တစ်ယောက် ၁၀ ကျပ် လခရမည်။ တစ်တန်းမှာ ၅ ယောက်ပဲရ၊ ၃ တန်းမှာ တစ်လ ၁၅ ယောက် ၁၅၀ ကျပ်ရမည်။

ရောမကျောင်းကြီးမှာ ၅၊ ၆၊ ၇ တန်းသင်္ချာပြခြင်းအတွက် ကျွန်တော် တစ်လ ၂၀၀ ပဲရသည်။ ခု ကျောင်းဖြစ်ရုံအနေအထားနှင့် စဖွင့်နိုင်လျှင်ပင် ထိုလစာ၏ လေးပုံသုံးပုံရနေပြီ။ ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ။ ၅၊ ၆၊ ၇ ... ကလေးတန်းတွေက နယ်မြေကျော်

ရပ်ကွက်ကျော်ပြီး မိဘတွေကမထားချင်။ ကျွန်တော်တို့မြို့လေး ရပ်ကွက်လေးမျိုးမှာ ကားနှင့်ကျူးရှင်ပို့ ကျူးရှင်ကြိုလုပ်နိုင်တာ သိပ်မရှိ။

ကိုယ့်ရပ်ကွက်က ကလေးတွေမှာ တက်စရာကျူးရှင်မရှိ၊ ကျွန်တော်ဖွင့်လျှင် ကျွန်တော့်ဆီပဲ လာကြမည်။ ကောင်းပြီ၊ သည်စိတ်ကူးကိုကြိုက်ပြီ၊ စ တော့ဟု ကိုယ့်ကိုကိုယ်တပ်လှန့်လိုက်၏။

× × ×



ပညာတံခွန်
လူရည်ချွန်၍
မိုးစွန်တစ်မွတ်
ကြယ်ကိုဆွတ်ရန် —
ဦးဝင်းမြင့်မောင်
"လူရည်ချွန်နည်းပြ"

သူငယ်တန်းမှ စ၍တန်းစဉ်ပညာရည်ထူးချွန်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော "လူရည်ချွန်ဆု"ကို ရရှိခဲ့သော ဆရာကိုယ်တိုင်သင်ကြားပေးသည်။

သင့်ကလေးအတန်းမှ ဆရာသည် ကျွန်ုပ်၏ဆရာများ သို့မဟုတ် ကျွန်ုပ်အကြောင်းသိသူများဖြစ်ပါသည်။ သူတို့နှင့် တိုင်ပင်ပါ၊ ဆရာ၊ ဆရာမများက တက်ပါဟုပြောမှ လာသင်ပါ။ သူတို့၏ယုံကြည်မှုကို ကျွန်ုပ်တန်ဖိုးထားပါသည်။ အစရှိသဖြင့် နံရံကပ်ကြော်ငြာတွေ၊ လက်ကမ်းကြော်ငြာတွေကို မိတ်ဆွေတွေ၏ ပုံနှိပ်စက်တွေမှာ ရိုက်သည်။ ရင်းနှီးနေသူတွေမို့ သူတို့က အလကားမတ်တင်းဖြင့်ရိုက်ပေးကြသည်။

စာစောင် မဂ္ဂဇင်းတွေမှာ ကဗျာ၊ ဝတ္ထုတိုလေးတွေရေးနေတာလည်း အတော်ကြီးပေါက်နေပြီ၊ ၁၉၇၃ ကစခဲ့သောနှမ်းရှာသိုင်းအမည်သည် ကဗျာလုံးချင်းတစ်အုပ်ထွက်ပြီးသလို ရှုမဝ၊ သပြေ၊ ဂီတပဒေသာ၊ သင့်ဘဝ၊ တိုင်းရင်းမေ၊ ပျော်တော်ဆက်၊ အပျို၊ မောင်း၊ ပြောင်းထွေလာရယ်စရာ စသည်တို့မှာလည်းကြိုးကြားပါနေပြီ။

ထိုအခံဖြင့် ကြော်ငြာတွေကို စိတ်ကူးပေါက်သလို လျှောက်ရေးသည်။ ကျောင်းဖွင့်ရမည့်ရက်နှင့် တစ်ပတ်လောက်သာအချိန်ရသော်လည်း ကျွန်တော် ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ ရပ်ကွက်ထဲက ကျွန်တော့်ကို အစကတည်းက ချစ်ခင်ရင်းနှီးနေသော ရပ်မိရပ်ဖများ၊ ကျောင်းဟောင်းကတပည့်ဟောင်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေး၊

သည်။ စာသင်ခန်းကိုလည်း ထွေထွေထူးထူး မရှာတော့။

ကျွန်တော်လူပျိုဘဝကနေခဲ့သည့် မေမေ့အိမ်မှကျွန်တော့်အခန်းကို နံရံအကာ၊ ညှပ်ခန်းအကန့်တွေဖွင့်ချပြီး ကျောင်းခန်းလုပ်သည်။ မေမေ့အိမ်က လေးခန်းတွဲတန်းလျားလိုအိမ်ကြီးမို့ ခြေရင်းခန်း ထောင့်စွန်းတစ်ခန်းလုံးယူထားသော ကျွန်တော့်အခန်းမှာ ၁၀ ပေ × ၂၅ ပေလောက်ရှိသည်။ ကျောင်းခန်းအနေနှင့် ကျဉ်းသည်ပြောနိုင်သော်လည်း ထိုအခန်းကျဉ်းလေးပြည့် အောင်ပင် ကျောင်းသားလာမလာမသေချာသောအခြေအနေမှာ တစ်ပြားမှ မပေးရသော စပေါ်လခမရှိသောအခန်းကို ဂျီးမများတော့။ ၂ပေ × ၁ပေခွဲ ဆိုင်းဘုတ်လေးရေးပြီး မိတ်ဆွေများကိုဖိတ်ကြား၍ လက်ဖက်ရည်တိုက်ကျောင်းဖွင့်ပွဲလုပ်သည်။

ကျွန်တော်ကိုခင်သောကျူရှင်ဆရာဟောင်းတစ်ဦးက သူ့မှာ ကျောင်းဖွင့်ဖို့လုပ်ပြီးမဖွင့်ဖြစ်ပဲအလုပ်ဝင်လိုက်သဖြင့်ပိုနေသော စားပွဲထိုင်ခုံတွေရှိသည်၊ ဟိုလူယူ ဒီလူယူနှင့် လေးယောက်တန်းလေးစုံလောက်ရှိဦးမည်။ ယူလိုက်ဆိုသဖြင့် ကျွန်တော် ဟန်ကျသွားသည်။ သို့သော် မနက်ဖြန်ကျောင်းဖွင့်မည်ဆိုသည့်ရက်အထိ တစ်တန်းမှာ ကျောင်းသားသုံးယောက်စီမပြည့်သေး။ သုံးတန်းပေါင်းမှ ၅ ယောက်လောက်သာရှိသေးသည်။

ထိုအချိန်မှာ လမ်းထဲမှ မြို့မျက်နှာဖုံးလူကြီးတစ်ယောက်ဖြစ်သော ဦးလေးဦးလှဖေက အခြေအနေဘယ်လိုလဲ မေးသည်။ ကျွန်တော်က အမှန်အတိုင်းပြန်ဖြေလိုက်သောအခါ သူက "ကိစ္စမရှိဘူး မနက်ဖြန်ကျောင်းဖွင့်တဲ့အခါကျရင် ကျောင်းသားတွေအများကြီးလာလိမ့်မယ်။ ဘာမှမမေးနဲ့ ဘာစာရင်းမှလည်းမကောက်နဲ့၊ လခလည်းမတောင်းနဲ့ မင်းသင်စရာရှိတာ သင်ပေးလိုက်။ နောက် သူ့ဟာသူဖြစ်လာလိမ့်မယ်"

ဦးလေး၏နည်းစနစ်ဘာလဲဆိုတာတော့ ကျွန်တော်မသိ။ သို့သော် ဦးလေး၏ စေတနာနှင့် အတွေ့အကြုံကိုတော့ ယုံသည်။ ဦးလေးတို့က ဟိုးပါလီမန်အစိုးရလက်ထက်ကတည်းက နိုင်ငံရေးအသိုင်းအဝိုင်း၊ မြို့မိမြို့ဖအသိုင်းအဝိုင်းတွေမှာ မျက်နှာကြီးဖြစ်သည်။

အလှူငွေကောက်ခံတာကအစ ဦးလေးတို့ပါလျှင် သူ မတူအောင် ထည့်ဝင်အားပေးလှူဒါန်းသည်။ သူ့အားပေးစကားလေးက ကျွန်တော့်ကို ကြက်သီးမွေးညှင်းပင်ထစေသည်။

"ဒီမြို့မှာ ဒီပြင်ကျူရှင်ဆရာတွေက ဒီပြင်မြို့ကလာတဲ့လူဝင်စား ဆရာတွေများပါတယ်ကွာ၊ တို့မြို့က လူရင်းထဲကဆိုလို့ သိပ်များများရှိတာ မဟုတ်ဘူး။ မင်းက ငါတို့နဲ့ တစ်လမ်းထဲမှာနေ၊ တူသားလိုမျက်စိရှေ့ ကြီးလာတဲ့ကောင် မင်းမှငါတို့က လုပ်မပေးရင် ဘယ်သူ့သွားလုပ်ပေးရမလဲ" ထိုနေ့တစ်ညကို ရင်ခုန်စွာဖြတ်ကျော်ပြီး ခက်ခက်ခဲခဲညအိပ်ပျော်ရသည်။ နောက်တစ်နေ့တွင် ကျွန်တော့်လူရည်ချွန်နည်းပြကျောင်းဖွင့်မည့်နေ့ဖြစ်၏။

[သရေပါမွှေခင်း - အတွဲ (၃)၊ အမှတ် (၂)]

၂၀၁၁ ဖေဖော်ဝါရီလ

၁၆။

နောက်နေ့ကျောင်းဖွင့်ချိန်တွင် ကျွန်တော့်ကျောင်းလေး၌ ကျောင်းသားကျောင်းသူများဖြင့် အုံ့ခြလောက်အောင် စည်ကားနေ၏။ ၅ တန်း၊ ၆ တန်း၊ ၇ တန်းမှာ တစ်တန်းတစ်တန်း လူ ၂၀ကျော်နေသည်။ ကျောင်းဝင်ကြေး၊ ကျောင်းလခတို့တော့ အကုန်လုံးစုံအောင်မရ။ သို့သော်ရတာ မရတာ ခဏနား ကျောင်းသားတွေမြင်နေရတာနှင့်တင် ပျော်နေသည်။ သည်လိုဖြစ်လာတာ ကျွန်တော့်အစွမ်းအစမဟုတ်ဟုလည်း ကိုယ့်ဟာသာ သိနေသည်။

အဓိကကတော့ ဦးလေးဦးလှဖေကျေးဇူးဖြစ်၍ ဦးလေးဦးလှဖေမှတစ်ဆင့် ရပ်ကွက်တွင်းရှိ လမ်းတိုင်းလမ်းတိုင်းမှ ရပ်မိရပ်ဖများက သူတို့လမ်းထဲရှိကလေးတွေကို လွှတ်ပေးနေခြင်းသာဖြစ်သည်။

"သွား မင်းတို့ကလေးတွေ ၅တန်း၊ ၆တန်း၊ ၇တန်းရှိရင် အလကားအိမ်မှာ လက်ယားလက်ယားလုပ်မနေစေနဲ့၊ အဲဒီကျောင်းကို ပို့လိုက်၊ လကုန်အထိ တစ်ပြားမှမပေးနဲ့၊ သွားတက်၊ ကလေးတွေ တိုးတက်လာတယ်ဆိုမှ ပိုက်ဆံပေး" စသည်ဖြင့် အာမခံဖြင့် လွှတ်ပေးသည်။ အားလုံးကသူ့လမ်းအလိုက်သူ သြဇာရှိသူများမို့ ကျွန်တော့်ဆီ ဒီလိုရောက်လာခြင်းပင်။

"ဘယ်လိုနေလဲ ကွ"

နေ့ခင်းလောက်ကျတော့ ဦးလေးဦးလှဖေရောက်လာပြီး မေးသည်။

"အိုကေတယ် ဦးလေး ကျွန်တော့်အခန်းလေး လျှံထွက်နေတယ်။ ခုံတွေထပ်တိုးရဦးမယ်"

"အေး မင်းဘက်တာဝန်ကျေဖို့ပဲ ကျန်တော့တယ်နော်။ ငါ့တာဝန်တော့ ပြီးပြီ။ နောက်ထပ်လဲ ရွာသစ်ဘက်က ကလေးတွေ ထပ်ရောက်လာကြဦးမယ်။ ဒါနဲ့ သင်မယ့်ဆရာက ဘယ်နှစ်ယောက်လဲ"

"ကျွန်တော်တစ်ယောက်ထဲပဲ"

"ဟာ ... တစ်ယောက်လောက်တော့ ရှာထားဦးလေကွာ၊ မင်း နေမကောင်း ထိုင်မကောင်းဖြစ်တော့ ကျောင်းပိတ်ထားရမှာလား"

ဦးလေးပြောတာ ဟုတ်သည်။ ထိုအချိန်အထိ ကျွန်တော့်မှာ ဝိုင်းကူညီပံ့ပိုးပေးကြသော မိတ်ဆွေများ သူငယ်ချင်းများရှိသော်လည်း အကူဆရာ၊ လက်ထောက်ဆရာ၊ အခြားဘာသာရပ်ဆိုင်ရာတစ်ယောက်မှ မရှိ။ စာသင်မည့်ဆရာက ကျွန်တော်တစ်ယောက်တည်း။

တစ်ဆက်တည်းပင် ဦးလေးဦးလှဖေက အကြံပေးသည်။

"မင်း ဆရာခေါ်မယ်ဆိုရင်တော့၊ တို့ မောင်ပုကြီးကို ထည့်စဉ်းစားကွာ၊ ဒီကောင်ကြီး အခြေပျက်နေတယ်"

"မောင်ပု ဟုတ်လား ဦးလေး၊ မောင်ပု ဘာဖြစ်နေလို့လဲ"

မောင်ပုဆိုသော နာမည်က ကျွန်တော်တို့ချစ်စနိုးခေါ်သောနာမည်ဖြစ်၍ သူ့အမည်ရင်းက တင်သိန်းအောင်ဖြစ်သည်။ ပုလည်းမပု၊ အရပ်ကခြောက်ပေနီးပါး ထောင်ထောင်မောင်းမောင်း။ သချာဖြင့် သိပ္ပံဘွဲ့ ဘီအက်စ်စီရထားသူဖြစ်ပြီး ကျွန်တော်နှင့်တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်း။ လတ်တလော အဆက်ပြတ်နေ၍ သူဘာဖြစ်နေမှန်းမသိ။

ဦးလေးပြောပြမှ မောင်ပု အိမ်ထောင်နှင့်ကွဲ၍ ယောက္ခမအိမ်ကဆင်းလာပြီး အဝေးပြေးကုန်းကားကြီးတွင် စပယ်ယာလိုက်၊ ထိုမှကားပေါ်က ပြုတ်ကျပြီး ဒဏ်ရာတွေရ၊ ပြန်ကောင်းတော့ စိတ်ပျက်ပျက်နှင့် ကြည့်မြင်တိုင်က ဝပ်ရှော့တစ်ခုတွင် တောက်တိုမယ်ရ ဝင်လုပ်နေကြောင်းသိရသည်။

ငယ်သူငယ်ချင်း ပညာတတ်ဘွဲ့ရတစ်ယောက်၊ ဒီလိုဖြစ်မနေသင့်ဟုတွေး၍ သူ့ကိုလိုက်ရှာပြီးကျောင်းမှာစာပြဖို့ပြောရသည်။ သူကလည်း စိတ်ပါကြောင်းပြောသည်။ ၅၊ ၆၊ ၇တန်းတွေမှာ သူနှင့်ကျွန်တော် အင်္ဂလိပ်စာနှင့်သချာကို အဆင်ပြေသလို ခွဲဝေသင်နိုင်သည်။

သူ့မှာ ကျွန်တော့်လို ကျူရှင်အတွေ့အကြုံတော့မရှိ။ သို့သော် သူက လေးငါးဆယ်ရက်အတွင်း ကျွန်တော်သင်တာကိုကြည့်ရင်း သူဘယ်လိုသင်ရမည်ဆိုတာကို သိသွားသည်။ ဒုတိယလလောက်ကျတော့ ကျွန်တော်တို့နှစ်ယောက် တက်ညီလက်ညီဖြစ်သွားသလို ကျောင်းသားအင်အားလည်း အခန်းမဆန့်အောင်များလာသည်။

ထိုအချိန်မှာ ကျောင်းလေး၏ အောင်မြင်မှုအခြေအနေကိုကြည့်၍ ကျောင်းဟောင်းမှ ၈၊ ၉၊ ၁၀ တွင် ကျွန်တော့်လို အချိန်ပိုင်းသင်ခဲ့သော ဆရာများ၊ ခင်မင်နေကြသည့် အခြားကျူရှင်ဆရာများကပါ ၈တန်းတိုးဖွင့်ပေးရန် တောင်းဆိုသည်။ ပုတ်ပြတ်လခနှင့် ပေးစရာမလို ရလာသောကျောင်းသားအရေအတွက်ပေါ်မှာ တစ်ခေါင်းဘယ်လောက်ဖြင့်ပေး။

ကျောင်းအတွက်စားရိတ်လေးပါဖယ်၍ ကျွန်တော့်အတွက်လည်း အဆင်ပြေအောင်ဖန်တီးပေးကြမည်။ ထိုဆရာများကလည်း ကျွန်တော်တို့မြို့တွင် နာမည်ရှိပြီးသား ဆရာများမို့ စဖွင့်လှစ်မည့်ရက်မတိုင်ခင်မှာပင် ကျောင်းသားအင်အားအသင့်အတင့်ဝင်လာသည်။ အတန်းပိုလာသဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်သော်လည်း ကျွန်တော့်လက်ရှိအခန်းနှင့် ကျောင်းသားအရေအတွက် မဆံမပြဖြစ်လာခြင်းကိုတော့ ကျွန်တော်မေ့ထား၍မရတော့။

ဌား၍ရမည့် အခန်းကျယ်တစ်ခန်းလိုက်ရှာသောအခါ လမ်းထိပ်ဘက် လူသွားလူလာများသော လမ်းဆုံတစ်ခုမှာ အခန်းတစ်ခန်းရသည်။ သူငယ်ချင်းတစ်ယောက်ကလည်း ငွေတစ်သောင်းစိုက်ထုတ်ကူညီပေးသဖြင့် စပေါ် ၅၀၀၀ပေးရသော ထိုအခန်းကို ဌား၍ ကျန်ငွေ ၅၀၀၀ဖြင့် အခန်းပြင် လိုအပ်သောပစ္စည်းများ ဝယ်ထည့်ပြီး ပြောင်သွပ်ဆိုင်းဘုတ်

ခပေါ၊ ၄ ပေချပ် ကြီးပေါ်တွင် ကျူရှင်အမည်ဆိုင်းဘုတ်ရေးတင်၍ တခမ်းတနား ဖွင့်လှစ်နိုင်ခဲ့သည်။ အကျိုးပေးချိန်ရောက်၍လား ကျွန်တော်တို့ကြိုးစားအားထုတ်မှုတွေကပဲ ထိရောက်၍လား မပြောတတ်။ နှစ်လသုံးလအတွင်း ကျွန်တော်တို့ ကျောင်းသစ်လေးနှင့် လိုက်လျောညီထွေရှိအောင် ကျောင်းသားဦးရေများလာသည်။

ထိုကာလလေးများကတော့ စိတ်ချမ်းသာစရာကောင်းသော ဘဝလမ်းခရီး တစ်ထောင့်တစ်နားကာလလေးများဟု ပြောချင်သည်။ ဘဝ၏အဆုံးအရှုံးပေါင်းမြောက်မြားစွာတွေကြုံခဲ့ရသော ကာလကြမ်းတစ်ခုကို ဖြတ်သန်းပြီးနောက် ပထမဆုံး ပြန်လည်ဆုံစည်းရသည့် အောင်မြင်သောနေ့လေးများပင်ဖြစ်သည်။

ထိုအချိန်မှာ ကျောင်းဘက်ကလည်း စက်မှုတက္ကသိုလ် ပြန်တက်ခွင့်မရပေမယ့် တက္ကသိုလ်စာပေးစာယူသင်တန်းမှာ သိပ္ပံတွဲကို စိတ်ကြိုက်ဘာသာဖြင့် အမြင့်ဆုံးရောက်ရှိနေသောအတန်းမှ စတက်နိုင်သည်ဆိုသောသတင်းများရသည်။

စုံစမ်းကြည့်သောအခါ… ဟုတ်သည်။ စာပေးစာယူတွင် အမြင့်ဆုံးရှိနေသော တတိယနှစ်မှ စတက်နိုင်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အဓိကများတွင် တက်နိုင်သည်ဟု ဆိုသည်။

ကျွန်တော့်လိုကျောင်းထုတ်ခံထားရသော ကျောင်းသားများနှင့်တွေ့ဆုံ၍ အကျိုးအကြောင်းမေးသောအခါ တချို့က ခါးခါးသီးသီးငြင်းသည်။ အဓိပ္ပာယ်မရှိဘူး။ ငါတို့က ရိုးရိုးသိပ္ပံတွဲ(ဘီအက်စ်စီ)ထက်အများကြီးမြင့်သည်၊ စက်မှုတက္ကသိုလ်က ဘီအီး (အင်ဂျင်နီယာတွဲ) ကျောင်းသားတွေ၊ ပြီးတော့ ဟိုက လေးနှစ်တန်းတွဲ၊ ယခု ကျွန်တော်တို့ (ကျွန်တော်နှင့်အတန်းတူတူ သူငယ်ချင်းများက) ၆ နှစ်တန်းတွဲကို ငါးနှစ်အထိ တက်ပြီးသားတွေ၊ တန်းတွဲ့ပေးလျှင်တောင် တစ်နှစ်ပိုနေသေးသည်။ ဘာညာစသဖြင့် မကျေမနပ်အကြောင်းပြချက်တွေပေးပြီး ဆက်ဘွိုင်းကောက်လုပ်သပိတ်မှောက်ကြသည်။

တချို့ကျတော့လည်း ဒီတိုင်းတန်းလန်းကြီးနဲ့ ဟိုမရောက်ဒီမရောက် မဖြစ်ချင်ဘူးကွာ၊ ဘွဲ့လေးတခုရအောင်တော့ ယူလိုက်မယ်။ ပညာရေးပိုင်းကတစ်ခုကိုစွပြတ်သွားတော့နောက်ဒီပြင်အလုပ်တွေ ဆက်လုပ်သွားရတာပေါ့ဟု ပြောသည်။ တချို့ကကျတော့ စာပေးစာယူတက်တာက အကြောင်းမဟုတ်ဘူး။ တော်ကြာ အစိုးရကစိတ်ပြောင်းပြီး ကျောင်းထုတ်ခံထားရတဲ့ကျောင်းသားတွေ ပြန်လက်ခံပေးမယ်ဆိုတဲ့အခါ တို့ကဘွဲ့ရပြီးသားမို့ ပြန်မတက်ရတော့ဘူးဖြစ်လာရင် ဘယ်နှယ့်လုပ်မလဲ။ သူ့အတွေးနှင့်သူ ပူသည်။

ဒီကိစ္စတော့ ရှင်းအောင်လုပ်ရမှာပေ့ါ၊ တွေး၍ မော်ကွန်းထိန်း၊ ပါမောက္ခချုပ်များထံသွားတွေ့ပြီး မေးသည်။ ဆရာတို့ဖြေတာ ရှင်းသည်။

"ဘာသံယောဇဉ်မှ မထားနဲ့တော့။ အာရ်အိုင်တီကိစ္စက မင်းတို့တစ်ဘဝစာပြတ်ပြီ။

တာယ်တော့မှလဲ လက်ခံတော့မှာမဟုတ်ဘူး။ ဒါကြောင့် သက်ညှာတဲ့အနေနဲ့ စာပေးစာယူ တက္ကသိုလ်ကနေ ဘွဲ့ပေးလိုက်တာ"

"အခု ဆရာတို့ ဆုံးဖြတ်ချက်ကတော့ ဟုတ်တာပေါ့။ နောင်ကျတော့ တစ်မျိုးမဖြစ်ဘူးပြောနိုင်လား၊ အစိုးရအပြောင်းအလဲဖြစ်ပြီး နစ်နာနေတဲ့ကျောင်းသားတွေ မနစ်နာရအောင် ပြန်လက်ခံမယ်ဆိုရင်ကော"

"မဖြစ်နိုင်ပါဘူးကွာ၊ ဖြစ်စရာအကြောင်းလဲ မရှိဘူး"

"ဖြစ်လာခဲ့ရင်ကောဆရာ"

"ကိုင်းကွာ ဖြစ်လာရင် ပြန်လက်ခံမယ်၊ အခု စာပေးစာယူတက်တာနဲ့ ငါတို့ဆီပြန်တက်ခွင့်မရတာမျိုး မဖြစ်စေရဘူး"

"အဲဒါသေချာတယ်နော် ဆရာ"

"သေချာတယ်"

"အဲဒါဆို ကျွန်တော်တို့ကို အာရ်အိုင်တီမှာစတုတ္ထနှစ်စာမေးပွဲ အောင်မြင်ထားကြောင်း ထောက်ခံစာထုတ်ပေးထား။ ဒါမှ တက်ခွင့်ရတဲ့အချိန်မှာ ပဉ္စမနှစ်က စတက်လို့ရမှာ"

ဆရာများက အတန်ငယ်စဉ်းစား၍

"ရတယ် လုပ်ပေးလိုက်မယ်"

"ကောင်းပြီဆရာ၊ အဲဒါဆို ကျွန်တော်လည်း စာပေးစာယူတက်မယ်"

ဤနည်းဖြင့် ကျွန်တော်စာပေးစာယူသင်တန်းတက်ဖြစ်သွားသည်။ ထိုအတွက် အချင်းချင်း၏ အပြစ်တင်ဝေဖန်မှုများလည်းများစွာခံခဲ့ရသည်။ "သစ္စာဖောက်" ဟု မပြောရုံတမည်။ ညှိဖျင်းစွာဖြင့် အရှုံးပေးဒူးထောက်သွားကြသည့် ပုံစံမျိုးအပြောခံရသည်။ တချို့ကလည်း အားပေးသည်။

"လုပ်ရမယ့်ကိစ္စတစ်ခုပြီးအောင် လုပ်လိုက်ပါကွာ၊ ကျောင်းသားဘဝမှာ တိုးလို့တန်းလန်းနဲ့ တစ်သက်လုံးနေသွားလို့လည်း ရတာမဟုတ်ဘူး။ ဒီဘွဲ့က မင်းတို့ မပင်မပန်းပဲ သက်သက်သာသာနဲ့ရမယ့်ဘွဲ့ပါ။ လူစဉ်မီဘွဲ့လေးတစ်ဘွဲ့ရထားတော့လဲ၊ အဲဒီ ပညာရေးကိစ္စ စာရင်းဖြတ်ပြီး အလုပ်တစ်ခုခုလုပ်လို့ရတာပေါ့။

ချိတုံချတုံလုပ်ပြီး အခြားအကြောင်းတစ်ခုဖြင့် နောက်ကျနေသောကြောင့် ကျွန်တော်တက္ကသိုလ်စာပေးစာယူသင်တန်းတက်သည့်အခါ တတိယနှစ် နိဝင်ဘာစာမေးပွဲကြီးပြီးပြီ။ မမီလိုက်။ ဧပြီလ နောက်ဆက်တွဲ စာမေးပွဲပဲ ရှိတော့သည်။

ကျွန်တော် ထိုနောက်ဆက်တွဲ (ဆပ်ပလီ) စာမေးပွဲကိုပဲ ဘာသာစုံဝင်ဖြေသည်။ ရူပဗေဒအဓိကဖြင့် ဖြေသည်မို့၊ လျှပ်စစ်အင်ဂျင်နီယာ ပဉ္စမနှစ်ကျောင်းသား ကျွန်တော့်အတွက် စာပင်ကြည့်စရာမလို၊ နည်းနည်းပါးပါး သင်ရိုးညွှန်းတမ်းနှင့် ကိုယ်မသိသည့် အခန်း

တစ်ခန်းနှစ်ခန်းပဲ ကြည့်သည်။ ဒုတိယနှစ်စာမေးပွဲ အောင်သည်။ နောက်ဆုံးနှစ်စာမေးပွဲ ကိုလည်း မိုရာကဝင်လိုက်၍ နိုဝင်ဘာမှာ တစ်နှစ်တည်းဖြေသည်။ ဤနေရာတွင် စာမေးပွဲ ကိစ္စ ခဏရပ်နား၍ ရှေ့ပိုင်းတွင် တက္ကသိုလ် စာပေးစာယူသင်တန်း ဒုတိယနှစ်ကို နိုဝင်ဘာ စာမေးပွဲမဖိုလိုက်ပဲ ဧပြီ စာမေးပွဲ (နောက်ဆက်တွဲ စာမေးပွဲ)ကို ဝင်ဖြေရကြောင်း ပြောသော နေရာ၌ အခြားအကြောင်းတစ်ခုဖြင့်ဟု ပြောခဲ့ သည်။

ထို "အခြားအကြောင်း" ကို ဖြတ်ပြောလိုသေးသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခြားအကြောင်းသည် ပေါ့သေးသေးအကြောင်း တစ်ခုမဟုတ်ဘဲ ကျွန်တော်ဖြတ်သန်း ခဲ့ရသည့် လျှောက်လှမ်းခဲ့ရသည့် "လမ်းကဗ္ဗာ"ထဲဝယ် အရေးပါသောအကြောင်းတစ်ခု ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

× × ×

ကိုယ်ပိုင်ကျူရှင်ကျောင်းလေးထောင်ပြီးနောက်ပိုင်း ကျွန်တော့်အခြေအနေလေး အတော်ကောင်းလာကြောင်း ရှေ့မှာပြောခဲ့ပြီးပြီ။ တကယ်လည်း ဝင်ငွေပိုင်းမှာ အဆင်ပြေခဲ့ သလို၊ လုပ်ငန်းပိုင်းမှာလည်း တိုးတက်အောင်မြင်ခဲ့သည်။ နောက်ပိုင်းတွင် ၈တန်းသာမက ကျောင်းသားကျောင်းသူများ၏ တောင်းဆိုပူဆာမှုကြောင့် ၉တန်း ၁၀တန်းပါ ဖွင့်ပေး လိုက်ရသည်။ သို့သော် ရှေ့ပိုင်းမှာပြောခဲ့သလို ကျွန်တော်က ဘွဲ့မရသေးသဖြင့် ၉၊ ၁၀ ကို တရားဝင် သင်ခွင့်မရှိ။ ထို့အတွက် အတန်းကြီးမှာ ကျွန်တော်ကျောင်းအုပ်အဖြစ်သာနေပြီး အဓိကပင်မ ဘာသာများကို မသင်။ ကိုယ့်ကျောင်းမှာကိုယ်အချိန်ပိုင်းပုံစံဖြင့် ရူပ၊ ဓာတုပဲ သင်သည်။ ၈ တန်းမှာလည်း အထွေထွေသိပ္ပံပဲ ကိုင်သည်။

၈၊ ၉၊ ၁၀ အချိန်များတွင် ပိုလာသောစာသင်ချိန်များကို အလကားမထားဘဲ အင်းစိန် နှင့် မင်္ဂလာဒုံမှာ မိတ်ဆွေဆရာများထောင်ထားသော ကျောင်းတွင် အချိန်ပိုင်းသွားပြသည်။ မရမ်းကုန်းမှ သူငယ်ချင်းတစ်ယောက်ထောင်ထားသော ကျောင်းကလည်း ဖိတ်ခေါ်အကူ အညီတောင်းသဖြင့် ၈တန်း သိပ္ပံနှင့် ၉၊ ၁၀ ရူပ၊ ဓာတု သင်သည်။

အချိန်ရသလောက် ဇယားခွဲ၍ လိုက်ပြသောအခါ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ကြားမှာ ထမင်းစားချိန် တစ်နာရီလောက်ပဲကျန်ပြီး အချိန်ပြည့်နီးပါး အတန်းတွေ ဆက် နေတော့သည်။ ကျောင်းအားလုံးက ဝင်ငွေတွေ ပေါင်းလိုက်သောအခါ ကျွန်တော့်မှာ တစ်လ တစ်လရသည့်ပိုက်ဆံတွေ အများကြီးဖြစ်နေသည်။

ထို့အတူ အောင်မြင်မှုလမ်းစပေါ် နင်းမိပြီမို့ ကောင်းသထက်ကောင်းအောင် အောင် မြင်သည်ထက်အောင်မြင်အောင် သင်ကြားမှုကိုလည်း အပင်ပန်းခံပြီး ဖိကြိုးစားသည်။

ထိုခေတ်က မြေဖြူခေတ်၊ ကျောက်သင်ပုန်းခေတ်မို့ တစ်ပတ်တစ်ပတ်မှာ ဘာနား

ရက်မှမရှိဘဲ အချိန်ပြည့်နီးပါး စာသင်ရသောအခါ ကျန်းမာရေးချွတ်ယွင်းမှုများလည်း များလာဟန်တူသည်။ ထို့ပြင် ထောင်က ပြန်ထွက်လာကတည်းကလည်း ထင်ထင်ရှားရှား ဘာကျန်းမာရေးချို့တဲ့မှုမှလည်း မဖြစ်သဖြင့် ဆေးစစ်တာဘာညာလည်း ဘာတစ်ခုမှ မလုပ်ခဲ့။ ပြင်းပြင်းထန်ထန်ကြိုးစားအလုပ်လုပ်ချိန်က သုံးလေးလထက် မပိုခဲ့။

တစ်ရက် ကျောင်းများကပြန်လာပြီး အိမ်မှာ ရေမိုးချိုး ညစာစားသည်။ ထိုအချိန်များက ကျွန်တော့်ညစာစားချိန်မှာ ညကိုးနာရီကျော်မှ ဖြစ်သည်။ ညစာစားပြီး ခဏနား၍ အိပ်သည်။ ညသန်းခေါင်လောက်မှာ ချောင်းဟတ်ပြီး ကျွန်တော်လန့်နိုးသည်။ ဟတ်လိုက်သောချောင်းကြောင့် ပါးစပ်ထဲတွင် ငန်ကျိကျိအရည်များ ပြည့်သွားသည်။

ပုံမှန်မဟုတ်မှန်းသိလိုက်သည့်အတွက် ကျွန်တော် ကမန်းကတမ်းထပြီး မီးဖွင့်၍ မီးဖိုချောင်ကို ပြေးသည်။ မီးဖိုချောင်မှာလည်း မီးဖွင့်ပြီး လက်ဆေးကန်ထဲသို့ ပါးစပ်ထဲမှ အရည်များ ထွေးထုတ်လိုက်သောအခါ၊ မြင်လိုက်ရသောအရာများကြောင့် ကျွန်တော် မျက်လုံးများ ပြာမိုက်သွားသည်။ သွေးများ ....။ တကယ်ကို သွေးစိမ်းရှင်ရှင်ဆိုသော သွေးများ။ "သွေးအန်ပြီ" ဆိုသောအသိဖြင့် ကျွန်တော် ခေါင်းနပန်းကြီးသွား၏။

× × ×

ဘာကြောင့်ဖြစ်ရသည်ဆိုသည့်ကိစ္စကိုအတိအကျ မပြောပြနိုင်သော်လည်း ဖြစ်နိုင်ချေတွေကတော့ အများကြီးရှိသည်။ ကျွန်တော်ရှေ့က ပြောခဲ့သလို မြေဖြူမှုန်များကို မနက်ခနာရီမှ ည ခနာရီအထိ အဆုတ်အသုံးပြုစကားပြောရင်း ရှူသွင်းနေခဲ့ရသည်။

ခြောက်လနီးပါးထောင်ထဲနေခဲ့ရစဉ် အတောအတွင်း နီးနီးကပ်ကပ် နေထိုင်ခဲ့ရသူများတွင် ရောဂါရှိနေနိုင်တာ၊ ထောင်ကျများပေးကမ်းသွားသော သောက်လက်စဆေးလိပ်များ သောက်ခဲ့ရတာ၊ သံမံတလင်းပေါ်တွင် ဝါးကြောဖျာလေးတစ်ချပ်ခင်း၍ သိပ်အေးသောညများ မိုးရွာသောညများကို ဖြတ်သန်းအိပ်စက်ခဲ့ရတာ။ နေ့ ည၊ အစားမမှန်၊ အအိပ်မမှန်နှင့် အလုပ်လောဘကြီးပြီး ကိုယ့်ဟာကိုယ်တော့ အားဆေးတို့ဘာတို့စားဖို့မေ့လျော့နေခဲ့တာ ကျန်းမာရေး ဂရုမစိုက်မိတာ။

ဒါကလက်တွေ့ဖြစ်ရပ်နှင့် နီးစပ်သော ကိစ္စများ။ နောက်ထပ်လက်တွေ့နှင့် မနီးစပ်သောအကြောင်းများလည်း ရှိသေးသည်။ ကျွန်တော် ထိုကဲ့သို့ဖြစ်သောအချိန်သည် သမီးကြီးကိုမွေးပြီး နှစ်လသုံးလပဲ ရှိဦးမည်။ သမီးကြီးမွေးပြီးစချိန်။ ထိုအချိန်မှာ သမီးကြီး၏မွေးနေ့ကြောင့် ကျွန်တော်ကို အကြံညာက်များမျိုးစုံ ပေးနေကြချိန်။ သမီးကြီးက စနေသမီးဖြစ်သည်။

သားဦးစနေ မီးလိုမွှေဆိုသောစကားကို လက်ကိုင်ပြု၍ သမီးမွေးပြီးသည့်အချိန်ကတည်းက မားထမ်းကျော်ခိုင်းသည်။ အဖိုးအဖွားကိုရောင်းဖို့ ပြောသည်။ ကျွန်တော် ဘာတစ်ခု

မှမလုပ်ခဲ့။ သမီးကြီး၏ ကံဇာတာသို့မဟုတ် စိတ်ဓာတ်တစ်ခုခု ညှိုးမှိန် ညှိုးငယ်သွားမည့် အလုပ် ဘာတစ်ခုမှမလုပ်။

အခုမှ ကျွန်တော်ခေါင်းမာသည်လည်းမဟုတ်။ ကျွန်တော်တို့လင်မယား လက်ထပ်သည့်အချိန်ကလည်း ကျွန်တော်တို့နှစ်ယောက် မွေးနေ့များကို အကြောင်းပြု၍ မျိုးစုံသတိပေး အကြံပေးခံခဲ့ရသေးသည်။

ဇနီးက တနင်္ဂနွေသမီး၊ ကျွန်တော်က ဗုဒ္ဓဟူးသား။ မွှာ သောက, အင်းဝရာဇာ အိမ်ထောင်ဖက်အသက်မရှည်ရာဆိုသောဆိုရိုးကို အကြောင်းပြု၍လည်းကောင်း။ "တနင်္ဂနွေ၊ ဗုဒ္ဓဟူး အုံးမနွေးဘူး" ဆိုသောစကားကို ကိုးကား၍လည်းကောင်း မယူခင်ကလည်း ဖျက်ကြသည်။ ယူပြီးတော့လည်း ယတြာမျိုးစုံပေးသည်။ ကျွန်တော် ဘာတစ်ခုမှ မလုပ်ခဲ့။

ကျူရှင်လေးထူထောင်အောင်မြင်နေချိန်က ထိုအယူတွေ ခေါင်းငုံ့နေခဲ့ကြသော်လည်း ကျွန်တော်သွေးအန်သောအခါ ထိုအယူတွေပြန်ခေါင်းထောင်ထလာသည်။ ထိုညက ဖြစ်ဖြစ်ချင်းမှာ ကျွန်တော်အရမ်းစိုးရိမ်သွားသည်။ ကိုယ်တွင်းက ထွက်လာသော သွေးတွေကို မြင်နေရသည်ကိုက ခြောက်ခြားစရာဖြစ်နေသည်။

သို့သော် သွေးတွေထွက်လာတာကလွဲ၍ အခြားကိုယ်ပေါ်မှာ နာကျင်ခြင်း၊ အောင့်ခြင်းစသည်များ ဘာတစ်ခုမှ မဖြစ်၊ မူးမော်ခြင်းလိုဟာမျိုးတောင်မရှိသဖြင့် နည်းနည်းတော့ အစိုးရိမ်ပေါ့သွားပြန်သည်။ မနက်အထိ နောက်ထပ်ဘာမှမဖြစ်ပဲ ငြိမ်သက်သွားပြန်သည်။ စောင့်ကြည့်ရင်းနှင့်ပင် အိပ်ပျော်သွားသည်။ မနက်ကျတော့တစ်ခါ ပြန်အန်သည်။

ထွေးခံနှင့်ခံထားသဖြင့် သွေးများ ထွေးခံအသေးတစ်ဝက်လောက် အန်ကြောင်းတွေ့ရသည်။ အန်ပြီးတော့ အကောင်း။



ထိုနေ့က အလုပ်တွေ ဖျက်လိုက်ရပြီ။ ယခု ကျွန်တော်နေသော သုဝဏ္ဏအိမ်မှာ ထိုစဉ်က အမေတို့နေသည်။ ထိုအိမ်နောက်ကျောတွင် အဆုတ်ရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး နေသည်။

ထိုဆရာကြီးကိုပြကြည့်ဖို့ အင်းစိန်မှနေ ကျွန်တော်တို့ သုဝဏ္ဏလာခဲ့သည်။ ဆရာကြီးနှင့် တွေ့ဆုံခွင့်ရသည်။

ဆရာကြီးက စစ်ဆေးသည်။ ထိုရက်ပိုင်းမှာ ဘာဖြစ်သေးလဲ မေးရာ၊ ထိုရက်မတိုင်မီ တစ်ပတ်လောက်အတွင်း အအေးမိ၊ နှာစေး၍

လမ်းထိပ်က ဆရာဝန်ကိုပြခဲ့ကြောင်း။ ဆေးထိုး၍ သက်သာသွားကြောင်း ပြောပြသည်။ ထိုးခဲ့သော ဆေးက ပင်နင်ဆလင်၊ ငါးလုံးထိုးခိုင်းရာ လေးလုံးမှာ ရောဂါပျောက်ကင်းသွားသဖြင့် တစ်လုံးဆက်မထိုးဘဲနေခဲ့သည်။

ဆရာကြီးက သူသိချင်တာများမေးပြီး တီဘီမဖြစ်နိုင်ကြောင်း။ အဆုတ်အအေးမိပြီး အဆုတ်ထဲက သွေးကြောလေးများ ပေါက်သွားတာဖြစ်နိုင်ကြောင်းပြော၍ ဆေးထိုးပေးသည်။ ထိုးပေးသည့်ဆေးက ပင်နင်ဆလင်။ တစ်ပတ်အတွင်းက ထိုးထားသည်ဆိုသဖြင့် ဆရာကြီးက စမ်းပင်မစမ်းတော့။ သို့သော် ဖြစ်ချင်တော့၊ ဆေးထိုးပြီး အပ်နှုတ်လိုက်ချိန်မှာ လည်ချောင်းထဲက ဆေးနံ့များ မွှန်လာသည်။ ထို့နောက် မူးနောက်နောက်ဖြစ်လာသည်။ နားထဲမှာ ဇီ... ဇီ ဆိုသော အသံတစ်ခု ကျယ်လောင်လာသည်။

"ဘာဖြစ်လဲ ... ဘာဖြစ်လဲ"

"မူးလာတယ် ဆရာ"

ဒါပဲ ကျွန်တော်ပြောနိုင်သည်။ ဆရာကြီးက လှဲလိုက်လှဲလိုက်ဟု ပြော၍ လှဲလိုက်သည်။ နားထဲက အသံကြီးပိုဆူလာ၍ အနားမှာဖွင့်ထားသော ရေဒီယိုသံ တဖြည်းဖြည်း တိုးသွားသည့်နောက် ကျွန်တော်ဘာမှမသိတော့။

× × ×

နောက် ...

ကျွန်တော် ပြန်သတိထားမိသည်က နားထဲက ဇီ... ဇီသံကြီးပင်။ ထိုအသံ တဖြည်းဖြည်းမှိန်ပျောက်သွားပြီး ရေဒီယိုသံက တဖြည်းဖြည်းပြန်ကျယ်လာသည်။

"သတိရလား"

အသံကြားရသည်။ ကျွန်တော်ခေါင်းညိတ်ပြသည်။ ကျွန်တော်သတိလစ်သွားသည့် အချိန်သည် မိနစ်နှစ်ဆယ်ခန့်ကြာသည်။ ထိုအချိန်အတွင်း လက်မောင်းမှာ ဆေး ၆ လုံးလား ၈ လုံးလားမသိ ထိုးသည်ဟု ပြန်ပြောကြသည်။ ကျွန်တော် လုံးဝမသိ။ ဆရာဝန်ကြီးက ကျွန်တော့်ကို ဆေးရုံသွားပြဖို့ သူစာရေးပေးလိုက်မည်ဖြစ်ကြောင်း ပြောသည်။

နောက်ကို ပင်နင်ဆလင် ဘယ်တော့မှမထိုးတော့ဖို့အကြောင်း။ ကျွန်တော့်ပြီးခဲ့သည့် အခေါက်က ဆေး ၅လုံး ထိုးရမှာကို ၄ လုံးပဲထိုးပြီးဖြတ်ခဲ့သဖြင့် ပင်နင်ဆလင်နှင့် မတည့်တော့ကြောင်း ခုလဲပင်နင်ဆလင်ရှော့ခ်ဖြစ်တာဖြစ်ကြောင်း နောင်တွင် ပင်နင်ဆလင်ကို စမ်းပင်မစမ်းဖို့ မှာသည်။ ဒါ ... သေတွင်းက တစ်ခေါက်ပြန်ခဲ့ခြင်းဟု ကျွန်တော်သဘော ပေါက်လိုက်၏။

× × ×

နောက်ဆုံးတော့ စစ်ဆေးရုံပဲ သွားပြရသည်။

ဦးဝိစာရလမ်းပေါ်ရှိ အမှတ် (၂) စစ်ဆေးရုံသွားပြသည်။ ဆရာဝန်က ထွေးခံထဲမှ သွေးစိမ်းများကိုကြည့်၍ တစ်ခါတည်း ဆေးရုံတက်နိုင်း၏။ ဆေးရုံပေါ်မှာ မာတ်မှန်ရိုက် သွေးစစ်စသည်တို့ ပြုလုပ်ပြီး တီဘီဟု ကောက်ချက်ဆွဲသည်။ သွေးမအန်ရန် လူကို မလှုပ်နိုင်။ မော်ဖိန်းထိုး၍ ငြိမ်နေစေပြီး တီဘီဆေးများပေးသည်။

ပထမတစ်မျိုးက မူးပြီးအန်ချင်သဖြင့် ဆက်မပေးတော့ပဲ နောက်တစ်မျိုးပြောင်း၍ ပေးသည်။ ထိုးဆေးနှင့်တော့ အဆင်ပြေသည့် ဆရာဝန်က ၆လ တစ်ရက်မပျက် ဆေး သောက်နိုင်းသည်။ တစ်ပတ်လောက်ကြာမှ သွေးအန်ရပ်သည်။

ဆေးရုံတွင် ၁၈ ရက်ခန့်တက်ပြီး ဆင်းရသည်။ ဆေးရုံမှဆင်းချိန်တွင် ဆေးသောက် နေရတာကလွဲ၍ လူကောင်းပကတိဖြစ်နေပြီ။ ပြင်ပလူနာအဖြစ်ဖြင့် တစ်ပတ်တစ်ကြိမ် လာပြနိုင်းသည်။ ရောဂါအခြေအနေတိုးတက်မှုကို မကြာခဏ မာတ်မှန်ရိုက်၍စစ်သည်။

ထိုရောဂါဖြစ်ရခြင်းအကြောင်းထဲတွင် ကျွန်တော် ဆေးလိပ်သောက်ခြင်း အထူး သဖြင့် စီးကရက်ကိုခုံခုံမင်မင်သောက်ခြင်းက ထိပ်ဆုံးကပါမည်ဟုထင်သည်။ ဆေးရုံက ဆင်းပြီးနောက် ဆေးလိပ်ဖြတ်သည်။

ရှစ်ဆယ့်တစ်ရက်ကြာ ဆေးလိပ်ပြတ်သွားသည်။

ရောဂါစဖြစ်ချိန်ကစ၍ ဆေးရုံတက်နေရသည့်ကာလတစ်လျှောက်လုံး ကျောင်းကို ပစ်ထားခဲ့ရပြီး ထိုအခါမှာ "ဆရာပု" အမည်ဖြင့် နာမည်ရနေပြီဖြစ်သော တင်သိန်းအောင် နှင့်သာ လွှဲထားရသည်။

ဆရာပု၏ စေတနာပါပါဦးစီးကွပ်ကဲပေးမှုကြောင့်လည်း ကျောင်းလေးက အထိုင် မပျက်ဆက်သွားနိုင်ခဲ့သည်။ အခြားကျောင်းများကတော့ ကလေးတွေအတွက် အရေးကြီး သော အချိန်ရောက်နေပြီမို့ ဆရာအစားထိုးလိုက်ကြပြီ။

ကျွန်တော်လည်း သည်အလုပ်ကို ပင်ပင်ပန်းပန်းအားစိုက်ခွန်စိုက်လုပ်ကိုင်မှ လုပ်နိုင်တော့မည်ဟု ထင်မြင်လာသည်။

ကျောင်းလေးဖွင့်ပြီး အဆင်ပြေလာပြီဟု ဝမ်းသာပျော်ရွှင်နေသော စိတ်လေးသည် အရုပ်ကြိုးပြတ်ပြန်ဖြစ်သွား၏။

[သရုပ်မှန်ရွှင်း – အတွဲ (၃)၊ အမှတ် (၃)]

၂၀၁၁ မတ်လ

* * *

**၁၇။**

"လောကဓံ" ဆိုသည်မှာ တကယ်တမ်းကျတော့ ထိပ်တိုက်ရင်ဆိုင်၍ အနိုင်ယူနိုင်သည့်အရာမဟုတ်ကြောင်း ထိုအခါကျမှကျွန်တော်သဘောပေါက်၏။

ပထမတုန်းကတော့ "လောကဓံ" ၏သဘောကို ကျွန်တော်လုံးလုံးမျှ နားမလည်ခဲ့။ ဘဝမှာမကောင်းသောကံအဆိုးများနှင့် မတွေ့ကြုံလိုဘဲ ကောင်းသောကံအကောင်းများနှင့်သာကြုံလိုသည် ဆုံလိုသည်။ ကောင်းသောအလုပ်များလုပ်ပြီး ကောင်းကျိုးရလိုကြောင်း ဆုတောင်းလျှင် ကောင်းသောကံများနှင့်သာကြုံဆုံနိုင်သည်ဟု အမှတ်မှားခဲ့သည်။ နောက်တစ်ဆင့်ကျတော့ မထင်မှတ်ဘဲ လောကဓံတရားများနှင့်ကြုံဆုံလာခဲ့သည်။

ကိုယ့်ဘက်က ဘယ်လောက်ကောင်းအောင်လုပ်လုပ် နေနေ ကြိုးစားကြိုးစား လောကဓံဆိုသည်မှာ ကြုံရဆုံရမည့်အချိန်ရောက်လျှင် ကြုံရဆုံရကြောင်းသိလာသည်။ လောကထဲမှာနေသ၍ လောကဓံဟုခေါ်သော "လောကဓမ္မ" (လောကဥ္စမဖြစ်မနေကြုံဆုံရမည့် တရားများ)နှင့် ကင်း၍မရကြောင်း နားလည်သည်။

ထိုအခါ ရင်ဆိုင်ရမည့် လောကဓံတရားများကို အနိုင်ရဖို့အားထုတ်ချင်လာသည်။ ကြံ့ခိုင်သောစိတ်ဖြင့်ရင်ဆိုင်လျှင် လောကဓံကိုအနိုင်ရနိုင်သည်ဟု ထင်မြင်လာသည်။ "တိုက်ပွဲပျော်" ကဗျာကိုနှစ်သက်စွဲလမ်း၍ ထိုကဗျာမှရသော အားအင်အားမာန်ဖြင့် ကျွန်တော်ကြိုးစားခဲ့သည်မှာ လောကဓံကိုအောင်နိုင်ဖို့ပင်။

"ယောကျ်ားဟေ့နော်... တိုက်ပွဲပျော် ကျွန်တော်တိုက်ရင်းတက်မှာပဲ" ဟူသော ကြွေးကြော်သံဖြင့်လောကဓံတိုက်ပွဲများကို အနိုင်တိုက်နိုင်မည်ဟု ကျွန်တော်မျှော်လင့်ခဲ့သည်။ တကယ်လည်း ထိုတိုက်ပွဲများအောင်နိုင်ဖို့ ခက်ခဲပင်ပန်းစွာအားထုတ်ခဲ့သည်။ အထိုက်အလျောက်အောင်ပွဲများလည်း ရသင့်သလောက်ရခဲ့သည်။ သို့သော်တော်ရုံတန်ရုံ အခက်အခဲများကိုသာ ကျွန်တော်ကျော်လွှားနိုင်ခြင်းဖြစ်၍ ကျွန်တော်မျှော်လင့်မထားသည့် ထောင့်များမှ တကယ်ကို အကွက်ကျကျထိုးနက်လာသောအခါ ကျွန်တော်ဘာမှမတတ်နိုင်တော့။

အရှုံးမပေး၍မရနိုင်သောအခြေအနေများနှင့် ကြုံလာသည်။ ဘာမှမတတ်နိုင်စွာ အလျှော့ပေးရသည့်အခြေအနေများတွေ့လာရသည်။ ထိုအခါလောကဓံနှင့်ပတ်သက်သော ကျွန်တော့်အယူအဆများကို တစ်မျိုးပြောင်းလဲလိုက်ရ၏။

× × ×

စင်စစ် ကျွန်တော့်လောကဓံက ဤမျှနှင့်မပြီးဆုံးသေး။ ဆေးရုံပေါ်တွင် ရာထူးမြင့်

တပ်မတော်အရာရှိသမားတော် ဆရာဝန်ကြီးများ၏ ဂရုတစိုက် စစ်ဆေးကုသမှုခံယူအပြီး ကျွန်တော်ရောဂါအခြေအနေကောင်းသွားသည်။

သွေးအန်တာတို့ ဘာတို့လည်းမဖြစ်တော့သည့်အပြင် လနှင့်ချီ၍ မပျက်မချင်း စားသုံးရမည့်ဆေးဝါးများ၏ထိရောက်တိုးတက်မှုများကိုလည်း တစ်ပတ်တစ်ခါလောက် ဓာတ်မှန်ရိုက်၍ကြည့်ရသည်။ ဓာတ်မှန်အရ တိုးတက်မှု ထိရောက်မှုများထင်ရှားမှ ဆေးရုံက ဆင်းနိုင်ခြင်းဖြစ်သည်။ ဆေးရုံကဆင်းပြီးသော်လည်း အပြင်လူနာအဖြစ် တစ်ပတ်တစ်ခါ၊ နောက်ပိုင်းတွင် နှစ်ပတ်တစ်ခါလာလာပြရသည်။

ကျူရှင်ကိုလည်းအခြားကျောင်းများသို့သွားမပြတော့ဘဲ အတော်လေးအောင်မြင်နေသည့်ကိုယ့်ကျောင်းလေးကိုသာ အာရုံစိုက်လိုက်သည်။ ပင်ကိုယ်ကျန်းမာရေးအခြေခံကောင်းထားသည့်အတွက် ကုစရာရှိသည့် ရောဂါကိုကုနေသည်မှအပ လူကောင်းတစ်ယောက်လိုပဲ ကြံ့ကြံ့ခိုင်ခိုင်ရှိနေသည်။ တစ်ခုပဲအားငယ်နေသည်က စောစောပိုင်းအားသွန်ခွန်စိုက် ကျွန်တော်ရုန်းကန်ကြိုးစားခဲ့စဉ်က အခြေအနေမျိုး ကျွန်တော်ပြန်လှုပ်ရှားနိုင်မှ လှုပ်ရှားနိုင်ပါမလား စိုးရိမ်မှုပဲဖြစ်သည်။

ထိုအချိန်ကလို ကျွန်တော်အပင်ပန်းခံမလှုပ်ရှားနိုင်တော့လျှင် ကျွန်တော်မျှော်မှန်းခဲ့သည့် ကျူရှင်ဆရာကြီးများဘဝမျိုးကို ကျွန်တော်ရောက်ရှိမှရောက်ရှိနိုင်ပါတော့မလား။

ထိုအချိန်က ကျွန်တော်အားကျသော ကျူရှင်ဆရာကြီးများ၏ သတင်းများကလည်း အားရစရာကောင်းလှသည်။ မြန်မာစာဆရာကြီးများဖြစ်သော ဦးသိန်းနိုင်၊ ဆရာဒိုး စသူတို့သည် ရန်ကုန်နှင့် မန္တလေးကို လေယာဉ်နှင့်ခေါက်တုံ့ခေါက်ပြန်ကူး၍ စာပြနေရသည်။

နယ်မသွားလျှင်လည်း ထိုဆရာကြီးများသည် ရန်ကုန်မှာ တန်းခွဲတွေ ပြည့်ကျပ်နေသည်။ ပုံမှန်တန်းခွဲတခုကိုတက်ရောက်နိုင်ဖို့ကိုအချို့ကျောင်းသားတွေနှစ်နှင့်ချီ၍ ကြိုတင်စာရင်းသွင်းထားရသည်။ ဆရာကြီးများမှာလည်း နားချိန်ဟူ၍မရှိအောင် တန်းခွဲတွေစုနေသည်။ ထိုအဆင့်အထိရောက်အောင်ကြိုးစားဖို့ ကျွန်တော့်ကျန်းမာရေးအခြေအနေက ခွင့်ပြုပါ့မလား။ ဘဝမှာပထမဆုံး ကျန်းမာရေးနှင့်ပတ်သက်၍ အားငယ်စိတ်ဝင်ဖူးခြင်းပင်။

သို့ရာတွင် ကျွန်တော့်အဆုတ်ရောဂါအခြေအနေက သိသာစွာတိုးတက်ကောင်းမွန်ပျောက်ကင်းလာသည်။ ဆေးရုံကဆင်းပြီး တစ်ပတ်တစ်ခါ ပြင်ပလူနာအဖြစ်ပြနေရာက နောက်ပိုင်းမှာ နှစ်ပတ်တစ်ခါမှသာပြရတော့သည်။ ဓာတ်မှန်ပေါ်မှ ရောဂါအခြေအနေကလည်း ပျောက်ကင်းသလောက်ဖြစ်လာသည်။ ကျွန်တော်လည်း ပြန်လည်အားတက်လာပြီး စာသင်ခန်းများတွင် ပြန်အားစိုက်သင်ကြားနိုင်လာသည်။

သည်တော့မှလည်း အဆုတ်နာရောဂါ၊ တီဘီရောဂါဆိုသည်မှာ ကုသလျှင် ပျောက်ကင်းနိုင်သောရောဂါဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လာသည်။ ရှေးကတီဘီဖြစ်လျှင်

သေဖို့သာရှိတော့သောခေတ်က အမှန်တကယ်တွင် ကုန်ဆုံးသွားပြီ ဖြစ်သည်။ သို့သော် ယခုခေတ်မှာလည်း တီဘီဖြစ်၍သေသော လူနာတွေရှိနေသေးရာ အကြောင်းဖစ်မြစ်က ဖြစ်သည့်အချိန်တွင် ထိရောက်စွာဆေးကုသမှုမရှိခြင်းဖြစ်သည်ဟုသိရသည်။

သို့မဟုတ်လျှင်လည်း စွဲစွဲမြဲမြဲနှင့်အဆက်မပြတ်ဆေးစားရမည့် သက်တမ်းကိုပြည့်အောင်မစားခြင်း (မစားနိုင်ခြင်းမျိုးလည်းဖြစ်ကောင်း ဖြစ်နိုင်ပါသည်။) ဆေးသောက်လိုက်၍ ရောဂါသက်သာသွားသည်နှင့် ဆေးစားခြင်းကို ရပ်တန့်လိုက်ခြင်း။ ကြာတော့ ဆေးယဉ်၍ ရောဂါကိုမတိုးတော့ခြင်းများကြောင့်ဖြစ်နိုင်ပါသည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဒီခေတ်မှာတီဘီရောဂါကြောင့် အသက်ဆုံးရှုံးရသည့်အဖြစ်က သိပ်နစ်နာပါသည်။

အမှန်က ဆေးရုံကဆင်းပြီး သုံးလကျော်အကြာမှာ ကျွန်တော် လူကောင်းပကတိဖြစ်နေပြီဖြစ်သည်။ နှစ်ပတ်တစ်ခါ ဆေးရုံမှာ စစ်ဆေး၍ သောက်လက်စဆေးများကို ထုတ်ယူရသည်။ ကျွန်တော်နေသော အင်းစိန်ကြို့ကုန်းမှနေ ပြည်ထောင်စုရိပ်သာကားမှတ်တိုင်အထိ ဘတ်စ်ကားစီးပြီးလာရသည်။ ထိုမှတ်တိုင်မှနေ ဦးဝိစာရလမ်းဘက် မြို့မကျောင်းလမ်းအထဲလမ်းလျှောက်လာ။ ဆေးရုံကပြန်တော့ လာလမ်းအတိုင်းပြန်ချင်ပြန်။ မပြန်ချင်လျှင် မြို့ထဲအထိလမ်းလျှောက်သွားပြီးမှ ကုန်သည်လမ်း(၆)ထပ်ရုံး မျက်နှာချင်းဆိုင်(သို့မဟုတ်) ဘုရားလမ်းနှင့်ကမ်းနားလမ်းထောင့်ကနေ ကားစီးပြန်။ ဒါတွေက ပုံမှန်သွားလမ်း၊ ပြန်လမ်းများပင်။

တစ်ရက်တွင် ဆေးရုံပြပြီးအပြန် ဆိမ်ကြီးဈေးဂိတ်ဟုခေါ်သော ရွှေတိဂုံဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်မှတ်တိုင်ကနေ ကားစောင့်နေဆဲ သူငယ်ချင်းတစ်ယောက်မောင်းလာသော သုံးဘီးကားနှင့်တွေ့သည်။

ထိုကားမှတ်တိုင်ကနေ အင်းစိန်၊ ကြို့ကုန်းကိုပြန်ရန်အဆင်ပြေသည်က ထိုဂိတ်မှနေစပြေးသော သုံးဘီးလေးဘီးကားလေးများရှိသည်။ တက္ကစီကားလေးများဖြစ်သော်လည်း မောင်းသူစီးသူ အဆင်ပြေသောစနစ်ဖြစ်သည်။ တစ်ယောက်ဘယ်လောက်ဆိုကာ စုတင်သောစနစ်ဖြစ်သည်။ သုံးဘီးလေးဘီးများက သမိုင်းလမ်းဆုံ၊ အင်းစိန်စသည်ကို တစ်ယောက်တစ်ကျပ် ဘိုးဘိုးအောင် ခေါ် ဖယ်မလီယာပစ်ကပ်တက္ကစီများက တစ်ယောက်နှစ်ကျပ်။

ထိုဂိတ်မှနေ သုံးဘီးလေးဘီးတွေဥဒဟိုပြေးနေသည့်ကြားက ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ထိုသူငယ်ချင်းကားနှင့် ဆုံသည်။ သူက ရန်ကုန် သမိုင်းလမ်းဆုံ တစ်ယောက်တစ်ကျပ်နှင့် လူခေါ်တင်ရင်း ကျွန်တော့်ကို တွေ့သောအခါ သူကားနှင့်လိုက်ခဲ့ဖို့ပြောသည်။

ကျွန်တော်က သမိုင်းလမ်းဆုံကိုကျော်၍ ကြို့ကုန်းလမ်းဆုံအထိ စီးရမှာမို့ မလိုက်တော့ကြောင်းပြောသည်။ သမိုင်းလမ်းဆုံကတစ်ဆင့် ကြို့ကုန်းသို့နောက်တစ်ဆင့်ကားထပ်

မစီးချင်။ သူက ဒီတစ်ခေါက် အင်းစိန်ကို ထမင်းစားပြန်မှာကြို့ကုန်းရောက်မယ် လိုက်ခဲ့ဟု ပြောသည်။ လမ်းမှာ စကားလေးဘာလေးပြောရတာပေါ့ဟု ဆိုသည်။ ဒါလဲဟုတ်တာပဲ တွေး၍ ထိုကားပေါ် ကျွန်တော်တက်လိုက်လာခဲ့သည်။ ခေါင်းခန်းမှာ လူထိုင်နေ၍ သူ့သုံးဘီး၏ နောက်ခန်းတွင် သူရှေ့ခန်းနှင့်ကပ်လျက် သံဇကာနားမှာ ထိုင်သည်။ မကြာခင်နောက်ထပ်တက်လာသော ခရီးသည်များဖြင့် ကားပြည့်သွားသည်။ ထွက်လာခဲ့၏။

သမိုင်းလမ်းဆုံမရောက်ခင်တစ်မှတ်တိုင်ဖြစ်သော သမိုင်းဘုရားလမ်းမှတ်တိုင်မှာ ခရီးသည်များအကုန်ဆင်းသွားသည်။ ကျွန်တော်လည်း ရှေ့မှတ်တိုင်ကျလျှင် ကားပေါ်က ဆင်း၍ ရှေ့ခန်းခေါင်းခန်းတွင် ပြောင်းထိုင်ဖို့ ပြင်သည်။

သုံးဘီးနောက်ခန်းတွင် ခုံတန်းနှစ်တန်းရှိသည့်အနက် ဘယ်ဘက်ခြမ်းရှေ့ဆုံးမှနေ ညာဘက်ခြမ်းနောက်ဆုံးကို ပြောင်းစီးသည်။ နောက်ခန်းတစ်ခန်းလုံး ကျွန်တော် တစ်ယောက်တည်းမို့ ကြိုက်သလိုလုပ်နိုင်သည်။ သမိုင်းလမ်းဆုံမှာ ရှေ့ခန်းကတစ်ယောက် ဆင်းမည်။ သူငယ်ချင်းက လမ်းအလယ်မှ မောင်းလာရာကနေ ကားမှတ်တိုင်၌ ညာဘက်ကွေ့ပြီးကပ်လိုက်သည်။ ထိုအချိန်တွင် နောက်ဘက်ကကပ်မောင်းလာသော လှိုင်စစ်ဌာနပိုင် တိုယိုတာ ထရပ်ကားခေါင်းပြာကြီးက အရှိန်မသတ်ဘဲ ကျွန်တော်တို့ သုံးဘီးကား၊ ကျွန်တော် ထိုင်သည့် နေရာကိုခေါင်းထိုးဝင်လာသည်။ ကားကြီးဝင်လာသည်ကိုမြင်လိုက်ရသည်။ အရှိန်မသတ်နိုင်တော့ မှန်းလည်း သိလိုက်သည်။ ကျွန်တော်ထိုနေရာမှနေ မျက်နှာချင်းဆိုင် ခုံတန်းဘက်ကိုကူးရန်ပြင်သည်။ ထိုတဒင်္ဂတွင် ကျွန်တော်မှတ်မိလိုက်သည်မှာ ဒါပဲဖြစ်၏။

× × ×

တစ်ခုခုဖြစ်သွားပြီဆိုသည်မှန်းတော့ သိသည်။ သို့သော် ဘာတွေဖြစ်ကုန်မှန်း မသိ။ ထိုအဖြစ်အပျက်များက ဘယ်လောက်ကြာကြာဖြစ်သွားမှန်းလည်းမသိ။ တိတိကျကျနှင့် ရှင်းရှင်းလင်းလင်း သတိကောင်းစွာ ထားမိသောအခါ ကျွန်တော် ရန်ကုန်–အင်းစိန်လမ်းမှ ကဗ္ဗာအေးလမ်းမျက်နှာပြင်ပေါ် ရောက်နေပြီ။ လမ်းပေါ်မှာ ပက်လက်လဲကျနေလျက် ထထိုင်ဖို့ကြိုးစားသောအခါ ကျွန်တော် ထ၍ မရတော့။ ခါးတစ်ပိုက်က ပြင်းထန်စွာနာကျင်လျက် မခံနိုင်သဖြင့် လှဲလိုက်ရသည်။ ကျွန်တော့် အနားမှာ လူတွေဝိုင်းလာသည်။

ကျွန်တော့်သူငယ်ချင်းလည်း အနားရောက်လာသည်။ ကျွန်တော်က ကျွန်တော်နှင့် အတူပါလာသော ဆေးရုံမှတ်တမ်းစာရွက်စာတမ်းများ၊ ဆေးများကိုမေးသောအခါ သူငယ်ချင်းက သူ့မှာရှိကြောင်းပြော၍ ကျွန်တော့်ကိုလှမ်းပေးသည်။ သူဘာလုပ်ပေးရမလဲမေးသည်။ ဆေးရုံပို့ဖို့ ဘေးကလူတွေကပြောသည်။

ကျွန်တော်က အခြားဆေးရုံမပို့ဖို့၊ ကျွန်တော်ခုနပဲပြပြီး ပြန်လာသည့် ဦးဝိစာရ

လမ်းက စစ်ဆေးရုံအမှတ် (၂)ကိုပို့ ပေးဖို့ပြောသည်။ အကယ်၍ ကျွန်တော်ကောင်းစွာ သတိမရတော့လျှင် စောစောကဆေးရုံ စာရွက်စာတမ်းများဆေးရုံကိုပြပြီး ဆေးကုသပေးဖို့ ပြောရန်မှာသည်။

ထို့ပြင် ကြို့ကုန်းအိမ် ဖုန်းနံပါတ်၊ အမေတို့ သုဝဏ္ဏအိမ်ဖုန်းနံပါတ်များပေး၍ ဆေးရုံ ပို့ပေးထားကြောင်း အကြောင်းကြားပေးဖို့မှာသည်။ ထို့နောက် အခြားကားတစ်စီးဖြင့် ဆေးရုံ ပို့ပေးခံရနေသည်ကို သိတစ်ချက်၊ မသိတစ်ချက်၊ သိသလို မသိသလိုနှင့် လိုက်ပါသွားသည်။

ဆေးရုံရောက်ပြီး ဆေးရုံကလက်ခံထားလိုက်သည်။ ဆေးရုံမှာ ဆရာဝန်တွေကလာ ကြည့်၊ သူတို့အချင်းချင်းမေးမြန်း ပြောဆိုနေသော်လည်း ကျွန်တော့်ကိုတော့ ဘာကုသမှုမှ မပေးသေး။ ကျွန်တော့်ကိုယ်မှာလည်း ပြင်းပြင်းထန်ထန်နာကျင်မှုနှင့် သွေးထွက်သံယို ဒဏ်ရာများ ဘာတစ်ခုမှမရှိ။ မျက်နှာနှင့်ခြေလက်များမှာ အပွန်းအပဲ့ဒဏ်ရာများတော့ရှိ သည်။ ညာဘက်တင်ပါး ဘေးတစ်ဝိုက်မှာ ထုံနေသည်။ အမိကပြေသနာက ထ၍မရ။ ပက်လက်အနေအထားမှာပင် သက်သက်သာသာနေနိုင်သည်။ ရှေ့ဖို့ကြိုးစားလျှင် ခါးနှင့်တင်ပါးတစ်ဝိုက်က အရမ်းနာသည်။

အိမ်ကအဖွဲ့တွေရောက်လာသည်။ ဆရာဝန်များက အရိုးနည်းနည်းထိခိုက်သွား သည်ထင်ကြောင်းပြောပြသည်။ လောလောဆယ် ဘာတစ်ခုမှ ကုသမှုမပေးသေးကြောင်း ခေါင်းတို့ဘာတို့ထိခိုက်သွားပါက၊ အနာသက်သာစေ၊ ထုံထိုင်းစေသည့် ဆေးများပေး ထားပါက မသိလိုက်မှာစိုး၍ ဖြစ်ကြောင်းရှင်းပြသည်။

ညပိုင်းတွင် အပွန်းအပဲ့နေရာများကိုသာ တင်ချာလိုဆေးမျိုးလူးပေး၍ အခြား ဘာဆေးမှမပေး။ နောက်နေ့ကျမှ ဓာတ်မှန်ရိုက်သည်။ တင်ပဆုံရိုးနှင့်ခါးရိုးကျိုးအက် ထိ ခိုက်သွားသည်ဟု ပြောသည်။ အရိုးခွဲစိတ် အထူးကုဆရာဝန်ကြီးရှိသော မင်္ဂလာဒုံ စစ်ဆေးရုံ ကိုပြောင်းပေးသည်။ မင်္ဂလာဒုံစစ်ဆေးရုံကြီးမှာ ကျွန်တော်ဆက်လက်ဆေးကုသခံယူရ၏။



ကျွန်တော်မရှိလျှင်မဖြစ်။ ကျွန်တော်မကြိုးစားလျှင်မဖြစ်ဟု ကျွန်တော့်အခန်းကဏ္ဍကို ကျွန်တော်အရေးပါစွာတွက်ပြီး ကျွန်တော်မရှိမှာ လွန်စွာစိုးရိမ်ပူပန်နေမိသော ကျွန်တော့်ကျောင်း။ ကျွန်တော့်အိမ်နှင့် ကျွန်တော့်အလုပ်ကိစ္စများကို ကျွန်တော် ဘာမှမတတ်နိုင်စွာ ပစ်ထားခဲ့ရပြန်သည်။

ကျွန်တော်မရှိလျှင် ဖြစ်မှဖြစ်ပါ့မလား။ ပူပန်ခဲ့သော ကျွန်တော့်အိမ်၊ ကျွန်တော့်ကျောင်း။ ကျွန်တော့်အလုပ်များသည် ဘာမှမဖြစ်ပဲ သူ့ဟာနှင့်သူ ဆက်လည်ပတ်နေရုံမက ကျွန်တော့်ကိုပင် ပိုင်းပြုစုကူညီနေရသောဘဝဖြစ်သွားခဲ့ရလေ၏။

× × ×

အတိုချုပ်ပြောရလျှင်တော့...ထိုကိစ္စဖြင့်ဆေးရုံပေါ်မှာ သုံးလကျော် ကြာသည်။ အပြင်မှာသွေးထွက်သံယိုမဖြစ်သော်လည်း ခါးနှင့်တင်ပဆုံရိုး ထိခိုက်မှုကအတွင်းကြေကြေသလိုဖြစ်သွားသည်။ သို့အတွက်ကြေမွသွားသောအသားများကို ခွဲစိတ်ထုတ်ပစ်ရန် မေ့ဆေးပေးခွဲစိတ်ကုသမှုနှစ်ကြိမ်ခံယူလိုက်ရသည်။

ကျောရိုးမကြီးမှ ကျောရိုးဆစ်နှစ်ဆစ်နိမ့်သွား၍ တင်ပါးဆုံရိုးအက်သွားသည်။ ခါးရိုးထိခိုက်မှုကြောင့်ခန္ဓာကိုယ်အထက်ပိုင်းနှင့်အောက်ပိုင်း အဆက်အသွယ်ပြတ်သလိုဖြစ်သွားသည်။ တစ်လနီးပါးခန့်ပက်လက်သာလှဲနေရလျှက်၊ နောက်မှတဖြည်းဖြည်းမွေးစကလေးမှ စ တိုးတက်သလို၊ ပက်လက်ကနေမှောက်၊ မှောက်ရာကလေးဘက်ထောက်နောက်... ထိုင်၊ ထိုင်ပြီးမှထရပ်၊ ရပ်ပြီးမှစလမ်းလျှောက်၊ မလျှောက်နိုင်ခင်မှာ ချိုင်းထောက်ဖြင့်သွား။

ဘဝတစ်ခုကို အစမှ ပြန်စရသလိုခံစားမိသည်။ ထိုကားမတော်တဆမှုဖြစ်ချိန်က ကျွန်တော်ဝတ်ထားသောအင်္ကျီသည် ဆဲဗင်းဒေးအသားဖြင့် ချုပ်ထားသောရုပ်အင်္ကျီဖြစ်သည်။ ဆဲဗင်းဒေးပိတ်သည် အတော်နိုင် အတော်ထူထဲသောအသားဖြစ်သော်လည်း။ အခင်းဖြစ်စဉ်က ကတ္တရာလမ်းပေါ်တွင်ဘေးစောင်းအနေအထားဖြင့် မည်မျှပြင်းထန်စွာလျှောတိုက် ပွန်းတိုက်ပါသွားသည်မသိ။ ကျွန်တော့်ညာဘက်ဘေး။ ခါး။ တင်ပါးဆုံရိုးနှင့် တည့်တည့်နေရာမှာ အလျားတစ်ထွာကျော်၊ အနံတစ်မိုက်ကျော်ခန့် ဆဲဗင်းဒေးပိတ်စကော၊ ခန္ဓာကိုယ်ပေါ်မှအရေပြားကော အစတစ်မျှင်မျှမရှိတော့။ အသားနှင့် အဆီပြင်သာ သွေးလုံးဝမထွက်ဘဲပေါ်နေသည်။

ဖြစ်စကထုံနေသည် မနာ၊ မကျင်။ မေ့ဆေးပေးခွဲစိတ်တော့လည်း ထိုနေရာအောက်ပိုင်းပေါင်လည်လောက်အထိဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှာ အတွင်းသားတွေကြေပြီးအရည်ဖြစ်ကုန်သဖြင့် ခါးကြီးဖောင်းနေသည်။ ခွဲစိတ်၍သန့်ရှင်းသောအခါ ချပ်သွားသည်။

နောက်တစ်နေ့ကျတော့ ပြန်ဖောင်းနေပြန်သည်။

ခွဲစိတ်ထားသည့်နေရာအဝမှ ဆို့ထားသောဂေါ်စ်(ပတ်တီး)စကို ဆွဲထုတ်လိုက်သောအခါ၌ အဝါရောင်သားငန်ရည်တွေ ဘာလီဖုံးအလတ်တစ်ဝက်လောက်ပြည့်သည်အထိ ပန်းထွက်လာသည်။ ဂေါ်စ်စကိုဆေးရည်စိမ်၍ပြန်ထည့်သည့်အခါ ထိုးထည့်သည့်သံချောင်းကအသားထဲ တစ်ပေလောက်ဝင်သွားသည်။ နောက်နေ့ထိုဂေါ်စ်စကို ပြန်ထုတ် အရည်ဝါတွေထွက်လာ၊ ဂေါ်စ်စကိုဆေးနှင့် ပြန်ထည့်ပိတ်ထား။

ထွက်သောအရည်ဝါတွေက တစ်ရက်ထက်တစ်ရက်နည်းလာ၊ အသားတက်လာပြီး အဝအထိ တက်ပိတ်၊ လိုချင်သည့်ပုံစံမရောက်သည့်အခါ နောက်တစ်ခါခွဲစိတ်ခန်းဝင်၊ မေ့ဆေးပေး၊ ပြန်ခွဲ၊ ပြန်ဆေးထည့်။

ကျွန်တော့်မှာကလေးလို ပက်လက်ပဲနေခဲ့ရသည်။ နောက်ကျတော့ ဘေးစောင်းရာက မှောက်နိုင်အောင်ကြိုးစားရသည်။ မှောက်ရာမှ လေးဘက်ထောက်၊ လေးဘက်ထောက်ရာမှထိုင်၊ ထိုင်ရာကထရပ်၊ ရပ်ရာက လျှောက်ဖို့ကြိုးစား။ ပထမချိုင်းထောက်သုံး၊ နောက်ချိုင်းထောက်လွှတ်ပြီး တုတ်ကောက်နှင့် နောက်မှ လက်လွှတ်လျှောက်။ အဆင့်တစ်ဆင့်ချင်းသည် ကျွန်တော့်ဒုတိယဘဝအတွက် ကြီးမားသော အောင်မြင်မှုများပင်ဖြစ်သည်။ တစ်ဆင့်တိုးနိုင်တိုင်းမှာ ကျွန်တော်အကြီးအကျယ်ဝမ်းသာရ၏။

ထိုအချိန်ဘဝ၏အဓိကပြဿနာမှာ လူစင်မီမီပြန်ရှင်သန်နိုင်ရေးပင်ဖြစ်သည်။ ဘဝရည်မှန်းချက်တို့၊ စီးပွားရေးတို့၊ လုပ်ငန်းကိုင်ခန်းတို့ကိစ္စတွေ ဘာတစ်ခုမှ အရေးမကြီးတော့။ ဘာဖြစ်ဖြစ်ဆိုပြီးပစ်ကိုထားလိုက်သည်။

ထိုအချိန်က ကျွန်တော့်ကျောင်းလေးကို အခြေမပျက်ထိမ်းသိမ်းပေးထားသည့် ကျွန်တော့်သူငယ်ချင်းများကို ကျေးဇူးအရမ်းတင်ပါသည်။ ကျွန်တော့်ညီမောင်ဇော်မြင့်နှင့် ကျွန်တော့်တပည့်လေးများကလည်း ဆေးရုံမှာ လာစောင့်၊ နှိပ်နင်း၊ ကျွေးမွေး၊ သန့်ရှင်းရေးကအစ ဆောင်ရွက်ပေးကြသည်။

အဖေတို့အမေတို့မျက်နှာဖြင့် ဆေးရုံကိုဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းအဆင့်ဆင့်များကလည်း အထူးဂရုစိုက်ပြုစုပေးကြပါသည်။ အားလုံးလွတ်လွတ်ကျွတ်ကျွတ်ကုသမှုခံယူပြီးသောအခါ တီဘီကုသမှုလည်း အောင်မြင်စွာပြီးဆုံးသွားသည်။ ခါးနှင့်ခြေထောက်ကလည်း မနာကျင်မကိုက်ခဲဘဲကောင်းစွာလမ်းလျှောက်နိုင်သွားသည်။ သို့သော် ခါးဆစ်ရိုးနိမ့်သွားခြင်းကြောင့် ကျွန်တော်ခန္ဓာကိုယ်က "အလိုင်းမင့်" မမှန်တော့ပဲ၊ ခါးကခြမ်းစောင်းသွားသည်။ သို့သော် ခါးစောင်းသည့်ကိစ္စက မစွမ်းမသန်သော ဒုက္ခိတဘဝကြီးနှင့် အဝေကြီးမို့၊ ထိုအချက်အပေါ်မှာ ဘာခံစားမှုမှမဖြစ်။

အဖိုးတန်သော ဘဝသင်ခန်းစာတစ်ခုအနေနှင့် လောကကြီးမှာ ငါမရှိ၍ဘာမှမဖြစ်၊

အရောအားလုံးက သူ့ဟာနှင့်သူဖြစ်သွားမှာပဲဆိုသော အသိရလိုက်၏။

ထိုအသုတ်လိုက်ဖြစ်သော လောကဓံအဆိုးအုပ်စုကြီးသည် ၁၉၇၆ ကစခဲ့ပြီး နောက်ဆုံးဆေးရုံကဆင်းခဲ့ရသည့်ကာလ ၁၉၇၈ စက်တင်ဘာပတ်ဝန်းကျင်လောက် အထိသာ ဖြစ်သည်။

ထိုအတောအတွင်းမှာပင် လောကဓံအကောင်းလေးများကို ကြိုးကြားကြိုးကြား ရင်ဆိုင်ခဲ့ရသေးသည်။ ကျွန်တော့်မှာ မျှော်လင့်ချက်တွေမှေးမှိန်သွားလိုက် လင်းလက်လာလိုက်၊ ကင်းမဲ့သွားလိုက် ရှင်သန်လာလိုက်နှင့် လောကမှာ ဘာကိုယုံ၍ဘာကိုမယုံရမှန်းပင် မတွေးတတ်တော့။

အများအားဖြင့်ကတော့ စိတ်ပျက်လက်လျှော့ချင်စိတ်တွေသာဖြစ်သည်။ လောကမှာ ဘယ်လောက်ကြိုးစားကြိုးစား၊ ဖြစ်ချင်မှဖြစ်မှာ၊ မဖြစ်ချင်ရင်ကြံဖန်ပျက်တာပဲဟု လတ်တလောကြုံတွေ့ရသော အဆုံးအရှုံးများအပေါ်စိတ်ဓာတ်ကျဆင်းခြင်းသာဖြစ်မိသည်။

သို့သော်လည်း တစ်ခါတစ်ခါတော့ "ငါဖြစ်ခဲ့သမျှတွေမှာ၊ အခန့်မသင့်လျှင်သေရွာရောက်သွားနိုင်သော အခါအခွင့်တွေအများကြီးတွေ့ခဲ့သည်။ သွေးအန်သည်။ ပင်နင်ဆလင်ရှော့ခ်ဖြစ်သည်။ ကားတိုက်ခံရသည်။ သေစရာမရှိသေး၍သာရှင်နေခြင်းဖြစ်၍ သေစရာသာရှိခဲ့လျှင် သေပြီးတာ ကြာနေလောက်ပြီ။ သို့အတွက် လောကဓံသည် ကျွန်တော်ကို သေခြင်းအထိတော့ အလိုမရှိ။ မသေရုံ တစ်မည်လောက်သာနှိပ်စက်ချင်နေခြင်းဖြစ်ကြောင်း သဘောပေါက်သည်။

မေးစရာမေးခွန်းကတစ်ခုပဲရှိသည်။ ထိုမေးခွန်းက "ကျွန်တော် နလန်ကောပြန်ထူနိုင်မှာလား" ထိုမေးခွန်းကိုဘယ်သူဖြေနိုင်မည်နည်း။ မရှိ။ တကယ်တမ်းကျတော့ လူတစ်ယောက်၏ အနာဂတ်ကို ဘယ်သူမှကြိုသိနိုင်ခြင်းမရှိ။

ဗေဒင်တို့ယတြာတို့ဆိုတာတွေလည်း များစွာကြုံခဲ့ဆုံခဲ့ဖူးပြီ။ ကိုယ်တိုင်လည်း ဝါသနာပါခဲ့သူမို့ ဗေဒင်ကိစ္စများမှာ မဟာဘုတ်ကော၊ နက္ခတ်၊ ရာသီခွင်ကော၊ နိမိတ်ဆန်းကျမ်းဆိုတာတွေကော၊ လက္ခဏာစာအုပ်တွေကောများစွာဖတ်ခဲ့သင်ခဲ့ အချင်းချင်း ဟောစမ်းခဲ့တာတွေလည်း အများကြီး။

သို့သော် တစ်ခုသေချာသည်က ကျွန်တော်ထိုစဉ်ကကြုံခဲ့ရသည့် လောကဓံအဆိုးများကို မည်သူမျှ ကြိုမဟောနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုအဖြစ်များကြုံဆုံနေစဉ်က ကျွန်တော့်မေမေအပါအဝင် မောင်နှမများ အိမ်သားများက ဗေဒင်မေးကြသည်။

ထိုအခါ ဗေဒင်ဆရာက ထိုမွေးနေ့ရှင်ဓာတ်ပုံရှင်သည် လောကကြီးမှာ အသက်ရှင်လျက် ရှိကောရှိနေသေးလားဟုမေးကြသောဟူ၏။ အာယုပြတ်၊ စန်းပြတ်၊ ဘာပြတ်၊ ညာပြတ်၊ အကုန်စုပြတ်နေပြီမို့အမှန်ဆိုသေနေလောက်ပြီဟု ဟောသောဆို၏။

ဒါဖြင့် အဲဒါတွေမကြုံခင် ကျွန်တော်ကိုယ်တိုင်တွက်ခဲ့သော ကျွန်တော်နှင့်ရင်းနှီးသော မရင်းနှီးသော ဆရာသမားများကတွက်ခဲ့သောဇေဒင်၊ ကြည့်ခဲ့သောလက္ခဏာ၊ ဟောခဲ့သောအကြားအမြင်များတွင် ဒါတွေဘာကြောင့်မပါခဲ့သနည်း။ မမြင်ခဲ့သနည်း။

နာမည်တွေနှင့်မပြောချင်သော်လည်း ထိုအချိန် ထိုကာလမတိုင်မီနှင့် ထိုကာလနောက်ပိုင်းမှာ နာမည်အကြီးဆုံး၊ ဇေဒင်၊ လက္ခဏာ၊ နက္ခတ်၊ အကြားအမြင်ဆိုသောပုဂ္ဂိုလ်များစွာနှင့် ကျွန်တော်ကြည့်ဖူးတွက်ဖူးသည်။ ဇေဒင်လက္ခဏာ၊ အကြားအမြင်စသောတန်ခိုး၊ ဂုဏ်ထွိပတ်နှင့်ပညာရပ်များကို စော်ကားလို၍မဟုတ်။ ကျွန်တော်ကြုံခဲ့ရခြင်းများကိုသာ ပြောပြနေခြင်းဖြစ်သည်။

အထင်ရှားဆုံးဥပမာများကိုပြောရလျှင် ထိုအချိန်ကမြန်မာပြည်တွင် အလွန်အမင်း နာမည်ကြီး၊ လူကြိုက်များခဲ့သော စာရေးဆရာ၊ ရုပ်ရှင်မင်းသား၊ အဆိုတော်ကြီး၏ အတ္ထုပ္ပတ္တိကိုဖတ်ကြည့်ပြီး၊ သူ့အတ္ထုပ္ပတ္တိတစ်နေရာမှာ သူရုပ်ရှင်မင်းသားမဖြစ်ခင်က မြန်မာပြည်တွင် နာမည်အကြီးဆုံး လက္ခဏာဆရာ ပုရောဟိတ်ကြီးထံသွား၍ မေးသည်။ အထူးဟောခပေး၍ သူတစ်ခုပဲ သိလိုကြောင်း၊ ထိုတစ်ချက်ကိုပဲ ပိုင်ပိုင်နိုင်နိုင် ဟောဖို့တောင်းပန်သည်။ ထိုတစ်ချက်က သူရုပ်ရှင်မင်းသားဖြစ်မဖြစ် ဒါပဲဖြစ်ကြောင်း။

ထိုအခါ ဆရာပုရောဟိတ်ကြီးက လက္ခဏာကို အသေးစိတ်စစ်ဆေး၍ "ဖြစ်မယ်" ဟု တစ်ခွန်းတည်းဟောကြောင်း၊ ထိုစကားအားကိုး၍ ကြိုးစားလိုက်ရာ အမှန်တကယ် နာမည်ကြီးရုပ်ရှင်မင်းသားဖြစ်သွားကြောင်း။ ထိုအချက်ကို ကျွန်တော်သဘောကျသွားသည်။ သူရေးခဲ့သည့် ဆရာကြီးကလည်း ထိုစဉ်က သက်ရှိထင်ရှားရှိသေးသည်။

သို့အတွက် ထိုဆရာကြီးထံ ကျွန်တော်သွားသည်။ ထိုမင်းသားနည်းကို အတုယူ၍ ကျွန်တော်လည်း အထူးဟောခပေးကာ၊ မေးခွန်းတစ်ခုပဲ မေးသည်။ "ကျွန်တော်စာရေးဆရာဖြစ်မလား။ အောင်မြင်မလား" ဟု ဖြစ်သည်။ ဆရာကြီးက ကျွန်တော်ကိုအကဲခတ်ပြီး၊ ကျွန်တော့်လက်ကိုပြခိုင်းသည်။ ကျွန်တော့် လက်ဝါးနှစ်ဘက်စလုံးကို အချိန်အတန်ကြာ လေ့လာပြီး မေးခွန်းတစ်ခုမေးသည်။

"ဘယ်ကလောင်နာမည်နဲ့ရေးမှာလဲ"

**"နွမ်ရာသိုင်း ..."**

"ဟင်"

"နွမ်ရာသိုင်း ... ဆိုတဲ့ကလောင်နာမည်နဲ့ပါဆရာ"

ဆရာကြီးက အချိန်အတော်ကြာစဉ်းစားသည်။ ပြီးမှ

"မဖြစ်နိုင်ဘူး ကလောင်နာမည်ပြောင်းပါ"

ကျွန်တော် ဆရာကြီးကို ဘာမှထပ်မပြောဘဲ ပြန်ထွက်လာခဲ့သည်။ စိတ်ထဲကတော့

"ကျေးဇူးတင်ပါတယ်ဆရာ ...။ ဒါပေမယ့် ကျွန်တော် ဒီကလောင်နာမည်နဲ့ပဲ စာရေးဆရာဖြစ်အောင်လုပ်ပါမယ်။ ကလောင်နာမည်မပြောင်းပါဘူး" ဟုပြောလိုက်သည်။ ဒါ ... ပထမတစ်ခုဖြစ်၏။

[သရုပ်ပြမဂ္ဂဇင်း - အတွဲ (၃)၊ အမှတ် (၄)]

၂၀၁၁ ဧပြီလ

× × ×

**၁၈။**

နောက်တစ်ခုကတော့ ကျွန်တော့်အိမ်ထောင်ရေးနှင့်ပတ်သက်သော ကိစ္စဖြစ်သည်။ ကျွန်တော်လက်ထပ်ရသည့်အချိန်က အင်းစိန်မှာအစစ်ဆေး အမေးမြန်းခံရပြီး ပြန်ထွက်လာစ လပိုင်းတွေဖြစ်သည်။ သူများတွေကျောင်းအသီးသီးပြန်တက်နေကြပြီး ကျွန်တော်ကတော့ စည်းကမ်းမလိုက်နာသော ကျောင်းသားအဖြစ် ကျောင်းနှင့်ရာသက်ပန်ခွဲခွာမိန့်ချခံထားရချိန်။

ထိုအချိန်မှာ လက်ထပ်ခွင့်ရပါ့မလား။ အဆင်မှပြေပါ့မလားဟု ပူပန်မိသည်။ သို့အတွက် ထိုစဉ်က နာမည်ကြီးလက္ခဏာဆရာများ၊ ဗေဒင်နက္ခတ်ဆရာကြီးများကို အိမ်ထောင်ရေး၊ အိမ်ထောင်ပြုရေးကိစ္စမေးမြန်းခဲ့သည်။ အားလုံးလိုလိုက အဆင်မပြေကြောင်း လက္ခဏာအရလည်းပေါင်းစည်းဖို့ မဖြစ်နိုင်ကြောင်း နက္ခတ်ဗေဒင်ဇာတာအရလည်း မဖြစ်နိုင်ကြောင်း။ နေ့နံလည်း မတည့်ကြောင်း။ ဗုဒ္ဓဟူးသားနှင့် တနင်္ဂနွေသမီးဖြစ်နေ၍ "အင်းဝ" ခေါ်တက်ကျကြောင်း။

"တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ အုံးမနွေးဘူး" လက်ထပ်ဖြစ်လျှင်လည်း ခေါင်းအုံးနွေးအောင် မပေါင်းရ သေကွဲ သို့မဟုတ် ရှင်ကွဲကွဲနိုင်ကြောင်းဟောသည်။ ဆရာတစ်ယောက်ကဆိုလျှင် (ထိုဆရာသည် အိမ်ထောင်ရေး မေတ္တာရေးဟောကိန်းနှင့် ပတ်သက်၍ နာမည်အကြီးဆုံး ဆရာဖြစ်သည်) ယူဖို့ကိုမဖြစ်နိုင်ကြောင်း လက်ထပ်ရမည်မဟုတ်ကြောင်း အပိုင်ဟောသည်။ စာချုပ်နှင့် အလောင်းအစားလုပ်နိုင်ကြောင်း အာမခံသည်။

ကျွန်တော်ကြားချင်သော အဖြေတွေမဟုတ်သဖြင့် အကုန်လုံးကို မေ့ပစ်လိုက်သည်။ စာရင်းချုပ်သော်၊ ပထမအချက် စာရေးဆရာကို ဤကလောင်နာမည်ဖြင့် လုံးဝ မဖြစ်နိုင်ဆိုသောကိစ္စမှာ ယခုအခါ စာရေးဆရာ အဖြစ်ထင်ရှားအောင်မြင်ခဲ့ခြင်း နှစ်ပေါင်း (၃၀)ကျော်က ထိုအဟော သွက်သွက်ခါအောင်မှားကြောင်းသက်သေပြသည်။

ဒုတိယ ... မဖြစ်နိုင်သော အိမ်ထောင်ရေးဟုဟောခြင်းက ယခု ၂၀၁၁ ခုနှစ်၊ မတ်လ (၁၂)ရက်နေ့က ကျွန်တော်တို့ အိမ်ထောင်သက်တမ်း (၃၃) နှစ်ပြည့်သွားခြင်းက ဟောချက်အားလုံးနီးပါးလွဲမှားကြောင်း သက်သေပြသည်။

ဆိုလိုချင်သောကိစ္စက လူတစ်ယောက်၏အနာဂတ်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ကြိုတင်မသိနိုင်ခြင်းပင်။ လူ့ဘဝ၏ဖြစ်စဉ်များသည် ကံတရားနှင့်ကံတရား၏ စီမံရာအတိုင်းသာ သူ့သဘောသူ ဆောင်သွားနေခြင်းသာဖြစ်သည်။

အတိတ်ကကံများ၊ ပစ္စုပ္ပန်ကံများ၊ သံသရာခရီးတစ်လျှောက်မှပြုခဲ့ဖူးသော အကြောင်းများ၏ ဝိပါက်၊ ဝဋ်ကြွေး၊ ကြမ္မာများက ဘဝ၏အလှည့်အပြောင်းများ ဖန်တီးပေးလာကြသည်။ ကုသိုလ်ကံအကျိုးပေးသင့်သဖြင့်လည်း ကောင်းသောအဖြစ်အပျက်တွေ ကိုယ်စိတ်နှလုံးချမ်းသာရသောအဖြစ်တွေဖြစ်လာရသည်။

ဤသည်တို့ပင်လျှင် လောကဓံဖြစ်နိုင်သည်ဟု ကျွန်တော်ခံယူမိသည်။

ထိုအခါ လောကဓံကိုအောင်နိုင်ရေးထက် လောကဓံကိုနားလည် ကြံ့ကြံ့ခံနိုင်ရေးကသာ အဓိကဟု မြင်လာသည်။ ထိုအမြင်ကို စူးနက်အောင် ပေါ်ပေါ်လွင်လွင် ဖြစ်လာအောင် ပြုလုပ်ပေးခဲ့သော စာတစ်ပုဒ်သည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာလေးတစ်ပုဒ်ပင် ဖြစ်သည်။ ကျွန်တော်မှတ်မိသလောက် ပုဂံစာအုပ်တိုက်ထုတ်၊ ဇော်ဂျီကဗျာ ပေါင်းချုပ် စာအုပ်ပါ၊ ဗေဒါလမ်းကဗျာအစီအစဉ်မှ၊ ဗေဒါလမ်းအမှတ် (၂၁)ကဗျာလေးပင်ဖြစ်၏။

× × ×

အလွတ်ရနေသော ကဗျာလေးကို ပြန်ရေးပြရလျှင်

**"ဗေဒါလမ်း - ၂၁"**

မတက်ရရင်တော့
တသက်ပမခံပေါင် ... တဲ့။
ကနုစိုတုံးတိုသစ်က
ကြွေးဟစ်ရန်ထောင်။
မနက်က အသေကောင်
သူတောင်မှ တက်နိုင်သေး။
ငါတုံးတိုကနုစိုသားပေပ
ချောင်းဖျားကို ခါတစ်ခေါက်
ရောက်ရမယ်လေး ... တဲ့။

ဒီချောင်းမှာ ဒီတရား ... တဲ့
ကြားမှာပ ... ကျူရိုးရှင်။
ကနုစိုတုံးဖြိုလှကို
နားချပါရှင် ...။

ဒီချောင်းကိုဝင်မိလျှင်
မထင်နဲ့ တစ်ခေါက်ထဲ ....။
တက်တုန် .... သက်တုန်နဲ့
တက်မကုန် သက်မစဲ
မောလောက်အောင်ပဲ ....။

ဒီချောင်းမှာ ဒီတရားတဲ့
ကြားမှာပ ... ကျူရိုးရှင်။
ကနစိုတုံး ပျိုလှကို
နားချပါရင် ...
ဒီချောင်းကို ဝင်မိလျှင်
တက်ချိန်တွင် ဆင်းနိုင်ပဲ။
ဆင်းချိန်မှာ တက်လိုလဲ
စောင့်ရစမြဲ။

မနက်ကတက်တဲ့ ဒီ
မဖီလိုက်လေလဲ။
ညဦးယံဒီပြန်တက်ပါလိမ့်
တက်စရာခက်ပါပဲ
ပန်းဗေဒါနဲ့။ ။

**ဇော်ဂျီ**

× × ×

ဆရာဇော်ဂျီက မြစ်ဝကျွန်းပေါ်ဒေသ၊ ဖျာပုံသားဖြစ်ပါသည်။ ဆရာတို့အရပ်တွင် ဒီရေအတက်အကျရှိသော မြစ်များ၊ ချောင်းများရှိပါသည်။ ပင်လယ်မှတက်လာသော ဒီရေ သဘာဝအရ တစ်နေ့လျှင်နှစ်ကြိမ် ဒီရေအတက်အကျရှိပါသည်။ မနက်မှာတစ်ခါ ဒီရေတက် ၍ပြန်ကျပါသည်။ နောက် ညဦးယံမှာ တစ်ခါပြန်တက်ပါသည်။ နောက်ပြန်ကျပါသည်။ ၂၄-နာရီတစ်ရက်အတွင်း ဒီရေအတက်အကျ နှစ်ခါဖြစ်ပါသည်။

ထိုဒီရေအတက်အကျတွင် ဒီရေတက်လျှင် ချောင်းဖျားကိုဆန်တက်လိုက်၊ ဒီရေကျ လျှင် ပင်လယ်ဝကို ပြန်ဆင်းလိုက်နှင့် အတက်အကျဒီရေနှင့် မျောပါစုန်ဆန်နေသော ဗေဒါ ပင်များ၏ခရီးလမ်းကို ဆရာက "ဗေဒါလမ်း"ဟု အမည်ပေး၍ ခံစားချက်အလိုက် ၁၊ ၂၊ ၃၊ ၄

စသဖြင့် အမှတ်စဉ်တပ်ပြီး ဖေဒါလမ်းကဗျာအပုဒ် (၃၀)ကျော် (၃၅၊ ၃၆)ခန့် ဆရာ ရေးခဲ့ပါသည်။ ဤဖေဒါလမ်းကဗျာ ၂၁၏ ကျောထောက်နောက်ခံဇာတ်လမ်းလေးက ဤသို့ ဖြစ်ပါသည်။ တစ်ရက် မနက်ဒီရေတက်လာစဉ် ရေစီးအတိုင်း ကနစိုသစ်တုံးတစ်တုံး ခွေးသေကောင်ပုပ်တစ်ကောင်နှင့်အတူ ဖေဒါပင်လေးလည်း အခြားအမှိုက်သရိုက်များနှင့် ရော၍ မျောပါလာသည်။

တစ်နေရာရောက်သောအခါ ချောင်းကမ်းပါးမှ ကိုင်းကျနေသော သစ်ကိုင်းတစ်ကိုင်းနှင့်ညို၍ ကနစိုသစ်တုံး၊ ဖေဒါပင်လေးနှင့် အမှိုက်သရိုက် အချို့ရေစီးနှင့် ဆက်မတက်နိုင်တော့ဘဲ ထိုနေရာမှာ ကျန်နေခဲ့သည်။ ထိုအခါ အလွန်တရာခံပြင်း၍ ဒေါသထွက်နေသော ကနစိုသစ်တုံးကြီး၏ ဒေါသတကြီးကြိမ်းဝါးရန်ထောင်သံဖြင့် ဆရာက ကဗျာကို စ၍ ဖွင့်ပါသည်။

"မတက်ရရင်တော့

တစ်သက် မခံဘူးဟေ့"

တစ်ဆက်တည်းမှာပဲ သူ့ခံစားမှုကို အသေးစိတ်ထပ်ဖွင့်လှစ်ပါသည်။

"မနက်က အသေကောင်

သူတောင်မှ တက်နိုင်သေး

ငါ ... တုံးတို ကနစိုသားပေပ

ချောင်းဖျားကို ခါတစ်ခေါက်

ရောက်ရမယ်ဟေ့ ..." ပေါ့။

ဒီမြင်ကွင်းနဲ့ အသံတွေကို အနီးကပ်မြင်နေကြားနေရသူကတော့ ဆရာဇော်ဂျီက "မဖေဒါ"... လို့ တင်စားရေးဖွဲ့ခဲ့တဲ့ ဖေဒါပင်လေးပဲပေါ့။

သစ်တုံးကြီးရဲ့ဒေါသပေါက်ကွဲမှုနဲ့ အလကားနေရင်း အပင်ပန်းခံနေမှုကို ချွေးသိပ်ဖြောင့်ဖျချင်စိတ်တွေ မဖေဒါမှာ ပေါ်နေတယ်။ ဒါပေမယ့် ဒီလောက်ဒေါသပေါက်ကွဲနေတဲ့ သစ်တုံးမျိုကို သူဘယ်တိုက်ရိုက်ဖြောင့်ဖျဖြေသိမ့်ပေးရဲမှာလဲ။

အဲဒီတော့ ကမ်းစပ်မှာ ကျူရိုးပုလွေလေးထိုင်မှုတ်နေတဲ့ ကဗျာစာဆို (ကျူရိုးရှင်) ကို လှမ်းအကူအညီတောင်းရှာတယ်။

"ဟောဒီလို ဒီရေအတက်အကျရှိတဲ့ ဒီချောင်းမှာ ဒီတရား၊ ဒီရေသဘောတရား ဆိုတာ ရှိပါတယ်။ ကျူရိုးရှင်လည်း ကြားဖူးမှာပါ။ ဒေါသတွေဖြစ်နေတဲ့ ကနစိုသစ်တုံးကြီးကို နားချပေးစမ်းပါ ကျူရိုးရှင်ရယ်" လို့ပေါ့။ မဖေဒါပြောချင်တဲ့ "ဒီ တရား" က ဒီလိုပါ။

"ဒီရေတက်ကျနေတဲ့ ဒီချောင်းထဲကိုဝင်လာရင် တက်တယ်၊ ဆင်းတယ်ဆိုတာ တစ်ခေါက်ထဲကိစ္စမဟုတ်ပါဘူး။ တစ်နေ့ တစ်နေ့တက်လိုက်၊ ဆင်းလိုက်နဲ့ တက်လို့လည်း

မကုန်နိုင်ဘူး။ ဆင်းလို့လည်း မပြီးနိုင်ဘူး။ ကြာတော့ မောတောင်မောလာရတယ်" တဲ့

"တက်မကုန် သက်မစဲ

မောလောက်အောင်ပဲ" ဆိုတာ ဒါကိုပြောတာပါ။

ဒါလောက်နဲ့ မလုံလောက်သေးဘူး။ မဗေဒါက ထပ်ပြောသေးတယ်။

"ဒီချောင်းမှာ ဒီတရားဆိုတာရှိတယ်။ ကျူရိုးရှင်လည်းကြားမှာပါ။ ကိုကနစိုကိုနားချ ပေးပါဦးဆိုပြီး ဒီချောင်းထဲဝင်မိတဲ့အခါ တက်ချိန်နဲ့ကြုံနေရင် မင်းဆင်းချင်လို့လည်း မဆင်းရပါဘူး။ အဲသလိုပဲ ဆင်းချိန်နဲ့ကြုံပြီဆိုရင်လည်း တက်ဖို့မဖြစ်နိုင်တော့ဘူး တက်ချင်ရင်တော့ တစ်ခုပဲလုပ်စရာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ အချိန်စောင့်ပေတော့" တဲ့

ဘယ်လိုစောင့်ရမှာလဲ။ "မနက်ကတက်တဲ့ဒီ မမီရင်လည်း ဘာမှမပူနဲ့ ဒီရေက ညဦးယံကျရင် တစ်ခါ ပြန်တက်ဦးမှာ တက်စရာမခက်ပါဘူးရင် ဗေဒါကိုကြည့်ပါ" တဲ့။

ဒါ ကဗျာလေးရဲ့ အခြေခံဇာတ်လမ်းကျောရိုးဖြစ်ပါတယ်။

× × ×

ကဗျာလေးနဲ့ထိတွေ့ရချိန်မှာ ကျွန်တော်အလွန်စိတ်အားငယ်ပြီး သိမ်ငယ်နေရသော အချိန်ဖြစ်သည်။ ထိုစိတ်ဓာတ် သိမ်ငယ်အားနည်းနေခြင်း၏ လက္ခဏာအဖြစ် ပတ်ဝန်းကျင်ကို ကျွန်တော်မခံမရပ်နိုင် ပေါက်ကွဲလုလုဖြစ်နေသောအချိန်လည်း ဖြစ်သည်။

ပင်ကိုယ်သဘာဝအားဖြင့် ကျွန်တော်သည် စိတ်ဓာတ်အားငယ်တတ်သူမဟုတ်၊ "တိုက်ပွဲမျှော်" ကဗျာကို လက်စွဲထားသူပီပီ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်အနိုင်ယူရန် စိတ်အားထက်သန်သည်။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ဖြေရှင်းကျော်လွှားဖို့ပဲစဉ်းစားသည်။ ဤနည်းအားဖြင့် ဘဝတက်လမ်းကို ရအောင်ရှာယူဖို့ပဲ သံမဏိဇွဲချထားသည်။

သို့သော် မည်သို့ပင်အားတင်း၍ ပြဿနာများကိုဖြေရှင်းကျော်လွှားရန် အားထုတ်သော်လည်း ခုလို ကိုယ်ဘာမှမတတ်နိုင်သော ကျန်းမာရေးပြဿနာ ကြမ္မာဆိုးပြဿနာများနှင့် ရင်ဆိုင်ရသောအခါ အားကိုးရာမဲ့သွားသည်။

ထောင်ကျတာ၊ ကျောင်းထုတ်ခံရတာမျိုးက "နာနာသာသာ၊ ဘာမှမဖြုံဘူးကွ" ဆိုသည့် စိတ်ဓာတ်များနှင့် ရင်ဆိုင်အံခဲကျော်လွှားနိုင်သော်လည်း ညကြီးမင်းကြီး သွေးတွေထအန်ပြီး အိပ်ရာပေါ်မှာ ပက်လက်လဲခဲ့ရတာမျိုး၊ မဆီမဆိုင်ကိုယ့်တစ်ယောက်တည်း ကွက်ကျန်ပြီးမှ ကားတိုက်ခံရ၊ အိပ်ရာပေါ်မှာ ထတောင်မထိုင်နိုင်ဘဲ ကာလရှည်ကြာ ကိုယ့်ဖာသာ ဘာမှလုပ်ရှား၍မရသော အဖြစ်မျိုး၊ နေရင်းထိုင်ရင်းကနေ ဘာမှမဆီမဆိုင် ပင်နင်ဆလင်ရှော့ခ်ဖြစ်ပြီး သေတွင်းနှုတ်ခမ်းဝ အလည်ရောက်သွားတာမျိုး စသော ကိစ္စများက ဘယ်တုန်းကမှ ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်မထားမိသော ကိစ္စများ။

ဒါတွေကို အင်နဲ့အားနဲ့ခုခံအနိုင်ယူလို့လည်း ရတာမျိုးမဟုတ်။ ဘာမဆို ရင်ဆိုင်ခုခံအနိုင်ယူရမည်ဆိုသော တိုက်ပွဲဝင်စိတ်ဓာတ်မျိုးတွေက သည်နေရာမှာအကျိုးသက်ရောက်မှုသိပ်မရှိတော့။ ဒီလူ့လောကကြီးမှာ ငါဆက်နေခွင့်မှရပါတော့မလားဟု အားငယ်လာသည်။

ထို့ပြင် ကျွန်တော့်ဘဝမှာ ဤမျှအချိန်တိုအတွင်း လောကဓံတရားတွေ၏ဆက်တိုက်ထိုးနက် တိုက်ခိုက် ချေမှုန်းခံရသည့် ကျွန်တော်နှင့်ဆင်တူ လူမျိုးကိုလည်း တစ်ခါမှမတွေ့ဖူးခဲ့။

ကျွန်တော် ဆေးရုံက နောက်တစ်ကြိမ်ပြန်ဆင်းစမှာ ချိုင်းထောက်ခကာသုံး၍ နောက်ပိုင်း တုတ်ကောက်အားပြုပြီး အချိန်အတော်ကြာ ဒုက္ခိတတစ်ပိုင်းဖြစ်နေခဲ့သည်။ သည်ကြားထဲ ကားအက်ဆီးဒင့်ဖြစ်ချိန်၊ ကတ္တရာလမ်းမနှင့်ဒူးအောက်ပိုင်း ခြေဖျား ခြေသားလုံးစသည်များကိုင်ရိုက်သလို ထိရိုက်ခံရမှုကြောင့်၊ နောက်ပိုင်းမှာ အရိုးကိုဖုံးထားသောအမြှေးပါးများ ယောင်ယမ်းသည်ဟု ဆရာဝန်ကပြောသည်။ ခြေထောက်များကိုက်သည်မှာ အိပ်မရ။ အိပ်ဆေးပြင်းများ အများအပြားညစဉ်သောက်ရသည်။ ဓာတ်ကင်ရသည်။ လူနာစောင့် ကျွန်တော့်ညီနှင့်တပည့်လေးများက ညညဆို တရစပ်နှိပ်ပေးနေရသည်။

ဘယ်အချိန်မှာမှ ဝေဒနာတစ်ခုခုက လွှန်မြောက်ခြင်းရှိမနေ။ အဲဒီအထဲ ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တော့။ စကားစမြီပြောရင်း ညှိသည်၊ လူနာမေးသူငယ်ချင်းများကတစ်ဆင့် အထက်တန်းကျောင်း။ စက်မှုတက္ကသိုလ်စသည်တို့က သူငယ်ချင်းတွေ အကြောင်းကြားရသည်။

ကျွန်တော်ကသာ ခြောက်နှစ်တန်ဘွဲ့ကြီးတစ်ခုရရန်ကြိုးစားရင်း ငါးနှစ်မှာ အများအယွင်းတွေဖြစ် ကံဆိုးမိုးမှောင်တွေကျ ပြဿနာပေါင်းများစွာဝေဒနာပေါင်းများစွာနှင့် နပန်းလုံးပြီး ဘဝကြီးဖရိုဖရဲဖြစ်နေချိန်မှာ...။

ကျွန်တော်လောက်မတော်၊ ကျွန်တော်လောက်မအောင်မြင်ဘဲ လေးနှစ်တန်ဘွဲ့လေးတွေပဲ သင်ခွင့်ရ။ လေးနှစ်နှင့်ဘွဲ့ရ။ စီးပွားရေးလုပ် အလုပ်ခွင်ထဲဝင်၊ အိမ်ထောင်ကျဘာညာ၊ ဘဝကိုရိုးရိုးလေးပဲ ဖြတ်သန်းခဲ့ရသူများက သူဟာနှင့်သူအထိုက်အလျောက်ပျော်ရွှင်စိတ်ချမ်းသာနေကြရပြီ။ တင့်တောင်းတင့်တယ်ဘဝလေးများကိုယ်စီဖြင့် ဘဝအောင်မြင်မှုလမ်းကြောင်းပေါ်မှာ တဖြည်းဖြည်းချင်းတက်လှမ်းနေကြပြီ။

ထိုအခါသိမ်ငယ်အားပျက်နေသော ကျွန်တော့်စိတ်များသည် မုဒိတာဘက်သို့မရောက်နိုင်တော့ဘဲ ဣဿာတို့ မစ္ဆရိယတို့ဘက်သို့ရောက်ကုန်သည်။

ဒီကောင်တွေကွာ ကျောင်းတုန်းက ငါ့အောက်ကကောင်တွေပါ။

ဘာမှမယ်မယ်ရရ အစွမ်းရှိတဲ့ကောင်တွေ မဟုတ်ဘူး။ ခုမှရာရာစစ ဒင်းတို့ကကောင်းစားနေပြီး ငါ့ကျမှဒီလိုဖြစ်နေရတယ်။ တောက် ... လောကကြီးက အရမ်းကိုမတရား

တဲ့လောက။ မကျေနပ်ဘူးကွာ။ တစ်ခုခုသာ လုပ်နိုင်တဲ့စွမ်းအားရှိရင် ဒီမတရားတဲ့လောက ကြီးကို မီးတိုက်ပြာချပစ်တယ်။

မရုက်တမ်းဝန်ခံရလျှင် ငယ်ငယ်ကတည်းက ကိုယ့်စိတ်ကိုယ် တစ်ဘဝလုံး တစ်သမတ်တည်း ကြံ့ခိုင်တည်ကြည်ရန် လောဘ၊ ဒေါသ၊ မောဟ၊ မာနနှင့်အခြားစိတ်၏ အညစ်အကြေးများဖြစ်သော မနာလိုခြင်း၊ မရှုစိမ့်ခြင်း၊ အဖျက်စိတ်ဝင်ခြင်း၊ အဆိုးမြင်ခြင်း တို့ကင်းရှင်းရန် ကြိုးစားခဲ့သည်။ သို့သော် ထိုအချိန်မှာ ထိုမှန်ကန်သောစိတ်အစဉ်တို့ ယိုယွင်းစပြုနေပြီဖြစ်သည်။

စင်စစ်ဗေဒါလမ်းကဗျာများကို ထိုအချိန်ကျမှ ဖတ်ဖူးသည်မဟုတ်။ ကျွန်တော် အတော်ငယ်ငယ်ကပင် ဖတ်ခဲ့ဖူးသည်။ သို့သော် အဓိပ္ပာယ်တွေ၊ ကဗျာအပေါ် သဘောပေါက်မှုတွေ၊ ကဗျာကိုခံစားပြီး ထိုမှတစ်ဆင့် ဘဝထဲကို မမှုတရား သင်ခန်းစာများအဖြစ် ပြောင်းယူခြင်းတွေမရှိခဲ့သဖြင့် ဒီလောက်လည်း ကောင်းမှန်းမသိ။ ထိထိရောက်ရောက်လည်း နားမလည်ဖြစ်ခဲ့။

တစ်ရက်မှာ ထိုကဗျာ(ဗေဒါလမ်း-၂၁)ကို အမှတ်မထင်ဖတ်မိသည်။ ဖတ်ရင်းနှင့် ဘဝနှင့်ဆက်စပ်တွေးကြည့်မိသွားသည်။ သို့အတွက် ကဗျာ၏ပထမပိုဒ်၊ လေးချိုးလေး ဖတ်နေရင်းနှင့်ပင် ကဗျာထဲက ရန်ထောင်ဒေါသပေါက်ကွဲနေသော ကနစိုသစ်တုံးကြီးသည် ကျွန်တော်ကိုယ်တိုင်ဖြစ်နေမှန်း သဘောပေါက်သည်။ ဘာထူးသနည်း။

ကိုယ်က ကိုယ့်အကြောင်းနှင့်ကိုယ် ဘဝဒီရေအတက်မှာပါလာရင်း တစ်စုံတစ်ခုသော အနှောက်အယှက်ဖြင့် လမ်းခုလတ်မှာရပ်ကျန် တန့်ကျန်ခဲ့ရသူ။ အခြားသူ ကိုယ့်လောက်မှအဖြစ်မရှိဟု ထင်ခဲ့သူတွေကလည်း သူတို့အကြောင်းနှင့်သူတို့ ဒီရေအတက်လမ်းမှာ ပုံမှန်ဖြောင့်ဖြောင့်တက်သွားခွင့်ရကြသူတွေ။

ကိုယ်သူတို့ကို ဘာမှမနာလို၊ အပြစ်မြင်၊ ရန်ထောင်၊ ဒေါသပေါက်ကွဲနေစရာ အကြောင်းမရှိ။ သို့သော် ကျွန်တော်က ဖြစ်နေသည်။

"တောက် … နာလိုက်တာကွာ၊ ဘာမဟုတ်တဲ့ ဒီလိုကောင်တွေတောင် ခုချိန်မှာ ဘဝကိုစိတ်အေးချမ်းသာဖြစ်အောင် တည်ဆောက်နိုင်သေးတယ်။ ငါကွ လူညံ့မဟုတ်ဘူး။ ခင်းတို့ထက်စာရင် အများကြီးသာအောင် အစွမ်းအစရှိတဲ့ကောင်။ မကျေနပ်ဘူးကွာ လောကကြီးက မတရားဘူး။ ခင်းတို့ထက်မသာဘဲ ငါမနေဘူး။ ဖြစ်တဲ့နည်းနဲ့ ခင်းတို့ထက် သာအောင် လုပ်ပြမယ်"စသဖြင့် ကြိမ်းဝါးရန်ထောင်နေခဲ့သည်။

မတက်ရရင်တော့

တစ်သက်ပဲ မခံပေါင် …တဲ့။

ကနစိုတုံးတိုသစ်က

ကြွေးဟစ် ရန်ထောင် ....။

မနက်က အသေကောင်

သူတောင်မှ တက်နိုင်သေး။

ငါတုံးတို့ ကနစိုသားပေပ

ချောင်းဖျားကို ခါတစ်ခေါက်

ရောက်ရမယ်လေး ... တဲ့။

ထိုအခါ သစ်တုံးတို့ ဖြစ်နေပြီဖြစ်သော ကျွန်တော်သည် မဗေဒါ၏နားချစကားများကို နားလည်အောင် ကြိုးစားရတော့သည်။ "ဒီချောင်းမှာ ဒီတရား... တဲ့။"

လောကကြီးမှာလည်း လောကတရားများဖြစ်သော လောကဓံတို့ရှိကြသည်။ (လောကဓံ = လောက+ ဓမ္မ = လောက+ တရား = လောကတရား)

ဒီချောင်းကိုဝင်မိလျှင်

မထင်နဲ့တစ်ခေါက်တည်း

တက်တုံ၊ သက်တုံနဲ့

တက်မကုန်သက်မစဲ

မောလောက်အောင်ပဲ

လောကဓံတရားမှာ အကောင်းအဆိုးတို့ရှိကြသည်။

အကောင်းလေးပါးမှာ လာဘော = ငွေရခြင်း။ ယသော = အခြွေအရံပေါ်များခြင်း။ (အနုပညာသမားတို့အတွက် ပရိသတ်များပြားခြင်း) ပသံသာ = ချီးမွမ်းခံရခြင်း။ အားပေးခံရခြင်း။ သုခ = ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း။

အဆိုးလေးပါးက အထက်ပါအကောင်းများနှင့် ဆန့်ကျင်ဘက်များဖြစ်သည်။ အလာဘော = ငွေမရခြင်း။ အယသော = အခြွေအရံနည်းခြင်း။ အထီးကျန်ခြင်း။ ဒိန္ဒ = ကဲ့ရဲ့ခံရခြင်း။ ဒုက္ခ = ကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်းတို့ဖြစ်သည်။ အကောင်းများနှင့်ကြုံရချိန်ကို ကံဇာတာတက်ချိန်၊ တစ်နည်း အတက်ဟုဆိုကြပါစို့။ အဆိုးများနှင့် ကြုံရချိန်ကို ကံအနိမ့်၊ အသက် (အဆင်း)ဟုဆိုရပါမည်။

လောကတရားသဘောမှာ လူတစ်ယောက်၏ဘဝတွင် အဆိုး၊ အကောင်း၊ အဆင်း၊ အတက်ဆိုသည်က တစ်ခေါက်တည်းကိုစွဲမဟုတ်ကြ။ ဆိုးလိုက်ကောင်းလိုက်၊ တက်လိုက်ဆင်းလိုက်နှင့် တက်လို့လည်းမကုန်နိုင် ဆင်း၍လည်းမပြီးနိုင် အဆင်းအတက်ဘဝများမှာ မောနေအောင်ကြုံရလည်း အဆိုးအကောင်းဆိုသည်မှာ ဘဝ၏အမောများပင်။

ဒီချောင်းကိုဝင်မိလျှင်

တက်ချိန်တွင် ဆင်းနိုင်ပဲ။

ဆင်းချိန်မှာ တက်လိုလဲ
စောင့်ရစမြဲ။
မနက်ကတက်တဲ့ဒီ
မမီလိုက်လေလဲ။
ညဦးယံ ဒီပြန်တက်ပါလိမ့်
တက်စရာခက်ပါပဲ
ပန်းမဗေဒါနဲ့။

ဘဝမှာ ကံကောင်းချိန်နှင့် ကြုံပြီဆိုပါက ဆိုးချင်လျှင်တောင် ဆိုး၍ မရ။ ထို့ကြောင့်ပင် ကံကောင်းပြီဆိုပါက ရိုက်ချတောင်မကျဟုပြောကြသည်။ ထို့အတူ ဆင်းချိန် ဆိုးချိန်နှင့်ကြုံလျှင်လည်း သည်းခံရတော့သည်။ ဘဝ၏အကောင်းတစ်လှည့် မရောက်မချင်း စောင့်ရတော့သည်။

"အခွင့်အခါကောင်းတစ်သုတ်ကို မမီလိုက်လျှင်လည်း ဘဝမှာ အခွင့်အခါကောင်း ပြန်လာမည့် နောက်တစ်သုတ်ကို စောင့်ရုံရှိသည်။ တက်စရာလမ်းကတော့ မခက်ပါဘူး။ အမြဲတမ်းကြုံနေရသည့် မဗေဒါသိပါတယ်" ပေါ့။

× × ×

ထိုအခါ ကျွန်တော် လတ်တလောကြုံနေရသည့် ဘဝအဆင်း။ ကံအဆိုးများကို မကြုံချင်၍မရမည့်အတူတူ သည်းခံ၊ သင့်တင့်စွာသာနလုံးသွင်း၍ ကောင်းလှည့်ကိုစောင့်ရန်သာ ရှိတော့သည်။

ကိုယ့်လမ်းနှင့်သူ့လမ်း မတူသည့်သဘောကိုရိပ်မိသည့်အခါ လောကမှာ မည်သူ့ကိုမျှ မနာလိုမရှုစိမ့်ဖြစ်စရာမလိုတော့။ ကိုယ့်လမ်းပေါ်က ကိုယ့်ဘဝသည်သာ ကိုယ့်ကိစ္စဖြစ်၍ သူ့လမ်းပေါ်က သူ့ဘဝသည် သူ့ကိစ္စသာဖြစ်သည်။

ဘဝမှာကျရေနှင့် ကြုံလျှင် စုန်လိုက်ရန်သာရှိသည်။ တက်ရေနှင့် ကြုံတော့လည်း ဆန်ရတက်ရဦးမှာပေါ့။ အဆိုး၊ အကျဆိုတာ တစ်ခေါက်တည်းမှ မဟုတ်တာ။

ထိုအပြင် ထိုအတွေးနှင့်ဘဝကို ပြန်ကြည့်လိုက်သောအခါ ဟုတ်ပါသည်။ ခု ဆိုးနေခိုက်မို့သာ ဘဝက ဆိုးသည်ထင်နေခြင်းဖြစ်သည်။ ကောင်းတုန်းက ကာလတွေတုန်းကလည်း ဘဝကကောင်းခဲ့တာပဲ မဟုတ်လား။ ဒီလိုပဲပေါ့ ဆိုးပြီးတဲ့အခါမှာလဲ ဘဝကကောင်းလှည့်လေးရောက်လာဦးမှာပဲ။ ရပါတယ်။ စောင့်တာပေါ့ဟု တွေး၍ ဖြေ၍ရသွားသည်။

ကိုယ်ပေါ်မှအနာတို့သည် အချိန်ကြာသည်နှင့်အမျှ တဖြည်းဖြည်းပျောက်ကင်းသွားသည်။

စိတ်ကလည်း သတိထားမြုပြင်သွားခြင်းဖြင့် ရှိသင့်ရှိအပ်သည့် "အသင့်အတင့်နှလုံးသွင်းခြင်း" ဆီသို့ တဖြည်းဖြည်းရောက်သွားသည်။ ကြာတော့လည်း အကောင်းတလှည့်ပြန်ရောက်လာရပြန်သည်။

မနက်က ဒီမှာ အလူးအလဲခံခဲ့ရသမျှ ညဦးယံတက်သည့် ဒီမှာတော့ အတက်ကလေးပြန်လှလာသည်။ ၁၉၇၉ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော့်ဘဝက အတက်ဒီရေတစ်ကျော့နှင့် ပြန်ဆုံစည်းရပြန်သည်။ ၁၉၇၆ကစခဲ့သော ဒီရေအကျမှာ မလူးသာမလွန့်သာ ပိန့်ပိန့်ခံခဲ့ရသော ဒုက္ခများသည်အိပ်မက်များသဖွယ် ဝေဝါးမှိန်ပျောက်သွားကြရပြန်၏။

[သရုပ်မှဂ္ဂဇင်း – အတွဲ (၃)၊ အမှတ် (၅)]

၂၀၁၁ မေလ

× × ×

၁၉။

ဒုက္ခိတတစ်ပိုင်းဘဝဖြင့် ကျွန်တော်ဆေးရုံပေါ်မှာ ရက်ရှည်တက်နေရချိန်၊ ဆေးရုံကဆင်းပြီးသော်လည်း တုတ်ကောက်အကူမပါဘဲ လမ်းမလျှောက်နိုင်သေးသဖြင့် အိမ်မှာနားနေရချိန် ထိုအခါများတွင် ကျွန်တော်အဓိကလုပ်ဖြစ်သောအလုပ်မှာ စာဖတ်ခြင်းဖြစ်သည်။ စာဖတ်နားချိန်မှာ သီချင်းနားထောင်သည်။

မှတ်မှတ်ရရမင်္ဂလာဒုံဆေးရုံကြီးပေါ်မှာရှိစဉ် မင်းသိခ်၏ ပုဏ္ဏားဘကွန်း စာအုပ်အသစ်နှင့် ခင်ဝမ်း၏ "နှင်းဆီဖြူရဲ့အဝေးကလူတစ်ယောက်" တေးစီးရီးသစ်တို့ကို ဖတ်ဖြစ်နားထောင်ဖြစ်သည်။

ကိုယ့်ဖာသာကိုယ် လှုပ်ရှားဖြစ်သော အနုပညာကိစ္စအနေနှင့်မူ စာမူအသစ် များများစားစားမရေးဖြစ်။ အထဲက ပြန်ထွက်လာခါစက ရေးပို့ထားခဲ့သော ချစ်ကိုယ်တွေ့ စာမူလေး ရှုမဝမှာပါလာသည်။

"အိမ်မက်များပင် မငြိမ်းချမ်း" ဆိုသော ခေါင်းစဉ်ကို "အိမ်မက်များပင်" ဟု ပြင်ထားသည်ကို တွေ့ရသည်။ အပ ပန်းချီအောင်ဝင်း (နောင် အောင်ဗလ အမည်ဖြင့် ရေးသည်။ ခုခါ ကွယ်လွန်သွားခဲ့ပြီ)၏ သရုပ်ဖော်ပုံလေးနှင့် "ချစ်ကိုယ်တွေ့" လေးကို ဖတ်မဝ။

နောက်တော်တော်လေးကြာမှ တက္ကသိုလ် စာပေးစာယူသင်တန်းတွင် တက်နေချိန် အာရ်အိုင်တီထဲက



ခင်ခဲ့သော ကိုသိန်းထိုက်ဆွေ (မြန်မာပြည်စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာကြီး ဦးမြင့်ဆွေ၏သား)ကို အကြောင်းပြု၍ စာပေးစာယူ နစ်လည်မဂ္ဂဇင်းကော်မတီမှ ကိုတင်စောနှင့် ခင်သည်။ တက္ကသိုလ် စာပေးစာယူသင်တန်း နစ်လည်မဂ္ဂဇင်းမှာ ဝတ္ထုလေးတစ်ပုဒ်ဝင်ရေးသည်။

"အလွမ်းတစ်ပွင့် ပန်းတစ်ပွင့်" ဟု အမည်ပေးထားသော ချစ်ကိုယ်တွေ့ပုံစံ တက္ကသိုလ်နောက်ခံဝတ္ထုတိုလေး။

ကိုယ့်ဟာကိုယ်တော့ သိပ်အလေးနက်ကြီးရေးလိုက်တာမဟုတ် နောင်သောအခါ (စာရေးဆရာဖြစ်ပြီးချိန်) ထိုဝတ္ထုတိုလေးကို ဖတ်ခဲ့ဖူးပြီး မှတ်မှတ်ထင်ထင် နစ်သက်ခဲ့သူအတော်များများနှင့် ဆုံမိမှ ထိုဝတ္ထုလေးသည် ကျွန်တော်စာရေးဆရာဘဝဖြင့် ရပ်တည်အောင်မြင်နိုင်ရန် အတော်အထောက်အပံ့ပြုခဲ့မှန်းသိရသည်။

ရှမဝချစ်ကိုယ်တွေ့ပါသဖြင့် လူငယ်တွေ အသိအမှတ်ပြုခံရတာက တစ်မျိုး ယခုစာပေးစာယူ နစ်လည်မဂ္ဂဇင်းမှာပါပြီး နစ်သက်အသိအမှတ်ပြုခံရတာက တစ်မျိုး။ နှစ်မျိုးစလုံး တန်ဖိုးကြီးသည်။ ရှမဝအနေနှင့် နာမည်ကြီးလူကြိုက်များမဂ္ဂဇင်းမို့ အနယ်နယ်အရပ်ရပ် ရောက်ရှိပျံ့နှံ့သည်။ မဂ္ဂဇင်းပါ ကလောင်ရှင်ကို သတိထားမိသူက ထားမိနိုင်သည်။ "ချစ်ကိုယ်တွေ့" က လူငယ်ကြိုက်မို့ လူငယ်တွေ အထူးသတိထားဖတ်ကြသည်။ "ချစ်ကိုယ်တွေ့"ကြောင့် လူငယ်များကြားမှာ ဝင်ဆံ့သည်။

စာပေးစာယူမဂ္ဂဇင်းကျတော့ နာမည်ကြီးစာနယ်ဇင်းတော့မဟုတ်။ သို့သော် မြန်မာပြည်အရပ်ရပ်မှာ တက္ကသိုလ်စာပေးစာယူကျောင်းသား ကျောင်းသူတွေ သောင်းနှင့်ချီ၍ရှိသည်။ ထိုကျောင်းသားကျောင်းသူတိုင်း အနည်းဆုံးတစ်ယောက်တစ်အုပ် မဝယ်မနေရ။ မြန်မာတစ်ပြည်လုံးမှာ စောင်ရေ လေးငါးသောင်းပြန့်နှံ့သွားသည်။ မြန်မာပြည်မှာ နာမည်အကြီးဆုံးမဂ္ဂဇင်းသည် စောင်ရေ ၅၀၀၀ ပတ်ဝန်းကျင်ပဲရှိမည်။

စာပေးစာယူမဂ္ဂဇင်းက မြို့ ရွာ၊ တောနယ် ကျေးလက်မကျန်ပျံ့နှံ့သည်။ ကျွန်တော့်ဝတ္ထုလေးကို ကျွန်တော်ကလောင်နာမည်နှင့် တွဲမှတ်မိကြသည်ဟု ပြောကြသည်။ ၁၉၆၉၊ ၇၀ကာလက အဟိ၊ သောင်းပြောင်းထွေလာရယ်စရာစာစောင်လေးများတွင် "မောင်မိုးခက်" အမည်ဖြင့် ဟာသဝတ္ထုတိုလေးများ ရေးခဲ့ဖူးသည်မှအပ "နွမ်ဂျာသိုင်း" အမည်ဖြင့် စကားပြေဝတ္ထုတို(အချစ်ဝတ္ထုတို)ရေးဖူးခြင်းသည် လုံးချင်းများမထုတ်မီ ထိုနှစ်ပုဒ်သာရှိသည်။

လုံးချင်းများမတိုင်မီ ကျွန်တော့်ကလောင်အမည်နှင့်ကျွန်တော့်စကားပြေကို ပရိသတ်အချို့သတိထားမိနေခြင်းသည် ထိုဝတ္ထုလေးနှစ်ပုဒ်၏ကျေးဇူးသာဖြစ်၏။

× × ×

ထိုအချိန်က ကျွန်တော်အရေးများခဲ့သည်မှာ ကဗျာများသာဖြစ်သည်။ နွမ်ဂျာသိုင်း

အမည်ဖြင့် ကဗျာလုံးချင်း (ပါးကွက်ကြားနှင့် လပြည့်ဝန်း) ထွက်ဖူးသလို ရှမဝ၊ သပြေ၊ ဂီတပဒေသာ၊ တိုင်းရင်းမေစသည့် မဂ္ဂဇင်းစာစောင်များတွင်လည်း ကဗျာလေးများ ကြိုးကြားကြိုကြားပါတတ်သည်။

ထိုအချိန်အထိ နွမ်ဂျာသိုင်းအမည်ဖြင့် ကျွန်တော်ရေးပြီးသော ဝတ္ထုတို (အချစ်ဝတ္ထုတို) ဟူ၍ကတော့ ထိုနှစ်ပုဒ်သာ ရှိ၏။ ကျွန်တော်ပြောလိုသည့်ရည်ရွယ်ချက်မှာ ဘဝမှာ တစ်ခုခုလုပ်ကိုင်အောင်မြင်နိုင်ရန် အကျိုးပေးလိုအပ်သည်ဆိုသောကိစ္စဖြစ်သည်။ အကျိုးပေးမည့်ကိစ္စတစ်ခုကို လုပ်ကိုင်မိလျှင် အရာရာ၌အဆင်ပြေချောမွေ့ပြီး အကြောင်းကောင်းလေ့ရှိသည်။

ကျွန်တော့်ဘဝမှာ အကျိုးမပေး၊ ဖြစ်ရန်ကံဇာတာမပါသည့်ကိစ္စများ အကြိမ်ကြိမ်ဆိုသလို ကြုံဖန်၍ လွဲချော်ခဲ့ရသည်။ ဤအခန်းဆက်ဆောင်းပါး၏ ရှေ့အပိုင်းများတွင် ဖော်ပြခဲ့သလို ဆရာဝန်ဖြစ်ဖို့ရည်မှန်းသည့် ကိစ္စသည်လည်း ဘာမဟုတ်သော အထစ်အငေါ့လေးဖြင့် လွဲချော်ခဲ့သည်။ ၁၀တန်းစာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၁၁)မှတ်မရဘဲ (၄၁၀)မှတ်ဖြင့် တစ်သက်လုံး ဆရာဝန်ဖြစ်ခွင့်မရခြင်းကို ဆိုလိုပါသည်။

ဒုတိယလွဲချော်မှုက အင်ဂျင်နီယာဖြစ်ဖို့ပင်ဖြစ်ပါသည်။ အကယ်၍ စက်မှုတက္ကသိုလ် ပဉ္စမနှစ်တွင် ကျွန်တော်ဘာမှမဖြစ်ခဲ့ပါက ပဉ္စမနှစ်အောင်၊ ဆဋ္ဌမနှစ် (နောက်ဆုံးနှစ်)တွင် (၆)လ ကျောင်းတက်၊ ကျန် (၆)လမှာ ကျမ်းပြုစာတမ်းတင်ပြီးသည်နှင့် လျှပ်စစ်အင်ဂျင်နီယာဘွဲ့(B.E) ရမည်။ စက်မှုတက္ကသိုလ်အတန်းစဉ်မှာ ကျွန်တော်စာမေးပွဲတစ်ခါမှမကျဖူးဘဲ အင်ဂျင်နီယာဖြစ်ခွင့်နှင့် လွဲချော်ရပြန်သည်။

နောက် တတိယ ကျွန်တော်ရည်မှန်းကြိုးစားမှုက ထိပ်တန်းကျူရှင်ဆရာကြီး တစ်ယောက်ဖြစ်ဖို့ပင်။ ၁၀တန်းအောင်စာရင်းထွက်၍ အောင်ပြီးပြီးချင်း (၁၀)တန်းကို စာပြန်ပြပြီး ကျူရှင်ဆရာလုပ်ခဲ့သော ကျွန်တော့်မှာ လုပ်သက်ကော အတွေ့အကြုံတွေကောများစွာ ရခဲ့သည်။

နောက်ဆုံးကိုယ်ပိုင်ကျောင်းပင် ထူထောင်နိုင်ခဲ့ပြီး အခြားကျူရှင်နာမည်ကြီးများနှင့်ပင် ချိတ်ဆက်၍ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ သို့သော် ထိုအချိန်မှာပင် ကျွန်တော်ကျူရှင်ဆရာကြီးအဖြစ်ရပ်တည်ခွင့်မပြုချင်သော လောကကြီးသည် ကျန်းမာရေးဖြင့် ကျွန်တော့်ကိုထပ်မံအကြောင်းပြ ထိုအလုပ်မှလွဲချော်နိုင်းခဲ့ပြန်ပါသည်။

သည်ကြားထဲမှာ အရောင်းအဝယ်စီးပွားရေးလုပ်ရန် ကြိုးပမ်းခဲ့တော့လည်း ကျွန်တော် မလုပ်နိုင်ခဲ့။ ထိုအလုပ်ကနေ ကျွန်တော် ဖယ်ရှားခဲ့ရပြန်သည်။

ပညာရေးလိုင်းကို စိတ်မကုန်သော ကျွန်တော်က ကျူရှင်ဆရာကြီးမဖြစ်၊ ငွေကြေး

ချမ်းသာကြွယ်ဝသောသူမဖြစ်ချင်လည်းနေ၊ ပညာရှင်တစ်ယောက်ဘဝကိုခံယူ၍ တက္ကသိုလ်မှာ ဆရာသို့မဟုတ် ရူပဗေဒပညာရှင်တစ်ယောက်ဖြစ်ရန်လည်း ပညာရေးလောကမှ နောက်ဆုံးအချိန်များမှာ ကျွန်တော်ကြိုးစားကြည့်ခဲ့သေးသည်။

တက္ကသိုလ်စာပေးစာယူသင်တန်းမှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ရသောအခါ အောင်စာရင်းထဲက ကျွန်တော့်နာမည်ဘေးမှာ ခရေပွင့်လေးတစ်ပွင့်ပါခဲ့သည်။ အဓိပ္ပာယ်က သိပ္ပံဘွဲ့ရချိန်တွင် မဟာသိပ္ပံတန်းတက်ရောက်ရန် အဆင့်မီသည်ဟု အသိပေးသည့်သဘော။ စာသင်သားလောကတွင် ကွာလီဖိုင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုအချိန်က M.Sc ဟုခေါ်သော မဟာသိပ္ပံတန်းကို ထိုခရေပွင့်ပါလျှင် တိုက်ရိုက်ဆက်တက်ခွင့်ရှိသည်။

ကျွန်တော်မဟာသိပ္ပံတန်း ထိုမှတစ်ဆင့် ပီအိတ်ချ်ဒီ (ခေါ်) ပါရဂူတန်း ဆက်တက်၍ ဒေါက်တာဘွဲ့ခံယူကာ ရူပဗေဒပညာရှင် ဒါမှမဟုတ် တက္ကသိုလ်မှာ ကထိက၊ ပါမောက္ခစသဖြင့် ဆက်ဖြစ်နိုင်မလား ကျွန်တော်ကြိုးစားရန် ရည်သန်ခဲ့သေးသည်။

သို့သော် ထိုပညာရေးကိစ္စမှာလည်း ကျွန်တော်အကျိုးပေးမသန်ပါ။ ပညာပါရမီဖြည့်ရန်ဘဝများစွာ သံသရာမှာ ကျွန်တော်အားနည်းခဲ့ပုံရပါသည်။ အကျိုးပေးကောင်းသလိုလိုနှင့် အကျိုးပေးညံ့ခဲ့သည်။ မဟာသိပ္ပံ နောက်ဆုံးနှစ်အပိုင်း (က) တန်းကို လအတန်ကြာတက်ပြီးမှ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ပရဝုဏ်မှ ကျွန်တော်ခွာခဲ့သည်။

ကျွန်တော်ချစ်သော မြကျွန်းညိုညို့ တက္ကသိုလ်၊ အင်းလျားကန်၊ ဘွဲ့နှင်းခန်းမ၊ သစ်ပုတ်ပင်၊ ကံ့ကော်တောတို့နှင့် အနီးကပ်ဝန်းရံနေခဲ့သော ရူပဗေဒဌာနမှ ခွဲခဲ့ခြင်းဖြစ်၏။

ဤသို့ ရည်မှန်းချက် ကြိုးစားချက် ရည်ရွယ်ချက်များ အတန်တန်ပျက်စီးကာ စွန့်လွှတ်ခဲ့ရသော်လည်း အကျိုးပေးသောလုပ်ငန်းကျတော့ သိပ်ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းအားထုတ်စရာမလိုဘဲ အလိုက်သင့်အကျိုးပေး အောင်မြင်မှုများရရှိကာ မယုံနိုင်ဘွယ်ရာသော အချိန်အတွင်းမှာ မျှော်လင့်ထားသည်ထက်ပင် ထွန်းပေါက်အောင်မြင်ခဲ့သည်။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒဌာန မဟာသိပ္ပံစာသင်ခန်းထဲမှနေ ပညာရေးဆိုင်ရာရည်မှန်းချက်များစွန့်လွှတ်ပြီး ထွက်ခွာလာခဲ့သောအချိန်သည် ဤဆောင်းပါးရည်ကြီးကို ကျွန်တော် အဆုံးသတ်လိုသည့်အချိန်ဖြစ်၏။ ထိုနေ့မှာပင် ၁၉၇၁ ခုနှစ်က စခဲ့သော တက္ကသိုလ်ကျောင်းသားဘဝ အဆုံးသတ်ခဲ့သည်။ ယခု ကျွန်တော်နောက်ဆုံးတင်ပြလိုသောအပိုင်းမှာ ထိုကဲ့သို့ပညာရေးဆိုင်ရာ ကျွန်တော့်ရည်မှန်းချက်ကို ဆိုင်းမဆင့်ဗုံမဆင့် ငုံးတိတိနှင့် ဖြတ်တောက်ခဲ့ရသောအကြောင်းရင်းပင်ဖြစ်၏။

ထိုရည်မှန်းချက်ကို လက်စတန်းလန်းနှင့် ကျွန်တော် ဘာကြောင့် အဆက်ဖြတ်ခဲ့ရပါသနည်း။

ထိုအချိန်မှာ ဘယ်သောအခါကမှ ကျွန်တော်လုံးလုံးလျားလျားရပ်တည် အသက်မွေး

ဝမ်းကျောင်းပြုမည်ဟု စိတ်မကူးဖူးသော စာပေကိစ္စများသည် ထူးခြားစွာ ဆက်စပ်အကျိုး ပေးလာသောကြောင့်ပင်ဖြစ်သည်။

ကျွန်တော်စာရေးဆရာဖြစ်ခဲ့ရခြင်းဖြစ်စဉ်များကလည်း အံ့ဩစရာပင် ဖြစ်၏။

x x x

ကျွန်တော်သည် စာရေးခြင်း၊ စာဖတ်ခြင်း၊ စာအုပ်စုဆောင်းခြင်းဆိုသော စာပေဝါသနာကို အတော်ငယ်စဉ်ကပင် ထုံခဲ့သည်။ သို့သော် စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုမည်ဟုကား ဘယ်တုန်းကမှ စိတ်မကူးခဲ့။

သို့အတွက် စာရေးဆရာဖြစ်ချင်ခြင်းမှာ ဝါသနာအတွက်သာဖြစ်ပြီး စာရေးဆရာလုပ်စားရန်အတွက် ဘဝမှာ ဓာတ်စခုမှ အစပျိုးထားခဲ့ခြင်းမရှိ။ စာပေလောကမှာ ရေရှည်ရပ်တည်ချင်သော ဘဝကလည်း ကဗျာဆရာဘဝသာဖြစ်သည်။ ဝတ္ထု ဆောင်းပါးစသည့်စကားပြေကို မလွဲသာ၍ရေးခြင်းနှင့် ရေးတတ်သည့်အကြောင်းပြရုံမျှသာရေးရန် စိတ်ကူးသည်။

ဝတ္ထုရှည်ဆိုသည်ကိုတော့ ရေးဖို့လည်း စိတ်ကူးမရှိ။ တစ်ခါမှလည်း ရေးမကြည့်ဖူးခဲ့။ ရေးတတ်ဖို့လည်း မကြိုးစား။ မှတ်မှတ်ရရ၊ ဝတ္ထုရှည်များအကြောင်း စိတ်ဝင်တစား ပြောဖြစ်ဆိုဖြစ်၊ ပြောမိဆိုမိခဲ့သည်ပင် ဆရာငြိမ်းကျော်နှင့် ခင်မင်ရင်းနှီး ဆရာတပည့်များ ဖြစ်ကြသောအခါမှဖြစ်သည်။

သည်ရှေ့ပိုင်းက အာရ်အိုင်တီကင်တင်းစကားဝိုင်း၊ လက်ဖက်ရည်ဆိုင် စကားဝိုင်းများတွင် ဝတ္ထုအကြောင်းပြောဖြစ်ခဲ့ခြင်းများမှာ ဖတ်ဖူး၊ ကြိုက်ဖူး၊ မကြိုက်ဖူးသော ဝတ္ထုများအကြောင်း ပြန်ပြောနေကြခြင်းသာဖြစ်သည်။ ဝတ္ထုအကြောင်းကို ကျကျနန၊ စိတ်ဖြာခွဲခြမ်းဆန်းစစ်တာမျိုး၊ ဝတ္ထုရေးခြင်းအတတ်ပညာအကြောင်း သေသေချာချာနားထောင်ရတာမျိုးမရှိ။ ဆရာငြိမ်းကျော်နှင့်ကျမှ ဒါတွေပြောဖြစ်သည်။

ဆရာငြိမ်းကျော်နှင့် ကျွန်တော်သည် ကျွန်တော်ကြီးပြင်းခဲ့ရာ အင်းစိန် တစ်မြို့တည်း၌ အတူနေခဲ့ကြသော်လည်း ဆရာနှင့်ရင်းနှီးခွင့်မရခဲ့။ ဆရာ့ကို အဝေးကသာ မြင်ဖူးတွေ့ဖူးနေသည်။ ကျွန်တော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကျဘာမ်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲများတွင် ဆရာ မကြာခဏဒိုင်အဖြစ် အမှတ်ပေးလေ့ရှိသည်။ အင်းစိန်လမ်းသစ်မှ ဂန္ထဝင်စာကြည့်တိုက်  ဈေးနားကလက်ဖက်ရည်ဆိုင်တချို့နှင့်  ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နယ်မြေမှ ဦးချစ်လက်ဖက်ရည်ဆိုင်တို့တွင် ဆရာ့ကို မကြာခဏမြင်တွေ့ရသည်။

သည့်ထက် မပိုခဲ့။

ဆရာနှင့် ရင်းနှီးခွင့်ရသည်မှာ ကိုယ်ပိုင်ကျူရှင်ကျောင်းထောင်ပြီး ဆေးရုံရက်ရှည်

နှစ်ခါတက်ပြီးမှ ဖြစ်သည်။

ကျွန်တော်ဆေးရုံရက်ရှည်တက်နေရ၊ ချိုင်းထောက်တို့တုတ်ကောက်တို့နှင့် ဒုက္ခိတ လိုနေနေရ၊ အိမ်မှာနားနေရသောကာလများမှာ ကျူရှင်ကျောင်းကို ကျွန်တော် ဆရာပုနှင့် ပင် လွှဲထားပစ်ထားလိုက်ရသည်။ သင်ကြားရေးနှင့်မဆိုင်သော ကျောင်းအုပ်ချုပ်ရေးကိစ္စ များမှာ သူငယ်ချင်းစန်းလွင်က ဝင်ကူပေးသည်။ တစ်ကျောင်းလုံးကို ကြီးကြပ်စီမံခန့်ခွဲသွား သူက ဆရာပု။

သည်ကာလများအတွင်းမှာပင် ကျောင်းအနေအထားကလည်း အလိုက်သင့်တိုး တက်လာခဲ့သည်။ မူလက ၅ တန်း၊ ၆ တန်း၊ ၇ တန်းပဲဟု ရည်မှန်းခဲ့သော်လည်း။ ကျောင်း ဟောင်းနှင့် အခြားကျောင်းများမှ မိတ်ဆွေဆရာများ၏ တောင်းဆိုမှုအရ ၈တန်းကို တိုးဖွင့် ပေးခဲ့သည်။

၈တန်းမှာ အဆင်ပြေပြေအောင်မြင်သွားကြသောအခါ တပည့်များက ၉တန်း ဆက် ဖွင့်ပေးရန် တောင်းဆိုသည်။ ဆရာများနှင့် ညှိနှိုင်းပြီး ၈တန်းကို အချိုးကျခွဲဝေယူသည့် စနစ်အတိုင်း ကိုးတန်းဆက်ဖွင့်သည်။ ကိုးတန်းတွေအောင်ကုန်တော့ ၁၀တန်း။

ကျွန်တော်က အစပိုင်းမှာ စတင်ထူထောင်ပေးခဲ့နိုင်သော်လည်း နောက်ပိုင်းလှည့် မကြည့်နိုင်တော့။ ဆရာပု၊ စန်းလွင်နှင့် သင်ကြားနေကြသော ဆရာများသူတို့ဖာသာညှိနှိုင်း ပြီး အောင်အောင်မြင်မြင်ဆက်လုပ်သွားကြသည်။

လိုအပ်လျှင်လိုအပ်သလိုဆရာများ အသစ်ခန့်ထားခြင်း၊ တန်းခွဲများတိုးခြင်းတို့ကို လည်း သူတို့ဟာ သူတို့ပင်လုပ်ကိုင်သွားကြသည်။ သူတို့ ဘာတွေလုပ်ထားကြသည်ဆိုသည် ကိုဆရာပုက ကျွန်တော်ကိုပြောပြသည်။ ကျွန်တော်ကလည်း "မင်းတို့အဆင်ပြေအောင်သာ ကြည့်လုပ်ကြပါကွာ" ဆိုပြီး အထူးအာဏာကုန်လွှဲအပ်ထားခဲ့သည်။

ထိုအစီအစဉ်ထဲတွင် အစကကျွန်တော်နှင့်မသိခဲ့သော ဆရာတစ်ယောက်၊ ဆရာပု နှင့်ဆက်စပ်မိကာ ဝင်ရောက်သင်ကြားနေသည်။ ကျွန်တော်ဆေးရုံကဆင်းလာပြီး၊ အတော် လေးထူထူထောင်ထောင်ဖြစ်လာ၍ ကျောင်းကိုလာနိုင်ပြီဆိုမှ ထိုဆရာနှင့်တွေ့ခွင့်ရသည်။

ထိုဆရာသည် နောင်အခါ ကိုစိုး၊ ဆရာစိုးဟု ရင်းရင်းနှီးနှီးခေါ်ဝေါ်ပြီးများစွာချစ်ခင် ရင်းနှီးသွားသည့် ကိုစိုးမြင့်လှိုင်(ခေါ်)ကဗျာဆရာ "လှိုင်းအောင်"ဖြစ်သည်။

ဆရာစိုးနှင့် စကားပြောဆိုရင်းပင် ကိုလှိုင်းအောင်သည် ဆရာငြိမ်းကျော်နှင့် အရမ်း ရင်းနှီးချစ်ခင်သော ငယ်သူငယ်ချင်းများဖြစ်ကြောင်း သိရသည်။ ကိုစိုးမှတစ်ဆင့်ပင် ဆရာ ငြိမ်းကျော်နှင့် ကျွန်တော်ရင်းနှီးခွင့်ရသည်။

ဆရာကလည်း စာအကြောင်း၊ ပေအကြောင်း၊ ဝတ္ထုအကြောင်း၊ သုတေသန အကြောင်း ပြောနေရလျှင် နေ့မနားညမနား၊ ထမင်းမစားဟင်းမစားမို့ ထိုစကားများ

နားထောင်မဝဖြစ်ခဲ့ရသော ကျွန်တော်သည် ဆရာ့နားမှာ အမြဲမပြတ်ရှိနေပြီး အချိန်တို အတွင်း ဆရာတပည့်လုံးလုံးလျားလျားဖြစ်သွားသည်။

သို့သော်ကာလတော်တော်ကြာကြာ ဆရာ့တပည့်ဖြစ်နေသော်လည်း ကျွန်တော် ဝတ္ထုတစ်ပုဒ်မှ မရေးဖြစ်။ ဝတ္ထုရေးဖြစ်ဖို့ အကြောင်းဖန်လာသည်က သတ်သတ်သော ကိစ္စ ဖြစ်သည်။ ဝတ္ထုရေးခြင်းဓာတ်လမ်းကို အစပြုသူက ကိုသိန်းထိုက်ဆွေဖြစ်၏။

× × ×

ကိုသိန်းထိုက်ဆွေဆိုသည်မှာ မြန်မာပြည်စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာ ဦးမြင့် ဆွေ၏သားဖြစ်ကြောင်း ရှေ့မှာပြောခဲ့ပြီ။ သူနှင့် ကျွန်တော်သည် စက်မှုတက္ကသိုလ်တွင် အတန်းတူဖြစ်သည်။ သူက စက်မှုအင်ဂျင်နီယာ အမိကကျောင်းသား။

ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းကော်မတီ၊ စက်မှုသတင်းစဉ်စသည်တို့တွင် အတူတွဲ၍ အလုပ်တွေလုပ်ခဲ့သည်။ ထို့ပြင် ကျွန်တော်တို့စုဝေးရာ စက်မှုတက္ကသိုလ်စားသောက်တန်း လက်ဖက်ရည်ဆိုင်စကားဝိုင်း၏ ဝိုင်းသားတစ်ယောက်လည်းဖြစ်၏။ ထို့ကြောင့် ကျွန်တော် တို့တစ်သိုက်လုံးနီးပါး ကျောင်းကိုစွန့်ခွာကြရသောအခါ သူလည်းပါလာသည်။

ကျွန်တော်တို့ အင်းစိန်မှာ မွမ်းမံသင်တန်းတက်နေဆဲမှာ သူက လျင်သည်။ လွတ်ရာ ကျွတ်ရာ ရှောင်တိမ်းနေတတ်သောကြောင့်အထဲမရောက်လိုက်။ အမှုအခင်းတွေပြီးစီး၍ ငြိမ်းသွားသောအခါမှ သူကမိဘအိမ်ပြန်လာသည်။ "သူဇာစာပေ" အမည်ဖြင့် စာပေတိုက် လေးတစ်တိုက်ကိုထူထောင်ပြီး စာအုပ်ထုတ်ဝေရေးလုပ်ငန်းလေးလုပ်နေသည်။

ကျွန်တော်ဆေးရုံကဆင်းပြီးသောကာလမှာ သူနှင့်မြို့ထဲမှာဆုံသည်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထိုင်၍ စကားပြောရင်း သူ့စာပေလုပ်ငန်းလေးမှာ ရှယ်ယာဝင်လျက် ကျွန်တော်အလုပ်လုပ်ဖို့ဖြစ်လာသည်။ ကျွန်တော့်ကျန်းမာရေးအခြေအနေနှင့် သိပ်ပင်ပန်း စွာ လုပ်ကိုင်ရသော အလုပ်များနှင့်မဖြစ်။ ကျူရှင်အလုပ်ကို ရေရှည်ဆက်လုပ်ဖို့ မသင့် ကြောင်း သူကလည်း အကြံပေးသည်။

ထိုအချိန်မှာ သူ့"သူဇာစာပေ"က ရုပ်ပြဓာတ်လမ်းစာအုပ်ကလေးများကို ထုတ်နေ သည်။ "သက္က"၏ ရုပ်ပြဓာတ်လမ်းများ၊ ကာတွန်းလှမြင့်၏ ရုပ်ပြဓာတ်လမ်းလေးများ ထွက် သည်။

စာအုပ်လေးများက အထိုက်အလျောက် အကျိုးခံစားရခြင်းတော့ရှိပါသည်။ သို့သော် စာမူဒီဇိုင်းများ ရရှိရေးကျတော့ နည်းနည်းပင်ပန်းသည်။ ဒီဇိုင်းဆရာများနေထိုင်ရာ ငမိုးရိပ်၊ ကန်တော်ကလေးစသော ရပ်ကွက်များသို့ တစ်ပတ်တစ်ခါ နှစ်ခါစသဖြင့် အခေါက်ခေါက် သွားရလာရသည်။ ဒီဇိုင်းများ စရေးဖို့၊ မြန်မြန်ဆန်ဆန်ပြီးဖို့ ပြီးသွားသည့်အချိန်မှာလည်း

နဂိုပြောထားသည့်အတိုင်း ကိုယ့်ကိုပေးဖို့။

တစ်ခါတလေ ဒီဇိုင်းတစ်ခု အစအဆုံးရေးနေသည်ကို လနှင့်ချီ၍ စောင့်လာပြီးမှ ပြီးသွားသောအခါ ငွေပိုပေး၍ယူသွားသော အခြားထုတ်ဝေသူဆီပါသွားသဖြင့် ပက်လက်လန်ခဲ့ရတာတွေရှိသည်။

သိပ်နာမည်ကြီးရုပ်ပြဆရာများထံမှ ဒီဇိုင်းရဖို့လည်း အနားမကပ်နိုင်။ ငွေအရင်းအနှီးတောင့်တင်းသော ထုတ်ဝေသူများက လေးငါးဆယ်အုပ်စာ ငွေကြိုပေးထားသည်။ သည့်အပြင် ဒီဇိုင်းဆရာကို လိုလျှင်လိုသလိုလည်း ငွေအထုပ်လိုက်အထည်လိုက် ပံ့ပိုးပေးနိုင်သည်။ ကျွန်တော်တို့က နှစ်ယောက်ပေါင်းမှ စာအုပ်လုပ်ငန်းလည်ပတ်ရုံ ငွေကြေးလေးနှင့် ရင်းနှီးပြီးလုပ်ကိုင်နေရတာမို့ ထိုအထည်ကြီးများသို့ မကပ်နိုင်။

သို့အတွက် စာရေးဆရာလောကမှ ကိုယ်နှင့်ရင်းနှီးသော နာမည်ကြီးဆရာများထံ ချဉ်းကပ်၍ ဇာတ်လမ်းတောင်းရသည်။ သီးခြားဇာတ်လမ်းရေးပေးဖို့ အခက်အခဲရှိသော ဆရာများထံမှ ဝတ္ထုတိုဝတ္ထုရှည် အဟောင်းလေးများကို ရုပ်ပြပြန်ရေးခွင့်တောင်းရသည်။ နာမည်ကြီးလျှင်ကြီးသလို ဥာဏ်ပူဇော်ခငွေပေးရသည်။

ဒါလည်း မနည်းကြိုးပမ်းယူရသောကိစ္စ။ ငွေပေး၍ စာမူသုံးရတာမျိုးမဟုတ်ဘဲ သူက ကိုယ့်ကိုသနား၍ ကြည့်ရှုကူညီတာမျိုးကို ကိုယ်ကကျေးဇူးများစွာတင်ပြီး အစစမငြိငြင်အောင် သတိထား၍ လုပ်ကိုင်နေရသောဘဝ။

နောက်တစ်ခုရုပ်ပြဆရာများတွင်ရှိသော အခက်အခဲမှာ ဇာတ်လမ်းရှားပါးခြင်းဖြစ်သည်။ အရုပ်များကိုရေးဆွဲခြင်းအတတ်၌ တစ်ဖက်ကမ်းခတ်သည့်တိုင် ဇာတ်လမ်းများကို ရေးသားရာ၌ ကြန့်ကြာသည်။ တချို့ရေးကိုမရေးတတ်။ သို့အတွက် ဇာတ်လမ်းတွေဝယ်ရသည်။ ရုပ်ပြဘယ်နှစ်ဖောင်စာဟု ဇာတ်ညွှန်းပြန်ခွဲထားသော ဝတ္ထုဇာတ်လမ်းလေးတွေဝယ်ရသည်။

ရုပ်ပြဆရာ၏ လက်စွဲဇာတ်လမ်းဆရာများထံမှသာဝယ်ရတာတွေလည်း ရှိသည်။ ရုပ်ပြဆရာက သူ့ဇာတ်လမ်းဆရာ၏ ဇာတ်လမ်းကိုပဲဆွဲသည်။ လူများဇာတ်တွေ မဆွဲတာရှိသည်။ မဆွဲချင်တာရှိသည်။ ဖတ်ကြည့်ဦးမည်။ ကြိုက်မှဆွဲမည်ဆိုတာလည်း ရှိသည်။ ထိုအခါ သူ့ရုပ်ပြဆရာထံမှာပဲ တောင်းသည့်ဈေးပေး၍ ရေးဖို့အပ်ရသည်။

တစ်ခါတလေရုပ်ပြဆရာက ဆွဲပေးမည်အာမခံသော်လည်း ဇာတ်လမ်းဆရာထံမှ ဇာတ်လမ်းနှောင့်နှေးကြန့်ကြာနေသဖြင့် နှစ်နှင့်ချီပြီး စာမူမရနိုင်ဖြစ်နေတာတွေလည်း ကြုံရသည်။

ထိုသို့အခက်အခဲများစွာ ကြုံလာသောအခါ ကိုသိန်းထိုက်ဆွေက ကျွန်တော့်ကို ဇာတ်လမ်းလေးတွေရေးကြည့်ပါလား။ ကိုယ့်ဟာကိုယ်ဇာတ်လမ်းကောင်းလေးတွေ ရေးနိုင်

လျှင် အလုပ်ဖြစ်တာပေါ့ဟု ပြောသည်။ သူများရေးသည့်ဇာတ်လေးများကို ဖတ်ကြည့်တော့ ကိုယ်တိုင်ရေးနိုင်မည်ဟုထင်သည်။ ရေးကြည့်မည်ပြောပြီး စမ်းရေးသည်။

ထိုအချိန် အထိလည်း ကိုသိန်းထိုက်ဆွေကို ကူညီသည့်သဘောဖြင့်သာ ရေးခြင်းဖြစ်သည်။ ကိုယ့်ဟာကိုယ်ရေးဖို့ စိတ်ကူးမရှိ။ ရုပ်ပြဇာတ်လမ်းလေးတွေရေးရသည်က ကိုယ့်နာမည်ခံ၍ ရေးရသည်မဟုတ်။

ရုပ်ပြစာအုပ်လေးများကို ထုတ်ဝေနိုင်သည့်ထုတ်ဝေခွင့်မှတ်ပုံတင်က နစ်မျိုးရှိသည်။ ရုပ်ပြဆရာ၏ ထုတ်ဝေခွင့်မှတ်ပုံတင် ဒါမှမဟုတ် ဝတ္ထုဘာယ်သူဆိုပြီး စာရေးသူ၏ မှတ်ပုံတင် တစ်ခုခုသုံး၍ ထုတ်ရတာဖြစ်သည်။

ပန်းချီဆရာမှတ်ပုံတင်နှင့်ထုတ်လျှင် ဇာတ်လမ်းရေးသူ၏ ကလောင်အမည်ကို ပန်းချီဆရာခွင့်ပြုလျှင် သုံးနိုင်သည်။ တစ်ခါတရံ ခွင့်မပြု၊ ဇာတ်လမ်းကော အရုပ်ပါ သူ့နာမည်ပဲခံသည်။ အမည်မခံပဲ နောက်ကွယ်ကရေးပေးနိုင်လျှင် ရေးပေး၊ နို့မို့ သူနှင့်မထုတ်နှင့်၊ သည်ပုံစံနှင့် ရေးပေးနေကြသော ဇာတ်လမ်းဆရာတွေကလည်း သူ့နှာမှာ ဝိုင်းဝိုင်းလည်နေသည်။

အတိုချုပ်ပြောရလျှင် ဇာတ်လမ်းရှာဖွေရသောဒုက္ခများ ငြိမ်းနိုင်သ၍ ငြိမ်းရန် ကျွန်တော် ဇာတ်လမ်းလေးတွေ ရေးပေးသည်။ ဆယ်ပုဒ်လောက်ရေးမှ တစ်ပုဒ်လောက် ကိုယ့်နာမည်ပါသည်။ ကိစ္စတော့မရှိပါ။ ကျွန်တော်ကလည်း ဒါတွေက အလုပ်ဖြစ်ရုံသာ လုပ်ပေးတာဖြစ်ပြီး ကိုယ့်စိတ်ကြိုက်ကြိုးစားထားတာမဟုတ်သဖြင့် နာမည်ခံခံ မခံခံ အကြောင်းမဟုတ်၊ ရုပ်ပြဇာတ်လမ်းရေးသည့်နေရာမှာ နာမည်တစ်လုံးနှင့် အောင်မြင်ရန်ဟုလည်း ဘာရည်ရွယ်ချက်မှ မရှိ။

မှန်တာပြောရလျှင် ထိုအချိန်ထိ ကိုယ့်ကိုကိုယ်ခံယူထားသည်မှာ ကဗျာဆရာပဲဖြစ်သည်။ စာရေးဆရာ (ဝတ္ထုရေးဆရာ) အဖြစ်ခံယူရန် အားထုတ်ရန်စိတ်ကူးမရှိ။

ထိုအချိန်မှာ ဝတ္ထုလုံးချင်းထုတ်ဝေဖို့ လာကမ်းလှမ်းတာတွေကိုပင် ကျွန်တော် ငြင်းပယ်ခဲ့သည်။ ကျွန်တော်နေထိုင်သည့် ကြို့ကုန်းရိပ်သာ၏ ကားလမ်းအရှေ့ဘက်ခြမ်း၊ အရှေ့ကြို့ကုန်းမှ ကိုမြင့်ဦးက ကျွန်တော့်သူငယ်ချင်း သောင်းထိုက်နှင့်အတူ လာရောက်ပြီး စာမူတောင်းသည်။

သူကျောင်းပြီးဘွဲ့ရချိန်မှာ အလုပ်တစ်ခုလုပ်လိုကြောင်း၊ စာပေဝါသနာပါသူမို့ စာပေအလုပ်ကိုသာလုပ်ချင်ကြောင်း၊ ပထမခြေလှမ်းအနေနှင့် ကျွန်တော့်လုံးချင်းဝတ္ထုများ ထုတ်ဝေလိုကြောင်း၊ ကျွန်တော်က စာမူများကို သင့်တော်သောနှုန်းထားဖြင့် ဉာဏ်ပူဇော်ခ သတ်မှတ်၍ ရေးပေးရန်ပြောသည်။

ထိုအခွင့်အရေးသည် အလွန်ရခဲသော အခွင့်အရေးတစ်ခုမှန်း ကျွန်တော် သိသော်လည်း ကိုမြင့်ဦး၏ ကမ်းလှမ်းမှုကို ကျွန်တော် ငြင်းပယ်လိုက်သည်။ အဓိကအကြောင်းကတော့

သူ့ငွေကြေးအရင်းအနှီးများဆုံးရှုံးမှာစိုး၍ဖြစ်ပြီး နောက်တစ်ကြောင်းကလည်း ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိတာ ဖြစ်နိုင်သည်။ ကျွန်တော်မှတ်မိပါသည်။ ကိုမြင့်ဦးကို ငြင်းခဲ့စဉ်က ကျွန်တော်အောက်ပါအဓိပ္ပာယ်ရသော စကားများကိုပြောခဲ့သည်။

"မလုပ်ပါနဲ့ ကိုမြင့်ဦး။ အလကား ပိုက်ဆံတွေဖြုန်းမပစ်ပါနဲ့။ မှန်တာပြောရရင် ခင်ဗျား လုပ်ချင်တဲ့ လုံးချင်းဝတ္ထုဆိုတာမျိုး ကျွန်တော်တစ်ပုဒ်မှမရေးဖူးဘူး။ ရေးရင် ဖြစ်နိုင်၊ မဖြစ်နိုင်လဲ ကျွန်တော်မသိဘူး။ လုံးချင်းတစ်ပုဒ်ကို လူလက်ခံဖို့ဆိုတာ အတော်ခက်ခဲတဲ့ကိစ္စပါ။ ကျွန်တော်လဲ ထုတ်ဝေသူတစ်ပိုင်းဝင်လုပ်နေတော့ စာအုပ်လောကအကြောင်း သိတန်သလောက် သိပါတယ်။ လုံးချင်းတစ်ပုဒ်အောင်မြင်ဖို့ မလွယ်သလို ရှုံးရင်လဲ အဆုံးအရှုံးက အတော်လေးများပါတယ်"

ကိုမြင့်ဦးက တော်တော်နဲ့လက်မခံ။

"ဟာ … ကိုနွမ်ဂျာရေးလို့ မဖြစ်ဘူးဆိုတာမရှိပါဘူးဗျာ၊ ရှမဝက ချစ်ကိုယ်တွေ့လေးကော၊ စာပေးစာယူ တက္ကသိုလ်မဂ္ဂဇင်းက အလွမ်းတစ်ပွင့် ပန်းတစ်ပွင့်ကော ကျွန်တော်ဖတ်ခဲ့ ကြိုက်ခဲ့တာပါ။ ဒီလက်နဲ့ လုံးချင်းရေးရင် မသကာရင်းရ သုံးအုပ်ပေါ့၊ သုံးအုပ်လောက်ထွက်ပြီးရင် ပရိသတ်လက်ခံသွားမှာ သေချာတယ်။

သို့သော် ဘယ်လိုမှ ကိုယ့်ကိုကိုယ်မယုံရဲတော့ ကျွန်တော့်မှာ ကိုမြင့်ဦးတောင်းဆိုမှုကို လက်မခံခဲ့။ ကိုမြင့်ဦးထုတ်ရင် ရှုံးမှာပဲ ထိုအခွင့်အရေးကို လိုချင်ပေမယ့် ကိုယ့်ကြောင့် တစ်ဖက်လူဆုံးရှုံးရတာမျိုးမဖြစ်ချင်တာ ထုတ်ဖို့လည်း လက်မခံခဲ့။ လုံးချင်းလည်း ရေးမကြည့်ခဲ့။ ရုပ်ပြဇာတ်လမ်းလေးတွေရေးတော့လည်း ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့သာ ဖြစ်သည်။ ကိုယ်ရေးနိုင်လျက်သားနှင့် သူများဆီ တောင်းတောင်းပန်ပန်အပ်နေရတာ အောက်ကျတယ်ဆိုသော မခံချင်စိတ်ကြောင့်သာဖြစ်သည်။

သို့သော် တကယ်ရေးကြည့်တော့ ခံပြင်းစရာတွေ အများကြီးတွေ့ကြုံလာရသည်။ အနုပညာလောကတွင် အောင်မြင်မှုတစ်ခုရထားခြင်းနှင့် မရထားခြင်းကြားမှာ ကွာဟချက်တွေ အရမ်းများသည်။ အနုပညာလောကတွင် နာမည်တစ်လုံးက သိပ်အရေးကြီးသည်။ နာမည်မရှိလျှင် သိပ်မျက်နှာငယ်သည်။

နောင်သောအခါ လုံးချင်းဝတ္ထုဘဝအဖြစ် အတော်အောင်မြင်မှုရသော ဇာတ်လမ်းလေးများကို ထိုစဉ်က ရုပ်ပြဇာတ်လမ်းအဖြစ်ကျွန်တော်ရေးပေးခဲ့ဖူးသည်။

ရုပ်ပြဆရာက ခါးခါးသီးသီးငြင်းသည်။ သူလုပ်နေကျ ဇာတ်လမ်းသမားကလွဲလျှင် မည်သူ့ကိုမျှ မသုံးရဲကြောင်း နာမည်ထိခိုက်စရာရှိလျှင် သူပဲ ထိခိုက်ခံရမှာဖြစ်ကြောင်း လူသစ်တစ်ယောက်၏ဇာတ်လမ်းကိုသုံးပြီး သူမစွန့်စားရဲကြောင်း ပွင့်ပွင့်ပင်ပြောသည်။

ဇာတ်လမ်းကို မကြိုက်လို့လားမေးတော့လည်း ထိုသို့မဟုတ် ဇာတ်လမ်းကို ကြိုက်ပါ

သည်ဟု (ဟုတ်မဟုတ်တော့ မပြောတတ်)ပြောသည်။

ထိုအချိန်မှာ ထိုဇာတ်လမ်းများကို အလင်္ကာရေးပေးနေရခြင်းဖြစ်သည်။ ရုပ်ပြဆရာကကော ထုတ်ဝေသူကကော ပိုက်ဆံတစ်ပြားမှမပေး။ ပိုက်ဆံမရသည့်ကြားက မျက်နှာကငယ်ရသေးသည်။ သုံးလေးပုဒ်လောက် လက်ထဲပြန်သိမ်းထားလိုက်ပြီး ဒီပြင်လူဇာတ်လမ်းကို ပိုက်ဆံပေး၍ သုံးရသည်။ အဲ့ဒါနဲ့ဆရာကောင်းစွာပင် ထိုဇာတ်လမ်းလေးများကို နောင်သောအခါ လုံးချင်းရေး၍ အောင်မြင်သောအခါ ထိုရုပ်ပြဆရာကပဲ ချီးကျူးပေး၍ ထိုဝတ္ထုကို ရုပ်ပြရေးချင်ကြောင်းလာတောင်းသည်။

ကျွန်တော် သဘောထားကြီးကြီး မထားတတ်ပါ။ ထိုဆရာကို "မလုပ်ပါနဲ့ဗျာ ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။ ခင်ဗျားကို ကျွန်တော်စေတနာနဲ့ အလင်္ကာပေးရေးတုန်းက ခင်ဗျားငြင်းခဲ့ဖူးတာ ကျွန်တော်မမေ့ဘူး"ဟု ပွင့်ပွင့်ပင် ပြန်ပြောခဲ့ဖူးသည်။ ထိုမခံချင်မှုများကြောင့်ပင် နောင်သောအခါ လုံးချင်းဝတ္ထုများရေးပြီး ထုတ်ဝေခဲ့ခြင်းဖြစ်၏။

[သရုပ်မဲ့ဖင်း - အတွဲ (၃)၊ အမှတ် (၆)]

၂၀၀၁ ဖေဖော်ဝါရီလ

× × ×

## ၂၀။

တစ်ရက်သောအခါ ကိုသိန်းထိုက်ဆွေက ကျွန်တော့်ကို စကားတစ်ခွန်း ထူးထူးခြားခြားဆိုလာသည်။

"မထူးဘူးဗျာ ကိုနွမ်ဂျာ၊ သူများတွေဆီ စာမူတောင်းရတာ သိပ်မျက်နှာငယ်တယ်၊ ကိုယ့်ဟာကိုယ်ပဲ ရေးထုတ်တာ မကောင်းဘူးလား။ နာမည်ရသွားရင်ပြီးပြီ၊ ဘယ်သူ့မှ အောက်ကျခံစရာမလိုတော့ဘူး"

ထိုအချိန်အထိ ကျွန်တော် ကျွန်တော့်ကို ပြောနေမှန်းမသိ။

"လုပ်လေ ... ကိုသိန်းထိုက်ဆွေ ခင်ဗျားက စကားပြေသမားပဲ၊ သေသေချာချာအားထုတ်ရေးလိုက်ရင် ဘာမဖြစ်စရာရှိမလဲ"

"မဟုတ်ဘူးဗျ ကျွန်တော်ရေးဖို့မဟုတ်ဘူး။ ခင်ဗျားကိုရေးခိုင်းနေတာ။ ကျွန်တော်က စကားပြေသမားဆိုပေမယ့် ဝတ္ထုရေးတာမဟုတ်ဘူး၊ ဆောင်းပါးသမား၊ ဇာတ်လမ်းတွေ အဖွဲ့အနွဲ့ အလှအပတွေက ခင်ဗျားမှရေးတတ်မှာ"

"ဟာ ... ကျွန်တော်က အတိုအထွာလောက်သာရေးတတ်တာ၊ အရှည်မရေးဖူးဘူး"

"ဖြစ်အောင်ရေးကြည့်ပေါ့ဗျာ၊ ကြိုးစားလိုက်ရင် ဖြစ်သွားမှာပါ။ ခင်ဗျားလဲ ဒီသဘောတွေအကိုကြီးနဲ့အများကြီးပြောဆိုဖူးနေတာပဲ"

အစ်ကိုကြီးဟု သူပြောသူမှာ ဆရာငြိမ်းကျော် ဖြစ်ပါသည်။ ဆရာနှင့် ကိုသိန်းထိုက်

ဆွေတို့ကတော့ ဆရာ (ဦး) မြင့်ဆွေကိုအကြောင်းပြုပြီး အရင်ကပင် ရင်းနှီးနေကြသူများ ဖြစ်သည်။

ဟုတ်တော့ဟုတ်သည်။ ကိုသိန်းထိုက်ဆွေ တိုက်တွန်းသော ကာလလောက်ကျတော့ အရင်ကိုမြင့်ဦး တိုက်တွန်းခဲ့သော ကာလများနှင့်မတူတော့။ ကိုမြင့်ဦး တိုက်တွန်းတောင်းဆိုသည့်ကာလများက ဝတ္ထုအကြောင်း။ ဝတ္ထုဖွဲ့နည်း။ တွေးနည်း။ ရေးနည်း။ ဝတ္ထု၏အခြေခံ စည်းမျဉ်း။ ဝတ္ထုကောင်းတို့၏အင်္ဂါရပ်စသဖြင့် ဝတ္ထုဘာသာရပ်များနှင့် ပတ်သက်၍သိပ်များများစားစား မတို့ထိဖူးသေးသည့်အချိန်။

ခု — ကိုသိန်းထိုက်ဆွေတိုက်တွန်းသည့်ကာလကျတော့ ဆရာနှင့်များစွာရင်းနှီးနေပြီဖြစ်သလို ဆရာ့ထံမှ ဝတ္ထုဘာသာရပ်နှင့်ပတ်သက်သော အချက်အလက်များ မြောက်မြားစွာ ကြားနာသင်ယူရရှိပြီးနေပြီ။ တစ်ခါမှ ချမရေးဖူးသေးသော်လည်း စာသင်သားတစ်ယောက်အတန်းထဲမှာ ဆရာ၏သင်ကြားချက်များ နေ့စဉ်ခံယူထားသလို ထပ်ပြန်တလဲလဲ နားရည်ဝလျက် မှတ်မိနေပြီ။

ဆရာက ဂန္ထဝင်ဝတ္ထုကြီးများ။ ဇာတ်တော်ကြီးများ၏ ဇာတ်တည်ဆောက်ပုံ၊ ဇာတ်ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်အထမြောက်အောင် ပုံဖိုးခေါ်ဆောင်သွားပုံ၊ ရသများ ဖန်တီးပုံ၊ ဘယ်လိုကောင်းလို့ ကောင်းတယ်ပြောတာလဲစသဖြင့် အများကြီးရှင်းပြသည်။

သူဝတ္ထုရေးသည့်အခါ ဘယ်လိုစသည်၊ ဘယ်လိုသယ်ဆောင်သည်၊ ဘယ်လိုအဆုံးသတ်သည်။ စကားလုံးသုံးပုံက ဘယ်လို၊ ခေါင်းစဉ်တွေရအောင် ဘယ်လိုဖန်တီးပုံ၊ ဘယ်လိုစုဆောင်းပုံစသဖြင့် လက်တွေ့မျက်တွေ့ကြုံပမ်းမှု၊ အားထုတ်မှု အတွေ့အကြုံသင်ခန်းစာများကိုလည်း မချွင်းမချန် ပြည့်ပြည့်စုံစုံပြောပြသည်။

သူနှင့် ကျွန်တော်ကြားမှာလည်း ဒီအကြောင်းများကလွဲ၍ တခြားပြောစရာသိပ်မရှိ၊ ရံဖန်ရံခါ နိုင်ငံရေးအကြောင်းလေး။ တစ်ခါတရံ မိသားစုကိစ္စလေးများကလွဲ၍သည်အကြောင်းတွေပဲပြောသည်။ သုတေသနကိစ္စများလည်း ပြောဖြစ်သည်။ သို့ပေမယ့် သုတေသနကိစ္စများကျတော့ ဘာအခြေခံမှမရှိသော ကျွန်တော့်အတွက် သိပ်လက်လှမ်းမမီ။

ဆရာလုပ်နိုင်းသဖြင့် ပါဠိစပ်ရာဇဝင်၊ ဘုရားသမိုင်းသုတေသန စာတမ်းတစ်စောင်ပြုစုနိုင်ရန် ကြိုးစားဖူးသော်လည်း ဘုရားသမိုင်းစာအုပ်ငယ်များ အုပ် ၂၀၀ လောက် စုဆောင်းဖတ်ရှုခြင်းသာပြုနိုင်လျက် စာတမ်း၊ စာအုပ်၊ စာစောင်တစ်အုပ်ဖြစ်မလာ။

သုတေသနဘက်က ထင်သလောက်ခရီးမပေါက်သောအခါ ဆရာက ကျွန်တော့်ကို ခရီးသွားစာပေများရေးဖို့လည်း တိုက်တွန်းသည်။ ဒါလည်း ပီပီသသမရေးဖြစ်၊ ဝတ္ထုများရေးသည့်အခါ ခရီးသွားအတွေ့အကြုံလေးတွေ ထည့်ရေးဖြစ်တာလောက်ပဲရှိသည်။

စာရေးဆရာဖြစ်ပြီးနောက် ၁၉၈၅ ခုနှစ်လောက်မှာ ကျွန်တော် ဗုဒ္ဓဂယာခရီးထွက်ခွင့်

ကြုံသည်။ ခရီးသွားမှတ်တမ်းတစ်စောင်တစ်ဖွဲ့လောက် ကျကျနနရေးမည်ဆိုပြီး စာအုပ်စာတမ်းများ၊ ပေပုရပိုဒ်များမှ ကူးယူမှုများ၊ ဓာတ်ပုံများ အများအပြား (ဝီနံအိတ်ကြီး နှစ်အိတ်စာခန့်) စုဆောင်းသည် သို့သော် မရေးဖြစ်။

ကျွန်တော်ပြောချင်သည်မှာ ဘဝမှာ ကံမပါသော သို့တည်းမဟုတ် ဖြစ်ရန်အခွင့်မပါသော အလုပ်အကိုင်၊ ဘဝရပ်တည်မှုများမှ ကြံဖန်လွဲချော်သည်မဟုတ်၊ အကျိုးပေးသည့်စာရေးခြင်း။ အလုပ်တစ်ခုတည်းမှာပင် ပါရမီပါသော အမျိုးအစား "စာ"သာ ရေးနိုင်လျှက် ပါရမီမပါသော အမျိုးအစားကို ကြိုးစားသော်လည်း ဖြစ်ထွန်းအောင်ရေးသားနိုင်ခြင်း မရှိကြောင်း တင်ပြလို၍ဖြစ်သည်။

သို့အတွက် လောကမှာ လူများ၊ လူငယ်များသည် မိမိဘယ်နေရာ၊ ဘယ်အလုပ်၊ ဘယ်အပိုင်းမှာ အကျိုးပေးကြောင်း ထူးချွန်ကြောင်း ပါရမီပါ ထက်မြက်ကြောင်း သိအောင်လုပ်သင့်သည်။ ကိုက်ညီသော အလုပ်ဖြစ်ပါက တိုးတက်အောင်မြင်ရာ၌လည်း သူမတူအောင် ဖြစ်ထွန်းတတ်သော သဘောရှိ၏။

× × ×

မူလစကားစကို ပြန်ကောက်ရလျှင် ကိုသိန်းထိုက်ဆွေ၏ တိုက်တွန်းစကားကြားရချိန်ကျတော့ အချိန်ကျလာ၍လားမသိ၊ ကျွန်တော် ကိုမြင့်ဦး တိုက်တွန်းချိန်ကနှင့် မတူတော့ဘဲ စိတ်ပါလာသည်။ စိတ်အားထက်သန်လာသည်။

"အေးလေ အဲလိုဆိုရင်လည်း ကျွန်တော်ကြိုးစားကြည့်မယ်၊ ရေးပြီးတဲ့အခါ ခင်များလည်းဖတ်ပေါ့။ သုံးလို့ရတော့လဲ သုံးတာပေါ့ဗျာ၊ သုံးလို့မရတော့လဲအရှုံးတော့မရှိပါဘူး။ ရေးဖူးတဲ့ အတွေ့အကြုံတော့ရတာပေါ့ဆိုပြီး အားထုတ်ကြည့်ဖို့ ဆုံးဖြတ်သည်။

သို့သော် စာမူရေးဖို့ ကြိုးစားရင်းနှင့်ပင် စိတ်ကူးတစ်ခုဝင်သည်။ ဒီအတိုင်း အစိမ်းသက်သက်ကြီး ရေး၊ ထုတ်၊ လုပ်လိုက်လျှင် သူ့ဟာနှင့်သူ နိုင်ပြီးသားဖြစ်နေသော စာပေလောကထဲ ထိုးဖောက်ဖို့ သိပ်ခက်နိုင်သည်။

ထိုအချိန်မှာ စာအုပ်လောကသည်တစ်ဦးချင်း ဝယ်ဖတ်သောခေတ်မဟုတ်တော့။ ဆရာအောင်လင်းတို့ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့ခေတ်က ဆရာအောင်လင်း၏ "အရိုင်းစံပယ်" အကြောင်းကြားဖူးသည်။ ဆရာ့ "အရိုင်းစံပယ်" ဝတ္ထုသည် စာဖတ်ပရိသတ်အရမ်းကြိုက်၍ အရမ်းရောင်းရကြောင်း ဝယ်ဖတ်သူတွေများလွန်း၍ ရိုက်မလောက်ဖြစ်ရကြောင်း နောက်ဆုံး စာစီ၊ ဖောင်ဖွဲ့ပြီး ပုံနှိပ်ဖို့အလျဉ်မမီတော့သဖြင့် တစ်မျက်နှာချင်း ဘလောက်တုံးများပြုလုပ်ကာ ဖောင်ဖွဲ့ထားပြီး တစ်ဖောင်ကျ၊ တစ်ဖောင်တင် ရိုက်ရကြောင်း။

ဗိုလ်ချုပ်လမ်းပေါ်က သုံးထပ်တိုက်တန်းလျားကြီးမှာ ချိတေးသံ စာအုပ်တိုက်က

"အရိုင်းစံပယ်"တစ်အုပ်တည်း ရောင်းရ မြတ်ရငွေနှင့် ဆောက်ခဲ့တာဖြစ်ကြောင်း လက်ဆင့်ကမ်းပြောသည့်စကားများကြားဖူးသည်။

အလားတူ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလိုပဲ ဆက်၍ခေါ် မည်နိုင်" တို့ "နွေကန္တာဦး"တို့ ရိုက်မလောက် ရောင်းမလောက်၊ စောင်ရေ သုံးလေးငါးသောင်း ရိုက်ရကြောင်း ဖတ်ရကြားရသည်။

ကျွန်တော်တို့ လုံးချင်းထွက်ဖို့ ကြိုးစားသည့်အချိန်မှာ ဒီလိုရိုက် ဒီလိုရောင်းရသည့် စာရေးဆရာတွေအကြောင်းမကြားရတော့၊ သိပ်ရောင်းရလှသည်ဆိုသော ဆရာ "မင်းသိန်း" တို့ "ဆွေလိုင်ဦး"တို့ပင်လျှင် စောင်ရေ ၄၊ ၅၊ ၆ထောင်ပဲ ရှိတော့သည်။

တစ်ဦးချင်း ဝယ်ဖတ်သော အလေ့ကလည်း ရှားသွားသည်။ စာအုပ်ဈေးနှုန်း ကြီးမြင့်လာတာနှင့်အမျှ ဝယ်လည်းမဖတ်နိုင်တော့။ များသောအားဖြင့် အငှားဆိုင်မှတစ်ဆင့်သာ ငှားရမ်းဖတ်ရှုကြတော့သည်။

သုတေသနသမားဖြစ်သော ဆရာငြိမ်းကျော်တို့၏ လေ့လာချက်များအရ မြန်မာပြည်မှာ အငှားဆိုင်စေ့တစ်ဆိုင်တစ်အုပ်တင်လျှင် အုပ် ၃၀၀၀ ကုန်သည်ဟု ဆိုသည်။ ဆိုင်စေ့ဆိုရာတွင် အသစ်တင်သော မြို့ပေါ်ဆိုင်များကို ဆိုလိုသည်။ နယ်ဆိုင်၊ ရွာဆိုင်လေးတွေကျတော့ များသောအားဖြင့် အသစ်မတင်။ ဆိုင်ပြန်၊ ဆိုင်ကျန် အဟောင်းတစ်ပတ်ရစ်များသာတင်သည်။

သို့အတွက် မြန်မာပြည်မှာ စောင်ရေ ၃၀၀၀ ကုန်လျှင် Best Seller စုပါစကားဟု သတ်မှတ်သည်။ တချို့စာအုပ်တွေကျတော့ အသစ်ထွက်လျှင် ဆိုင်မှာတစ်အုပ်ပဲ တင်၍မရ ဖတ်ချင်သူတွေက ကြိုတင်စာရင်းပေး ဘုတ်ကင်လုပ်၍ တန်းစီနေသည်။

ထိုအခါ အငှားဆိုင်က ထိုစာအုပ်မျိုးကို ထွက်ထွက်ချင်း ဆယ်အုပ်၊ ဆယ့်နှစ်အုပ်၊ ဆယ့်ငါးအုပ် စသဖြင့် တင်သည်။ တချို့ကို အုပ်နှစ်ဆယ်၊ အစိတ်တင်ရသည်။ တစ်ပတ်ဆယ်ရက်ငှားပြီးလျှင် အရောင်းဆိုင်ကို ပြန်သွင်း။ အသစ်ဈေးထက် နည်းနည်းလျှော့ဝယ်ပြီး အသစ်ဈေးထက် နည်းနည်းလျှော့၍ ပြန်ရောင်းသည်။ အငှားဆိုင်မှ ပြန်လာသောကြောင့် ထိုစာအုပ်များကို "ဆိုင်ပြန်"ဟု ခေါ်သည်။

ထို "ဆိုင်ပြန်"ကို ချောင်ကျကျရပ်ကွက်၊ ရွာ စသည်တို့က အငှားဆိုင်လေးများကဝယ်သည်။ အငှားဆိုင်မှာ ငှားသည်။ စာအုပ်ဆိုသည်ကလည်း မဖတ်ရသေးလျှင် အသစ်မို့ ထိုဆိုင်ပြန်များကိုလည်း ပရိသတ်က ငှားသည်၊ ဖတ်သည်။

အသစ်ထွက်ပြီး ၁၄၊ ၅ ရက်အကြာမှာ ဖတ်ရတာမို့ သိပ်လည်းအဟောင်းမဟုတ်သေး။

ထိုသို့ ဆိုင်ပြန်ဖြစ်သည်အထိ အငှားရဆုံးသောစာအုပ်များကျတော့ တစ်ဆိုင်တစ်

အုပ်မဟုတ်တော့ဘဲ အုပ်ပိုတွေတင်ရသည်၊ ဝယ်ရသည်မို့ ထိုဆရာတို့၏စောင်ရေသည် ၃၅၀၀၊ ၄၀၀၀၊ ၄၅၀၀၊ ၅၀၀၀၊ ၅၅၀၀၊ ၆၀၀၀ စသဖြင့် ရူပဲ ... ရူပါ ... ဘက်ဆဲလားတွေ ဖြစ်ကုန်သည်။

စာအုပ်တွေရောင်းရသည်နှင့်အမျှ စာမူခတွေလည်း ကြောက်ခမန်းလိလိ မြင့်တက်လာသည်။ အကြမ်းအားဖြင့်ကတော့ အုပ်ရေ ၁၀၀၀ ကုန်လျှင် စာမူခ (၁၀)ရာခိုင်နှုန်း။ ၁၅၀၀ ကုန်လျှင် (၁၅) ရာခိုင်နှုန်း။ ၂၀၀၀ ကုန်လျှင် (၂၀) ရာခိုင်နှုန်း။ ၃၀၀၀ ကုန်လျှင် (၃၀) ရာခိုင်နှုန်း။ ၄၀၀၀ ကုန်လျှင် (၄၀) ရာခိုင်နှုန်း။ ၄၀၀၀ အထက် ၅၀၀၀၊ ၆၀၀၀ စသည်တို့ကိုလည်း (၄၀) ရာခိုင်နှုန်းဖြင့် ပုတ်ပြတ်သတ်မှတ်သည်။

ဥပမာ - အုပ်ရေ ၄၀၀၀၊ စာအုပ်တန်ဖိုး ၁၀၀ ကျပ်ဆိုလျှင် ထိုနှစ်ခုမြှောက်ပါက ၄၀၀,၀၀၀ (လေးသိန်းကျပ်)၊ (၄၀) ရာခိုင်နှုန်းဆိုလျှင် ၁၆၀,၀၀၀/ ။ စာအုပ်တန်ဖိုး နှစ်ကျပ်ခေတ်ကနေ ၁၀၀ ကျပ်ဖြစ်သွားတာမြန်သည်။ ခုကျတော့ ၁၀၀၀ ကျပ်ပင်မကတော့။ ထိုနှုန်းနှင့်ဆိုလျှင် စာမူခ (၁၆) သိန်းဖြစ်နေပြီ။

ကျွန်တော် စာအုပ်ထုတ်ဖို့ ကြိုးစားခါစက အုပ်ရေ ၃၀၀၀ကုန် စာရေးဆရာတစ်ယောက်၏ စာမူခမှာ ၁၈၀၀၀/ (တစ်သောင်းရှစ်ထောင်ကျပ်)သာရှိသည်။ စာအုပ်တန်ဖိုးက ၂၀ ကျပ်။ စာမူခ တစ်သောင်းရှစ်ထောင်ကျပ်ရှိစဉ် ရွှေဈေးက ၁၄၊ ၁၅ ရည်ကို တစ်ကျပ်သား ၁၅၀၀ ကျပ်ခန့်ရှိသည်။ စုစုပေါင်း ရွှေ (၁၂)ကျပ်သား ဝယ်၍ရသည့်စာမူခ။

မာဇဒါ၊ ပရက်စတို၊ ပစ်ကပ် သဘော်သွားကားလေးတွေ ဝယ်စီးလျှင် ယာယီနံပါတ် သဘော်ချကို ကျပ် တစ်သိန်းတစ်သောင်းခန့်သာရှိသည်။ ၁၉၈၀ ပတ်ဝန်းကျင် "က" နံပါတ် အချိန်က။

အံ့ဩစရာပင်ကောင်းသေးတော့သည်။ အသစ်တုန်းက တစ်သိန်းသာသာလေးသာရှိသော ထိုကားများသည် နှစ်ပေါင်း (၃၀) လောက် နိုင်း။ သုံးပြီး ခေတ်စကားနှင့်ပြောလျှင် ရှုပြီနေပြီဖြစ်သော "က" နံပါတ် ကားအစုတ်များကျတော့ ဆေးလေး၊ ဘာလေး သစ်သစ်လွင်လွင် မှုတ်ထား။ သုတ်ထားလျှင် သိန်း (၆၀)၊ သိန်း (၇၀) လောက်တန်နေသည်။

ရွှေ (၁၂) ကျပ်သားကို ကာလပေါက်ဈေးနှင့်တွက်လျှင် သိန်း (၆၀) အထက်မှာရှိသည်။ သို့သော် ထိုအချိန်မှာ စာရေးဆရာများအတွက် ဆုံးရှုံးသွားသည့်ကိစ္စတစ်ခုကတော့ မိမိရေးသားသော ဝတ္ထုတစ်ပုဒ် လူကြိုက်များသွားသည့်အတွက် ရိုက်မလောက်၊ ရောင်းမလောက်ဆိုတာမျိုး မဖြစ်တော့။

အငှားဆိုင်၏ ဝယ်အားဖြင့် ပုံသေလိုဖြစ်နေသော စောင်ရေအတိုင်းသာ ရောင်းရ၊ ရိုက်ရသည်။ လူကြိုက်များ၊ နာမည်ကြီးသွားတာက စာဖတ်ပရိသတ်များ ဖတ်ပြီးမှဖြစ်ရာ ထိုအချိန်မှာ စာအုပ်ရောင်းချိန်က ကုန်နေပြီ။ လုံးချင်းဝတ္ထုတစ်ပုဒ်၏ရောင်းရက်သည် ၁၅

ရက်၊ ရက်နှစ်ဆယ်သာ ရှိသည်။

ဒါတွေက ရောင်းရသည့်ကိစ္စများဖြစ်သော်လည်း ထိုစာရင်းထဲမဝင်ပဲ လူးလိမ့်ခံနေရသည့် မရောင်းရသူတွေ ဘက်ဆဲလားမဟုတ်သူတွေအများကြီးရှိသည်။ အငှားဆိုင်က ဝတ္ထုစာအုပ်ဝယ်တင်လျှင် ခန့်မှန်းခြေ လ ၂၀ သို့မဟုတ် ရက်နှစ်ဆယ်လောက် ငှားဖတ်ခံရမှ အရင်းကျေသည်။

ရက် ၂၀၊ လ ၂၀ ငှားရလျှင် အရင်းရပြီ။ အနည်းဆုံး စာအုပ်မြတ်ပြီး ကျန်ခဲ့သည်။ ဆက်ငှားရလျှင်လည်း ငှားရသလောက် ပိုက်ဆံမြတ်သည်။ သို့အတွက် လ ၂၀ သို့မဟုတ် ရက် ၂၀ မှ မငှားရနိုင်သည့်စာအုပ်မျိုးကို တင်ကိုမတင်တော့။ ပရိသတ်မမေးမမြန်း တင်ပါဟု မတောင်းဆိုသည့်စာအုပ်မျိုး စိတ်ကူးဖြင့်တောင် မတင်။ ထိုအခါ ဘာဖြစ်သနည်း။

စာရေးဆရာ အသစ်တစ်ယောက် တက်လာဖို့ခက်သည်။ နာမည်သစ်ဖြင့် ထုတ်လာ၊ ထွက်လာသော စာရေးဆရာလူသစ်၏ စာအုပ်ကို ဘယ် စာဖတ်ပရိသတ်ကမှ မမေး၊ မမြန်း ဆိုင်မှာတင်ပေးပါဟု မတောင်းဆို။ လူသစ်တစ်ယောက် ဝင်လာဖို့ခက်သည်။

စာရေးဆရာအသစ်တစ်ယောက်ရေးပြီး ထုတ်မည့်လုံးချင်းဝတ္ထုတစ်ပုဒ် တစ်အုပ်သည် အခန့်မသင့်လျှင် မြန်မာတပြည်လုံးဖြန့်ချိ၍ ၁၀အုပ်ပြည့်အောင် မရောင်းရသည့် စာအုပ်တွေရှိသည်။ ကျွန်တော်မျက်စိဖြင့် တပ်အပ်မြင်ဖူးသည့် စာအုပ်တစ်အုပ်ဆိုလျှင် မြန်မာတစ်ပြည်လုံး ၃ အုပ်ပင်မကုန်။

လုံးချင်းဝတ္ထု၏သဘောက အုပ် ၁၀၀၀ ထုတ်၍ အုပ် ၄၀၀ လောက်ကုန်လျှင် အရင်းပြန်ရသည်။ အကုန်လုံးကုန်လျှင် ၁ ကျပ်ရင်း ၁ကျပ်မြတ်သလိုမြတ်သည်။ ထို့အတွက် ၁၀၀၀ ရိုက်၍ ၆၀၀၊ ၇၀၀ကုန်လျှင်ပင် ထုတ်ဝေသူက ထိုစာရေးဆရာကို တလေးတစားနှင့် ခန့်ခန့်ညားညား ဆက်ဆံတန်ဖိုးထားတော့သည်။ အုပ် ၃၀၀၀ ရိုက်ရ၊ ကုန်ရလျှင်တော့ ဘာပြောကောင်းမလဲ။ အဲ ... စာရေးဆရာ အသစ်တစ်ယောက်ကို ထုတ်ပေးပါဆိုလျှင် အမလေး။ အဘလေး တမတတ် ကြောက်လန့်၏။

× × ×

ကိုသိန်းထိုက်ဆွေက ကျွန်တော့်ကို လုံးချင်းစွန့်ထုတ်ဖို့ တောင်းဆိုသောအခါ ကျွန်တော် စဉ်းစားရပြီ။

ဆရာငြိမ်းကျော်ပြောလေ့ပြောထရှိသည့် စကားတစ်ခွန်းရှိသည်။ **"အနုပညာသမားဆိုတာ တာထွက်သိပ်အရေးကြီးတယ်။ တာထွက်ကောင်းမှ အောင်မြင်နိုင်တယ်။ တာထွက်မကောင်းရင် ပြီးရော တစ်သက်လုံးဦးကျိုးသွားရော"**

စာရေးဆရာအသစ်တစ်ယောက်၏စာအုပ် ပွဲဦးထွက်မှာ ကျဲပြီဆိုလျှင် ထုတ်ဝေသူ

နစ်နာသည်က ငွေကြေးသာဖြစ်သည်။ ပိုက်ဆံဆိုတာပြန်ရှာ၍ရသည်။ စာရေးဆရာနစ်နာဆုံးရှုံးမည်က အနုပညာလမ်းစဖြစ်သည်။ ပွဲဦးကျိုးလျှင် လမ်းစပျောက်ဖို့ များသည်။

သည်အတွေးက ဖိစီးသဖြင့် ကိုသိန်းထိုက်ဆွေတိုက်တွန်းသလို တစ်ဦးတည်း တစ်ပင်တိုင်လုံးချင်းထုတ်ဖို့ ကျွန်တော် မငံ့ရဲ။ ကျွန်တော်လည်း စာအုပ်ထွက် ပရိသတ်နှင့် မိတ်ဆက်နိုင်ရမည်။ လုပ်ငန်းအားဖြင့်လည်း သိပ်အဆုံးအရှုံးမရှိနိုင်သောနည်းလမ်း။

စာရေးဆရာအသစ်များ အဘယ်ကဲ့သို့ အောင်မြင်သွားကြပါသနည်း။ ကျွန်တော့် ရှေ့မှာ အောင်မြင်သွားသော စာရေးဆရာများအကြောင်း လက်လှမ်းမီသလောက် လေ့လာကြည့်သည်။ ဆရာငြိမ်းကျော်သည် မဂ္ဂဇင်းများမှတစ်ဆင့် ပရိသတ်များ၏ အားပေးနစ်သက်မှုကို ခံယူပြီးမှ လုံးချင်းလောကဒ္ဓ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြောက်များလှစွာသော ဝတ္ထုတိုတွေ ရေးခဲ့သည်။ ထို့နောက် ရှမဝမဂ္ဂဇင်း ဝတ္ထုရှည်ရေးသည်။ "ပဉ္စမမြောက်ဆောင်းရက်များ"

ကျွန်တော်တို့ အပါအဝင် ပရိသတ်များအရမ်းကြိုက်သည်။ ထို့နောက် "အချစ်သမ္မာကျမ်းစာသစ်" ရှမဝမဂ္ဂဇင်းဝတ္ထုရှည်တွေ ဖြစ်သည်။ ပြီးတော့မှ လုံးချင်းဝတ္ထုထွက်သည်။ "နလုံးသားမြို့ဟောင်း တူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ" ထိုတစ်အုပ်တည်းနှင့် ဆရာငြိမ်းကျော် ဈေးကွက်ထဲမှာပေါက်သွား အောင်မြင်သွားသည်။

ထို့နောက် ဆရာနိုင်ဝင်းဆွေ "မဟူရာမေတ္တာ" "နွေတစ်ည" "မသိန်းရှင်ဆီ ပို့ပေးပါ" ရှမဝအခန်းဆက်ဝတ္ထုရှည်များ။ မဂ္ဂဇင်းမှာလူကြိုက်များပြီးမှ လုံးချင်းထွက်လည်း တစ်အုပ်မကျန်အောင်မြင်သည်။ တာထွက်ကောင်းသည်။ ကျွန်တော့်မှာ ဆရာတို့လောက် ဝက်ဝက်ကွဲကြိုက်နိုင်သော ဝတ္ထုမျိုးရေးနိုင်၊ မရေးနိုင် မသိ။ ရေးပြီး ရှမဝပို့ဖို့ဆိုတာလည်း ရှေ့မှာ ဝတ္ထုတိုတို့ဘာတို့ လိုင်လိုင်ရေးထားတာမရှိ။ ခုမှရေးပြီး မဂ္ဂဇင်းမှာ ဝင်တန်းစီဖို့ဆိုတာကလည်း နောက်ထပ်နှစ်နှင့်ချီ၍ ကြာသွားမည်။ မဖြစ်။

နောက်တစ်နည်းစဉ်းစားရသည်။ မဂ္ဂဇင်းမှာ လူသိများအောင်လုပ်ရခြင်းမှာ မဂ္ဂဇင်းသည် လုံးချင်းလို တစ်ပင်တိုင်မဟုတ်။ ပရိသတ်လက်ခံရင်းနှီးပြီးသော ကလောင်ကောင်းများပါသည်။ စာဖတ်ပရိသတ်သည် မဂ္ဂဇင်းကို စာရေးဆရာတစ်ဦးဦးကိုအကြိုက်ထား၍ ဝယ်ဖတ်ငှားဖတ်တာမဟုတ်၊ ကြိုက်နေကျစာရေးဆရာများပါနေကျစာအုပ်မို့ ဝယ်ဖတ်ငှားဖတ်ရာက ထူးထူးခြားခြားလက်ရှိသော ကလောင်များကို သတိပြုနစ်သက်သွားကြခြင်းဖြစ်သည်။

ကိုယ့်စာလည်း ပရိသတ်လက်ရောက်အောင် ကိုယ့်ရယ်လို့ သတ်သတ်မှတ်မှတ် ဝယ်ဖတ် ငှါးဖတ်တာမဟုတ်ဘဲ သူတို့ကြိုက်သော စာရေးဆရာကိုဖတ်ဖို့ ဝယ်ရင်းငှါးရင်း ကိုယ့်ကို ဖတ်ဖြစ် လေ့လာဖြစ်သွားအောင် ဘာလုပ်မလဲ။

နာမည်ကြီး စာရေးဆရာတစ်ယောက်နှင့် တွဲထုတ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို နာမည်ကြီးဆရာကလည်း အဝေးကြီး သွားရာစရာမလို။ ထိုအချိန်မှာ အချစ်ဝတ္ထု၊ လုံးချင်း ဝတ္ထုလောက၌ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော ဆရာငြိမ်းကျော်ရှိ သည်။ သူ့ဝတ္ထုဆိုလျှင် သူ့ပရိသတ်က ဖတ်မည်။ ထိုအထဲတွင် ကျွန်တော့် ဝတ္ထုလေးကပ်ပါ သွားသောအခါ အမြည်းသဘောမျိုးဖြစ်ဖြစ် ကျွန်တော့်ကို ဖတ်ကြည့်မည်။ သူတို့ကြိုက်လျှင် ကျွန်တော်အရည်တည်တံ့နိုင်သည်။

ထိုစိတ်ကူးကို ကိုသိန်းထိုက်ဆွေအား ပြောပြသောအခါ သူကလည်း သဘောကျ သည်။ ကျွန်တော်တို့နှစ်ယောက်သား ဆရာ့ဆီသို့တက်၍ အကျိုးအကြောင်းပြောသည်။

ဆရာကလည်း သဘောကျသည်။

"ဒီလိုလုပ်ကွာ နှစ်ယောက်တည်းမလုပ်နဲ့၊ မြိုင်သွားအောင် သုံးယောက်တွဲလုပ်။ နောက်တစ်ယောက်က ဆရာသာခုသား သုမောင်တို့ မောင်ဝဏ္ဏတို့ရဲ့ညီ မင်းလူကိုထည့်။ မင်းလူကို ငါပြောပေးမယ်"

ထိုအချိန်မှာ မင်းလူကို ဆရာဒီလောက်ရင်းပြနေစရာမလို။ ကျွန်တော်တို့က မင်းလူ၏ ထွက်ပြီးလုံးချင်း ပန်းကျောင်းတို့ ဘာတို့ ဖတ်ပြီးကြိုက်ပြီးနေပြီ။ ရွှင်ရွှင်လေးနှင့် ချစ်စရာ ကောင်းသော ဝတ္ထုလေးများ ရေးတတ်သည့် မင်းလူနှင့်တွဲရမည်မို့ ကျွန်တော် သဘော ကျပျော်ရွှင်သွားသည်။ တစ်ရက်မှာ ဆရာက မင်းလူကိုပါ သူ့အိမ်ခေါ်ကာ ကျွန်တော်တို့နှင့် တွေ့ပေးပြီး စာမူခ သတ်မှတ်၊ စာမူပြီးရက် သတ်မှတ်လုပ်ပေးသည်။

"မင်းမှာကော ရေးပြီးသားရှိလို့လား"

ကျွန်တော် ရယ်ကျဲကျဲနှင့် ခေါင်းခါရင်း

"မရှိသေးဘူးဆရာ၊ ခုမှရေးရမှာ"

"မအေပေး...ဒီမှာပဲ့ကောင် ဒီကိစ္စမှာ မင်းကို မိတ်ဆက်ပေးဖို့က အဓိကကွ။ သွား မြန်မြန်ရေး၊ ရေးပြီး ငါ့ပြ ငါကြည့်ပေးမယ်"

ကျွန်တော့်မှာ ထီဆုကြီးများဆက်တိုက်ပေါက်သလို ဖြစ်ခဲ့ရသည်။ ထိုအခါကျမှ ကျွန်တော့်ပထမဆုံးဝတ္ထုရှည် "အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ" ကို စရေးရခြင်းဖြစ်၏။

* * *

အမှန်တော့ သည်အချိန်ကစ၍ ကျွန်တော့်စာပေဘဝခရီးကို အစပြုခဲ့ခြင်းဖြစ်သည်။

တစ်ခါမှ ဝတ္ထုရှည်မရေးဖူးသော ကဗျာရေးသူတစ်ယောက် ဘဝကနေ လုံးချင်းဝတ္ထု အုပ်ရေ ၁၀၀ နီးပါးရေးသားအောင်မြင်သော စာရေးဆရာတစ်ယောက်ဘဝသို့ ကူးပြောင်း သွားရခြင်း၏ အစသည် ဤနေရာပဲ ဖြစ်ပါ သည်။ စာပေဝါသနာပါသူများ၊ စာရေးချင်သော

သူများ စာရေးဆရာတစ်ယောက်၏ဘဝကို စူးစမ်းလိုသူများအတွက် ကျွန်တော့် စာပေဘဝ ခရီးရှည်ကြီးသည် ထိုက်သင့်သလောက် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

သို့သော် ဤဆောင်းပါးသည် ကျွန်တော့်စာပေဘဝခရီးဆောင်းပါးမဟုတ်။ ကျွန်တော့် ဘဝတွင်ဖြတ်သန်းခဲ့ရသော တက္ကသိုလ်ကျောင်းသားဘဝခရီး တစ်စိတ်တစ်ပိုင်းမျှသာဖြစ် သည်။ သို့အတွက် ယခုကျွန်တော်ရေးနေသော "တို့လျှောက်ခဲ့ရာလမ်းကန္တာရဝယ်" အခန်း ဆက်ဆောင်းပါးရှည်ကြီးတွင် ထိုစာပေဘဝများအကြောင်းကို မထည့်သွင်းလိုတော့။

အကယ်၍ အလျဉ်းသင့်အခွင့်သာပါလျှင်မူကား ထို"ကျွန်တော့် စာပေဘဝခရီး"ကို ဆောင်းပါးတိုများပုံစံနှင့်ဖြစ်ဖြစ်၊ ဆောင်းပါးရှည်ကြီးပုံစံနှင့်ဖြစ်ဖြစ် ထပ်မံရေးသားဖြစ်ရန် ကြိုးစားဦးမည်ဖြစ်ပါသည်။

ယခုအခါမှာတော့ "တို့လျှောက်ခဲ့ရာလမ်းကန္တာရဝယ်" ဆောင်းပါးရှည်ကြီးကို ကံ့ကော် တောကို စွန့်ခွာခဲ့ခြင်းအကြောင်းနှင့်အတူ နိဂုံးချုပ်နိုင်ရန် ကြိုးစားရပေတော့မည်။

တက္ကသိုလ်စာပေးစာယူသင်တန်းမှနေ သိပ္ပံတွဲ (ရူပဗေဒ) အောင်မြင်သောအခါ "မဟာသိပ္ပံသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသည်"ဆိုသော အဓိပ္ပာယ်ဖြင့် အောင် စာရင်းမှ နာမည်အဆုံးတွင် ခရေပွင့်လေးတစ်ပွင့်ပါခဲ့ကြောင်း ရှေ့မှာပြောပြခဲ့ပြီ။

ထိုခရေပွင့်လေးကို အကြောင်းပြု၍လည်းကောင်း၊ စက်မှုတက္ကသိုလ်ကို စွန့်ခွာခဲ့ရ စဉ်က ဆရာများပြောခဲ့သော "မင်းဒီတစ်သက်မှာ နေ့ကျောင်းပြန်တက်ဖို့တော့ စိတ်မကူးနဲ့ တော့ကွာ"ဆိုသော စကားလေးကို ဆန့်ကျင်ပုန်ကန်ခွင့်ရပြီး နေ့ကျောင်းပြန်တက်ခွင့်ရခြင်း ကို တမင်လုပ်ချင်၍လည်းကောင်း၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ကံ့ကော်တောကြီးဝယ် ကျွန်တော်မဟာသိပ္ပံကျောင်းသားဖြစ်လာခဲ့သည်။

အမ်အက်စ် မဟာသိပ္ပံတန်းကို ရူပဗေဒအဓိကဘာသာဖြင့် နျူကလီးယားပညာရပ်ကို တွဲကာ ကျွန်တော်တက်ခဲ့သည်။ ထိုအချိန်မှာ "အချစ်ဆုံးသူရဲ့ အဝတ္ထုပွတ္တိ" ပြီးနောက် "ရက်ရွေးမနေပါနဲ့ ကိုကိုရယ်" "မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်" စသည်ဖြင့် လုံးချင်းဝတ္ထု လေးများ တစ်အုပ်ပြီးတစ်အုပ် ထွက်နိုင်လာခဲ့သည်။

"အချစ်ဆုံးလည်း ဖြစ်ခဲ့ဖူးပါတယ်" အမည်ရှိ ဝတ္ထုကိုရေးနေဆဲမှာပင် တစ်ဘက်က လည်း မဟာသိပ္ပံ(ရူပဗေဒ)တန်းမှ ကျောင်းသင်ခန်းစာများကလည်း အတော်ခရီးရောက် အောင်သင်ကြားနေရပြီဖြစ်သည်။

နောက်အခြားတစ်ဘက်မှာလည်း ကျွန်တော်ပြန်လည်သင်ကြားနေပြီဖြစ်သော ကျူရှင်ကလည်း ကျောင်းသူကျောင်းသားအများအပြားဖြင့် စည်ကားအလုပ်များနေပြီဖြစ် သည်။

သည်အတိုင်း သုံးပွင့်ဆိုင်ခရီးကြီးဖြင့် ကျွန်တော်မနိုင်မနင်း ရှေ့ဆက်သွားဖို့ မဖြစ်နိုင်

ဟု တွေးမိသည်။

သုံးခုစလုံးကလည်း ကျွန်တော့်ဘဝမှာ ကျွန်တော်ဖြစ်ချင်လွန်းသဖြင့် ကြိုးစားထားခဲ့ရသောကိစ္စများဖြစ်သည်။ သို့သော် စာပေဘဝကလည်း စာပေဘဝအလျောက် ကျွန်တော် ဖိဖိစီးစီးကြိုးစားရမည့်အရာတွေရှိသည်။ ကျွန်တော်စာတွေ ဖတ်ရမည်။ ခရီးတွေ ထွက်ရမည်။ လူတွေ ပတ်ဝန်းကျင်တွေကို ကျွန်တော်လေ့လာရမည်။ ဆရာသင်ပြထားသောကြောင့် ကျွန်တော်အပတ်တကုတ် ဖြည့်ဆည်းကြိုးစားရမှာတွေအများကြီးရှိသည်။

မဟာသိပ္ပံသင်တန်းကလည်း "မဟာ" ဆိုသည့် ဘွဲ့ထူး၊ ဂုဏ်ထူးနှင့်အညီ အနည်းဆုံး ဆရာတစ်ဆူဖြစ်အောင် ထူးချွန်ပြည့်စုံအောင်တော့ ကျွန်တော် ဖိဖိစီးစီးကြိုးစားရမည်။ မဟာမှာထူးချွန်လျှင် ပါရဂူတွေဘာတွေလည်း ဆက်ဖြစ်ချင်ဦးမည်။

ကျူရှင်ကတော့ သိပ်ပြဿနာမရှိ။ ယခုကောသာ ကျွန်တော်မေးထားဦးမှာဖြစ်လျက် နောင်ကိုစွန့်ခွာဖို့ ကျွန်တော်ဆုံးဖြတ်ပြီးသား။ စာရေးဆရာဘဝနှင့်မဟာသိပ္ပံကိုကြိုက်ရာ ရွေးတော့ဟု ကိုယ့်ကိုယ်ကိုယ်ပြောသည်။ ကျွန်တော် မဟာသိပ္ပံကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်သည်။ စာပေဘဝကို ကျွန်တော်ပိုမြတ်နိုးသည်။ ရတောင့်ရခဲလှသော ဘဝတစ်ခုကို ကံအားလျော်စွာ ကျွန်တော်ရယူပိုင်ဆိုင်နိုင်ခွင့်ရှိနေခဲ့ပြီ။

ကျွန်တော် ဖြတ်သန်းခဲ့ရသည်မှာ ကြမ်းတမ်းပင်ပန်းသော ကန္တာရခရီးတမျှ ခက်ခဲသော ခရီးကန္တာရတစ်ခုဖြစ်၏။ ထိုခရီးကို ကျွန်တော်ဖြတ်သန်းခဲ့ရာ၌ အားပြုကြိုးစားရန်းကန်ခဲ့ရသည်မှာလည်း စာပေကျေးဇူးတွေ အများကြီးပါခဲ့သည်။

မှားခါနီး၊ မှားပြီး အခြေအနေများကနေ ပြန်တည့်မတ်ပြီး လျှောက်လှမ်းခဲ့ရသည်မှာလည်း စာပေ၏လမ်းညွှန်မှုများကြောင့်ပင် ဖြစ်သည်။ သို့အတွက် စာပေကို ကျေးဇူးတုံ့ပြန်ရမည်။ စာပေ၏ ကျေးဇူးကို ကျွန်တော့်လိုပဲ လမ်းလွဲသွားသော လမ်းလွဲလုလုဖြစ်နေသော ကန္တာရခရီးမှာ ဝေ့လည်လည်ပင်ပန်းနေသော လူငယ်များခံစား စံစား၍ ကန္တာရခရီးထဲမှနေ ဘဝအတွက် ထင်ထင်ရှားရှား ခြေရာလေးတွေ ထင်ချန်ထားနိုင်အောင် ကျွန်တော်လမ်းပြပေးရမည်။

ထိုခက်ခဲသော လမ်းကန္တာရထဲမှာပင် ကျွန်တော်သည် ထင်ရှားသော ခြေရာလေးတွေ ချထားနိုင်အောင် ကြိုးစားခဲ့ရသည်။ ဒါကြောင့်လည်း သည်ဘဝမှာ ကျွန်တော်မွေးဖွားရကျိုးနပ်ခဲ့သည်ဟု ခံယူမိသည်။

ထိုသို့ စဉ်းစားပြီးသည်နှင့် မဟာသိပ္ပံ (ရူပဗေဒ) စာသင်ခန်းထဲမှနေ ကျွန်တော်ထွက်ခွာခဲ့သည်။ လျှောက်လာခဲ့ရာလမ်းတွင် သိပ္ပံခန်းမကြီးကို ဖြတ်လျှောက်ရသည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးကို လှမ်းနှုတ်ဆက်သည်။ ကျွန်တော့်ကို ကြင်နာစွာ ကိုင်းကြည့်နေသည့် သစ်ပုတ်ပင်ကြီးက ပြုံးပြနေသည်။ ခုခါမှာ ပါးပါးသာကျွန်တော့်သည် ကံ့ကော်တောက လွမ်း

စရာ ကောင်းနေလိုက်တာ။ အဓိပတိလမ်းကြီးက ဖြူးဖြောင့်နေဆဲ။ တက္ကသိုလ် အပန်း ဖြေရိပ်သာဘက်ကူးလိုက်သည်။ သည်ဘက်မှာ ဂျပ်ဆင်ခန်းမ၊ သည်ဘက်မှာ သီရိဆောင်။

စွယ်တော်ရိပ်က အစပြုခဲ့သော ကျွန်တော့်တက္ကသိုလ်ကျောင်းသားဘဝသည် မြ ကျွန်းညိုညိုကို ကျောခိုင်းထွက်ခွာ၍ အဆုံးသတ်ရင်းဖြင့် –



"တို့လျှောက်ခဲ့ရာ
လမ်းကျွန်ုပ်ဝယ်
ခြေရာလေးများ
ထင်ချန်ထားလျှင်
မွေးဖွားရကျိုးနပ်ပြီတည်း ..."
ဟု တွေးရင်း ....။ ။

ကြိုးစားပါဦးမည်
**နှစ်ရှာသိုင်း**
**၁၀.၅.၂၀၁၁**

[သရုပ်မှန်ဂျာနယ် – အတွဲ (၃)၊ အမှတ် (၇)]

၂၀၁၁ ဩဂုတ်လ